http://www.dhammadownload.com

ဤစာအုပ်၌ နိုင်ငံတော်အစိုးရပါဠိပထမပြန်စာမေးပွဲတွင်
၁၃၁၅ - ခုနှစ်မှ ၁၃၆၉ - ခုနှစ်အထိ မေးခဲ့ဖူးသော
ပါစိတ်မှ အခ်ိကရဏ သမထအထိ ဘိက္ခုပါတိမောက်ဆိုင်ရာ
မေးခွန်းဟောင်းများကို စနစ်တကျ ဖြေဆိုထားသဖြင့်
စာသင်သားတိုင်း အားရပါးရ အားရှိပါးရှိ ကျက်မှတ်ရတော့မည်
စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

စာမျက်နှာညွှန်းသော အကွရာဝလိပါဝင်သည်။

ယွမာနိဿဂ္ဂါဒိ (၂-ပိဒ်ဆင်) ယှယိုးနေညီမွှေ

နိုင်ငံတော်အစိုးရပါဠိပထမပြန်စာမေးပွဲ
ဝိနည်းဘာသာအတွက် အထူးထုတ်

ဝိနည်းမေးကွက်

(အတွဲ - ၂)

အရှင်စန္ဒဇောတိ
(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)
သိမ်သေတ်ဝိစဉ်မှုဂေါသည်။

http://www.dhammadownload.com

နိုင်ငံတော်အစိုးရပါဠိပဌမပြန်စာမေးပွဲ
ဝိနည်းဘာသာအတွက် အထူးထုတ်

ဝိနည်းမေးကွက်

(အတွဲ - ၂)



အရှင်စန္ဒကောတိ
(ပါဠိပါရဂူ၊ ဝိဇ္ဇာကတ်တစ်ပုံဆောင်)

http://www.dhammadownload.com

နိဒါန်း စကားမှန်
သာသနာ့ အသက်

ဘုရားရှင်သည် သာဝကများအတွက် သီလပြည့်စုံ၍ သာသနာတော် အရှည်ခံပြီး တည်တံ့စေရန် ဝိနည်းကျင့်စဉ်များကို မူများ ဘောင်များ ချမှတ်ကာ ပြည့်ညတ်တော်မူခဲ့သဖြင့် ဝိနည်းဘာသာသည် သာသနာ့တော်အတွက် အရေးပါလှသော ဘာသာရပ်ဖြစ်သည်။ စာမေးပွဲဖြေဆိုသည်ဖြစ်စေ မဖြေဆိုသည်ဖြစ်စေ၊ ရှင်ရဟန်းများအနေဖြင့် ဝိနည်းဘာသာရပ်ကို မဖြစ်မနေသိအောင် လေ့လာသင်ယူရမည်သာ။ ထို့ကြောင့် **သာသနာ့အသက် ဝိနည်း ဓမ္မစက်**ဟု ပြောစမှတ်ပြုကြလေသည်။

ဝိနည်းစာမေးပွဲများ ကျင့်ပြခြင်း

မြန်မာနိုင်ငံ သာသနာတော်၌ နေအသွင်လတစ်ပါး ထင်ရှားတော်မူသော ဆရာတော်ကြီးများကလည်း သာသနာတော် တည်တံ့ပြန့်ပွားစေရန် မိမိတို့မြို့ရွာများနှင့် ကျောင်းတိုက်

http://www.dhammadownload.com

များ၌ ဝိနည်းစာပြန်ပွဲနှင့် စာမေးပွဲများ ကျင်းပပေးလျက်ရှိရာ တပည့် အဆက်ဆက်တို့မှာ ဝိနည်းနားလည်ကြပြီး လာဘ်လာဘ များလည်း အထိုက်အလျောက် ရရှိကြသဖြင့် **ကုသိုလ်လည်းရ ဝမ်းလည်းဝ**သော ဆောင်ရွက်ချက်ဟု ဆိုရပေမည်။ ထို့ကြောင့် ဝိနည်း ဘာသာရပ်သည် သာသနာတော်အတွက် အရေးကြီးဆုံး သာသာရပ်တစ်ခုဖြစ်ပေသည်။

ဝိနည်းကို ဦးစားပေးခြင်း

တိပိဋကဓရ ရွှေးချယ်ပွဲကြီး၊ အစိုးရနိကာယ်စာမေးပွဲ စသော နိုင်ငံတော်အစိုးရက ကျင်းပလျက်ရှိသော အထင်ကရ စာမေးပွဲကြီးများ၌လည်း ဝိနည်း ဂိဋကကိုသာ အစဦးဆုံးဖြေဆို ရန် ပြဋ္ဌာန်းထားသဖြင့် သာသနာ့ထိတ်ခေါင်တင် ဆရာတော်ကြီး များက ဝိနည်းကို အဘယ်မျှ တလေးတစား အရေးထားကြောင်း ပြောစရာလိုမည်မထင်ပေ။

ထို့အပြင် အစိုးရပါဠိပထမပြန်စာမေးပွဲ၌လည်း ဝိနည်း ဘာသာကိုသာ ပထမဦးဆုံးဖြေဆိုရန် ပြဋ္ဌာန်းထားသဖြင့် ဝိနည်း ဘာသာ၏ သာသနာတော်အတွက် အရေးပါအရာရောက်ပုံမှာ အထူးပြောစရာမလိုပေ။

http://www.dhammadownload.com

ဝိနည်းမေးကွက်ပေါ်ခြင်း

စာရေးသူသည် ဝိနည်းမေးကွက် စာအုပ်များမရေးမီ သဒ္ဒါမေးကွက်စာအုပ်များနှင့် သင်္ကြိုဟ်မေးကွက်စာအုပ်များ ရေးသားထုတ်ဝေခဲ့ရာ စာသင်သားများက တခဲနက် ဝယ်ယူ အားပေးကြသည်။ လေ့လာသုံးသပ်ကြသည်။ ထို့ကြောင့် မေးကွက်ဟူသော အမည်မှာ စာပေလောကဌ် နေရာတစ်နေရာ ရရှိသွားလေသည်။

စာရေးသူကလည်း စာအုပ်များဌ် ဝိနည်းမေးကွက်စာအုပ်များ ရေးသားထုတ်ဝေမည်ဖြစ်ကြောင်း ကြေညာထားရာ စာသင်သားများက ဝိနည်းမေးကွက် စာအုပ်များ မထွက်သေးဘူးလားဟု မကြာခဏ လာရောက်မေးမြန်းကြသဖြင့် မေးဖော်ရကြသော စာသင်သားများအား ကျေးဇူးတင်ရသကဲ့သို့ စာအုပ်ထွက်နောက်ကျနေသဖြင့် အားနာလည်း အားနာလှပေသည်။

မေးကွက်များ၏ ထူးခြားချက်

မေးကွက်စာအုပ် မထွက်ပေါ်သေးမီ ဝိနည်း ဘာသာ၊ သဒ္ဒါဘာသာ၊ သင်္ကြိုဟ်ဘာသာစသော ဘာသာရပ်များ၏ ပုစ္ဆာဟောင်းများကို အဖြေရှာရာဌ် အဖြေစုံများနှင့် အခြားကျမ်းပေါင်း (၃၀) ကျော်တို့ကို လေ့လာကြည့်ရှုနိုင်မှသာ အခြေစုံ ရရှိနိုင်ပေမည်။ သို့သော်လည်း တစ်အုပ်တည်း တစ်နေရာတည်းဌ် ကြည့်ရှု၍မရဘဲ ကျမ်းပေါင်းစုံကို လေ့လာမွေနှောက်နေရသဖြင့် အချိန်

http://www.dhammadownload.com

ကုန် လူပန်းလှသည်။ စာအုပ်များစွာ ဝယ်ရသဖြင့် ငွေကြေး ကုန်ကျမှုလည်း များလှပေသည်။ ယခုခေါ် မေးကွက်စာအုပ်များ ပေါ်ထွက်လာသဖြင့် အဖြေများကို တစ်နေရာတည်း၌ စုစုစည်း စည်း ရရှိကြ၍ အချိန်ကုန်လူပန်း သက်သာသည့်အပြင် ငွေကြေး ကုန်ကျမှုလည်း သက်သာလှသည်။

ပါဝင်သောနှစ်များ

အစိုးရ ပါဠိပထမပြန်စာမေးပွဲ ပုဒ်စာဟောင်းများကို ရရှိ နိုင်သမျှ စုဆောင်း၍ ဖြေဆိုထားရာ အောက်ပါအတိုင်း အတန်း အလိုက် တွေ့မြင်နိုင်ပေသည်။

(က) အခြေပြုတန်း၌ ၁၃၄၅-ခု ၄၈-ခုအထိ
၁၃၅၀-ခုမှ ၁၃၅၄-အထိ
၁၃၆၁-ခု

(ခ) ပထမငယ်တန်း၌ ၁၃၂၉-ခုမှ ၁၃၃၉-ခုအထိ
၁၃၄၆-ခုမှ ၁၃၅၇-ခုအထိ
၁၃၆၁-ခု၊ ၁၃၆၃-မှ ၁၃၆၈-ခုနှစ်အထိ

(ဂ) ပထမလတ်တန်း၌
၁၃၂၃-ခုမှ ၄၁-ခုထိ
၁၃၆၁-ခုမှ ၆၄-ခုထိ၊ ၁၃၆၇-ခု

http://www.dhammadownload.com

(ဃ) ပထမကြိုးတန်း

၁၃၁၈-ခုမှ ၂၇-ခုအထိ၊ ၁၃၄၈-ခုမှ ၅၇-ခုအထိ
၁၃၆၀-ခုမှ ၆၆-ခုအထိ

ဝိနည်းဟင်းလေးအိုးကြီး

ဤစာအုပ်ကို အစိုးရပါဠိပထမပြန်စာမေးပွဲပုစ္ဆာဟောင်းများကို အခြေခံ၍ ဒွေမာတိကာပါဠိ၊ ဦးဗုဒ်မူ ဒွေမာတိကာနိဿယ၊ ပါတိမောက်ဘာသာဋီကာ၊ ဝိနည်းဝိသဒ္ဒနာ ဝရဒီန်၊ ပါဠိပထမပြန် စာမေးပွဲပုစ္ဆာ အဖြေစုံများနှင့် ရန်ကုန်မြို့၊ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ဆရာစဉ်ဆက် ပို့ချခဲ့သော အာစရိယဝါဒ အဆုံးအဖြတ်များကို မှီငြမ်းကိုးကားကာ စီစဉ်ထားပါသည်။ ထို့အပြင် အဆိုပါ ကျမ်းစာများ၌ ကျက်မှတ်လွယ်ကူစေရန် ရေးသားထားသော ကဗျာ၊ လင်္ကာ၊ တေးထပ်များကို ထုတ်နှုတ်၍ သုံးစွဲထားရာ စာသင်သားများအတွက် ဝိနည်းဟင်းလေးအိုးကြီး တစ်အိုးနှင့် တူလှပေသည်။

ကျေးဇူးတုံ့ပြန်ပူဇော်ရန်

ဤကျမ်းစာအုပ်ဖြင့် စာရေးသူ ပညာရည်နှိုသောက်စိုခဲ့၍ ကျေးဇူးရှင်ကြီးများ ဖြစ်ကြသော နေပြည်တော် တပ်ကုန်းမြို့နယ် အင်ပင်တောင်ကျောင်း ဆရာကော် ဦးကုသလ၊ ရန်ကုန်မြို့

http://www.dhammadownload.com

ကမ္ဘာအေး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ) မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ (တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကုမာရာဘိဝံသ (Ph.D. အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက) စသော ကျေးဇူးရှင်ဆရာသမား အပေါင်းအား ဦးနှိမ်ကော်ရော် ပူဇော်အပ်ပါသည်။

အရှင်စန္ဒဇောတိ
(ပါဠိဉပါရဂူ၊ ဝိဇ္ဇာကတ်တစ်ပုံဆောင်)
အာဂုံဆောင်ကျမ်းများနှင့် နိကာယ်အဖွင့်ကျမ်းများ ကျမ်းပြု
အောင်သိဒ္ဓိကျောင်းပရိယတ္တိစာသင်တိုက်
ဓမ္မသုခကျောင်းတိုက်
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန် (၀၁) ၃၈၀၈၇၅၊ ၃၈၃၄၂၇

http://www.dhammadownload.com

သုဒ္ဓပါစိတ္တိယမေးကွက်

❑ **အဘယ့်ကြောင့် ပါစိတ်အမည်ရသည်ကို ဖြေဆိုခဲ့ပါ။**

ကုသိုလ်စိတ်ကို ကျစေတတ့်သောကြောင့် ပါစိတ်မည်ပါသည်။ (၁၃၆၈-ခု အကြီးတန်း)

မုသာဝါဒသိက္ခာပဒ

❑ **မဟုတ်မမှန်ပြောဆိုမှု-မုသာဝါဒကြောင့် သင့်ရောက်နိုင်သော အာပတ်များကို သက်ဆိုင်ရာပြော ဆိုမှုတို့ဖြင့် တွဲစပ်ဖော်ပြပါ။**

ဥတ္တရိမနုဿဓမ္မကို လိမ်ပြောခြင်းကြောင့် လိမ်ပြောခံရသူ နားလည်လျှင် ပါရာဇိကကျ၍ နားမလည်လျှင်မူ ထုလ္လစ္စည်းသင့်သည်။ ၎င်းဥတ္တရိမနုဿဓမ္မကို သွယ်ဝိုက်၍ လိမ်ပြောခြင်းကြောင့် နားထောင်သူနားလည်လျှင် ထုလ္လစ္စည်းသင့်၍ နားမလည်

http://www.dhammadownload.com

လျှင်မူ ဒုက္ကဋ်သင့်သည်။ ဥတ္တရိမနုဿဓမ္မမှတစ်ပါး အခြား အကြောင်းအရာနှင့် ဝတ္ထုကို လိမ်ပြောခြင်းကြောင့် နားထောင်သူ နားလည်လျှင် ပါစိတ်သင့်၍ နားမလည်လျှင်မူ ဒုက္ကဋ်သင့်သည်။ သာသနာတော်မှ ရွှေ့လျောစေလို၍ အမူလက ပါရာဇိကဖြင့် လိမ်ပြောစွပ်စွဲခြင်းကြောင့် စွပ်စွဲခံရသူ နားလည်လျှင် သံဃာဒိ သေသ်၊ နားမလည်လျှင်မူ ဒုက္ကဋ်သင့်သည်။ အမူလကသံဃာ ဒိသေသ်ဖြင့် မဟုတ်မမှန်စွပ်စွဲ လိမ်ပြောခြင်းကြောင့် စွပ်စွဲခံရသူ နားလည်လျှင် ပါစိတ်သင့်၍ နားမလည်လျှင်မူ ဒုက္ကဋ်သင့်သည်။ အမူလကအာစာရဝိပတ္တိဒိဋ္ဌ ဝိပတ္တိတို့ဖြင့် မဟုတ်မမှန် စွပ်စွဲလိမ် ပြောလျှင် ဒုက္ကဋ်သင့်ပါသည်။ (၁၃၆၄-ခု အကြီးတန်း)

❑ **လိမ်လည်လှည့်ဖြား မုသာစကားပြောကြားသော ရဟန်း သင့်ရောက်နိုင်သောအာပတ်ကို ပြည့်စုံစွာ ဖော်ပြပါ။**

၁။ ဥတ္တရိမနုဿဓမ္မကို မုသားပြောသော ရဟန်းအား စတုတ္ထပါရာဇိက သိက္ခာပုဒ်ဖြင့် ပါရာဇိက။

၂။ အမူလ ပါရာဇိကဖြင့် စွပ်စွဲခြင်းငှာ မုသားပြောသော ရဟန်းအား ဒုဋ္ဌဒေါသ, အညဘာဂိယ သိက္ခာပုဒ်တို့ဖြင့် သံဃာဒိသေသ်။

၃။ အမူလက သံဃာဒိသေသ်ဖြင့် စွပ်စွဲခြင်းငှာ မုသားပြောသော ရဟန်းအား အမူလက သိက္ခာပုဒ်ဖြင့် ပါစိတ်။

http://www.dhammadownload.com

၄။ အမူလကအာစာရဝိပတ္တိဖြင့် စွပ်စွဲခြင်းငှာ မုသားပြောသော ရဟန်းအား အမူလက သိက္ခာပုဒ်ဖြင့်ပင် ဒုက္ကဋ်။

၅။ သိနားလည်သူအား ပရိယာယ်ဖြင့် ဥတ္တရိမနုဿဓမ္မကို မုသားပြောသော ရဟန်းအား စတုတ္ထပါရာဇိက သိက္ခာပုဒ်ဖြင့် ထုလ္လစ္စဉ်း။

၆။ မသိနားမလည်သူအား မုသားပြောသော ရဟန်းအား စတုတ္ထပါရာဇိက သိက္ခာပုဒ်ဖြင့်ပင် ဒုက္ကဋ်။

၇။ ရိုးရိုးမုသားပြောသော ရဟန်းအား မုသာဝါဒ သိက္ခာပုဒ်ဖြင့် ပါစိတ်။ (၁၃၆၆-ခု အကြီးတန်း)

(ဆောင်) စတုတ္ထပါရာ၊ သံဃာဒိသေသ်၊ ပါစိတ်ဖြစ်လတ်၊ ဒုက္ကဋ်-ထုလ္လစ္စဉ်း၊ တစ်ခင်းဒုက္ကဋ်၊ ပါစိတ်ထပ်ငြား၊ ခုနစ်ပါး၊ မုသားအပြစ်တည်း။

❑ **မဟုတ်မမှန်သည်ကိုပြောဆိုခြင်းကြောင့် အဘယ်သိက္ခာပုဒ်အရ အဘယ်အာပတ်များသင့်နိုင်သည်ကို စုံလင်စွာ ဖြေဆိုပါ။**

ဥတ္တရိမနုဿဓမ္မကို မဟုတ်မမှန်ပြောခြင်းကြောင့် စတုတ္ထပါရာဇိက သိက္ခာပုဒ်ဖြင့် ပါရာဇိက၊ ဥတ္တရိမနုဿဓမ္မကို ပရိယာယ်အားဖြင့် မဟုတ်မမှန်ပြောခြင်းကြောင့် သိလျှင် ထုလ္လစ္စဉ်း၊ မသိလျှင် ဒုက္ကဋ်၊ ပါရာဇိကအာပတ်ဖြင့် မဟုတ်မမှန်

http://www.dhammadownload.com

စွပ်စွဲခြင်းကြောင့် ဒုဋ္ဌဒေါသ သိက္ခာပုဒ်ဖြင့် **သံဃာဒိသေသ်**။ သံဃာဒိသေသ်အာပတ်ဖြင့် မဟုတ်မမှန်စွပ်စွဲခြင်းကြောင့် သဟဓမ္မိကဝဂ် အမှုလက သိက္ခာပုဒ်ဖြင့် ပါစိတ်၊ လဟုကအာပတ်ဖြင့် မဟုတ်မမှန်စွပ်စွဲခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ သာမညမဟုတ်မမှန်စွပ်စွဲခြင်းကြောင့် မုသာဝါဒ သိက္ခာပုဒ်ဖြင့် ပါစိတ်။

(၁၃၃၃-ခု အကြီးတန်း)

❑ **မုသာဝါဒ သိက္ခာပုဒ်ကြောင့် သင့်ရောက်နိုင်သော အာပတ်တို့ကိုလည်း သိက္ခာပုဒ်နှင့်တကွ ရှာဖွေ ဖော်ထုတ်ခဲ့ပါ။**

၁။ စတုတ္ထပါရာဇိက သိက္ခာပုဒ်အရ- ဥတ္တရိမနုဿဓမ္မကို လိမ်ပြောခြင်းကြောင့် ပါရာဇိက။

၂။ ဒုဋ္ဌဒေါသ သိက္ခာပုဒ်အရ အမှုလက ပါရာဇိကဖြင့် စွပ်စွဲခြင်းကြောင့် သံဃာဒိသေသ်။

၃။ အမှုလက သိက္ခာပုဒ်အရ- အမှုလက သံဃာဒိသေသ် ဖြင့် စွပ်စွဲခြင်းကြောင့် ပါစိတ်။

၄။ မုသာဝါဒ သိက္ခာပုဒ်အရ သမ္မောနု မုသာဝါဒကြောင့် ပါစိတ်အာပတ်။ (၁၃၆၈-ခု အကြီးတန်း)

❑ **လဟုကအာပတ်သင့်စေနိုင်သော မုသားပြောဆိုပုံများကို အာပတ်အမည်နှင့်တကွ ဖော်ပြပါ။**

အမှုလက သံဃာဒိသေသ် အာပတ်ဖြင့် စွပ်စွဲခြင်းငှာ မုသားပြောဆိုလျှင် ပါစိတ်အာပတ်သင့်၏။

http://www.dhammadownload.com

အာစာရ ဝိပတ္တိဖြင့် စွပ်စွဲခြင်းငှာ မုသားပြောလျှင် ဒုက္ကဋ် အာပတ်သင့်၏။

သိရိနားလည်သူအား ပရိယာယ်ဖြင့် ဥတ္တရိမနုဿ ဓမ္မကို မုသားပြောလျှင် ထုလ္လစ္စဋ်း အာပတ်သင့်၏။

မသိသူအားပြောလျှင် ဒုက္ကဋ်အာပတ်သင့်၏။

(၁၃၆၆-ခု အကြီးတန်း)

❑ ဘိက္ခုပါစိတ် သမ္ပဇာနမုသာဝါဒေ-၌ သမ္ပဇာန-အရ မုသာဝါဒ-အရ

သမ္ပဇာနနှင့် မုသာဝါဒအရများ- အခြားသူအား လိမ်ပြောရာ၌ မပြောမီ, ပြောပြီးစ, ပြောနေဆဲကာလ သုံးပါးလုံး ဝယ် လိမ်ပြောသည့်အရာ၏ မူလအမှန်ကိုလည်း သိရှိခြင်း၊ လိမ်ပြောနေမှန်းကိုလည်း ပြောမည်, ပြောပြီးစ, ပြောဆဲတို့၌ သိရှိခြင်းတို့သည် သမ္ပဇာနအရုပင်တည်း။

အရှိအဖြစ်ကို မရှိ အဖြစ်ပြု၍လည်းကောင်း၊ မရှိ အဖြစ်ကို အရှိအဖြစ်ပြု၍ လည်းကောင်း မူလအမှန်မှ ချွတ်ချော် စေလျက် ကိုယ်နှုတ်တစ်မျိုးမျိုးဖြင့် သိစေသည့် အမူအရာသည် မုသာဝါဒအရတည်း။ (၁၃၆၄-ခု အကြီးတန်း)

❑ ချွတ်လွဲလိုသောစိတ်ထား မရှိပါပဲလျက် မုသားမပါ လင်္ကာ မချောအရ မဟုတ်မမှန်သော စကားကို ပြောမှားဆိုမှား

http://www.dhammadownload.com

ရှိသော ရဟန်းအား သမ္မာန မုသာဝါဒ ပါစိတ်အာပတ် သင့်သည်၊ မသင့်သည်ကို သာဓကပြ ဖြေဆိုပါ။

သမ္မာန(မပြောမီခဏ၊ ပြောဆဲခဏ၌ သိလျက်) ဟု ဆိုထားခြင်းကြောင့် ချွတ်လွဲလိုသော စိတ်ထားမရှိလျှင် သမ္မာန မုသာဝါဒပါစိတ် အာပတ်မသင့်ပါ။(၁၃၆၁-ခု အကြီးတန်း)

❑ **ပါတိမောက်၌ တိုက်ရိုက်လာသော မုသာဝါဒ သိက္ခာပုဒ်များ**

စတုတ္ထပါရာဇိက သိက္ခာပုဒ်၊ ဒုဋ္ဌဒေါသ သိက္ခာပုဒ်။

အမူလက သိက္ခာပုဒ်၊ မုသာဝါဒ သိက္ခာပုဒ်။

(၁၃၆၈-ခု အကြီးတန်း)

သြမသဝါဒ သိက္ခာပဒ

❑ **သြမသဝါဒအဓိပ္ပါယ်**

ဇာတိ၊ နာမ စသော ဆဲရေးကြောင်း ဝတ္ထု (၁၀) ပါးတို့တွင် တစ်ပါးပါးဖြင့် နှုတ်လှုံထိုးခြင်းကို ဆိုလိုပါသည်။

(၁၃၆၂-ခု အကြီးတန်း)

❑ **သြမသဝါဒ သိက္ခာပုဒ်လာ ဆဲရေးတိုင်းထွာကြောင်း ဝတ္ထု ၁၀-ပါး**

http://www.dhammadownload.com

၁။ ဇာတ်နှင့်စပ်၍ ဆဲခြင်း၊

၂။ အမည်နှင့်စပ်၍ ဆဲရေးခြင်း။

၃။ အနွယ်နှင့်စပ်၍ ဆဲရေးခြင်း။

၄။ အလုပ်အကိုင်နှင့်စပ်၍ ဆဲရေးခြင်း။

၅။ အတတ်ပညာနှင့်စပ်၍ ဆဲရေးခြင်း။

၆။ အနာရောဂါနှင့်စပ်၍ ဆဲရေးခြင်း။

၇။ အသွင်အပြင်နှင့်စပ်၍ ဆဲရေးခြင်း။

၈။ လောဘ စသည်နှင့်စပ်၍ ဆဲရေးခြင်း။

၉။ အာပတ်နှင့်စပ်၍ ဆဲရေးခြင်း။

၁၀။ မေထုန်အင်္ဂါနှင့်စပ်၍ ဆဲရေးခြင်း တို့ဖြစ်ပါသည်။

(၁၃၃၇-ခု၊ ၆၄-ခု ၊၆၅-ခု အကြီးတန်း)

(ဆောင်) ဇာတိ-နာမ-ဂေါတ္တ ကမ္မာ၊

သိပ္ပာ-ဗာစ-လိင်္ဂ-ကိလေသာ၊

အာပတ္တာ-အက္ကောသ-ဤဆယ်၀၊

အက္ကောသ၀တ္ထုတည်း။

❑ **ဘိက္ခုပါတိမောက်လာ ဆဲရေးသဖြင့် အာပတ်သင့်ပုံပြ သိက္ခာပုဒ်ကို လိုက်သင့်သော ပုဒ်များလိုက်စေလျက် နိဿရည်းကျကျ အနက်ပေးပါ။**

http://www.dhammadownload.com

ဘိက္ခုနော-ရဟန်း၏။ သြမသဝါဒေ-နှုတ်လုံထိုး ခြင်းကြောင့်။ ပါစိတ္တိယံ-ပါစိတ်အာပတ်သည်။ ဟောတိ-၏။

(တစ်နည်း) ဘိက္ခုနော-ရဟန်း၏။ ဘိက္ခုနံ-ရဟန်းတို့၏။ သိက္ခာသာဇီဝသမာပန္နဿ-သိက္ခာသာဇီဝသို့ ကောင်းစွာ ရောက်လျက်။ သိက္ခံ-ကို။ အပစ္စက္ခာယ-မချမူ၍။ ဒုဗ္ဗလျံ-ကို။ အနာဝိကတွာ၊ သြမသဝါဒေ။ ပါစိတ္တိယံ-ဟောတိ။

(၁၃၆၈-ခု အလတ်တန်း)

❑ **ဘိက္ခုနီမကို ဆဲရေးသောရဟန်းအား သြမဝါဒ သိက္ခာပုဒ်အရ မည်သည့်အာပတ်သင့်သည်ကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ချက်ချပြပါ။**

ဘိက္ခုနီသည် အနုပသမ္ပန္နဌ် ပါဝင်သောကြောင့် ဒုက္ကဋ် အာပတ်သင့်ပါသည်။ (၁၃၆၈-ခု အလတ်တန်း)

ပေသုည သိက္ခာပဒ

❑ **ရဟန်းအချင်းချင်း ချောပစ်ကုန်းတိုက်ခြင်း၏ အကြောင်းအရင်းများကို ကခ်ီလာအတိုင်း ရေးသားခဲ့ပါ။**

မိမိအားချစ်ခြင်းကို အလိုရှိခြင်း၊ သူတစ်ပါးကို ကွဲပြားစေလိုခြင်း တို့ဖြစ်ပါသည်။ (၁၃၆၆-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **မုသာဝါဒဝဂ် ပဌမ၊ ဒုတိယ၊ တတိယ သိက္ခာပုဒ်တို့၌ သုဒ္ဓပါစိတ်အာပတ်သင့်ရခြင်းအကြောင်းများ**

ပထမသိက္ခာပုဒ်၌ ပြောအပ်သည့်ဝတ္ထု- ကြောင်းခြင်းရာအမှန်ကိုလည်းကောင်း၊ မိမိပြောမှုကိုလည်းကောင်း မပြောမီ, ပြောဆဲ, ပြောပြီး စသည်တို့၌ သိနေပါလျက် ချွတ်ချော်လိမ်ညာမှုပြုသောကြောင့် ပါစိတ်သင့်ရသည်။

ဒုတိယသိက္ခာပုဒ်၌ အမျက်ဒေါသကြောင့် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် အကြောသ ဝတ္ထု (၁၀)ပါး တစ်ပါးပါးဖြင့် ရဟန်းကို နှုတ်လှဲဆဲရေးခြင်းကြောင့် ပါစိတ်သင့်ရသည်။

တတိယသိက္ခာပုဒ်၌မူ အကြောသဝတ္ထု (၁၀)ပါး တစ်ပါးပါးဖြင့် ဆဲသူ ရဟန်း၏စကားကို ဆဲခံရသူ ရဟန်းသို့ ကိုယ်နှုတ်ဖြင့် ဆောင်ပို့မှုဟူသော ကုန်းတိုက်မှုကြောင့် ပါစိတ်သင့်ရသည်။ (၁၃၆၄-ခု အလတ်တန်း)

❑ **ရဟန်းသည်လည်းကောင်း၊ ရဟန်းမသည်လည်းကောင်း အနုပသမ္ပန္နဖြစ်သည်ဟူသောအဆို မှန်၊မမှန်ကို ကခ်ီအဋ္ဌကထာအလိုကျ ရှင်းပြပါ။**

ဩမသဝါဒသိက္ခာပုဒ်၊ ပေသုည သိက္ခာပုဒ်တို့၌ ရဟန်းမသည် အနုပသမ္ပန္နအဖြစ်၌ တည်သည်ဟု ကခ်ီအဋ္ဌကထာမိန့်ဆိုထားခြင်းကြောင့် ရဟန်းမသည် အနုပသမ္ပန္နဖြစ်သည်ဟူသော အဆိုမှန်ပါသည်။

http://www.dhammadownload.com

ရဟန်းကို အနုပသမ္မန္နဖြစ်သည်ဟု အဋ္ဌကထာ၌ မိန့်ဆိုထားချက်မရှိခြင်းကြောင့် ရဟန်းသည် အနုပသမ္မန္နဖြစ်သည်ဟူသော အဆို မမှန်ပါ။

မှတ်ချက်။ ။ဒန္တ ပေါ်နသိက္ခာပုဒ်၌ ဘိက္ခုနီအား ဘိက္ခုက ကပ်နိုင်ကြောင်း ကခ်ါဘာသာဋီကာ၌ မိန့်ဆိုထားခြင်းကြောင့် ဘိက္ခုသည်လည်း အနုပသမ္မန္နဖြစ်နိုင်ပါသည်။

(၁၃၅၁-ခု အကြီးတန်း)

ပဒသောဓမ္မသိက္ခာပဒ

❑ ပဒသောဓမ္မသိက္ခာပုဒ်၌ ပဒသရုပ်

၁။ ပဒ ၂။ အနုပဒ ၃။ အနွက္ခရ ၄။ အနုဗ္ဗဉ္ဇန

(၁၃၆၈-ခု အကြီးတန်း)

❑ **ပဒစသည်တို့မည်ပုံ**

၁။ ဂါထာ၏ ပထမပါဒသည် ပဒမည်၏။

၂။ ဒုတိယပါဒသည် အနုပဒမည်၏။

၃။ အက္ခရာတစ်လုံးသည် အနွက္ခရမည်၏။

၄။ ရှေ့ဝါကျ၌ရှိသော ဝိဘတ်ဖြစ်နှင့် တူသော နောက်ဝါကျရှိ ဝိဘတ်ဖြစ်ပုဒ်သည် အနုဗ္ဗဉ္ဇနမည်၏။

(၁၃၆၈-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ဘိက္ခုသုဒ္ဓပါစိတ် မုသာဝါဒဝဂ် ပဒသောဓမ္မ သိက္ခာပုဒ်လာ ဓမ္မ–အရ**

၁။ သင်္ဂါယနာသုံးတန်မတင်သော ရာဇောဝါဒ, တိကွိန္ဒြိ ယ, စတုပရိဝတ္တန, နန္ဒောပနန္ဒ, ကုလုမ္ဗသုတ္တ, မဂ္ဂ ကထာ စသော ဓမ္မကိုလည်းကောင်း ။

၂။ သင်္ဂါယနာသုံးတန်တင်သော ပိဋကသုံးပုံဓမ္မကို လည်းကောင်း ရပါသည်။

(၁၃၆၂–ခု၊ ၆၈–ခု အကြီးတန်း)

❑ **ရဟန်းမအား ပါဠိအဋ္ဌကထာပို့ချပေးသော ရဟန်းအား အပြစ်ရှိ၊ မရှိ သိက္ခာပုဒ်အထောက်ပြ၍ အကြောင်းသွင်း ဆုံးဖြတ်ခဲ့ပါ။**

ယော ပန ဘိက္ခု အနုပသမ္ပန္နံ ပဒသော ဓမ္မံ ဝါစေ ယျ၊ ပါစိတ္တိယံကို ထောက်၍ အနုပသမ္ပန္နဖြစ်သော လူ, သာမဏေကို ပို့ချမှ ပါစိတ်အာပတ်သင့်သည်။ ရဟန်းမသည် ဥပသမ္ပန္နဖြစ်သောကြောင့် ပါဠိအဋ္ဌကထာ ပို့ချလျှင် အပြစ်မရှိပါ။

(၁၃၆၈–ခု အကြီးတန်း)

❑ **အတန်းတူ သာမဏေနှင့် စာအတူပြန်ဆိုသော ရဟန်းအား အာပတ်သင့်ရောက်မူရှိ၊ မရှိ သာဓကပြကာ ဖြေဆိုပါ။**

ပဒသောဓမ္မသိက္ခာပုဒ်အရ စာအတူပြန်ဆိုသော ရဟန်းအား ပါစိတ်အာပတ်သင့်ပါသည်။

http://www.dhammadownload.com

သာဓက- ယော ပန ဘိက္ခု အနုပသမ္မန္နံ ပဒသော ဓမ္မံ ဝါစေယျ ပါစိတ္တိယံ။

(၁၃၆၂-ခု အလတ်တန်း)

❑ **ဘိက္ခုနီမအား သံပြိုင်စာချပေးသော ရဟန်းများ အပြစ်မှ ကင်းလွတ်ကြောင်းပြ သိက္ခာပုဒ်ကို အနက်ပေးပါ။**

ပဒသောဓမ္မ သိက္ခာပုဒ်ပါဠိကို အနက်ရေးလေ။

(၁၃၆၀-ခု အကြီးတန်း)

ပဌမသဟသေယျသိက္ခာပဒ

❑ **ဘိက္ခုသုဒ္ဓပါစိတ် ပထမသဟသေယျ သိက္ခာပုဒ်လာ အနုပသမ္မန္နအရကို ကခ်ီအလိုက္ယ ကောက်ပြပါ။**

ရဟန်းမကြွင်းသော ယုတ်စွအဆုံး ပါရာဇိကဝတ္ထု ဖြစ်သော တိရစ္ဆာန်အပါအဝင် အားလုံးကို အနုပသမ္မန္နအရ ယူရမည်။ (၁၃၆၃-ခု၊ ၆၈-ခု အငယ်တန်း၊ ၁၃၆၁-ခု အကြီးတန်း)

❑ **ပဒသော ဓမ္မသိက္ခာပုဒ်နှင့် ပထမသဟသေယျ သိက္ခာပုဒ် တို့၌ ပါသော အနုပသမ္မန္နနှစ်ခုတို့၏ ထူးခြားဟန်**

ပဒသော ဓမ္မသိက္ခာပုဒ်၌ အနုပသမ္မန္နအရ ဘိက္ခု, ဘိက္ခုနီမှတစ်ပါး လူ, သာမဏေများကို ယူရ၏။

http://www.dhammadownload.com

ပထမသဟသေယျ သိက္ခာပုဒ်၌ အနုပသမ္ပန္နေ-အရ ဘိက္ခုမှတစ်ပါး လူ, သာမဏေ ,တိရစ္ဆာန်များကို ယူရ၏။

(၁၃၆၇-ခု အလတ်တန်း၊ ၁၃၆၁-ခု၊ ၆၅-ခု အကြီးတန်း)

❑ **သဟသေယျသိက္ခာပုဒ်လာ အနုပသမ္ပန္နေ-အရ**

ရဟန်းမှတစ်ပါးသော ပါရာဇိက ဝတ္ထုဖြစ်သော တိရစ္ဆာန်နှင့်တကွ လူ, သာမဏေ။

(၁၃၅၀-ခု အကြီးတန်း)

❑ **ပဌမသဟသေယျ သိက္ခာပုဒ်ဝယ် အဘယ်ကျောင်းမျိုး၌ အဘယ်ကဲ့သို့ အိပ်ခြင်းကို သဟသေယျဟု ခေါ်ဆိုပါသနည်း။ ကခ်ီအလိုက္ခ ဖော်ပြပါ။**

အလုံးစုံမိုးကာအပ်သော ကျောင်း၌လည်းကောင်း၊ များသောအားဖြင့် မိုးကာအပ်သောကျောင်း၌ လည်းကောင်း ရှေ့နောက်ဖြစ်စေ၊ တပြိုင်နက်ဖြစ်စေ အတူတကွအိပ်ခြင်းကို သဟသေယျ ဟုခေါ်ပါသည်။ (၁၃၆၁-ခု၊၆၅-ခု အကြီးတန်း)

❑ **ဒိရတ္တတိရတ္တံ-၌ ဒိရတ္တသဒ္ဒါထည့်၍ ဆိုရခြင်းအကြောင်းကို ဖြေဆိုပါ။**

ဝါစာသိလိဋ္ဌဖြစ်စေလိုသောကြောင့် ဒိရတ္တသဒ္ဒါကို အပို ထည့်ထားသည်။ (၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com

❑ ပထမသဟသေယျ သိက္ခာပုဒ်နှင့် ဒုတိယသဟသေယျ သိက္ခာပုဒ်တို့၏ အထူး

ပထမသဟသေယျ သိက္ခာပုဒ်၌ လေးရက်မြောက်နေ့၌ အာပတ်သင့်သည်။ ဒုတိယသဟသေယျသိက္ခာပုဒ်၌မူ ပထမအိပ်သောနေ့၌ပင် အာပတ်သင့်သည်။

(၁၃၆၆-ခု အကြီးတန်း)

❑ ပထမသဟသေယျ သိက္ခာပုဒ်၌ အာပတ်မသင့်သော ပုဂ္ဂိုလ်များ

၁။ နှစ်ညဉ့်, သုံးညဉ့်အောက် လျော့အိပ်သောရဟန်း။

၂။ သုံးညဉ့်မြောက်၌ အရဏ်မတက်မှီထွက်၍ လေးရက်မြောက်၌ တဖန်ပြန်အိပ်သော ရဟန်း။

၃။ အလုံးစုံမိုး၍ အလုံးစုံမကာအပ်သေးသောကျောင်း စသည်၌ အိပ်သော ရဟန်း။

၄။ ရဟန်းနှင့် လူ, သာမဏေတို့တွင် တစ်ဦးဦးက အိပ်၍ တစ်ဦးဦးက ထိုင်သော ရဟန်း။

၅။ ဥမ္မတ္တကရဟန်း စသည်တို့ဖြစ်သည်။

(၁၃၆၆-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ဘိက္ခုသုဒ္ဓပါစိတ်လာ ဘိက္ခုနှင့်အတူ တစ်မိုးတစ်ရံတည်း၌ လုံးဝအိပ်ခွင့်မရသေးသော ပုဂ္ဂိုလ်၊ ၂-ည၌ အိပ်ခွင့်ရသော ပုဂ္ဂိုလ်များကိုလည်း သိက္ခာပုဒ်ထောက်၍ ဖြေပါ။**

လုံးဝအိပ်ခွင့်မရသောပုဂ္ဂိုလ်- မာတုဂါမ (ဒုတိယ သဟသေယျ သိက္ခာပုဒ်)

၂-ည၌ ၃-ည၌အိပ်ခွင့်ရသောပုဂ္ဂိုလ်- လူ, သာမဏေ၊ တိရစ္ဆာန်၊ (ပထမသဟသေယျ သိက္ခာပုဒ်ထောက်)

(၁၃၆၈-ခု အယ်တန်း)

❑ **ရဟန်းတော်များ ရှင်သာမဏေတို့နှင့်အတူ ဘယ်မျှလောက် အိပ်ကောင်းသည်ကိုလည်း သာဓကပါဠိသမျှ ထောက်ပြ ဖြေဆိုပါ။**

ရဟန်းတော်များ သာမဏေများနှင့်အတူ အိပ်ရ ပါလျှင် ယော ပန ဘိက္ခု အနုပသမ္ပန္နေန ဥတ္တရိဒိရတ္တ တိရတ္တံ သဟသေယျံ ကပ္ပေယျ ပါစိတ္တိယံ- သာဓကကိုထောက်၍ သုံးရက်အထိ အတူအိပ်၍ အရဏ်တက်ကောင်းသည်။

(၁၃၆၄-ခု အလတ်တန်း)

❑ **ကျောင်း၌ ကြောင်ထီး၊ ကြောင်မ ၂-ကောင်မွေးပြီး တစ်မိုးတစ်ရံတည်း အတူအိပ်သော ရဟန်းအား အာပတ် သင့်ပုံကို ကျနစွာ ခွဲခြားဖြေဆိုပါ။**

http://www.dhammadownload.com

ကြောင်ထီးနှင့် ၃-ညဉ့်ထက်အလွန် အတူအိပ်သော ရဟန်းအား ပထမသဟသေယျ သိက္ခာပုဒ်အရ ပါစိတ်အာပတ်။

ကြောင်မနှင့် ၁-ညဉ့်မျှအတူအိပ်လျှင် ဒုတိယသဟသေယျ သိက္ခာပုဒ်အရ ဒုက္ကဋ်၊ ၃-ညဉ့်ထက်အလွန်အိပ်လျှင် ပထမသဟသေယျ သိက္ခာပုဒ်အရ ပါစိတ်အာပတ်။

(၁၃၆၈-ခု အကြီးတန်း)

❑ **ပစ္စည်းမာတု၊ ဤ (၂)ခု၊ ဘိက္ခုသေမင်း၊ ဓား (၂)စင်းဟု အဆိုရှိသည့်အတိုင်း မုသာဝါဒဝဂ် မာတုဂါမနှင့်စပ်၍ ပညတ်ထားသော သိက္ခာပုဒ်တို့ကို အနက်ရေးခဲ့ပါ။**

ဒုတိယသဟသေယျ၊ ဓမ္မဒေသနာ သိက္ခာပုဒ်ကို အနက်ရေးပါ။ (၁၃၆၅-ခု အငယ်တန်း)

❑ **"သဟသေယျဟင်းလေးအိုး" ဟု ဆိုရိုးစကားရှိရာ ယင်းသဟသေယျ အာပတ် ကင်းပြတ်အောင် မည်ကဲ့သို့ ပြုကျင့်ရမည်ကိုလည်း စနစ်တကျ ဖြေဆိုပါ။**

နေဝင်ပြီးနောက် လူစသည်ရှိရာကျောင်း၌ ဦးခေါင်းမချခြင်း၊ လူစသည်မရှိရာ (ရဟန်းရှိချင် ရှိပါစေ) ကျောင်း၌သော်လည်းကောင်း, လွင်ပြင်၌ သော်လည်းကောင်း,အိပ်ခြင်း၊ ဤကဲ့သို့ အိပ်လျှင် သဟသေယျ အဆက်ပျက်၍ နောက်ထပ်လူစသည်နှင့် ၁- ညဉ့်အရုဏ်တက်အောင် အိပ်နိုင်သည်။(၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **မာတုဂါမနှင့်တစ်ယောက်ချင်းချင်း တစ်မိုးတစ်ရံတည်း သောကျောင်း၌ အိပ်ခါ မိမိ၌ ထင်ရှားရှိသော ဥတ္တရိမနုဿ ဓမ္မကို ဆယ်ခွန်းပြည့်အောင် တရားဟောသော ရဟန်း အား သင့်ရောက်နိုင်သည့် အာပတ်တို့ကို သိက္ခာပုဒ် အမည်တပ်၍ ဖော်ပြပါ။**

ဒုတိယသဟသေယျ သိက္ခာပုဒ်အရ- သုဒ္ဓပါစိတ် အာပတ်၊ ဓမ္မဒေသနာ သိက္ခာပုဒ်နှင့် ဘူတာရောစန သိက္ခာပုဒ်တို့ အရ- သုဒ္ဓပါစိတ်အာပတ်။ (၁၃၆၃-ခု အကြီးတန်း)

❑ **ရဟန်းတော်များ ရှင်သာမဏေတို့နှင့် ဘယ်မျှလောက် အိပ်ကောင်းသည်ကို သိက္ခာပုဒ် သာဓကပါ ဦးထောက်ပြ ဖြေဆိုပါ။**

၂-ည၌ ၃-ည၌ အိပ်ကောင်းပါသည်။

သာဓကပါဠိ- ယော ပန ဘိက္ခု အနုပသမ္ပန္နေန ဥတ္တရိ ဒိရတ္တတိရတ္တံ သဟသေယျံ ကပ္ပေယျ၊ ပါစိတ္တိယံ။

(၁၃၆၈-ခု အငယ်တန်း)

❑ **ရဟန်းတော်များ ကျောင်း၌ မွေးထားသော ခွေးထီးများနှင့် တမိုးတရံတည်းသောကျောင်း၌ သုံးညဉ့်ထက်ကျော်လွန်၍ အိပ်က အာပတ်သင့်နိုင်၊ မသင့်နိုင် အကြောင်းပြ ဖြေဆိုပါ။**

အာပတ်သင့်ပါသည်။

http://www.dhammadownload.com

အကြောင်းကား- အနုပသမ္မန္နေ-အရ ရဟန်းမှ တစ်ပါးသော အောက်ထစ်ဆုံး ပါရာဇိကဝတ္ထုဖြစ်သော ကိရဏ္ဍာန်အထိုးကို ပင် ယူရမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။

(၁၃၆၆-ခု အကြီးတန်း)

ဒုတိယသဟသေယျသိက္ခာပဒ

❑ **မာတုဂါမေန သဟသေယျံပုဒ်၌ မာတုဂါမ-အရှင့်ကြောင်မကို အနီး၌ထား၍ အိပ်သောရဟန်း သင့်သော အာပတ်ကို ဆုံးဖြတ်ပြခဲ့ပါ။**

မာတုဂါမ-အရမွေးဖွားစဖြစ်သော မိန်းမကို အစပြု၍ မိန်းမအားလုံးကို ရသည်။

ကြောင်မကို အနီး၌ ထားအိပ်သောရဟန်း ဒုက္ကဋ် အာပတ်သင့်သည်။ (၁၃၆၀-ခု၊၆၅-ခု အကြီးတန်း)

❑ **မုသာဝါဒဝဂ်, ဒုတိယသဟသေယျသိက္ခာပုဒ်လာ မာတုဂါမအရ ဘီလူးမ, ပြိတ္တာမ, တိရစ္ဆာန်မတို့ကို ထည့်သွင်းယူနိုင်, မယူနိုင် အကြောင်းသွင်း၍ ရှင်းပြပါ။**

ဤသိက္ခာပုဒ်၌ ဘီလူးမ, ပြိတ္တာမ, တိရစ္ဆာန်မတို့သည် ဒုက္ကဋ်ဝတ္ထုဖြစ်သောကြောင့် ၎င်းတို့ကို မယူရပါ။

(၁၃၄၈-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **မာတုဂါမနှင့်အတူအိပ်သော ရဟန်းအား ဒုတိယ သဟသေယျ သိက္ခာပုဒ်ဖြင့် အာပတ်သင့်၏ဟု ဆိုရာ "လူသေမ" နှင့်အတူအိပ်ခြင်းကြောင့် အာပတ်သင့်နိုင်၊ မသင့်နိုင် အကြောင်းပြ၍ ဝိနိစ္ဆယ ချခဲ့ပါ။**

အာပတ်မသင့်ပါ။

အနုပါဒိန္နကအဖို့- ကမ္မဇရုပ် မရှိသောအဖို့၌ တည်သောကြောင့် လူသေမနှင့် အိပ်လျှင် အာပတ်မသင့်ပါ။(ဋီကာ)

(၁၃၆၆-ခု အကြီးတန်း)

❑ **မုသာဝါဒဝဂ်မလာ မာတုဂါမများနှင့်သာ သက်ဆိုင်သော သိက္ခာပုဒ်တို့ကို ဖော်ပြပါ။**

ဒုတိယသဟသေယျသိက္ခာပဒ, ဓမ္မဒေသနာ သိက္ခာပဒ။ (၁၃၆၁-ခု အကြီးတန်း)

❑ **ဒုတိယသဟသေယျ သိက္ခာပုဒ်၌ ဒုက္ကဋ်ဝတ္ထုဖြစ်သော ပုဂ္ဂိုလ်များ**

ရဟန်းမြင်အောင်ဖန်ဆင်းထားသည့် ဘီလူးမ၊ ပြိတ္တာမများနှင့် ပဏ္ဍုကများ၊ မေထုန်ဝတ္ထုလောက်ကြသည့် တိရစ္ဆာန်မများ။ (၁၃၆၄-ခု၊ ၆၈-ခု အကြီးတန်း)

http://www.dhammadownload.com

ဓမ္မဒေသနာ သိက္ခာပဒ

❑ **ရဟန်းတော်သည် အမျိုးသမီးအား တရားဟောမှု အကြောင်းပြု၍ မြတ်ဗုဒ္ဓပညတ်တော်မူခဲ့သော သုဒ္ဓပါစိတ်လာ သိက္ခာပုဒ်တော်ကို ကျနစွာ အနက်ပေးပြပါ။**

ဘိက္ခု မုသာဝါဒဝဂ် ဓမ္မဒေသနာသိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၄၇-ခု၊ ၆၁-ခု၊ ၆၇-ခု အငယ်တန်း၊ ၁၃၆၄-ခု အလတ်တန်း)

❑ **ဓမ္မဒေသနာသိက္ခာပုဒ်လာ အညတြ ပုရိသဝိဂ္ဂဟေန ၌ ယူသင့်၊ မယူသင့်သော ပုရိသဝိဂ္ဂဟတို့ကိုလည်း ခွဲခြားဖြေဆိုပါ။**

ယူသင့်သော ပုရိသဝိဂ္ဂဟကား-လူ, ယောကျ်ားစစ်ပုဂ္ဂိုလ်။

မယူသင့်ကား-လူယောင်ဆောင်တတ်သော ပြိတ္တာဘီလူး၊ နဂါး၊ ဂဠုန် စသော တိရစ္ဆာန်အထီးများ။

(၁၃၆၆-ခု၊ ၆၈-ခု အကြီးတန်း)

❑ **မာတုဂါမအား ဓမ္မပဒ ခုနစ်ပုဒ်, ရှစ်ပုဒ်ဟောသော ရဟန်းအား သင့်ရောက်နိုင်သော အပြစ်ကို သိက္ခာပုဒ်ပြဖြေဆိုပါ။**

http://www.dhammadownload.com

မာတုဂါမအား ဓမ္မပဒခုနစ်ပုဒ်၊ ရှစ်ပုဒ်ဟောသော ရဟန်းအား ဓမ္မဒေသနာသိက္ခာပုဒ်အရ ပဒ အစရှိသည်တို့၏ အရေအတွက်အားဖြင့် လည်းကောင်း၊ များစွာကုန်သော မာတုဂါမ များအားဟောလျှင် မာတုဂါမ အရေအတွက်အားဖြင့်လည်းကောင်း ပါစိတ်အာပတ်များ သင့်ပါသည်။ (၁၃၆၈-ခု အလတ်တန်း)

❑ **ဓမ္မဒေသနာသိက္ခာပုဒ်၌ စကားတစ်ခွန်းဟူသည် အဘယ်ပါနည်း။**

ဂါထာ၌ တစ်ပါဒကို စကားတစ်ခွန်း၊ စုဏ္ဏိယ၌ ဝိဘင်္ဂတစ်ခုဆုံးသောပုဒ်ကို စကားတစ်ခွန်း ဤသို့ ယူပါသည်။

(၁၃၆၃-ခု အကြီးတန်း)

❑ **ပါဠို၊ အဋ္ဌကထာ ဓမ္မများကို အမျိုးသမီးပရိသတ်အတွက် သာ ဟောလိုသော ဓမ္မကထိက ရဟန်းတော်များ အပြစ် မဖြစ်အောင် တရားဟောနည်းကို ဖြေဆိုပါ။**

ဓမ္မကထိက ရဟန်းတော်များ အပြစ်မဖြစ်အောင် အမျိုးသမီးတစ်ယောက်လျှင် (၆) ခွန်းကျစီအနေဖြင့် မှန်းကာ ဟောရပါမည်။ (၁၃၆၃-ခု အကြီးတန်း)

❑ **ရဟန်းတော်များသည် အမျိုးသမီးယောဂီများအား သုတ္တန် ပါဠိတော်တရား ဟောကြားလိုပါက အာပတ်မသင့်အောင် မည်သို့စီစဉ်ဆောင်ရွက်၍ ဟောကြားသင့်ကြောင်းကို ပြဆို ပါ။**

http://www.dhammadownload.com

သုတ္တန်တရားဟောကြားလိုပါက မာတုဂါမတစ် ယောက်အား ရပ်လျှက် (၆) ခွန်း၊ ထိုင်လျှက် (၆) ခွန်း (သို့) ပထမတစ်ထိုင် (၆) ခွန်း ဟောပြီး နောက်တစ်ခါထပြီး ဒုတိယ တစ်ထိုင် (၆) ခွန်းဟော၊ ဤသို့ ကျရိယာပုထ်ပြောင်း၍ ဟော နိုင်၏။ မာတုဂါမအများနေရာ၌ တစ်ယောက်လျှင် (၆) ခွန်းစီ မှန်း၍ဖြစ်စေ၊ ပြော၍ဖြစ်စေ ဟောနိုင်၏။

(၁၃၆၈-ခု အကြီးတန်း)

❑ **မာတုဂါမနှင့် တစ်ယောက်ချင်း တစ်မိုးတစ်ရံတည်း ကျောင်း၌ အိပ်ခါ မိမိ၌ထင်ရှားရှိသော ဥတ္တရိမနုဿဓမ္မကို ဆယ်ခွန်းပြည့်အောင် တရားဟောသော ရဟန်းအား သင့်ရောက်နိုင်မည့် အာပတ်တို့ကို သိက္ခာပုဒ်အမည်တပ်၍ ဖော်ပြပါ။**

မာတုဂါမနှင့် တမိုးတရံတည်း အိပ်သောရဟန်း အား ဒုတိယသဟသေယျသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

ဥတ္တရိမနုဿဓမ္မကို ပြောသောရဟန်းအား ဘူတာ ရောစန သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

(၁၀) ခွန်းပြည့်အောင်ပြောသော ရဟန်းအား ဓမ္မ ဒေသနာသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။ (၁၃၃၉-ခု အငယ်တန်း)

http://www.dhammadownload.com

ဘူတာရောစနသိက္ခာပုဒ

❑ **မိမိရရှိပြီးသော တရားထူးများကို ပြောပြသင့်၊ ပြောမပြသင့်သော ပုဂ္ဂိုလ်များ**

သာသနာတော်၏ မွန်မြတ်ကြောင်းကို အားကျစေလိုလျှင် ဘိက္ခု၊ ဘိက္ခုနီတို့အား ပြောပြသင့်ပါသည်။ လူ၊ သာမဏေတို့အား ပြောမပြသင့်ပါ။ (၁၃၆၈-ခု အကြီးတန်း)

❑ **တကယ်ရရှိထားသော စျာန်မဂ်ဖိုလ်တရားများကို မပြောသင့်သော ပုဂ္ဂိုလ်၊ ပြောသင့်သော ပုဂ္ဂိုလ်တို့ကို ခွဲခြားပြပါ။**

၁။ အနုပသမ္မန္နေ(လူ၊သာမဏေ)ပုဂ္ဂိုလ်ကို မပြောသင့်ပါ။

၂။ ဥပသမ္မန္နေ(ဘိက္ခု၊ ဘိက္ခုနီ) ပုဂ္ဂိုလ်တို့အား သာသနာတော်၏ မွန်မြတ်ကြောင်းကို သိစေလို၊ သူတို့လည်း အားကျစေလို၍ ပြောခွင့်ကြုံလျှင် ပြောကောင်း၏။

(၁၃၆၁-ခု အလတ်တန်း၊ ၁၃၆၆-ခု အကြီးတန်း)

❑ **ဘူတာရောစနသိက္ခာပုဒ် အနာပတ္တိဝါရတွင် ဥမ္မတ္တကပုဂ္ဂိုလ် ပါဝင်နိုင်၊ မပါဝင်နိုင်**

မပါဝင်နိုင်ပါ။

အကြောင်း–အရိယာပုဂ္ဂိုလ်များ ရူးသွပ်မှု မရှိခြင်း

http://www.dhammadownload.com

ကြောင့် လည်းကောင်း၊ စျာန်ရပုဂ္ဂိုလ်တို့ ရူးသွပ်မှု ဖြစ်လာပါက စျာန်မှ လျှောကျတတ်သောကြောင့် လည်းကောင်း။

(၁၃၂၈-ခု၊ ၆၂-ခု၊ ၆၃-ခု၊ ၆၅-ခု၊ ၆၈-ခု အကြီးတန်း)

❑ **ဟုတ်မှန်သည်ကို ပြောဆိုသဖြင့် အာပတ်သင့်ခြင်း ရှိ၊ မရှိ ဖော်ထုတ်၍ ရှိလျှင် သိက္ခာပုဒ်ထောက်ပြ ဖြေဆိုပါ။**

ဘုတာရောစန သိက္ခာပုဒ်ဖြင့် ဟုတ်မှန်သည်ကို ပြောဆိုသဖြင့် အာပတ်သင့်ခြင်း ရှိပါသည်။ (၁၃၆၅-ခု အငယ်တန်း)

❑ **ပထမစျာန်ရရှိပြီးသော ရဟန်းသည် မိမိစျာန်ရပြီးကြောင်းကို လူ၊ သာမဏေအား အသိပေးသင့်၊ မပေးသင့် ကျမ်းရင်းပါဠိသာဓကဖြင့် ဆုံးဖြတ်ပြပါ။**

အသိမပေးသင့်ပါ။ ပါဠိသာဓက- ယော ပန ဘိက္ခု အနုပသမ္မန္နဿ ဥတ္တရိမနုဿဓမ္မံ အာရောစေယျ၊ ဘူတသ္မိံ ပါစိတ္တိယံ။ (၁၃၆၈-ခု အငယ်တန်း)

❑ **မုသာဝါဒဝဂ်၌ လူ၊ သာမဏေများနှင့်စပ်၍ ပညတ်ထားသော သိက္ခာပုဒ်အမည်များ**

ပဒသောဓမ္မသိက္ခာပုဒ်၊ ပထမသဟသေယျသိက္ခာပုဒ်၊ ဘူတာရောစန သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

(၁၃၆၂-ခု အလတ်တန်း)

http://www.dhammadownload.com

❑ **ဈာန်မဂ်ဖိုလ်တရားတို့ကို ရလျက် ပြောကြားသော ရဟန်း၊ မရဘဲ ပြောကြား သော ရဟန်းတို့အား သင့်ရောက်သော အပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ပြဆိုပါ။**

ဈာန်မဂ်ဖိုလ်ရလျက် ပြောကြားသော ရဟန်းအား အဂ်ါမြောက်လျှင် ဘူတာ ရောစန သိက္ခာပုဒ်အရ ပါစိတ် အာပတ်သင့်၍ အဂ်ါမမြောက်လျှင်မူ ဒုက္ကဋ်သင့်သည်။

ဈာန်မဂ်ဖိုလ်မရဘဲ ပြောကြားသော ရဟန်းအား အဂ်ါစုံလျှင် စတုတ္ထပါရာဇိကသိက္ခာပုဒ်အရ ပါရာဇိကသင့်၍ အဂ်ါမစုံလျှင်မူ ထုလ္လစ္စဋ်းနှင့် ဒုက္ကဋ် ထိုက်သလိုသင့်သည်။

(၁၃၆၄-ခု အငယ်တန်း)

ဒုဋ္ဌုလ္လာရောစန သိက္ခာပဒ

❑ **ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်လာ ဘိက္ခုဿ ဒုဋ္ဌုလ္လဿ-၌ ဘိက္ခုဿအရှင့် ဒုဋ္ဌုလ္လအရတို့ကို ကခ်ီနှင့်အညီ ရေးပါ။**

ဘိက္ခုဿ-အရ ပါရာဇိကမကျသောရဟန်း။

ဒုဋ္ဌုလ္လ-အရ သံဃာဒိသေသ်အာပတ်။

(၁၃၆၈-ခု အငယ်တန်း၊ ၁၃၆၁-ခု၊ ၆၂-ခု အကြီးတန်း)

❑ **ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်၌ ဒုဋ္ဌုလ္လအာပတ်သရုပ်ကို ထုတ်ပြ၍ ဤ၌အလိုရှိသော အာပတ်ကိုလည်း ညွှန်ပြခဲ့ပါ။**

http://www.dhammadownload.com

ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်၌ ဒုဋ္ဌုလ္လအာပတ်တို့ကား ပါရာဇိကနှင့် သံဃာဒိသေသ်တို့ ဟူ၏။ ထိုတွင် သံဃာဒိသေသ် ဒုဋ္ဌုလ္လအာပတ်ကိုသာ ဤသိက္ခာပုဒ်၌ အလိုရှိအပ်ပါသည်။

(၁၃၆၂-ခု၊ ၆၄-ခု အကြီးတန်း)

❑ **အာရောစေယျ-၌ အဘယ်သို့ပြောမှ အာပတ်သင့်သည် ကို ပြည့်စုံစွာ ဖော်ပြပါ။**

"ဤသူသည် သုက်ကို လွတ်စေ၍ သံဃာဒိသေသ် သို့ ရောက်သူတည်း" ဤသို့အစရှိသောနည်းဖြင့် ဝတ္ထုနှင့်တကွ အာပတ်ကို ဆက်စပ်စေ၍ ပြောကြားမှ အာပတ်သင့်သည်။

(၁၃၆၈-ခု အကြီးတန်း)

❑ **ရဟန်းတစ်ပါး၏ သံဃာဒိသေသ်အာပတ်ကို လူ၊ သာမဏေ အား ပြောကြားခွင့်ရှိသော ပုဂ္ဂိုလ်**

သမ္မုတိရသော ရဟန်း။

(၁၃၆၁-ခု၊ ၆၃-ခု အလတ်တန်း၊ ၁၃၆၃-ခု အကြီးတန်း)

❑ **အညတြ ဘိက္ခုသမ္မုတိယာ၌ သမ္မုတိ အမျိုးအစား တို့ကို ဆိုင်ရာ သိက္ခာပုဒ်နှင့် တွဲစပ်ဖြေဆိုပါ။**

ဥဒေါသိတ သိက္ခာပုဒ်-ဝိပ္ပဝါသ သမ္မုတိ၊

ဆဗ္ဘဿ သိက္ခာပုဒ်-သန္ဆိတ သမ္မုတိ၊

http://www.dhammadownload.com

သာသင်္ကသိက္ခာပုဒ်–အဝိပ္ပဝါသ သမ္မုတိ၊

ဒုဋ္ဌုလ္လာရောစနာ သိက္ခာပုဒ်–အပလောကနကံဖြင့် သမုတ်အပ်သော သမ္မုတိ။ (၁၃၆၃-ခု အကြီးတန်း)

❑ **ဒုဋ္ဌုလ္လာရောစနာ သိက္ခာပုဒ်လာ အညတြ ဘိက္ခုသမ္မုတိယာဉ် ရဟန်းတစ်ပါး၏ ဒုဋ္ဌုလ္လအာပတ်ကို ပြောပြရန် သံဃာက သမ္မုတိပေးပုံ အစီအရင်ကို ပြည့်စုံစွာ ရှင်းပြပါ။**

အမြဲတမ်း အာပတ်သင့်နေသော ရဟန်းအား အာယတိ သံဝရအကျိုးငှာ အာပတ်တို့ကိုလည်းကောင်း၊ ဒါယကာတို့ကို လည်းကောင်း အပိုင်းအခြားပြု၍ လည်းကောင်း၊ မပြုဘဲလည်းကောင်း သုံးကြိမ်ပန်ကြား၍ ကတိကဝတ် ပြုခြင်းသည် သံဃာက သမ္မုတိ ပေးပုံမည်ပါသည်။ (၁၃၆၄-ခု အကြီးတန်း)

❑ **ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်နှင့် ဒုဋ္ဌုလ္လာ ရောစနာ သိက္ခာပုဒ် တို့၌ ပါသော ဒုဋ္ဌုလ္လ သဒ္ဒါ (၂) ခုတို့၏ ခြားနားချက်**

ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၌ပါသော ဒုဋ္ဌုလ္လသဒ္ဒါသည် ဝစ္စမဂ်၊ ပဿာဝမဂ်၌ မေထုန်နှင့်စပ်သော စကားကို ဒုဋ္ဌုလ္လဟု ဆိုသည်။

ဒုဋ္ဌုလ္လာ ရောစနာ သိက္ခာပုဒ်၌မူ သံဃာဒိသေသ်အာပတ်ကို ဒုဋ္ဌုလ္လဟု ဆိုသည်။ ဤသို့ ခြားနားပါသည်။

(၁၃၆၈-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **သမ္မုတိမရဘဲ ရဟန်း၏ ဒုဋ္ဌုလ္လအာပတ်ကို လူ၊ သာမဏေအား ပြောသောရဟန်း၏ အပြစ်ပြသိက္ခာပုဒ်ကို အနက်ပေးပြပါ။**

မုသာဝါဒဝဂ်၊ ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်ကို အနက်ရေးပါ။ (၁၃၆၈-ခု အငယ်တန်း)

❑ **မုသာဝါဒဝဂ်လာ အနုပသမ္မန္နပုဂ္ဂိုလ်များနှင့်စပ်၍ ကျင့်သုံးရမည့် ဥပဒေပြသိက္ခာပုဒ်တို့ကို ပါဠိရေးပြခဲ့ပါ။**

ပဒသောဓမ္မ၊ ပထမသဟသေယျ၊ ဘူတာရောစန၊ ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။

(၁၃၆၃-ခု အငယ်တန်း)

❑ **လူ၊ သာမဏေများနှင့် ပတ်သက်၍ ဘုရားရှင်၏ ပညတ်ချက်တို့ကို သုဒ္ဓပါစိတ် မုသာဝါဒဝဂ်မှ ထုတ်နုတ်ရေးသားပါ။**

၁။ လူ၊ သာမဏေများကို ပုဒ်ပြိုင် မပို့ချရခြင်း။

၂။ လူ၊ သာမဏေနှင့်တကွ တမိုးတရံတည်းသော ကျောင်း၌ မအိပ်ရခြင်း။

၃။ လူ၊ သာမဏေအား ဟုတ်မှန်သော ဥတ္တရိမနုဿဓမ္မကို မပြောရခြင်း။

၄။ လူ၊ သာမဏေအား ရဟန်း၏ သံဃာဒိသေသ်အာပတ်ကို မပြောရခြင်း။ (၁၃၆၈-ခု အငယ်တန်း)

http://www.dhammadownload.com

ပထဝီခဏာန သိက္ခာပဒ

❑ **ပထဝီ ခဏေယျ ဝါ ခဏာပေယျ ဝါ–၌ ဇာတပထဝီ အဇာတပထဝီ (၂)ပါး၊ရှိရာတွင် ဇာတပထဝီသရုပ်များကို ထုတ်ဖော်၍ ၎င်းတို့၏အရများကို ကောက်ပြပါ။**

၁။ သုဒ္ဓပထဝီ

၂။ မိဿက

၃။ ပဋ္ဌပထဝီအားဖြင့် (၃)မျိုးရှိသည်။

သုဒ္ဓပထဝီ–အရ ပကတိမြေမှုန့်သက်သက် မြေညက်သက်သက်ကိုယူ။

မိဿကပထဝီ–အရ ကျောက်ခဲ၊ ကျောက်စရစ်ခဲ၊ အိုးခြမ်းကွဲ၊ ကျောက်ပြုတ်၊ သဲတို့တွင် တစ်မျိုးမျိုး (၃)ပုံ (၁)ပုံ ရောနေသော မြေမှုန်မြေညက်ကိုယူ။

ပဋ္ဌပထဝီ–အရ (၄)လထက်အလွန် မိုးစိုပြိုးသော မြေမှုန်အပုံ၊ မြေညက်အပုံကိုယူ။

(၁၃၄၈–ခု၊ ၆၀–ခု၊ ၆၂–ခု၊ ၆၅–ခု၊ ၆၈–ခု အကြိုးတန်း)

❑ **အဆောက်အဦးသစ်များ ဆောက်လုပ်သည့်အခါ ရဟန်းတော်များကိုယ်တိုင် ပန္နက်ရိုက်ပေးလျှင် ပထဝီခဏာန သိက္ခာပုဒ်အရ အပြစ်လွတ်၊ မလွတ် စိစစ်ပြပါ။**

ရဟန်းတော်များကိုယ်တိုင် ပန္နက်ရိုက်ပေးလျှင်

http://www.dhammadownload.com

ပထဝီခဏန သိက္ခာပုဒ်အရ တူးခြင်း, ခွဲခြင်း, ရေးခြစ်ခြင်း, မီးရှို့ခြင်း စသည်ဖြင့် မြေကို ဖျက်ဆီးခြင်းမျိုးဖြစ်သောကြောင့် အပြစ်မှ မလွတ်ပါ။ (၁၃၆၀-ခု အကြီးတန်း)

❑ **ပထဝီခဏန သိက္ခာပုဒ်လာ ဧာတပထဝီအဓိပ္ပာယ်နှင့် ထိုပထဝီအပြားတို့ကိုလည်း အဓိပ္ပါယ်နှင့်တကွ ရေးသားခဲ့ပါ။**

သုဒ္ဓ၊ မိဿက၊ ပဥ္စအားဖြင့် (၃)မျိုးလုံးသည် ဖိုခနောက်လုပ်ခြင်း၊ သပိတ်ဖုတ်ခြင်း စသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ အခြားသောအခြင်းအရာ တစ်မျိုးမျိုးဖြင့်သော်လည်းကောင်း မီးမလောင်သေးလျှင် ဧာတပထဝီဟုခေါ်သည်။

ပထဝီအပြားကား- ဧာတ,မိဿက, ပဥ္စအားဖြင့် (၃)ပါးတည်း။ (၁၃၆၈-ခု အကြီးတန်း)

ဘူတဂါမသိက္ခာပဒ

❑ **ဘူတဂါမသိက္ခာပုဒ်လာ ဘူတဂါမ ဟူသည် အဘယ်တို့၏ အမည်ဖြစ်သည်ကို ကခ်ါလာအတိုင်း ဖြေဆိုခဲ့ပါ။**

မြေ၌တည်သော စိမ်းစိုသော မြက်သစ်ပင်အစရှိသည်တို့၏ အမည်ဖြစ်ပါသည်။ (၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **မြေကိုက်ခြင်းသည် အရေးပေါ်အကြောင်း**

ထိုမြေကိုက်ခြင်းအကြောင်းကြောင့် ကပ္ပိကာရက မရှိခဲ့သော် ထိုမြေကိုက်အနာကဖို့ပြာပြုလိုရာအခါသည် အချိန်အခါ ဖြစ်ပါသည်။ (၁၃၆၈-ခု အကြီးတန်း)

❑ **ဘူတဂါမ သိင်္ဂာပုဒ်၌ ဘူတဂါမ်၊ ဗီဇဂါမ်တို့၏ အဓိပ္ပာယ်ကိုရေး၍ ဗီဇဂါမ်သရုပ်ကို ထုတ်ပြပါ။**

ဘူတဂါမ် – စိမ်းစိုသော မြက်သစ်ပင်အပေါင်း

ဗီဇဂါမ် – အပင်ပေါက်နိုင်သော သတ္တိရှိသော မျိုးစေ့အပေါင်း

ဗီဇဂါမ်သရုပ်

မူလဗီဇ – အမြစ်မျိုးစေ့

ခန္ဓဗီဇ – ပင်စည်အမျိုး

ဖလုဗီဇ – အဆစ်မျိုး

အဂ္ဂဗီဇ – အညွှန့်မျိုး

ဗီဇဗီဇ – အစေ့မျိုး

(၁၃၆၂-ခု၊ ၆၄-ခု အကြီးတန်း)

(ဧဆောင်) မြစ်-ဆစ်-ပင်စည်၊ ညွှန့်-စေ့မှိ၊ ငါးလီဗီဇဂါမ်၊ ဖျက်လေသမျှ၊ ခုက္ကဋ်၊ မုချသင့်ရမှန်။

http://www.dhammadownload.com

❑ **စိမ်းစိုသောမြက်သစ်ပင်အပေါင်းကို ဘုတဂါမ်ဟုဆိုရာ အညွှန့်စိမ်းထွက်ပြီး အမြစ်မထွက်သေးလျှင် ဘုတဂါမ်တွင် ပါဝင်သင့်၊ မသင့်ကြောင်း ချင့်ချိုးဖြေဆိုပါ။**

အမြစ်၊ အညွှန့်နှင့် နှစ်ပါးစုံထွက်မှ ဘုတဂါမ်ဟု ခေါ်နိုင်သောကြောင့် အညွှန့်စိမ်းထွက်ပြီး အမြစ်မထွက်သေးလျှင် ဘုတဂါမ်တွင် မပါဝင်သင့်ပါ။ (၁၃၆၁-ခု အကြီးတန်း)

❑ **သရက်မျိုးစေ့ကို စိုက်ပျိုးရာ၌ မည်သည့်အခါ ဗီဇဂါမ် ဖြစ်၍ မည်သည့်အခါ ဘုတဂါမ် ဖြစ်ပါသနည်း။ ရေးပါ။**

အမြစ်သာထွက်၍ အရွက်မထွက်သေးလျှင်သော်လည်းကောင်း၊ အရွက်သာထွက်၍ အမြစ်မထွက်သေးလျှင်သော်လည်းကောင်း ဗီဇဂါမ်မည်ပါသည်။ အမြစ်၊ အရွက် (၂)မျိုးလုံးထွက်လျှင် ဘုတဂါမ်မည်ပါသည်။ (၁၃၆၁-ခု အကြီးတန်း)

❑ **"ကပ္ပိယံ ကရောဟိ၊ ဆိလို့ရှိ၊ ကပ္ပိယံ ဘန္တေ၊ ဆိဆိတ်လေ" ဟု ကပ္ပိနည်းရှိရာ သီးသီးခြံ ကပ္ပိနည်းကို စုံလင်အောင် တင်ပြပါ။**

အစေ့နှင့် အခွံ တွဲစပ်မနေဘဲ အတွင်း၌ လူပ်ရှားနေသော သီးသီးကို ခွဲပြီးမှသာ ကပ္ပိရခြင်း၊ အစေ့နှင့် တစပ်တည်း ဖြစ်နေလျှင်ကား ခွဲစရာ မလိုခြင်းတို့ ဖြစ်ပါသည်။

(၁၃၆၀-ခု အကြီးတန်း)

http://www.dhammadownload.com

အညဝါဒကသိက္ခာပဒ

❑ **အညဝါဒကက်၊ ဝိဟေသကက်သို့တင်သင့်သော ရဟန်းတို့ကို ဖော်ပြပါ။**

သံဃာ့အလယ်၌ ဝိနည်းဓိုရ် ပုဂ္ဂိုလ်မေးမြန်းသည့် အရာကို မဖြေကြားဘဲ အခြားစကားကိုသာ ရှောင်လွဲပြန်ပြောသော ရဟန်း အား အညဝါဒကက်သို့ တင်သင့်သည်။

အညဝါဒကက် တင်ခံရပြီးနောက် ရှေးယခင်ကဲ့သို့ ထပ်မံ၍ လွဲပြောင်းစကားပြန်ပြော လျှင် ပါစိတ်သင့်ရောက်မည်စိုး၍ ပြန်ဖြေမှုပင်မပြု ဆိတ်ဆိတ် နေမှုဖြင့် သံဃာကို ညှဉ်းဆဲသော ရဟန်းအား ဝိဟေသကက် ပြုသင့်ပါသည်။

(၁၃၆၄-ခု အကြီးတန်း)

❑ **အညဝါဒက၊ ဝိဟေသကတို့သည် မည်သည့်အရာတို့၏ နာမည်များဖြစ်ကြပါသနည်း၊ ရေးသားဖော်ပြပါ။**

အညဝါဒကအမည်သည် မေးအပ်သောအကြောင်းမှ တစ်ပါးသောအကြောင်းဖြင့် မိမိပြောအပ်သော အကြောင်းမှ တစ်ပါးသော ဝိနည်းဓိုရ်ပြောအပ်သောအကြောင်းကို ဖုံးလွှမ်းခြင်း၏ အကြောင်းဖြစ်သည်။

ဝိဟေသကအမည်သည် မပြောဘဲ ဆိတ်ဆိတ်နေခြင်း၏ အမည်ဖြစ်သည်။ (၁၃၆၈-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ဝိနည်းဓိုရ် ရဟန်းသည် စုဒ်ိတက ရဟန်းအား မေးစိစစ် ရာ၌–**

(က) မေးရာတခြား ဖြေရာတခြား ပြုလုပ်ရာ

(ခ) မဖြေပဲ နေရာ

(ဂ) အဂတိလိုက်သော ဝိနည်းဓိုရ်ဟု ပြောရာ

(ဃ) အရည်အချင်းမရှိသော ဝိနည်းဓိုရ် ဟုပြောရာတို့၌ သင့်နိုင်သော အာပတ်တို့ကို သာဓကပါဠိ အသီးသီး ပြ၍ ဖြေခဲ့ပါ။

(က) အညဝါဒကေ ပါစိတ္တိယံ–ကိုထောက်၍ ပါစိတ် အာပတ်

(ခ) ဝိဟေသကေ ပါစိတ္တိယံ–ကိုထောက်၍ ပါစိတ် အာပတ်

(ဂ) ဥဇ္ဈာပနကေ ပါစိတ္တိယံ–ကိုထောက်၍ ပါစိတ် အာပတ်

(ဃ) ခိယ္ယနကေပါစိတ္တိယံ–ကိုထောက်၍ ပါစိတ်အာပတ်။

(၁၃၆၀–ခု အကြီးတန်း)

http://www.dhammadownload.com

ဥဒ္ဓစ္စာပနကသိက္ခာပဒ

❑ **ဥဒ္ဓစ္စာပနက၊ ခိယျနကတို့၏ သဘောကွဲပြားပုံ**

ဥဒ္ဓစ္စာပနက–

ကျောစောမဲ့ကို အလိုရှိကြကုန်၍ အယုတ်အားဖြင့် သိစေခြင်း၊ အောက်တန်းစားဟု အသိအမှတ်ပြု၍ ကြည့်ရှုစေခြင်း၊ ယုတ်မာသောအဖြစ်ဖြင့် ကြံစည်စေခြင်း၊

ခိယျနက–

ထိုထိုအရပ်၌ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုခြင်း, ပြစ်တင်ရှုတ်ချခြင်း၊ (၁၃၆၂-ခု အကြီးတန်း)

❑ **ဘူတဂါမဝဂ်လာ အာပတ်သင့်စေနိုင်သောအကြောင်း (၂)ချက်ပါဝင်သော သိက္ခာပုဒ်တို့မှ နောက်ဆုံးသိက္ခာပါဠိတို့ကို ရေးသားခဲ့ပါ။**

ဥဒ္ဓစ္စာပနကေ ခိယျနကေ ပါစိတ္တိယံ။

(၁၃၆၈-ခု အလတ်တန်း)

❑ **အသားမည်း၍ အရပ်ပုသောလူကို ကုလား, ဂျပုဟုနှိမ်ချ၍ ပြောဆိုသော ရဟန်းအား မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့်အာပတ်သင့်ကြောင်း ဖြေဆိုပါ။**

ဥဒ္ဓစ္စာပနကသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်သည်။

(၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com

ပထမသေနာသန သိက္ခာပဒ

❑ **ပထမသေနာသနသိက္ခာပုဒ်၌ ပါဝင်သော ပစ္စည်းများကို ပါဠိ+ မြန်မာ(၂)ဘာသာဖြင့် ဖော်ပြပြီး အရပ်တစ်ပါး သို့ သွားလိုပါက ထိုသံဃိကပစ္စည်းများကို မည်သို့ပြုလုပ် ဆောင်ရွက်ရမည်ကို ရှင်းပြပါ။**

သံဃိကပစ္စည်းများ-

မဉ္စ-ညောင်စောင်း၊ ပိဋ္ဌ-အင်းပျဉ်၊ ဘိသိ- ဘုံလျှို၊ ကောစ္ဆ-ခတ်အခင်း။

အရပ်တစ်ပါးသို့သွားလိုပါက ကိုယ်တိုင်သော်လည်း သိမ်းဆည်းခဲ့ရမည်၊ သူတစ်ပါးကိုသော်လည်း သိမ်းဆည်းခိုင်းရမည်။ ပန်ပြောရ်သော်လည်း သွားရမည်။

(၁၃၆၄-ခု အငယ်တန်း၊ ၁၃၆၃-ခု အလတ်တန်း)

❑ **လွှင့်ပြင်အရပ်၌ ပြစ်မထားကောင်းသော သံဃိကပစ္စည်းများ**

မဉ္စ-ညောင်စောင်း၊ ပိဋ္ဌ-အင်းပျဉ်၊ဘိသိ-ဘုံလျှို၊ ကောစ္ဆ-ခတ်အခင်း။

(၁၃၆၄-ခု၊ ၆၅-ခု၊ ၆၈-ခု အလတ်တန်း၊ ၁၃၆၂-ခု၊ ၆၆-ခု အကြီးတန်း)

http://www.dhammadownload.com

❑ ပထမသေနာသန သိက္ခာပုဒ်၌

(က) မဋ္ဌ၊

(ခ) ပိဋ္ဌ၊

(ဂ) ဘိသိ၊

(ဃ) ကောစ္ဆတို့၏ အဓိပ္ပါယ်

(က) အိပ်ရာကုဋင်ကို မဋ္ဌ ဟုခေါ်သည်။

(ခ) စားပွဲ၊ကုလားထိုင်၊ထိုင်ခုံစသည်များကို ပိဋ္ဌ ဟုခေါ်သည်။

(ဂ) အပြင်အဝတ် (သို့)အပ်သောသားရေတို့ဖြင့် အိပ်ချုပ်၍ အတွင်းက လူမွေး၊အခြားအရွက် မရောသော ပန်းညှိရွက်ကိုကြည့်၍ အမှတ်မရှိသော သာမွေး, သစ်ရွက်, မြက်, လျှော်တေ အဝတ်တို့ဖြင့် ဖြည့်ထည့်ပြုအပ်သော ကျောင်းအသုံးအဆောင်ကို ဘိသိ။

(ဃ) လျှော်တေ, ပန်းရင်း, ဖြူဆံမြက်, ပြိတ်မြက် စသည်တို့တွင် တစ်ပါးပါးဖြင့် ပြုအပ်သော အတွင်းခံလိပ်၍ ပြုအပ်သောကြောင့် အောက်ထပ် နှစ်ရပ်ကျယ်ပြန့်သော မရိုးစည်သဏ္ဌာန် ရှိသော အလယ်ခံ ခြသေ့သားရေ စသည်တို့ဖြင့်

http://www.dhammadownload.com

ကာရံအပ်သော ကျောင်းအသုံးအဆောင်ကို ကောစ္ဆ။

(၁၃၆၂-ခု အကြီးတန်း)

❑ **ဘုံလျှိုငါးမျိုး**

လောမဘိသိ, ပဏ္ဏဘိသိ, တိဏ ဘိသိ, ဝါကဘိသိ, စောဠဘိသိ။

(ဆောင်) လောမ၊ ပဏ္ဏ၊ နောက်တိဏနှင့်၊ ဝါကတစ်ဖြာ၊ စောဠပါ၊ မှတ်ပါ ဘိသိငါး။ (၁၃၃၇-ခု အကြီးတန်း)

❑ **လောကထွဋ်တင် ဘုရားရှင်သည် သံဃိက ညောင်စောင်း အင်းပျဉ်တို့ကို အသုံးပြုပြီး မသိမ်းဆည်းဘဲ သွားသော ရဟန်းအား အပြစ်ပြ သိက္ခာပဒကို အနက်ရေးခဲ့ပါ။**

သုဒ္ဓပါစိတ် ဘူတဂါမဝဂ် ပဌမသေနာသနသိက္ခာပုဒ်ကို အနက်ရေးပါ။ (၁၃၆၆-ခု၊ ၆၇-ခု အငယ်တန်း)

❑ **ဒုတိယသေနာသနသိက္ခာပုဒ်နှင့်စပ်၍ သိသင့်သော သေယျသရုပ်**

၁။ ဘိသိ – ဘုံလျှိုး

၂။ စိမိလိကာ – အဝတ်ကြမ်း

၃။ ဥတ္တရတ္ထရကံ – အပေါ်လွှမ်းအခင်း

http://www.dhammadownload.com

၄။ ဘူမတ္ထရဏံ – မြေအခင်း
၅။ တဋ္ဌိကာ – ဖျာကြမ်း
၆။ စမ္မခဏ္ဍာ – သားရေပိုင်း
၇။ နိသီဒန – နှီသီဒိုင်
၈။ ပစ္စတ္ထရဏာ – သီးခြားအခင်း
၉။ တိဏာသန္ထာရ– မြက်အခင်း
၁၀။ ပဏ္ဏသန္ထာရ – သစ်ရွက်အခင်း။
(၁၃၆၇-ခု အကြီးတန်း)

(ဆောင်) ဘိသိစိမိလိကာစေဝ၊ ဥတ္တရတ္ထရဏံဝိစ၊
ဘူမတ္ထရဏံ တဋ္ဌိကာ၊ စမ္မခဏ္ဍော နိသီဒနံ။
ပစ္စတ္ထရဏံစ တိဏ–သန္ထာရော ပဏ္ဏသန္ထာရော။
ဒသယိမာ သေယျာ ဝုတ္တာ၊ မုနိနာ ဒိစ္စဗန္ဓုနာ။

❑ ပဌမသေနာသန သိက္ခာပုဒ်လာ ကောစ္ဆ–၏ အဓိပ္ပါယ်ကို ကခ်ီအဋ္ဌကထာလာအတိုင်း ရေးပါ။

လျှော်တေ၊ ပန်းရင်း၊ ဗြိဿာမြက် စသည်တို့တွင် တစ်ပါးပါးဖြင့်ပြီးသော အတွင်း၌တွန့်၍ ဖွဲ့အပ်သော ထက်စည်သဏ္ဌာန်ရှိသည့် အလယ်၌ ခြင်္သေ့ရေတို့ဖြင့် ကာရံအပ်သော နေရာသည် ကောစ္ဆမည်ပါသည်။ (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ပဌမသေနာသန သိက္ခာပုဒ်လာ အဇ္ဈောကာသနှင့် စပ်၍ ယူရမည့်ကာလနှင့် ဌာနတို့ကို အသီးသီးဖော်ပြပါ။**

မိုးလေးလနှင့် ဆောင်းအခါဝယ် မကြာမကြာမိုးရွာတတ်သောဒေသ၌ ဆောင်းလေးလ ပေါင်း-(၈)လသည် ကာလအရ ဖြစ်သည်။

အမိုးမရှိသော လွင်တီးခေါင်နှင့် အမိုးရှိသော်လည်း အမိုးမလုံသော မဏ္ဍပ်စသည်တို့သည် ဌာနအရဖြစ်သည်။

(၁၃၆၁-ခု အကြီးတန်း)

ဒုတိယသေနာသနသိက္ခာပဒ

❑ **ဒုတိယသေနာသန သိက္ခာပုဒ်လာ သေယျ-အရတွင် ကျားသစ်ရေအခင်း ပါဝင်ခြင်းရှိ/မရှိ အကြောင်းပြဖြေဆိုပါ။**

စမ္မခဏ္ဍ-အရတွင် ကျားသစ်ရေအခင်း ပါဝင်သောကြောင့် ဒုတိယသေသန သိက္ခာပုဒ်လာ သေယျအရတွင် ကျားသစ်ရေအခင်း ပါဝင်ပါသည်။ (၁၃၆၀-ခု အကြီးတန်း)

❑ **သံဃိကကျောင်း၌ နေထိုင်ပြီး အရပ်တစ်ပါး ဖဲသွားရာ၌ မိမိကိုယ်တိုင်သော်လည်း သိမ်းဆည်း၊ သူတစ်ပါး ကိုသော်လည်း သိမ်းဆည်းခိုင်းရမည့်ပစ္စည်းများ-**

သံဃိကညောင်စောင်း, အင်းပျဉ်, ခပ်အခင်း, အိပ်ရာခင်း တို့ဖြစ်သည်။ (၁၃၆၆-ခု အငယ်တန်း)

http://www.dhammadownload.com

❑ **ပထမ၊ ဒုတိယသေနာသန သိက္ခာပုဒ်တို့၌ အနာပုစ္ဆ ဝါ ဂစ္ဆေယျ–အရ ပုန်ပြောသွားရမည့် ပုဂ္ဂိုလ်များ**

သံဃာပိုင်ကျောင်း၌ ကျောင်းနှင့်ကျောင်း**အသုံး**အဆောင် ပစ္စည်းများကို မိမိပစ္စည်းကဲ့သို့ ကြောင့်ကြမှုပြုတတ်သူ ရဟန်း၊ သာမဏေ၊ အာရာမ်စောင့် သင့်ရာတစ်ဦးဦး ဖြစ်ပါသည်။ ရဟန်း၊ သာမဏေ၊ အာရာမ်စောင့်များ မရှိလျှင် ထိုကဲ့သို့ သဘောရှိသူ ဂေါစရဂါမ်ရွာမှ ဥပါသကာတစ်ဦးဦးကို ပန်ကြားတာဝန်ပေး၍လည်း ခရီးသွားနိုင်ပါသည်။(၁၃၆၄-ခု အကြီးတန်း)

❑ **သံဃိကကျောင်း၌ ကိုယ်တိုင်နေရာခင်း၍ သုံးစွဲနေထိုင်သော ရဟန်းသည် အရပ်တစ်ပါးသို့ ဖဲသွားလိုသော် ပါစိတ် အာပတ်မသင့်ရအောင် မည်ကဲ့သို့ ပြုကျင့်ရမည်ကို ဒုတိယသေနာသန သိက္ခာပုဒ်ကို ထောက်၍ ဖြေဆိုခဲ့ပါ။**

ကိုယ်တိုင် ရုပ်သိမ်း၍သော်လည်းကောင်း၊ သူတစ်ပါးကို ရုပ်သိမ်းခိုင်း၍သော်လည်းကောင်း၊ ပြန်ပြော၍သော်လည်းကောင်း သွားရမည်။ (၁၃၆၃-ခု အငယ်တန်း)

❑ **ရဟန်းတော်များ သံဃိကကျောင်းနှင့် ပတ်သက်၍ လိုက်နာရမည့် ကျင့်ဝတ်များကို ဘူတဂါမဝဂ်မှ အကျဉ်းမျှ ရှာဖွေတင်ပြပါ။**

၁။- ကိုယ်တိုင်ရုပ်သိမ်းခြင်း၊

၂။ အခြားသူကို ရုပ်သိမ်းခိုင်းခြင်း၊

http://www.dhammadownload.com

၃။ ပန့်ပြော၍ သွားရခြင်း။

မိမိထက်အသက် သိပ်ကြီးသူ၊ ဂိလာန၊ သံဃာမှ ကျေးဇူးများသဖြင့် (သို့)ဂုဏ်ထူးရှိသဖြင့် သီးခြားနေရာ ပေးထားသူဟုသိလျက် ကျဉ်းမြောင်း၍ ထသွားစေလိုသော အလိုဖြင့် တိုးဝှေ့၍ မနေထိုင်ရခြင်း။

အထက်အဆင့်တွင် ပျဉ်မခင်းဘဲ ဟင်းလင်းပြင် ရှိသော ကုဋီ၏အထက်ဘုံယက်မ ဆင့်သား၏အထက်၌ အပေါင်၌ အခြေစွပ်သော ညောင်စောင်း, အင်ပျဉ်တို့ကို ဖြိ၍ထိုင်ခြင်းစသည် တို့ကို မပြုလုပ်ရခြင်း တို့ဖြစ်သည်။ (၁၃၆၅-ခု အကြီးတန်း)

❑ **ရဟန်းတော်များသည် သံဃိကကုဋေစားပွဲ၊ ကုလားထိုင်၊ မွေယာ၊ ခေါင်းအုံး၊ အိပ်ရာခင်း စသည်တို့ကို အမိုးအကာမဲ့ လွင်တီးခေါင်၌ ပစ်ထားလျှင် အပြစ်ရှိ၊ မရှိ သိက္ခာပုဒ် အမည်ထောက်ပြ ဆုံးဖြတ်ပါ။**

ပဌမသေနာသန၊ ဒုတိယသေနာသန သိက္ခာပုဒ် တို့ကို ထောက်၍ အပြစ်ရှိပါသည်။ (၁၃၆၃-ခု အကြီးတန်း)

❑ **ရဟန်းတော်များခင်းပြီးနောက် ပြန်လည်သိမ်းဆည်းရမည့် သံဃာ့အသုံးအဆောင် ပစ္စည်းများကို သိက္ခာပုဒ် ထောက်၍ ဖော်ပြပါ။**

ပဌမသေနာသနသိက္ခာပုဒ်ကိုထောက်၍ ညောင် စောင်း၊ အင်းပျဉ်၊ ဘုံလျှို၊ ခတ်အခင်း။

http://www.dhammadownload.com

ဒုတိယသေနာသန သိက္ခာပုဒ်ကိုထောက်၍ အိပ်ရာ နေရာ။ (၁၃၆၆-ခု အငယ်တန်း)

အနုပခဇ္ဇသိက္ခာပဒ

❑ အနုပခဇ္ဇ အဓိပ္ပါယ်

ညောင်စောင်း, အင်ပျဉ်ကိုလည်းကောင်း၊ ဝင်ထွက်သော ရဟန်း၏ ဥပစာကိုလည်းကောင်း ဝင်နေခြင်းသည် အနုပခဇ္ဇ မည်ပါသည်။ (၁၃၆၃-ခု အကြီးတန်း)

❑ အနုပခဇ္ဇ-အရ

ဝါကြီးသူစသည်တို့၏နေရာ ကုဋေ ပတ်ပတ်လည် (၁)တောင်ထွာ ဥပစာအတွင်း၌လည်းကောင်း၊ ထိုပုဂ္ဂိုလ်တို့၏ထွက်ရာ ဝင်ရာလမ်းနှင့် လမ်း၏ဥပစာ (၁)တောင့်ထွာ အရပ်အတွင်း၌ လည်းကောင်း ဝင်ရောက်နေထိုင်ခြင်းကိုယူ။

(၁၃၆၂-ခု အကြီးတန်း)

❑ အနုပခဇ္ဇသိက္ခာပုဒ်လာ ဇာနံ-အရ

ဝါကြီးသူဟူ၍လည်းကောင်း၊ ဖျားနာမကျန်းမာသူဟူ၍လည်းကောင်း၊ သံဃာအား ကျေးဇူးများ၍ သံဃာက သီးခြား နေရာပေးထားသူ ဟူ၍လည်းကောင်း သိခြင်းတည်း။

(၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com

❑ **အနုပခဋ္ဌသိက္ခာပုဒ်လာ ဇာနံ-အရ မထစေထိုက်သော ပုဂ္ဂိုလ်တို့ကို ဖော်ပြပါ။**

သီတင်းကြီး ၊ဂိလာန၊ သံဃာက သီးခြားနေရာပေး ထားသောသူ။ (၁၃၆၁-ခု အကြီးတန်း)

❑ **အနုပခဋ္ဌသိက္ခာပုဒ်လာ နေရာမှ မထစေသင့်(နေရာမဖယ်ခိုင်းသင့်) သောပုဂ္ဂိုလ်တို့ကို အကြောင်းနှင့်တကွ ဖြေဆိုစွာ ဖော်ပြပါ။**

(၁) မိမိထက်ကြီးသည်၏ အဖြစ်ကြောင့် သီတင်းကြီး ပုဂ္ဂိုလ်ကိုလည်းကောင်း၊

(၂) မကျန်းမာသောကြောင့် ဂိလာန ပုဂ္ဂိုလ်ကိုလည်း ကောင်း၊

(၃) များသော ကျေးဇူးရှိသည်၏ အဖြစ်ကြောင့်လည်း ကောင်း၊ ဂုဏ်အားဖြင့် ထူးကဲလွန်မြတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း သံဃာက မှတ်သား သမုတ်၍ အမြဲနေခြင်းငှာ ပေးထားအပ်သော ဘဏ္ဍာ စိုး ရဟန်း၊ ဓမ္မကထိကပုဂ္ဂိုလ်၊ ဝိနည်းဓိရ်ပုဂ္ဂိုလ်၊ စာချဆရာ စသော ပုဂ္ဂိုလ်တို့အား နေရာမှ မထ စေထိုက်(နေရာ မဖယ်ခိုင်းသင့်ပါ)

(၁၃၆၀-ခု၊ ၆၃-ခု၊ ၆၄-ခု၊ ၆၅-ခု ၊၆၆-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **သံဃိကကျောင်းဌ် တိုးဝှေ့၍နေရာလုသော ရဟန်း၏ ရည်ရွယ်ချက်**

ကျဉ်းကြပ်သူ ထွက်သွား လိမ့်မည်ဟူသော စိတ် ယုတ်မာ ရည်ရွယ်ချက်ဖြစ်သည်။ (၁၃၅-ခ အကြီးတန်း)

❑ **ဘူတဂါမဝဂ် အနုပခဋ္ဌသိက္ခာပုဒ် ဇာနံ ပုဗ္ဗပဂတံဌ် ဇာနံ-အရ ယူရမည့် ပုဂ္ဂိုလ်တို့ကို အကြောင်းနှင့်တကွ**

၁။ သိက္ခာကြီးသူ (မိမိထက်ကြီးသောကြောင့် သိက္ခာငယ်သူက ထသွားအောင် မပြုအပ်)။

၂။ ဂိလာန (သနားထိုက်သူဂိလာနဖြစ်သော ကြောင့် ထသွားအောင် မပြုရ)။

၃။ သံဃာက သီးခြားနေရာပေးထားသူ "ကျေး ဇူးလည်းများ ဂုဏ်ထူးလည်းရှိသဖြင့် သံဃာက နေရာ သီခြားပေးထားသောကြောင့် ထသွား အောင် မပြုရ)။

❑ **အနုပခဋ္ဌသိက္ခာပုဒ်တွင်ပါဝင်သော သေယျံ ကပ္ပေယျံ အရ အာပတ်သင့်နိုင်ပုံကို ကခ်ီနှင့်အညီ ဖြေဆိုပါ။**

သံဃိကကျောင်းဌ် ကျဉ်းမြောင်းစေလိုခြင်းဖြင့် ဥပစာအတွင်းဝယ် အိပ်ရာနေရာ (၁၀)မျိုးတွင် တစ်ခုခုကို

http://www.dhammadownload.com

ကိုယ်တိုင်ခင်းလျှင် ဒုက္ကဋ်၊ ထိုအိပ်ရာနေရာကို ထိုင်လျှင်လည်း ကောင်း၊ အိပ်လျှင်လည်းကောင်း ပါစိတ်၊ ထိုင်ခြင်း, အိပ်ခြင်း (၂)မျိုးလုံးကိုပြုလုပ်လျှင် ပါစိတ်အာပတ် (၂)ချက်သင့်သည်။

(၁၃၆၅-ခု အကြီးတန်း)

❑ **သံဃိကကျောင်း၌ မိမိအလျှင်ရောက်နှင့်နေသော ရဟန်းကို သိလျက် အကြောင်းမဲ့ တိုးဝှေ့နေထိုင်သော ရဟန်း၏ အပြစ်ပြ သိက္ခာပုဒ်**

အနုပခဇ္ဇ သိက္ခာပုဒ်

(၁၃၃၂-ခု၊ ၅၄-ခု၊ ၆၁-ခု၊ ၆၆-ခု အငယ်တန်း၊၁၃၆၂-ခု ~ အကြီးတန်း)

❑ **သံဃာဥစ္စာဖြစ်သောကျောင်း၌ မထစေထိုက်သူဟုသိလျက် အလျှင်နေထိုင်သော ရဟန်း၏အနီးသို့ ကပ်ဝင်၍ ထိုင်မှု၊ အိပ်မှုပြုသောရဟန်း၏ အာပတ်သင့်ရောက်ပုံပြ (အနုပခဇ္ဇ) သိက္ခာပုဒ်ကို အနက်ပေးပြပါ။**

(ဘူတဂါမဝဂ်၊ အနုပခဇ္ဇ သိက္ခာပုဒ်ကို အနက် ရေးပါ) (၁၃၆၈-ခု အငယ်တန်း၊ ၁၃၃၃-ခု အလတ်စာန်း)

http://www.dhammadownload.com

နိဂ္ဂုဇနသိက္ခာပဒ

❑ နှင်ထုတ်သင့်သော ပုဂ္ဂိုလ်များ

ခိုက်ရန်ပြုတတ်သောရဟန်း၊ ကောင်းမွန်စွာ ဆုံးမသည်ကို မလိုက်နာသော အန္တေဝါသိက၊ သဒ္ဓိဝိဟာရိကရဟန်း၊ သာမဏေ၊အလဇ္ဇီရဟန်း၊ ဥမ္မတ္တကရဟန်းစသည်တို့ဖြစ်သည်။

(၁၃၆၁-ခု အကြီးတန်း)

❑ မနှင်ထုတ်သင့်သော ပုဂ္ဂိုလ်များ

ခိုက်ရန်မပြုတတ်သောရဟန်း၊ ကောင်းမွန်စွာ ဆုံးမသည်ကို လိုက်နာသော အန္တေဝါသိက၊ သဒ္ဓိဝိဟာရိကရဟန်း၊ သာမဏေ၊ လဇ္ဇီရဟန်း၊ ဥမ္မတ္တက မဟုတ်သော ရဟန်းတို့ဖြစ်သည်။ (၁၃၆၁-ခု အကြီးတန်း)

❑ သံဃအာရာမ်မှ နှင်ထုတ်ထိုက်သော ပုဂ္ဂိုလ်၊ မိမိကျောင်းမှသာ နှင်ထုတ်ထိုက်သော ပုဂ္ဂိုလ်တို့ကို ဖော်ပြပါ။

သံဃအာရာမ်မှ နှင်ထုတ်ထိုက်သူ-

၁။ ခိုက်ရန်ပြု သော ရဟန်း၊

၂။ ၎င်း၏ ပရိက္ခရာများ။

မိမိကျောင်းမှသာ နှင်ထုတ်ထိုက်သောရဟန်း

၁။ အလဇ္ဇီပုဂ္ဂိုလ်

http://www.dhammadownload.com

၂။ ဥမ္မတ္တက ပုဂ္ဂိုလ်

၃။ ကောင်းစွာမကျင့်သော အန္တေဝါသိက၊ သဒ္ဓိ ဝိဟာရိက၊

(၁၃၆၂-ခု၊ ၆၆-ခု အကြီးတန်း)

❑ **(က) ခိုက်ရန်ဖြစ်သောရဟန်း။**

(ခ) စိတ္တဓေဝနာရှင် ရဟန်းတို့ကို နှင်ထုတ်ရာ၌ ဝိနည်းဓမ္မက်အရ လိုက်နာရမည့် စည်းကမ်းချက်များကို ဖြေဆိုပါ။

(က) ခိုက်ရန်ဖြစ်သောရဟန်းကိုလည်းကောင်း၊ သူ၏ ပရိက္ခရာကိုလည်းကောင်း သံဃာ အာရာမ်တစ်ခုလုံးမှပင် နှင်ထုတ်ရမည်။

(ခ) စိတ္တဓေဝနာရှင်ရဟန်းကို မိမိနေရာအရပ်မှ နှင်ထုတ်ရမည်။ (၁၃၅၀-ခု အကြီးတန်း)

ဓေဟာသကုဋိသိက္ခာပဒ

❑ **ဓေဟာသကုဋိ သိက္ခာပုဒ်လာ သံဃိကကျောင်းအမျိုးအစားကို ကျမ်းရင်းစာသားများနှင့်အညီ ဖြေဆိုပြပါ။**

နှစ်ထပ်၊ သုံးထပ်စသည်ဆောက်လုပ်ထားသော

http://www.dhammadownload.com

သံဃိကကျောင်း၌ ဒုတိယ၊ တတိယ အထပ်များတွင် ကြမ်းမခင်း ရသေးမီ ဟာလာဟင်းလင်း ဖြစ်နေသောကျောင်းကို ဆိုလိုပါသည်။

(၁၃၆၂-ခု အကြီးတန်း)

❑ **ပျဉ်မခင်း၍ ဟင်းလင်းပြင်ဖြစ်နေသော သံဃိကကျောင်း တွင်ထားသော ညောင်စောင်းအင်းပျဉ်ပေါ်၌ ထိုင်နေလျှင် အာပတ်သင့်၏ဟု ပညတ်တော်မူသော သိက္ခာပုဒ်ကို မှန်ကန်စွာ အနက်ပေးခဲ့ပါ။**

ဝေဟာသ ကုဋိသိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၅-ခု အငယ်တန်း)

❑ **ဘူတဂါမဝဂ်လာ သံဃိကော သဒ္ဒါပါသော သိက္ခာပုဒ် တို့မှ နောက်ဆုံးသိက္ခာပုဒ်ကိုသာ အနက်မှန်ကန်စွာ ရေးခဲ့ပါ။**

ဘူတဂါမဝဂ် ဝေဟာသကုဋိသိက္ခာပုဒ်ကို အနက် ရေးပါ။ (၁၃၆၆-ခု အငယ်တန်း၊ ၁၃၃၀-ခု အလတ်တန်း)

❑ **ဘူတဂါမဝဂ်တွင် သံဃာပိုင်သံဃိကပစ္စည်း, သံဃိက ကျောင်းများနှင့် ပတ်သက်၍ အာပတ်သင့်ပုံကို ဖော်ပြသော သိက္ခာပုဒ်အမည်များကိုသာ ဖော်ပြပါ။**

ပထမသေနာသန သိက္ခာပဒ၊ ဒုတိယသေနာသန သိက္ခာပဒ၊ အနုပခဇ္ဇသိက္ခာပဒ၊ နိက္ကမ္မသိက္ခာပဒ၊ ဝေဟာသကုဋိ သိက္ခာပဒ။ (၁၃၄၆-ခု အငယ်တန်း)

http://www.dhammadownload.com

❑ **သံဃိကကျောင်းနှင့်ပတ်သက်၍ သိထိုက်သောအချက်များကိုလည်း သိက္ခာပုဒ်အထောက်ပြ ဖြေဆိုပါ။**

၁။ ဒုတိယသေနာသန သိက္ခာပုဒ်အရ အိပ်ရာနေရာကို ကိုယ်တိုင်ခင်း၍လည်းကောင်း၊ သူတစ်ပါးကိုခင်းစေ၍ လည်းကောင်း ဖဲသွားသောအခါ ထိုအိပ်ရာနေရာအခင်းကို ကိုယ်တိုင်ဖြစ်စေ သူတစ်ပါးကို ခိုင်း၍ဖြစ်စေ မသိမ်းလျှင် ပါစိတ်အာပတ်။

၂။ အနုပခဇ္ဇသိက္ခာပုဒ်အရ သီတင်းကြီး၊ သူ နာ၊ သံဃာပေးသောသူဟု သိလျက် ရှေးဦးစွာကပ်ရောက်နေသော ရဟန်းကို တိုးဝှေ့နေလျှင် ပါစိတ်အာပတ်။

၃။ ဝေဟာသကုဋိသိက္ခာပုဒ်အရ အထက်တွင် ပျဉ်မခင်းဘဲ ဟင်းလင်းအပြင်ရှိသော သံဃိကကျောင်း၌ အပေါင်၌ အခြေတပ်သော ညောင်စောင်းအင်းပျဉ်ကို ဖိ၍ထိုင်လျှင် အိပ်လျှင် ပါစိတ်အာပတ်။

(၁၃၆၈-ခု အငယ်တန်း)

မဟာလွကဝိဟာရသိက္ခာပဒ

❑ **ကျောင်းကြီးကြီး ဆောက်လုပ်စေရာ၌ ရဟန်းတို့စီမံခိုင်းပုံပြ သိက္ခာပုဒ်ကို မှန်ကန်စွာ အနက်ပေးပါ။**

မဟာလွကဝိဟာရသိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၁-ခု၊ ၆၄-ခု အငယ်တန်း၊ ၁၃၃၁-ခု၊ ၆၃-ခု အလတ်တန်း)

http://www.dhammadownload.com

❑ **မဟာလွကဝိဟာရ သိက္ခာပုဒ်လာ အင်္ဂါတေမြေညက် အထပ်ထပ်လိမ်းကျံခြင်း၏ ရည်ရွယ်ချက်**

၁။ တံခါးဘောင်၏ နှစ်တောင်ထွာ အရပ်တိုင်အောင် တံခါးဘောင်နှင့်တကွ တံခါးအိမ်ကို မြဲမြံစွာထားခြင်း အကျိုးငှါ၊

၂။ အထက်လေသာပြတင်းကို အပြေအပြစ်ပြုခြင်းငှါ အထပ်ထပ် လိမ်းကျံအပ်၏။(၁၃၆၆-ခု အကြီးတန်း)

❑ **(က) ဓေဟာသကုဋိကျောင်း၊(ခ) မဟာလွကဝိဟာရကျောင်း အမျိုးအစားကို သတ်မှတ်ပြ၍ မဟာလွက ဝိဟာရကျောင်း၌ ဆေးသုတ်နည်း၊ အမိုးမိုးနည်းကိုလည်း ဖော်ပြခဲ့ပါ။**

(က) ဓေဟာသကုဋိကျောင်းဟူသည် အထက်ထပ် ၌ ပျဉ်မခင်းရသေးသော ဘုံနှစ်ဆင့်, သုံးဆင့်ရှိသော ကုဋိကိုဆိုသည်။

(ခ) မဟာလွကဝိဟာရကျောင်းဟူသည် ပိုင်ရှင်ရှိသော ကျောင်းကို ဆိုသည်။

တံခါးဘောင်၏ နှစ်တောင့်ထွာအရပ်တိုင်အောင် တံခါးဘောင်နှင့်တကွ တံခါးကျည်ကို မြဲမြံစွာထားခြင်းငှာ၊ အထက် လေသာပြုတင်းကို အပြေအပြစ်ပြုခြင်းငှာ အထပ်ထပ် လိမ်းကြဲရမည်။ စိမ်းသော ကောက်ပဲမရှိသော အရပ်၌ ရပ်၍ နှစ်ထပ် သုံးထပ်နှင့် ၎င်းအောက်လျော့၍ မိုးရမည်။

(၁၃၆၅-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **မျက်မှောက်ခေတ်၌ ရဟန်းတော်များ ကိုယ်တိုင် ကြပ်မတ်လျက် ကျောင်းတော်ကြီးများ စီမံဆောက်လုပ်ရှိကြ ရာဝယ် ထိုကျောင်းတော်ကြီးများ အဆောက်အဦး ဆောက်လုပ်မှုကို အဘယ်သို့စီမံ ပြုလုပ်ရမည်နည်း။ ဘိက္ခုသုဒ္ဓပါစိတ်လာ ဝိနည်းစည်းကမ်း ချက်များနှင့်အညီ ညွှန်ပြပါ။**

(က) တံခါးကြီးရွက်(တံခါးကြီးဘောင်) ကို ထိန်းနိုင်ရန် တံခါးကြီးပေါက်၏ ဘေးရှိနှစ်တောင့်ထွာဝန်းကျင်ခန့် နံရံသားများကို ထူထူထဲထဲဖြစ်အောင် အင်္ဂတေမြေညက်အထပ်ထပ် ကပ်နိုင် ပိုးနိုင်သည်။

(ခ) ပြူတင်းပေါက်ပတ်လည်ရှိ ပြူတင်းရွက်ဖွင့်တိုင်း ထိခိုက်နိုင်သည့် နံရံသားများကိုလည်း ပြူတင်းရွက် ထိခိုက်နိုင်စွမ်းရန် ထူထူထပ်ထပ် ကပ်နိုင် ပိုးနိုင်သည်။

(ဂ) အမိုးကိုမူ ခိုင်အောင်လိုအပ်သော်လည်း အောက်နံရံ၊ တိုင်း၊ ဒိုင်း၊ ထုတ်လျောက်တို့ မထမ်းနိုင်လျှင် ပြိုနိုင်၍ နှစ်ထပ် သုံးထပ်(နှစ်လွှာ၊ သုံးလွှာ) အထိသာ မိုးသင့်သည်။ ၎င်းထက်ပို မမိုးသင့်ပါ။

(ဃ) မတော်တဆ ကျောင်းကြီး ပြိုပျက်ခဲ့လျှင်ပင် ဒါယကာများ၏ စိုက်ခင်းများကို မထိခိုက်စေရန် စိုက်ခင်းအမိုးများ လွတ်ကင်းသည့်နေရာမှနေ၍ ကျောင်းကြီးအမိုး၏ အောက်အမြိတ်စွန်းဖြင့်

http://www.dhammadownload.com

ကျောင်းခေါင်ကို လှမ်းကြည့်၍ ကျောင်းခေါင်ကို မြင်နိုင်စွမ်းသည်ထိ စိုက်ခင်းခြံနှင့် ဝေးနေရမည်။(စိုက်ခင်းခြံနှင့် အလွန်နီးက စိုက်ခင်းမှနေ၍ ဖော်ပြပါနည်းဖြင့်ကြည့်လျှင် ခေါင်ကိုမြင်ရ တော့မည်မဟုတ်။ ဤမျှစိုက်ခင်းခြံနှင့် ကပ်နေအောင် မဆောက်ရဟု ဆိုလိုသည်။)

(၁၃၆၄-ခု အကြီးတန်း)

❑ **ကျောင်းကြီးကြီးဆောက်လိုသောရဟန်း လိုက်နာရမည့် ဆောင်ရွက်ခွင့်များကို (သုဒ္ဓပါစိတ်လာအတိုင်း) ရေးပြပါ။**

၁။ တံခါးဘောင်၏ ပတ်ဝန်းကျင်(၂)တောင့်ထွာ အရပ်တိုင်အောင် တံခါးရွက်, တံခါးဘောင်တို့ကို မလှုပ် ရှားအောင် ထားခြင်းငှာလည်းကောင်း၊ လေသာပြူတင်းတံခါးရွက်ကို ခိုင်မြဲအောင် ပြုခြင်းငှာလည်းကောင်း အထပ်ထပ် ကိုယ်တိုင်လိမ်းကျံနိုင်၊ သူတစ်ပါးကိုလည်း လိမ်းကျစေနိုင်သည်။

၂။ အမိုး၏ ဝန်းကျင်လှည့်ပတ် (၂)ထပ် (၃) ထပ်ကို စိမ်းစိုသော ကောက်ပဲမရှိရာအရပ်၌ တည်လျက် စီမံနိုင်သည်။

(၁၃၅၀-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **မဟာလွှက ဝိဟာရ သိက္ခာပုဒ်တွင် အပွဟာရိတေ၌ ဟာရိတ–အရကို ကခ်ီလာသည့်အတိုင်း ဖြေဆိုပါ။**

စပါးမျိုး (၇) ပါး ပြားသော ကောက်ခင်းကိုလည်းကောင်း၊ ပဲကြီး, ပဲနောက်, နှမ်း, ကုလားပဲ, ဗူး, ဖရုံစသည် ပြားသော ပဲခင်းကိုလည်းကောင်း ဟရိတအရ ယူရမည်။

(၁၃၆၂–ခု၊ ၆၆–ခု အကြီးတန်း)

❑ **မဟာလွှကဝိဟာရကို ဆောက်လုပ်သော ရဟန်းသည် တံခါးဘောင်၊ တံခါးရွက်၊ အမိုးတို့ကို အဘယ်သို့ စီစဉ်ရသည်ကို ဖော်ပြပါ။**

တံခါးဘောင်၏ နှစ်တောင့်ထွာ အရပ်တိုင်အောင် တံခါးရွက်၊ တံခါးဘောင်တို့ကို မလှုပ်ရှားအောင်ထားခြင်းငှာလည်းကောင်း၊ လေသာပြုတင်းပေါက်တံခါးရွက်တို့ကို ခိုင်မြဲအောင် ပြုခြင်းငှါလည်းကောင်း အဖန်ဖန်အထပ်ထပ် ကိုယ်တိုင်မူလည်း လိမ်းကျံရမည်။

❑ **ကျောင်းကြီးကြီး ဆောက်လုပ်လိုသော ရဟန်းလိုက်နာရမည့် ဆောက်ရွက်ဖွယ်တို့ကို (သုဒ္ဓပါစိတ်) အတိုင်း ဖြေဆိုပါ။**

ကျောင်းကြီးကြီး ဆောက်လုပ်လိုသော ရဟန်းသည် တံခါးဘောင်၏ (၂)တောင့်ထွာအရပ်တိုင်အောင် တံခါးရွက်၊ တံခါးဘောင်တို့ကို ခိုင်မြဲအောင်ထားခြင်းငှါလည်းကောင်း၊

http://www.dhammadownload.com

လေသောက်ပြုတင်းကို ပရိကမ်ပြုခြင်းငှါလည်းကောင်း အမိုး၏ ဝန်းကျင်လှည့်ပတ် (၂)ထပ် (၃)ထပ်ကို စိမ်းစိုသော မြက်စသည် မရှိရာအရပ်၌ တည်လျက် စီမံဆောင်ရွက်ရမည်။

(၁၃၆၃-ခု အကြီးတန်း)

သပ္ပါဏကသိက္ခာပဒ

❑ **ဘိက္ခုသုဒ္ဓပါစိတ် ဘူတဂါမဝဂ်လာ ဇာနံသဒ္ဒါပါသော သိက္ခာပုဒ်များကို ပါဠိရေးပါ။**

အနုပခဇ္ဇသိက္ခာပုဒ်, သပ္ပါဏက သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။ (၁၃၆၃-ခု အလတ်တန်း)

❑ **ဘူတဂါမဝဂ် သပ္ပါဏက သိက္ခာပုဒ်၌ ဇာနံ-အရ သိပုံ (၂)မျိုးကို ရေးပါ။**

၁။ မြင်သိ သိခြင်း

၂။ ကြားသိ သိခြင်း တို့ဖြစ်ကြပါသည်။

(၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com

ဩဝါဒသိက္ခာပဒ

❑ **ဘိက္ခုနောဝါဒကသမ္မုတိ ပေးထိုက်သော ရဟန်း၌ ရှိရမည့် အင်္ဂါရုပ်များ**

၁။ ပါတိမောက္ခ သံဝရ သီလရှိခြင်း၊

၂။ အကြားအမြင်များခြင်း၊

၃။ ဥဘတောဝိဘင်းနှင့်တကွ ပါတိမောက်ကို နှုတ်တက် ရခြင်း၊

၄။ ကောင်းသောစကားနှင့် အသံရှိခြင်း၊

၅။ များသောအားဖြင့် ဘိက္ခုနိမတို့၏ အကြည်အညိုကို ခံရခြင်း၊

၆။ ဘိက္ခုနိမတို့အား တရားဟောခြင်းငှါ စွမ်းနိုင်ခြင်း၊

၇။ လူဝတ်နှင့်နေစဉ်က ဘိက္ခုနိမတို့၌ ကာယသံ သဂ္ဂအမှု၊ သိက္ခာမာန်, သာမဏေတို့၌ မေထုန်အမှု မပြုဘူးခြင်း၊

၈။ ဝါ(၂၀)၊ (၂၀) အထက်ရှိခြင်းအားဖြင့် (၈)ပါး။

(၁၃၆၀-ခု၊ ၆၈-ခု အကြီးတန်း)

(ဆောင်) သီလဝါ ဗဟုသုတောစ၊ သွာဂတောစ သုဝါစ ကာ၊ ဝိယော ပဋိဗလောစာပိ၊ နဇ္ဈာပနွောစ ဝိသတိ။

http://www.dhammadownload.com

❑ **ပုဗ္ဗကိစ္စ (၅)ပါးဝယ် သြဝါဒေါ စ–ပါဠိနှင့်စပ်၍ ရဟန်းမိန်းမ သံဃာ၌စဉ်အခါ၌ ဆောင်ရွက်ကြပုံများကို ကခ်ါလာအတိုင်း မှတ်သားစဖွယ်ရေးခဲ့ပါ။**

ဘိက္ခုနီမတို့သည် မနက်ဖန်ဥပုသ်ပြုမည့် လပြည့်၊ လကွယ်၊ အဖိတ်နေ့၌ "ယခုပြုမည့် ဥပုသ်နေ့သည် စာတုဒ္ဒသီ ပန္နရသီတို့တွင် အဘယ်ဥပုသ်နေ့ဖြစ်ပါသနည်း"ဟုလည်းကောင်း၊ ဥပုသ်နေ့၌လည်း "ဘိက္ခုနိသံဃော အယျ၊ ဘိက္ခုသံဃသ ပါဒေ ဝန္ဒတိ၊ သြဝါနုပသက််မနဉ္စ ယာစတိ၊ လဘတု ကိရ အယျ ဘိက္ခုနိသံဃော သြဝါနုပသက််မနံ" ဟု လည်းကောင်း နီးစပ်ရာ ရဟန်း တစ်ပါးပါးထံ သြဝါဒကိုတောင်းခံရမည်။

ဘိက္ခုနီတို့တောင်းသောသြဝါဒကို လက်ခံထားသော ရဟန်းသည် ဥပုသ်အိမ်သိမ်အပြင်၌ " ဘိက္ခုနိသံဃော ဘန္တေ ဘိက္ခုသံဃသ ပါဒေ ဝန္ဒတိ၊ သြဝါနုပသက််မနဉ္စ ယာစတိ၊ လဘတု ကိရ ဘန္တေ ဘိက္ခုနိသံဃော သြဝါနုပသက််မနံ" ဟု ပါတိမောက္ခုဒ္ဒေသက ရဟန်းက သမ္မုတိရသော ရဟန်းရှိ၊ မရှိစစ်မေး၍ ရှိလျှင် ယင်းဘိက္ခု နောဝါဒက သမ္မုတိရသော ရဟန်းထံသို့ ဘိက္ခုနိသံဃာကို ချဉ်းကပ်စေရမည်၊ မရှိလျှင်လည်း ဘိက္ခုနီတို့အား သြဝါဒပေးနိုင်မည့် ရဟန်းတစ်ပါးပါးကို ရွေးချယ်၍ သမ္မုတိပေးရမည်။ လုံးဝမရှိလျှင် "ပါသာဒိကေန ဘိက္ခုနိသံဃော သမ္မာဒေတု " ဟု ပြောကြားလိုက်ရမည်။

ဘိက္ခုနီသံဃာသည်လည်း ၎င်းရဟန်းထံသို့ ဘိက္ခုနီတို့ကိုစေလွှတ်၍ သြဝါဒအတွက် ချဉ်းကပ်ခွင့်ကို မေးခိုင်းရမည်။

http://www.dhammadownload.com

ထိုရဟန်းသည်လည်း သံဃာက ပြောကြားလိုက်သည့်အတိုင်း ဘိက္ခုနီတို့ကို ပြောကြားရမည်။ ဘိက္ခုနီသံဃာကလည်း သံဃာ ညွှန်ကြားလိုက်သည့်အတိုင်း သြဝါဒတောင်းဖို့ ချဉ်းကပ်ခြင်း သြဝါဒခံယူခြင်းကို ပြုရမည်။ (၁၃၆၂-ခု အလတ်တန်း)

❑ **မဟာထေရ် ဖြစ်သောကြောင့် ဘိက္ခုနီတို့အား ဂရုဓမ်(၈) ပါးဖြင့် ဟောကြားသင့်၊ မသင့်ကို သာဓကပြ၍ ဖြေဆိုပါ။**

ယော ပန ဘိက္ခု အသမ္မတော ဘိက္ခုနိယော သြဝဒေယျ။ ပါစိတ္တိယံဟု ပညတ်ချက်သာဓကအရ မဟာထေရ် ဖြစ်သော ပုဂ္ဂိုလ်တိုင်း ဘိက္ခုနီတို့အား ဂရုဓမ်တရား မဟောသင့်ပါ။ ဥတ် ကမ္မဝါဖြင့် ဘိက္ခုနောဝါဒကသမ္မုတိရပြီးမှသာ ဟောသင့်ပါသည်။ (၁၃၆၄-ခု အငယ်တန်း)

အတ္ထဂ်ိတသိက္ခာပဒ

❑ **အတ္ထဂ်ိတ သိက္ခာပုဒ်၌ သြဝဒေယျ-အရ အဘယ်သို့သော တရားတို့ဖြင့်ဆုံးမခြင်းကို ယူရပါမည်နည်း၊ ဖော်ပြပါ။**

သြဝဒေယျ-အရ အဋ္ဌဂရုဓမ္မနှင့် အခြားသောဓမ္မ များဖြင့် ဆုံးမခြင်းကို ယူရမည်။ (၁၃၆၆-ခု အကြီးတန်း)

❑ **သမ္မုတိမရဘဲ နေဝင်ပြီးချိန် ဘိက္ခုနီကျောင်းသို့ကပ်၍ ရဟန်းမတို့ကို ဆုံးမသောရဟန်းအား သင့်ရောက်သော အပြစ်ကို သိက္ခာပုဒ်ပါဠိထောက်ထားလျက် သတ်မှတ်ပြပါ။**

http://www.dhammadownload.com

သိက္ခာပုဒ်ပါဠိ-ဩဝါဒသိက္ခာပုဒ်နှင့် အတ္ထဂ်တ သိက္ခာပုဒ်တို့ကို ပါဠိ၊ ပုံးပါ။ (၁၃၆၆-ခု အကြီးတန်း)

ဘိက္ခုနုပသဃယသိက္ခာပဒ

❑ **ဘိက္ခုနုပသဃယ သိက္ခာပုဒ်၌ ဂိလာန ဘိက္ခုနီ-အရ တိကျစွာ ညွှန်ပြပါ။**

ဂရုဓမ်ဩဝါဒကို ခံယူခြင်းအကျိုးငှာ လည်းကောင်း၊ ဥပုသ်နေ့ မေးခြင်း၊ ပဝါရဏာပြုခြင်းဟူသော သံဝါသအကျိုးငှါ လည်းကောင်း သွားခြင်းငှါ မစွမ်းနိုင်သော မကျန်းမာသော ဘိက္ခုနီမ။ (၁၃၆၅-ခု အကြီးတန်း)

❑ **ဩဝါဒဝဂ်လာ ဩဝဒေယျသဒ္ဒါ (၃)ခုတို့၏ အရကို ကောက်ပြပါ။**

ဩဝါဒသိက္ခာပုဒ်, ဘိက္ခုနုပသဃယ သိက္ခာပုဒ်တို့၌ ဩဝါဒ-အရ ဂရုဓမ်(၈)ပါးဖြင့် ဆုံးမခြင်း။

အတ္ထဂ်တ သိက္ခာပုဒ်၌ ဩဝါဒ-အရမူ ဂရုဓမ်(၈)ပါး ဖြင့်လည်းကောင်း၊ အခြားသောဓမ္မဖြင့်လည်းကောင်း ဆုံးမခြင်းတို့ကို ယူရပါမည်။ (၁၃၆၀-ခု၊၆၆-ခု အကြီးတန်း)

❑ **ဘိက္ခုနီမ ဂိလာနဖြစ်နေရာ အခါမှတစ်ပါး အခြားအခါများ၌ ဘိက္ခုနီမကျောင်းသို့သွား၍ ဩဝါဒပေးလျှင် အပြစ်သင့်**

http://www.dhammadownload.com

သည်ဟု ပညတ်အပ်သော သိက္ခာပုဒ်ကို ပါဠိသက်သက်ရေး ပြပါ။

ဘိက္ခုနုပဿယ သိက္ခာပုဒ်ကို ရေးပါ။

(၁၃၆၁-ခု အငယ်တန်း)

❑ **ဘိက္ခုနီကျောင်းသို့ ချဉ်းကပ်၍ ဩဝါဒပေးသင့်ရာအခါ**

ဘိက္ခုနီ မကျန်းမာရာအခါ ဖြစ်ပါသည်။

(၁၃၆၄-ခု အငယ်တန်း)

❑ **ဘိက္ခုနီမကျောင်းသို့သွား၍ ဘိက္ခုနီမတို့ကို ဆုံးမဩဝါဒ ပေးခွင့်ရှိသောအခါ**

ဘိက္ခုနီမက အဆုံးအမခံဖို့ဖြစ်စေ၊ ကံကြီးကံငယ် ပြုရန်ဖြစ်စေ မသွားနိုင်လောက်အောင် မကျန်းမာသူကို ရပါသည်။

(၁၃၆၇-ခု အလတ်တန်း)

❑ **ဘိက္ခုနုပဿယသိက္ခာပုဒ် အညတြ သမယာ-အရ**

အဆုံးအမခံဖို့ဖြစ်စေ၊ ကံကြီး, ကံငယ်ပြုရန်ဖြစ်စေ မသွားနိုင်လောက်အောင် မကျန်းမာရာအခါ ရပါသည်။

(၁၃၆၇-ခု အလတ်တန်း)

http://www.dhammadownload.com

❑ **ဘိက္ခုနီမတို့ကို (က) ဆုံးမနိုင်ခွင့်ရှိသောရဟန်း၊ (ခ) ဆုံးမနိုင်ခွင့်မရှိသော ရဟန်း၊ (ဂ) မဆုံးမသင့်သောအချိန်၊ (ဃ) မဆုံးမသင့်သောနေရာများ**

(က) သမ္မုတိရသောရဟန်း၊

(ခ) သမ္မုတိမရသောရဟန်း၊

(ဂ) နေဝင်ချိန်၊

(ဃ) ဘိက္ခုနီမတို့ကျောင်း။

(၁၃၆၁-ခု၊ ၆၃-ခု အငယ်တန်း၊၁၃၆၈-ခု အကြီးတန်း)

❑ **ဩဝါဒဝဂ်လာ ဘိက္ခုနောဝါဒကသမ္မုတိရ ရဟန်းပင်ဖြစ်စေကာမူ ဆုံးမဩဝါဒပေးရာ၌ လိုက်နာရမည့် စည်းကမ်းများ**

၁။ အတ္ထဂ်တ သိက္ခာပုဒ်ဖြင့် နေဝင်သောအခါ မဆုံးမရခြင်း၊

၂။ ဘိက္ခုနုပဿယ သိက္ခာပုဒ်ဖြင့် ဘိက္ခုနီ၏ ဂိလာနအခါမဟုတ်ဘဲ ဘိက္ခုနီမကျောင်းသို့သွား၍ မဆုံးမရခြင်း။ (၁၃၆၆-ခု အကြီးတန်း)

❑ **သမ္မုတိမရဘဲ ဘိက္ခုနီကျောင်းသို့သွား၍ ဂရုဓမ်(၈)ပါးတို့ဖြင့် ဘိက္ခုနီတို့ကို မိုးချုပ်နေဝင် ဆုံးမသောရဟန်းအား**

http://www.dhammadownload.com

သင့်ရောက်နိုင်သောအာပတ်အရေအတွက်ကို သိက္ခာပုဒ် အထောက်နှင့်တကွ ယှဉ်တွဲဖော်ပြပါ။

၁။ ဘိက္ခုနီတို့ကို ဂရုမမဲ့(၈)ပါးတို့ဖြင့် သမ္မုတိမရဘဲ ဆုံးမသောရဟန်းတို့အား ဩဝါဒသိက္ခာပုဒ်အရ သုဒ္ဓ ပါစိတ် အာပတ်သင့်ပါသည်။

၂။ ဘိက္ခုနီမကျောင်းသို့သွား၍ ဆုံးမသောရဟန်းအား ဘိက္ခုနုပသမ္ပဒ သိက္ခာပုဒ်အရ သုဒ္ဓပါစိတ်အာပတ် သင့်ပါသည်။

၃။ နေဝင်မိုးချုပ်၌ ဆုံးမသောရဟန်းအား အတ္ထင်္ဂတ သိက္ခာပုဒ်အရ သုဒ္ဓပါစိတ်အာပတ်သင့်ပါသည်။

(၁၃၆၃-ခု အလတ်တန်း၊ ၁၃၆၀-ခု၊ ၆၆-ခု အကြီးတန်း)

❑ **ကံကြီးကံငယ်ပြုဖို့ရန် မသွားနိုင်လောက်အောင် မကျန်းမာသော ရဟန်းမထံသို့သွား၍ ဆုံးမဩဝါဒပေးသောရဟန်းအား အပြစ်ရှိ၊မရှိ ပါဠိထောက်၍ ဆုံးဖြတ်ပါ။**

အပြစ်မရှိပါ။

ဘိက္ခုနုပသမ္ပဒ သိက္ခာပုဒ်ပါဠိကို ထောက်ပါ။

(၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com

အာမိသသိက္ခာပဒ

❑ **အာမိသဟေတု ထေရာ ဘိက္ခူ-၌ လိုအပ်သော ရဟန်းကို ထုတ်ပြပါ။**

သမ္မုတိရသော ရဟန်းကို လိုအပ်ပါသည်။

(၁၃၆၅-ခု အကြီးတန်း)

စီဝရသိဗ္ဗနသိက္ခာပဒ

❑ **ဩဝါဒဝဂ်လာ စီဝရသဒ္ဒါပါရှိသော သိက္ခာပုဒ်တို့ကို ပါဠိရေးခဲ့ပါ။**

စီဝရဒါန၊ စီဝရသိဗ္ဗနသိက္ခာပုဒ်တို့ကို ပါဠိရေးပါ။

(၁၃၆၃-ခု အငယ်တန်း)

❑ **ဘိက္ခုပါတိမောက် သုဒ္ဒပါစိတ္တိယ ဩဝါဒဝဂ်၌ သင်္ကန်းနှင့် ပတ်သတ်၍ ရှင်တော်ဘုရား ပညတ်တော်မူထားသော သိက္ခာပုဒ်တို့၏ အမည်နာမများ-**

စီဝရဒါနသိက္ခာပုဒ်၊ စီဝရသိဗ္ဗ သိက္ခာပုဒ်။

(၁၃၆၄-ခု အငယ်တန်း)

❑ **စီဝရသိဗ္ဗနသိက္ခာပုဒ်၌ စီဝရ-အရကောက်ပြုပြီးလျှင် အပ်ကို (၇)ကြိမ်ထိုးသွင်း၍ တစ်ကြိမ်သာ ပြန်ထုတ်သော**

http://www.dhammadownload.com

ရဟန်းအား ပါစိတ်အာပတ် ဘယ်နှစ်ချက်သင့်ပါသနည်း၊ ဖြေဆိုပါ။

စီဝရ –အရ –ဝတ်ရုံလောက်သော သင်္ကန်း။

ပါစိတ်အရေအတွက်–ပါစိတ်တစ်ချက်သာ သင့်ပါသည်။ (၁၃၆၆–ခု အကြီးတန်း)

သံဝိဓာနသိက္ခာပဒ

❑ **ဘိက္ခုနီမနှင့်အတူချိန်း၍ ခရီးသွားနိုင်ရာအခါကို ပါဠိ+မြန်မာနှစ်ဘာသာဘာသာဖြင့် ရေးသားပါ။**

၁။ သတ္ထဂမနီယ–ကုန်သည်အပေါင်းနှင့်အတူ သွားလာရာအခါ

၂။ သာသင်္ကသမ္မတ – ယုံမှားဖွယ်ရှိ၏ဟု သတ်မှတ်အပ်သောအခါ

၃။ သပ္ပဋိဘယ– ဘေးရန်နှင့်တကွဖြစ်သောအခါ။

(၁၃၆၃–ခု၊ ၆၅–ခု၊ ၆၈–ခု အငယ်တန်း၊ ၁၃၃၀–ခု၊ ၆၁–ခု၊ ၆၂–ခု၊ ၆၃–ခု၊ ၆၄–ခု အလတ်တန်း၊ ၁၃၆၁–ခု၊ ၆၂–ခု၊ ၆၃–ခု အကြီးတန်း)

❑ **ဘိက္ခုနီမနှင့်ကိုင်ပင်ပြီး ကုန်းကြောင်းခရီးအတူသွား၍ ပညတ်သော သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။**

ယော ပန ဘိက္ခု– အကြင်ရဟန်းသည်။ သမယာ–

http://www.dhammadownload.com

အခါကို၊ အညတြ ထပေတွာ- ကြဉ်ထား၍၊ ဘိက္ခုနိယာ- ရဟန်းမနှင့်၊ သဒ္ဓိ- တကွ၊ သံဝိဓာယ- တိုင်ပင်ညီညွတ်၍၊ ဧကဒ္ဓါနမဂ်ံ- တစ်ကြောင်းတည်းသော အခွန့်ရှည်သောခရီးသို့၊ (၀၂) ကပေါင်းတည်း အခွန့်ရှည်သော ခရီးသို့၊ ပဋိပဇ္ဇေယျ- သွားငြားအံ့၊ အန္တ မသော- ယုတ်သောအပိုင်းအခြားအားဖြင့် ဂါမန္တ ရမွိ- ရွာတပါးသို့လည်း၊ ပဋိပဇ္ဇေယျ- သွားငြားအံ့၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သင့်၏၊ တတ္ထ-ထိုဘိက္ခုနီမနှင့် တိုင်ပင်၍ ခရီးသွားရာ၌ ၊ အယံ- ဤဆိုလတံ့သည်ကား၊ သမယော- အပ်သောအခါတည်း၊ မဂ္ဂေါ- ခရီးသည်၊ သတ္ထဂမနီယော- ကုန်သည်နှင့်တကွ သွားအပ်သည်၊ သာသင်္ကသမွတော- ရွံရှာဖွယ်ရှိ၏ဟု သမုတ်အပ်သည်၊ သပ္ပဋိဘယော- ဘေးကျမ်းနှင့်တကွ ဖြစ်သည်၊ ဟောတိ- ဖြစ်၏၊ အယံ- ဤဆိုအပ်ပြီးသည်ကား၊ တတ္ထ- ထိုဘိက္ခုနီမနှင့် တိုင်ပင်၍ ခရီးသွားရာ၌၊ သမယော- အပ်သောအခါတည်း။ (၁၃၆၁-ခု အကြီးတန်း)

❑ **ရဟန်းမနှင့်အတူ နေရာအနှံ့ ဘုရားဖူးခရီးသွားသော ရဟန်းအား အပြစ်သင့်ရောက်ပုံပြု သိက္ခာပုဒ်ကို အနက်မှန်အောင် ရေးသားပြခဲ့ပါ။**

ဩဝါဒဝဂ် သံဝိဓာန သိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၆-ခု အငယ်တန်း၊ ၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ဧကတောဘိက္ခုနီမ, ဥဘတောဘိက္ခုနီတို့နှင့်အတူ ဘုရားဖူးသွားသောရဟန်းအား သင့်ရောက်သော အာပတ်တို့ကို ဆိုင်ရာဝဂ်, သိက္ခာပုဒ်အမည်တို့နှင့်တကွ ဖြေဆိုပါ။**

ဧကတောဘိက္ခုနီနှင့်အတူ ဘုရားဖူးသွားလျှင် သပ္ပါဏကဝဂ် သံဝိဓာနသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်အာပတ် သင့်သည်။ ဥဘတောဘိက္ခုနီနှင့်အတူ ဘုရားဖူးသွားလျှင် ဩဝါဒဝဂ်၊ သံဝိဓာန သိက္ခာပုဒ်အရ သုဒ္ဓပါစိတ်အာပတ်သင့်သည်။

(၁၃၆၃-ခု အကြီးတန်း)

❑ **ဘိက္ခုပါတိမောက် ဩဝါဒဝဂ် သံဝိဓာန သိက္ခာပုဒ်လာ အပ်သောမြေ, မအပ်သောမြေတို့ကို ကခ်ီအလိုက္ခ ဝေဖန်ပြပါ။**

ဘိက္ခုနီကျောင်းတိုက်တွင်း၊ ရဟန်းတို့၏ကျောင်းတိုက်တွင်း၊ မြို့ထဲဆွမ်းဧရပ်၊ တိတ္ထကျောင်းတိုက်တို့ ဖြစ်သည်။ မအပ်သောမြေအရပ်– ဆိုခဲ့ပြီးသည်မှ တစ်ပါးအခြား နေရာဒေသတို့ ဖြစ်သည်။

(၁၃၆၄-ခု အကြီးတန်း)

❑ **မအပ်သောမြေ၌ စီရင်ခြင်းကြောင့် မည်သည့်အပြစ် အာပတ်သင့်ရောက်နိုင်သည်ကို ဆုံးဖြတ်ခဲ့ပါ။**

တိုင်ပင်စီရင်ခြင်းကြောင့် ဒုက္ကဋ် သင့်ပါသည်။

(၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ခိုးသား၊ ဓားပြပေါ့၍ ငါတို့လည်း အတိုက်ခံရမည်လား ဟု ဇဝေဇဝါသံသယစိတ်ရှိလျက် ဘိက္ခုနီနှင့်ချိန်းဆို၍ ဘုရားဖူးအတူသွားသော ရဟန်းတော်အား အပြစ်သင့်နိုင်၊ မသင့်နိုင် ခိုင်လုံသော သာဓကများဖြင့် တင်ပြဖြေဆိုပါ။**

သာသက်၊သပ္ပဋိဘယဖြစ်သောကြောင့် အပြစ်မသင့်ပါ။

ပါဠိသာဓက–သတ္ထဂမနိယော ဟောတိ မဂ္ဂေါ သာသက်သမ္မတော သပ္ပဋိဘယော။ (၁၃၆၃-ခု အကြီးတန်း)

နာဝါဘိရူဟန သိက္ခာပဒ

❑ **ရဟန်းတော်၏ရဟန်းမနှင့် ကြိုတင်ဖိစဉ်၍ သွားကောင်းသောခရီး၊ စီးကောင်းသောလှေများ**

သွားကောင်းသောခရီးများ– အဖော်လည်းကုန်သည်နှင့်အတူ သွားထိုက်သည့် ခရီးများဖြစ်ကြသည့်

၁။ သာသက်သမ္မတခရီး– လုယက်နှိပ်စက်မှုဖြစ်ဖွယ်ရှိသည့် ခရီး။

၂။ သပ္ပဋိဘယခရီး– လုယက်နှိပ်စက်မှုရှိနေသည့် ခရီးတို့ဖြစ်သည်။

စီးကောင်းသောလှေ– မြစ်ကို ဖီလာကန့်လန့်ဖြတ်သန်းသွားသောလှေဟုဆိုသည်။ (၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ဘိက္ခုနီနှင့် တိုင်ပင်၍ လေ့အတူစီးရာ၌ စီးကောင်း၊ မစီးကောင်းသောလေ့တို့ကို ခွဲခြားဖြေဆိုပါ။**

ဟိုဘက်ကမ်း၊ ဒီဘက်ကမ်း ဖြတ်ကူးသောလေ့ကို စီးကောင်းပါသည်။ အစုန်၊ အဆန်ကူးသောလေ့တို့ကို မစီးကောင်းပါ။ (၁၃၆၅-ခု အငယ်တန်း)

❑ **ရဟန်းမနှင့်အတူတကွ ခရီးသွားမှု, မြစ်၌လေ့စီးမှုတို့ကို ပြုလုပ်သော်လည်း အပြစ်အာပတ်မှ ကင်းလွတ်နိုင်ဖွယ် အကြောင်းတို့ကို ကျမ်းရင်းလာအတိုင်း ရေးသားတင်ဆက်ပါ။**

၁။ အဖော်ကုန်သည်သည်နှင့် အတူသွားသင့် ရာအခါ ဖြစ်ခြင်း၊

၂။ ရွံရှာဖွယ်ရှိ၏ဟု သမုတ်အပ်ရာအခါဖြစ် ခြင်း၊

၃။ ဘေးကျမ်းနှင့်တကွဖြစ်ခြင်း၊

၄။ မြစ်ကိုဖြတ်ကူးရာအခါဖြစ်ခြင်း။

(၁၃၆၈-ခု အလတ်တန်း)

❑ **ရဟန်းမနှင့်အတူတိုင်ပင်၍ လေ့တစီးတည်း တစ်ခရီးတည်း သွားသော ရဟန်းအား အပြစ်သင့်ပုံပြ သိင်္ခာပုဒ်ကို အနက်ရေးခဲ့ပါ။**

နာဝါဘိရူဟန သိင်္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၁-ခု၊ ၆၈-ခု အငယ်တန်း၊ ၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **မြစ်အတွင်း ဘိက္ခုနိန့်နှင့် နှစ်ဦးသဘောတူသဘော်စီးသော်လည်း အပြစ်မသင့်ရာအခါ**

ဖီလာဖြတ်ကူးရာအခါ၊

(၁၃၆၂-ခု အကြီးတန်း)

ပဋိဉာဓိတသိက္ခာပဒ

❑ **ဖော်ပြပါ သိက္ခာပုဒ်တို့၌ပါသော ဇာန်- တို့၏ ထူးခြားချက်**

(က) အနုခဇ္ဇသိက္ခာပုဒ်လာ ဇာန်၊

(ခ) သပ္ပါဏကသိက္ခာပုဒ်လာ ဇာန်၊

(ဂ) ပရိဝါစိတ သိက္ခာပုဒ်လာ ဇာန်။

(က) ဇာန်-အရ သီတင်းကြီး၊ ဂိလာန၊ ထိုက်တန်၍ သံဃာက နေရာပေးထားသူဟု သိခြင်း။

(ခ) ဇာန်-အရ ပိုးရှိသောရေ-ဟုသိခြင်း။

(ဂ) ဇာန်-အရ ရဟန်းမစီရင်အပ်သောဆွမ်း-ဟု သိခြင်း ဤသို့ ထူးသည်။ (၁၃၆၃-ခု အကြီးတန်း)

❑ **သပ္ပါဏက သိက္ခာပုဒ်(၂)ပုဒ်နှင့် ပရိဝါစိတ သိက္ခာပုဒ်တို့၌ပါသော ဇာန်သဒ္ဒါတို့၏သိပုံ ထူးခြားချက်**

ဘူတဂါမဝဂ် သပ္ပါဏက သိက္ခာပုဒ်၌ပါသော ဇာန်သည် မိုးရှိသောရေဟု မြင်၍ ကြား၍ သိခြင်း ဖြစ်သည်။

http://www.dhammadownload.com

သပ္ပါဏကဝဂ် သပ္ပါဏကသိက္ခာပုဒ်၌ပါသော ဧာနံသည် သောက်သဖြင့် သေလတံ့ဟု သိခြင်းဖြစ်သည်။

ပရိဝါစိတသိက္ခာပုဒ်၌ပါသော ဧာနံသည် ဘိက္ခုနီမစီမံအပ်သော ဆွမ်းဟု သိခြင်းဖြစ်သည်။

(၁၃၆၈-ခု အကြီးတန်း)

ရဟောနိသဒ္ဓသိက္ခာပဒ

❑ **ဘိက္ခုပါတိမောက်လာ သုဒ္ဓပါစိတ် သိက္ခာပုဒ်(၉၂) ပါးတို့တွင် ဘိက္ခုနီမများနှင့် စပ်လျဉ်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို အမည်မျှရေးသားပါ။**

ဩဝါဒ, အတ္ထင်္ဂတ, ဘိက္ခုနုပဿယ, သာမိသ, စီဝရဒါန, စီဝရသိဗ္ဗန, သံဝိဓာန, နာဝါဘိရုဟန, ပရိပါစိတ, ရဟောနိသဒ္ဓ, (ဝိကပ္ပန) (၁၃၃၂-ခု အလတ်တန်း)

❑ **ဘိက္ခုပါတိမောက်လာ ဘိက္ခုနီမများနှင့် ပတ်သက်၍ ပညတ်တော်မူသော သိက္ခာပုဒ်အမည်များ**

ပုရာဏစီဝရသိက္ခာပုဒ်၊ စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်၊ ဧဠကလောမ ဓောဝါပနသိက္ခာပုဒ်၊ ပထမပါဋိဒေသနီယသိက္ခာပုဒ်၊ ဒုတိယပါဋိ ဒေသနီယသိက္ခာပုဒ်များနှင့် ဩဝါဒ၊ အတ္ထင်္ဂတ၊ ဘိက္ခုနုပဿယ၊ အာမိသစီဝရဒါန၊ စီဝရသိဗ္ဗန၊ သံဝိဓာန၊ နာဝါဘိရုဟန၊ ပရိပါစိတ၊ ရဟောနိသဒ္ဓသိက္ခာပုဒ်တို့ ဖြစ်သည်။

(၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com

အာဝသထပိဏ္ဍ သိက္ခာပဒ

❑ အာဝါသထပိဏ္ဍာဟူသည်

ဤမည်သော, ဤမျှသော ပုဂ္ဂိုလ်ဟူ၍လည်းကောင်၊ ဤမျှသော ဘောဇဉ်ဟူ၍လည်းကောင်း ပုဂ္ဂိုလ်နှင့် ဘောဇဉ်(၂) ပါးကို မရည်စူး၊ မပိုင်းခြားဘဲ ဇရုပ်၊ မဏ္ဍပ်၊ သစ်ပင်ရင်းစသည်တို့တွင် အမှတ်မရှိ တစ်ခုခုသောအရပ်၌ ကောင်းမှုလိုလားသူတို့သည် ခရီးသွား, ဂိလာန, ကိုယ်ဝန်ဆောင်မိန်းမ, ရဟန်းတို့၏ အကျိုးငှါ တည်ထားအပ်သော ဘောဇဉ်။

(၁၃၆၂-နု၊ ၆၃-ခု၊ ၆၅-ခု၊ ၆၆-ခု အကြီးတန်း)

❑ အာဝသထပိဏ္ဍ သိက္ခာပုဒ်၌ အာဝသထ-အရ

ခရီးသွားဧည့်သည်တို့လာရောက်တည်းခိုရာ ဇရုပ်။

(၁၃၆၂-ခု အလတ်တန်း)

❑ အာဝသထပိဏ္ဍ သိက္ခာပုဒ်လာ အဂိလာန-အရ ယူရမည့် ရဟန်းမျိုး

ယူဇနာဝက်ခရီးကို မသွားနိုင်သော ရဟန်းကို ယူရမည်။ (၁၃၆၃-ခု၊ ၆၆-ခု အကြီးတန်း)

❑ တစ်ကြိမ်သာ ဘုန်းပေးရမည့်ဆွမ်း

အာဝသထဆွမ်း။ (၁၃၆၃-ခု အလတ်တန်း)

http://www.dhammadownload.com

❑ **ကျန်းမာသောရဟန်းဧည့်သည်တို့ တည်းခိုရာဇရပ်၌ ထားအပ်သောဆွမ်းကို အဘယ်မျှ သုံးဆောင်နိုင်ပါသနည်း ဖြေဆိုပါ။**

ဂိလာနမဟုတ်လျှင် တစ်နေ့စာသာ စားနိုင်ပါသည်။

(၁၃၆၅-ခု အကြီးတန်း)

ဂဏ္ဌာဘောဇနသိက္ခာပဒ

❑ **ဂဏ္ဌာဘောဇဉ် အဓိပ္ပါယ်**

(၄)ပါး၊ (၄)ပါးထက် ပိုလွင်သောရဟန်းတို့အား မအပ်သော ဖိတ်ခြင်းဖြင့်လည်းကောင်း၊ မအပ်သောတောင်းခြင်းဖြင့်လည်း ကောင်း ရအပ်သော ဘောဇဉ်(၅)ပါးတွင် တစ်ပါးပါး။

(၁၃၃၇-ခု၊ ၆၂-ခု အကြီးတန်း)

(ဆောင်) ရဟန်းလေးပါး၊ စသည်များကို၊ ငါးပါးဘောဇဉ်၊ နာမံတဲ့ ဖိတ်လျှင်လည်းကောင်း၊ တောင်းလျှင်တခြား၊ ရတုံငြားက၊ လေးပါးစသူ၊ တူခံမူ၊ မှတ်ယူ ဂဏ္ဌာဘောဇဉ်တည်း။

❑ **ဂဏ္ဌာဘောဇဉ်ဖြစ်ပုံကို ကခ်ီအဋ္ဌကထာလာအတိုင်း ဖြေဆိုပါ။**

(၄)ပါး၊ (၄)ပါးအထက်ပိုလွန်သော ရဟန်းတို့ကို မအပ်သော ပင့်ဖိတ်ခြင်းအားဖြင့်လည်းကောင်း၊ တောင်းခြင်းအားဖြင့်လည်းကောင်း ရအပ်သော ဘောဇဉ်(၅)မျိုးတို့တွင် တစ်ပါးပါးသည် ဂဏ္ဌာဘောဇဉ် ဖြစ်ပါသည်။ (၁၃၆၀-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ဘိက္ခုသုဒ္ဓပါစိတ် ဂဏဘောဇနေ သိက္ခာပုဒ်၌ ဂဏ–အရ**

(၄)ပါး၊ (၄)ပါးထက်ပိုသော ရဟန်း။

(၁၃၆–ခု အကြီးတန်း)

❑ **ဂဏဘောဇနေသိက္ခာပုဒ်လာ ဂဏ–အရကို ကခ်ါအလိုကျ ကောက်ပြပါ။**

(၄)ပါး၊ (၄)ပါးထက် အလွန်ရှိသော ရဟန်း။

(၁၃၅၀–ခု အကြီးတန်း)

❑ **ဂဏဥပုသ်လာ ဂဏနှင့် ဂဏဘောဇဉ်လာ ဂဏတို့၏ ထူးခြားချက်ကို ဖော်ပြပါ။**

ဂဏဥပုသ်လာ ဂဏသည်– (၂)ပါး၊ (၃)ပါး ကို ဆိုလိုပါသည်။

ဂဏဘောဇဉ်လာ ဂဏသည်–လေးပါးအထက်ကို ယူရပါသည်။ (၁၃၆၂–ခု အကြီးတန်း)

❑ **ဂဏဘောဇနေ သိက္ခာပုဒ်လာ သမယ (၇)ပါးကို ကခ်ါအလိုကျ ပိုင်းခြားပြပါ။**

၁။ ဂိလာနသမယ– ခြေထောက်များကွဲသောကြောင့် ဆွမ်းမခံနိုင်လောက်အောင် မကျန်းမာသောအခါ။

http://www.dhammadownload.com

၂။ စီဝရဒါနသမယ– ကထိန်းခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှ တပေါင်းလပြည့်ထိ (၅)လ၊ ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်မှ တန်ဆောင်မုန်းလပြည့်ထိ(၁)လ။

၃။ စီဝရဏာရသမယ– သင်္ကန်းပြုလုပ်ရာ၌ တစ်စုံတစ်ခုသော သင်္ကန်း၌ ပြဖွယ်ကိစ္စကို ပြုရာအခါ။

၄။ အဒ္ဓါနဂဏသမယ– အနည်းဆုံး ယူဇနာဝက် ခရီးကို သွားလိုသောအခါ၊ သွားဆဲ, သွားပြီးအခါ။

၅။ နာဝါဘိရုဟနသမယ– အနည်းဆုံး ယူဇနာဝက် ခရီးကို လှေဖြင့် သွားလိုသောအခါ၊ သွားဆဲ, သွားပြီးအခါ။

၆။ မဟာသမယ– ဆွမ်းခံရွာ၌ ဆွမ်းခံ၍ ရဟန်း(၄) ပါး မမျှတရာအခါ။

၇။ သမဏာဘတ္တသမယ– တစ်စုံတစ်ယောက်သော ရဟန်းသည် ဆွမ်းဖြင့်ပင့်ဖိတ်ရာအခါ။

(၁၃၆၃-ခု၊ ၆၆-ခု၊ ၆၇-ခု အငယ်တန်း၊ ၁၃၆၂-ခု၊ ၆၃-ခု၊ ၆၄-ခု အလတ်တန်း၊ ၁၃၆၁-ခု၊ ၆၆-ခု၊ ၆၈-ခု အကြီးတန်း)

❑ **ဂဏ္ဌဘောဇနေ သိင်္ဂါပုဒ်လာ မဟာသမယ၊ သမဏာဘတ္တသမယတို့-အရ**

မဟာသမယ–အရ ရဟန်း(၄)ပါး စုရာအခါကို ရပါသည်။

http://www.dhammadownload.com

သမဏဘတ္တသမယ-အရ သီတင်းသုံးဖော် (၅)ဦးနှင့် ပရိဗိုဇ်၊ ရသေ့များ မွန်းလွဲရာအခါကို ရပါသည်။

❑ **ဂဏ္ဍာဘောဇနေသိက္ခာပုဒ်၌ပါသော "မဟာသမယ၊ သမဏဘတ္တသမယ"တို့၏ အဓိပ္ပါယ်ကို ရေးပြပါ။**

ဆွမ်းခံရွာ၌ ဆွမ်းခံ၍ ရဟန်းလေးပါး မမျှတရာ အခါသည် မဟာသမယ၊ တစ်စုံတစ်ယောက်သော ရသေ့ရဟန်း သည် ဆွမ်းဖြင့် ပင့်ဖိတ်ရာအခါသည် သမဏ ဘတ္တသမယ။

(၁၃၆၅-ခု အကြိုးတန်း)

❑ **(က)ဂိလာနသမယ၊ (ခ) မဟာသမယတို့၏ အဓိပ္ပါယ်ကို ကခ်ိန့်အညီ ရေးပြပါ။**

(က) ဂိလာနသမယ- ခြေထောက်များကွဲသော ကြောင့် ဆွမ်းမခံနိုင်လောက်အောင် မကျန်းမာသောအခါသည် ဂိလာနသမယ။

(ခ) မဟာသမယ- ဆွမ်းခံရာ၌ ဆွမ်းခံ၍ ရဟန်း လေးပါးတို့ မမျှတရာအခါသည် မဟာသမယ။

(၁၃၆၆-ခု အကြိုးတန်း)

❑ **ဂဏ္ဍာဘောဇနေသိက္ခာပုဒ်၌ ဂဏ္ဍာဘောဇဉ်စားရာအခါတို့တွင် စီဝရဒါနသမယနှင့် အဒ္ဓါနဂမနသမယတို့အရ ယူသင့် သောအခါတို့ကို ကခ်ိန့်အညီ ဖော်ပြပါ။**

http://www.dhammadownload.com

စီဝရဒါနသမယ– ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်မှ တပေါင်းလပြည့်ထိ (၅)လ။

ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် (၁) ရက်မှ တန်ဆောင်မုန်းလပြည့်ထိ(၁)လ။

အဒ္ဓါနဂမနသမယ– အနည်းဆုံး ယူဇနာဝက် ခရီးသွားလိုသောအခါ၊ သွားဆဲ၊ သွားပြီးအခါ။

(၁၃၆၈–ခု အကြီးတန်း)

❑ ဂဏဘောဇနေသိက္ခာပုဒ်၌ပါရှိသော 'မဟာသမယ၊ သမဏဘတ္တသမယ'တို့၏ အဓိပ္ပါယ်

ရွာထဲ၌ ရဟန်းလေးပါးဆွမ်းခံ၍ မမျှတရာအခါသည် မဟာသမယ။

သီတင်းသုံးဖော်(၅)ဦးနှင့် ရသေ့ပရိဗိုဇ်များက ဘတ္တဟူသော အမည်ဖြင့် ပင့်ဖိတ်၍ ကျွေးမွေးသောအခါ။

❑ ဂဏဘောဇနေသိက္ခာပုဒ်လာ အညတြ သမယာ–၌ သမယသရုပ်

ဂိလာနသမယ၊ စီဝရဒါနသမယ၊စီရကာရသမယ၊ အဒ္ဓါနဂမနသမယ၊ နာဝါဘိရုဟနသမယ၊ မဟာသမယ၊ သမဏဘတ္တသမယ တို့ဖြစ်ပါသည်။ (၁၃၆၁–ခု အငယ်တန်း)

http://www.dhammadownload.com

❑ **ဘိက္ခုပါတိမောက်မှ အောက်ပါသိက္ခာပုဒ်တို့ကို အမည်မျှ တင်ပြပါ။**

(က) ဘိက္ခုပရိက္ခရာ အများဆုံးပါဝင်သော သိက္ခာပုဒ်

(ခ) သီတင်းသုံးဖော် အများဆုံးပါဝင်သော သိက္ခာပုဒ်

(ဂ) အနုပညတ် အများဆုံးပါဝင်သော သိက္ခာပုဒ်

(က) အပနိဓာန သိက္ခာပုဒ်

(ခ) ဝိကပ္ပန သိက္ခာပုဒ်

(ဂ) ဂဏ္ဌဘောဇနေ သိက္ခာပုဒ်။

(၁၃၆၂-ခု အကြိုးတန်း)

❑ **အောက်ပါတို့ကို ကခ်ိန်အဋ္ဌကထာနှင့်အညီ အရကောက်ပြခဲ့ပါ။(က) ဘိက္ခုနုပသဿယ, ဂဏ္ဌဘောဇနေ သိက္ခာပုဒ်တို့လာ ဂိလာန-အရ။ (ခ) ပဏီတဘောဇနေ, တတိယပါဠိဒေသနီ သိက္ခာပုဒ်တို့လာ အဂိလာန-အရ**

(က) ဘိက္ခုနုပသဿ သိက္ခာပုဒ်လာ ဂိလာန-အရ ဩဝါဒခံယူခြင်း၊ ဥပုသ်နေ့မေးခြင်း၊ ပဝါရဏာပြုခြင်း ဟူသောသံဝါသအကျိုးငှါ မသွားနိုင်သော ဘိက္ခုနိမကို။

ဂဏ္ဌဘောဇနေသိက္ခာပုဒ်လာ ဂိလာန-အရ၌ ခြေထောက်များကွဲသောကြောင့် ဆွမ်းမခံနိုင်အောင် မကျန်းမာသူကိုယူ။

http://www.dhammadownload.com

(ခ) ပဏီတဘောဇနေသိက္ခာပုဒ်လာ အဂိလာန-အရ ပဏီတဘောဇ်နှင့် ကင်းရှင်သော်လည်း ကျန်းမာသော ရဟန်းကိုယူ။

တတိယပါဋိဒေသနီ သိက္ခာပုဒ်လာ အဂိလာန-အရ ဆွမ်းခံနိုင်သူကိုယူ။

(၁၃၆၈-ခ အကြီးတန်း)

❑ ယင်းသိက္ခာပုဒ်၏ အင်္ဂါများ

၁။ ဂဏဘောဇ်ဖြစ်ခြင်း။

၂။ အခါမဟုတ်ခြင်း။

၃။ စားခြင်းအားဖြင့် (၃)ပါးတည်း။

(၁၃၆၈-ခ အကြီးတန်း)

(ဆောင်) ဘောဇ်ဂဏ၊ ခါမရဘဲ၊ စားကြမိလျှင်၊ အင်စုံလင်၊ ဘောဇ်ဂဏသင့်။

❑ ဘိက္ခုပါတိမောက်လာ အနုပညတ်အများဆုံးပါရှိသော သိက္ခာပုဒ်ပါဋိ

ဂဏဘောဇန သိက္ခာပုဒ်ကို ပါဋိရေးလေ။

(၁၃၆၂-ခ အလတ်တန်း၊ ၁၃၆၃-ခ အကြီးတန်း)

http://www.dhammadownload.com

❑ **သုဒ္ဓပါစိတ် ဘောဇနဝဂ်လာ ကထိန်အာနိသင်နှင့် သက်ဆိုင်သော သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးပြပါ။**

ဂဏ္ဌဘောဇနသိက္ခာပုဒ်ကို ပါဠိရေးပါ။

(၁၃၆၆-ခု အငယ်တန်း)

❑ **ဘိက္ခုပါတိမောက်သုဒ္ဓပါစိတ်, ဘောဇနဝဂ်လာ အရှင်ဒေဝဒတ်ကို အကြောင်းပြု၍ ပညတ်တော်မူသော သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးခဲ့ပါ။**

ဂဏ္ဌဘောဇနသိက္ခာပုဒ်ကို ပါဠိရေးပြပါ။

(၁၃၆၈-ခု အငယ်တန်း)

❑ **ဒွေမာတိကာဌ် အနုပညတ်အများဆုံးသိက္ခာပုဒ်၏ အမည်**

ဂဏ္ဌဘောဇနသိက္ခာပုဒ်

မှတ်ချက်- ဤသိက္ခာပုဒ်၌ အနုပညတ်(၇)ပါး။

(၁၃၆၁-ခု အလတ်တန်း)

❑ **ပရမ္မရဘောဇဉ်၏ သဘောအဓိပ္ပါယ်**

ရှေးဦးစွာ ပင့်ဖိတ်အပ်သူ၏ ဘောဇဉ်မှ နောက်မှပင့်ဖိတ်အပ်သူ၏ ဘောဇဉ်ကိုစားခြင်းသည် ပရမ္မရဘောဇဉ် မည်ပါသည်။ (၁၃၆၂-ခု အလတ်တန်း)

http://www.dhammadownload.com

❑ ပရမ္မရဘောဇနေအဓိပ္ပါယ်

ရေးရေးဖိတ်သောသူ၏ [illegible] ကို မစားဘဲ နောက်နောင်ဖိတ်သောသူ၏ ဆွမ်းကိုစားခြင်း။

(၁၃၅၀-ခု အကြီးတန်း)

❑ ဂဏ္ဌဘောဇဉ်နှင့် ပရမ္မရဘောဇဉ်တို့၏ ထူးခြားပုံများ

(၄)ပါး, (၄)ပါးထက်အလွန်ရှိသော ရဟန်းတို့ကို မအပ်သောပင့်ဖိတ်နည်းမျိုးဖြင့် ဖိတ်မန်ခြင်းကြောင့်ဖြစ်စေ၊ ရဟန်းများကိုယ်တိုင် မအပ်သောတောင်းနည်းမျိုးဖြင့်တောင်းခြင်းကြောင့်ဖြစ်စေ ရအပ်သောဘောဇဉ်သည် ဂဏ္ဌဘောဇဉ်မည်၏။

နောက်နောက်သော ဖိတ်အပ်သူ၏ ဘောဇဉ်သည် ပရမ္မရဘောဇန မည်၏။ (၁၃၃၇-ခု အကြီးတန်း)

❑ ဂဏ္ဌဘောဇန၊ ပရမ္မရဘောဇနသိက္ခာပုဒ်လာ ဂိလာနသဒ္ဒါ (၂)ခုတို့ အထူး

ဂဏ္ဌဘောဇနသိက္ခာပုဒ်၌ ဆွမ်းခံမသွားနိုင်လောက်အောင် မကျန်းမာသူ။

ပရမ္မရဘောဇနသိက္ခာပုဒ်၌မူ တစ်ထိုင်တည်းဖြင့် ဝအောင် မစားနိုင်လောက်အောင် မကျန်းမာသူ။ ဤသို့ ထူးပါသည်။ (၁၃၆၆-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ရှေးဦးစွာ ပင့်ထားသောဒါယကာ၏ ဆွမ်းကိုမစားဘဲ နောက်မှပင့်သူ ဒါယကာ၏ဆွမ်းကို ဘုန်းပေးကောင်းသော အခါများ**

၁။ နာဖျားသောအခါ

၂။ သင်္ကန်းလှူသောအခါ

၃။ သင်္ကန်းချုပ်သောအခါ။

(၁၃၆၃-ခု၊ ၆၅-ခု အငယ်တန်း၊ ၁၃၃၁-ခု၊ ၆၁-ခု၊ ၆၅-ခု အကြီးတန်း)

❑ **ဆိုက်ကားနှင့်ဆွမ်းစားလာပင့်သည်ကို မကြိုက်၊ ကားနှင့်လာပင့်မှလိုက်ချင်ကြသည့် ရဟန်းတော်များအတွက် ခွင့်ပြုချက်ရသောအခါ (၃)ပါးကို မမှားအောင် ဖြေဆိုပါ။**

၁။ စီဝရဒါနသမယ-သင်္ကန်းလှူရာအခါ

၂။ စီဝရကာရသမယ- သင်္ကန်းချုပ်ရာအခါ

၃။ ဂိလာနသမယ- မကျန်းမာရာအခါတို့တည်း။

(၁၃၆၄-ခု အကြီးတန်း)

❑ **ရှေ့က ပင့်ဖိတ်ထားသည့်ဆွမ်းကို မစားလိုဘဲ နောက်နောက် ပင့်ဖိတ်သည့်ဆွမ်းကို စားလိုသည့် ရဟန်းအား အာပတ် မသင့်ဘဲ စားနိုင်သည့် နည်းလမ်းကောင်း**

၁။ ဂိလာနသမယ, စီဝရဒါနသမယ, စီဝရကာလသ

http://www.dhammadownload.com

မယကာလဖြစ်ခြင်း၊

၂။ ဝိကပ္ပနာပြုထားခြင်း။ (၁၃၆၆-ခု အကြီးတန်း)

❑ **အောက်ပါတို့ကို အသီးသီးဖြေဆိုခဲ့ပါ။**

(က) ဂဏဘောဇဉ်ကိုသာ စားကောင်း၍ ပရမ္မရဘောဇဉ်ကို မစားကောင်းရာကာလ၊

(ခ) ဂဏဘောဇဉ်၊ ပရမ္မရဘောဇဉ် (၂)မျိုးလုံးကို စားကောင်းရာကာလ၊

(ဂ) ရေသာ ချိုးကောင်း၍ ဂဏဘောဇဉ်ကို မစားကောင်းရာကာလ။

(က) အဒ္ဓါနဂမနကာလ၊ နာဝါဘိရုဟနကာလ၊ မဟာသမယ၊ သမဏဘတ္တကာလ၊

(ခ) ဂိလာနကာလ၊ စီဝရဒါနကာလ၊ စီဝရကာရကာလ၊

(ဂ) ဥဏ္ဏကာလ၊ ပရိဠာဟကာလ၊ ကမ္မကာလ၊ ဝါတဝုဋ္ဌိကာလ။(၁၃၆၈-ခု အငယ်တန်း၊ ၆၁-ခု အကြီးတန်း)

ကာဏမာတုသိက္ခာပဒ

❑ **ပူဝေဟိ ဝါ မဿေဟိ ဝါ-၌ ပူဝနှင့်မဿတို့၏ အထူးကို အဖွင့်နှင့်အညီ ရေးပါ။**

http://www.dhammadownload.com

လက်ဆောင်ပေးဖို့ရန် စီရင်ထားသည့် ကတွတ်မုန့်၊ သကြားမုန့်စသည့် ရသာမွန် ခဲဖွယ်အမျိုးမျိုးသည် ပူဝ။

ခရီးရိက္ခာအလို့ငှာ စီရင်ထားအပ်သည့် တာရှည်ခံ နှမ်းမုန့်၊ ဆန်မုန့် အစရှိသည်တို့သည် မဿ။

(၁၃၄၁-ခု အလတ်တန်း၊ ၁၃၆၂-ခု၊ ၆၄-ခု ၆၅-ခု ၊၆၆-ခု အကြီးတန်း)

❑ **လက်ဆောင်ပေးရန်စီမံထားသော မုန့်ခဲဖွယ်ကို အလှူခံလိုက ခံယူရမည့် ပမာဏနှင့် ခံယူပြီးက လိုက်နာရမည့် ကျင့်ဝတ်တို့ကို ဖော်ပြပါ။**

ပမာဏ- ၂-သပိတ်၊ ၃-သပိတ်။

ကျင့်ဝတ်- ၂-သပိတ်၊ ၃-သပိတ် အလှူခံပြီး ထိုရွာမှထွက်ကာ အခြား ရဟန်းတို့နှင့်အတူ ခွဲခြမ်းသုံးဆောင်ရမည်။

(၁၃၆၁-ခု၊ ၆၆-ခု အငယ်တန်း၊ ၁၃၆၁-ခု၊ ၆၂-ခု၊ ၆၇-ခု အလတ်တန်း၊ ၁၃၆၆-ခု အကြီးတန်း)

❑ **(၂)သပိတ် (၃)သပိတ်တို့ထက်အပိုအလွန် မုန့်တို့ကို ခံယူသောရဟန်း လိုက်နာပြုကျင့်ရမည့် သိက္ခာပုဒ်ကို အနက်ပေးပါ။**

ကာဏမာတုသိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၇-ခု အငယ်တန်း)

http://www.dhammadownload.com

❑ **ကာဏာသတို့သမီး၏ မိခင်ကို အကြောင်းပြု၍ ပညတ်တော်မူသော သိက္ခာပုဒ်ကို အနက်ယောဇနာပါ။**

ကာဏာမာတု သိက္ခာပုဒ်ကို အနက်ရေးလေ။

(၁၃၅၆-ခု၊ ၆၁-ခု၊ ၆၄-ခု၊ ၆၅-ခု အငယ်တန်း၊ ၁၃၆၇-ခု အလတ်တန်း၊ ၁၃၆၂-ခု၊ ၆၃-ခု အကြီးတန်း)

❑ **ဘိက္ခုပါတိမောက်၌ "အယံ တတ္ထ သာမိစိ" ပါဝင်သော သိက္ခာပုဒ်တို့တွင် အလယ်ကျသော သိက္ခာပုဒ်ကိုသာ အနက်မှန်မှန် သမ္မန်ပါ။**

ကာဏာမာတုသိက္ခာ-ပုဒ်ကို အနက်ရေးပါ။

(၁၃၆၃-ခု အကြီးတန်း)

ပဌမပဝါရဏာသိက္ခာပဒ

❑ **ပဝါရိတ်သင့်နိုင်သော အင်္ဂါ(၅)ချက်ကိုလည်း ကခ်ါကျမ်းလာအတိုင်း ဖြေဆိုပါ။**

၁။ စားဆဲ (စားမပြီးသေး) ဖြစ်ခြင်း၊

၂။ ဘောဇဉ်(၅)ပါးတွင် တစ်ပါးပါးဖြစ်ခြင်း၊

၃။ ပေးကမ်းသူက (၂)တောင့်ထွာ ပ၊တ္တပါသ်အတွင်းတည်ရှိခြင်း၊

၄။ ရှေးရှုဆောင်ယူခိုက်ဖြစ်ခြင်း၊

http://www.dhammadownload.com

၅။ ကိုယ်, နှုတ်ဖြင့် ပယ်ဖြစ်ခြင်း။

(ဆောင်) စားဆဲ, ဘောဇဉ်၊ ဟတ်တွင်းပင်၊ ဆောင်စဉ် ကိုယ်နှုတ်မြစ်။
အင်္ဂါငါးလီ၊ စုံပြည့်ညီ၊ သင့်ပြီ ပဝါရေတ်။

(၁၃၃၄-ခု၊ ၆၀-ခု၊ ၆၃-ခု၊ ၆၄-ခု အကြီးတန်း)

❑ ဘောဇဉ်(၅)ပါး

၁။ ဩဒ - ထမင်း၊

၂။ ကုမ္မာသ- မုယောမုန့်၊

၃။ သတ္တု- မုန့်လုံး၊

၄။ မစ္ဆ- ငါး၊

၅။ မံသ- အသား။

(ဆောင်) ထမင်း, သား-ငါး၊ မုန့်လုံးများ၊ အခြားမုယောမုန့်။
ဩဒနော သတ္တု ကုမ္မာသော၊ မစ္ဆော မံသဉ္စ ဘောဇနံ။

(၁၃၄၁-ခု အလတ်တန်း)

❑ ပထမပဝါရဏာသိက္ခာပုဒ်၌ သုတ္တာဝိ- စားပြီးသော ရဟန်းဟူဆိုရာဝယ် အဘယ်မျှလောက် စားပြီးသော ရဟန်းကို ဘုတ္တာဝိ-ဟု ဆိုရပါသနည်း၊ ဖြေဆိုပါ။

ဘောဇဉ်(၅)မျိုးတို့ကို မုန့်ညှင်းစေ့မျှလောက် စားပြီးလျှင်ပင် ဘုတ္တာဝီဖြစ်သည်။ (၁၃၆၆-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **အတိရိတ်အင်္ဂါ(၇)ပါးတို့ကို ကခ်ိန့်အညီ ရေးခဲ့ပါ။**

၁။ အပ်စပ်အောင် ပြုပြီးဖြစ်ခြင်း၊

၂။ အကပ်ခံပြီးဖြစ်ခြင်း၊

၃။ ဝိနည်းခိုရ်၏ အနီးဌ် မြောက်ချီထားခြင်း၊

၄။ ဝိနည်းခိုရ်၏ ဟတ္ထပါသ်သို့ရောက်ခြင်း၊

၅။ ဝိနည်းခိုရ်ကာ အနည်းငယ်ဖြစ်စေ စားပြီး ဖြစ်ခြင်း၊

၆။ ဝိနည်းခိုရ်ကိုယ်တိုင်က ပဝါရိတ်သင့်ပြီးသူဖြစ် လျှင် ထိုပဝါရိတ်သင့်နေရာမှ မထခြင်း၊

၇။ ဝိနည်းခိုရ်က "အလမေတံ သမ္ဗဲ" ဟု ဆိုခြင်းတို့ ဖြစ်ပါသည်။ (၁၃၆၀-ခု အကြိုးတန်း)

(ဆောင်) ကပ္ပိယမှန်၊ အကပ်ခံ၍၊ ချိုပြန်ညှတ်လတ်၊ ဟတ္ထပါသ်နှင့်၊ စားလတ်လေဘိ၊ ပဝါရိမူ၊ကျရိမဗျက်၊နှုတ်ဖြင့်မြွတ်လေ၊ အလမေတံ၊ သမ္ဗံခုနစ်၊အင်္ဂါဖြစ်သည်၊ စင်စစ် တိရိတ်ဝိနည်း တည်း။(ဘာဒို)

(၁၃၆၀-ခု၊ ၆၃-ခု အကြိုးတန်း)

❑ **ပဝါရိတ်သင့်ပြီးသော ရဟန်းတော်အား အတိရိတ်ဝိနည်း ကံမပြုဘဲ ဘောဇဉ်ကိုစားနိုင်သော နည်းလမ်းများ**

၁။ ကျရိယာပုတ်မပျက်ဘဲ စားခြင်း။

http://www.dhammadownload.com

၂။ ဂိလာနဏ၏ အကြွင်းအကျန်နှင့် ဂိလာနဖို့ ရည်မှန်းထားသော ဘောဇဉ်ကိုစားခြင်း။

(၁၃၄၈-ခု အကြီးတန်း)

ကာလိက(၄)ပါးသရုပ်ကို အဓိပ္ပါယ်နှင့်တကွ ရေးသားခဲ့ပါ။

၁။ ယာဝကာလိက- မွန်းတည့်ကာလတိုင်အောင် သုံးဆောင်ခဲ့သော စပါး(၇)မျိုးစသော ဘောဇဉ်။

၂။ ယာမကာလိက- ည၌၏ပစ္ဆိမ ယာမ်တိုင်အောင် သုံးဆောင်အပ်သော အပ်စပ်သော ဖျော်ရည်များ။

၃။ သတ္တာဟကာလိက- (၇)ရက်ပတ်လုံး သိုမှီး၍ သုံးဆောင်အပ်သော ထောပတ်စသော ဆေးငါးပါး။

၄။ ယာဝဇီဝိက- မကျန်းမာခြင်းဟူသော အကြောင်းရှိခဲ့သော် သုံးဆောင်ကောင်းသော ယဝကာလိက စသော ကာလိက (၃)ပါးနှင့် ရောကိုချန်ထား၍ ကြွင်းသောသစ်သီး သစ်ရွက်စသည်။

(၁၃၆၃-ခု အကြီးတန်း)

ရဟန်းတော်များသိရှိထားရမည့် ကာလိကလေးမျိုးကို သိသာပေါ်လွင်အောင် အကြောင်းနှင့်တကွ အကျဉ်းချုံးဖော်ပြပါ။

၁။ ဘောဇဉ်ငါးပါးနှင့် ခဲဘွယ်ဟူသမျှသည် အရုဏ်

http://www.dhammadownload.com

တက်ချိန်မှစ၍ မွန်းတည့်တိုင်အောင် ကာလအတွင်း၌သာ စားသုံးရကောင်းသောကြောင့် ယာဝကာလိက။

၂။ မီးဖြင့်မချက်သည့်၊ ဖျော်ရည်များသည် မွန်းတည့်ပြီးနောက် အရဏ်မတက်မီ မိုးသောက်ယမ်တိုင်အောင် သုံးဆောင်ထိုက်သောကြောင့် ယာမကာလိက။

၃။ သပွတ်စသောငါးမျိုးသည် (၇)ရက်လုံးလုံး သုံးဆောင်ထိုက်သောကြောင့် သတ္တာဟကာလိကာ။

၄။ အာဟာရကိစ္စကို မပြီးစေနိုင်သော ဆား, ချင်းစသော အရွက်, အမြစ်, အခေါက်၊ ၃ စသည် များသည် တစ်သက်ပတ်လုံး သုံးဆောင်ကောင်းသောကြောင့် ယာဝဇီဝိက။

❑ **ကာလိက(၄)မျိုးတို့ကို ဖြေဆို၍ သရက်သီးကို အရည်ညှစ်၍ ချက်အပ်သော တင်လဲကို အဘယ်ကာလိက၌ သွင်းယူနိုင်ပါသနည်း။**

ယာဝကာလိက, ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိက။

ယာဝကာလိက၌ သွင်းယူရမည်။

အမ္မဖာဏိတာဒီနိ ယာဝကာလိကာနိ။(ကခ်ိ)

(၁၃၃၈-ခု အလတ်တန်း)

http://www.dhammadownload.com

❑ **ပဌမပဝါရဏာ သိက္ခာပုဒ်၏ အနုပညတ်**

အနာတိရိတ္တ ဖြစ်ပါသည်။ (၁၃၆၅-ခု အကြီးတန်း)

❑ **ယခုခေတ် သရက်သီးနှင့် ဝက်သားရော၍ ချက်ထားသော ဟင်းကို ပယ်မြစ်သောရဟန်းအား ပဝါရိတ်သင့်/မသင့် ရှင်းလင်းဖြေဆိုပါ။**

ဘောဇဉ်(၅)ပါးတွင် အပါအဝင်ဖြစ်သော ဝက်သားဟင်းကို ပယ်မြစ်သောကြောင့် ပယ်မြစ်သော ရဟန်းအား ပဝါရိတ်သင့်ပါသည်။ (၁၃၆၄-ခု အကြီးတန်း)

❑ **သစ်သီး,ပဲ,မုန့်စသည်ကို ဟတ္ထပါသ်အတွင်း ပယ်မြစ်ခဲ့သော် ပဝါရိတ်သင့်/မသင့် ဝိနည်းတော်နှင့်အညီ ဆုံးဖြတ်ခဲ့ပါ။**

ဘောဇဉ်(၅)ပါးတို့တွင် တစ်ပါးပါးကို ဟတ္ထပါသ်အတွင်း ပယ်မှသာ ပဝါရိတ်သင့်ပါသည်။ ခဲဖွယ်ကိုပယ်က ပဝါရိတ်မသင့်ပါ။

(ဆောင်) စားဆဲဘောဇဉ်၊ ဟတ်တွင်းဝင်၊ ဆောင်စဉ် ကိုယ်နှုတ်မြစ်၊ အင်္ဂါငါးလီ၊ ပြည့်စုံညီ၊ သင့်ပြီ ပဝါရေ။(ဘာဒို)

(၁၃၆၈-ခု အငယ်တန်း၊ ၁၃၆၂-ခု၊ ၆၄-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ဒကာတစ်ယောက်က ပြိတ်ဖု၊ ပိန္နဲသီးစသည်တို့ဖြင့် ရောနှောချက်ထားသော ငါးအမဲကိုယူလာကာ "ပြိတ်ဖုဟင်းကို အလှူခံယူကြကုန်လော့၊ ပိန္နဲလက်သုပ်ကို အလှူခံကြပါကုန်လော့"ဟု လျှောက်ထားရာ၌ ပယ်သောရဟန်းအား ပဝါရိတ်သင့်/မသင့် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။**

ငါး,အမဲရောချက်ထားသော ပြိတ်ဖုဟင်း၊ ပိန္နဲလက်သုပ်ကို ရဟန်း၏ နှစ်တောင့်ထွာ ဟတ္ထပါသိသို့ဆောင်ယူ၍ ချက်ထားပြီးမှ "ပြိတ်ဖုဟင်းကို အလှူခံယူကြကုန်လော့၊ ပိန္နဲလက်သုပ်ကို ခံယူကြကုန်လော့"ဟု လျှောက်ထားသော်လည်း ကိုယ်ဖြင့် ရှေးရှုဆောင်ခြင်းမဟုတ်သောကြောင့် ပယ်သောရဟန်းအား ပဝါရိတ်မသင့်ပါ။

အနည်းငယ်မြှောက်၍ဖြစ်စေ၊ စောင်း၍ဖြစ်စေ အလှူခံယူကြကုန်လော့–ဟု လျှောက်ထားလျှင် ကိုယ်ဖြင့်ရှေးရှုဆောင်ခြင်းကြောင့် ပယ်သောရဟန်းအား ပဝါရိတ်သင့်သည်။

(၁၃၆၅-ခု အကြီးတန်း)

❑ **စားဆဲဖြစ်ပါလျက် "တော်ပြီ"ဟု တားမြစ်သော်လည်း ပဝါရိတ်မသင့်သော ရဟန်းတို့ကို ညွှန်ပြပါ။**

၁။ ဘောဇဉ်ငါးပါး မဟုတ်သည်တို့ကို ပယ်မြစ်သော ရဟန်း။

http://www.dhammadownload.com

၂။ ဟတ္ထပါသ်အတွင်းသို့ မရောက်မီ ပယ်မြစ်သော ရဟန်း။

၃။ ရှေးရှုဆောင်ယူဆဲ မဟုတ်သည်ကို ပယ်မြစ်သော ရဟန်း။ (၁၃၆၁-ခု အကြီးတန်း)

❑ **အကပ္ပိယကုဋိဟူသည် အကယ်ကျောင်းမျိုးကို ဆိုလိုပါသနည်း။**

သံဃာ၏လည်းကောင်း၊ ရဟန်းဖြစ်သော ပုဂ္ဂိုလ်၏ လည်းကောင်း ဥစ္စာဖြစ်သောနေရာမျိုးမှ ငြားရမ်းသော ကျောင်းမျိုးကို အကပ္ပိယကုဋိဟု ဆိုလိုသည်။ (၁၃၆၈-ခု အကြီးတန်း)

❑ **ရှင်တော်ဘုရားသည် အကယ်အကျိုးကို မျှော်ကိုး၍ ကပ္ပိယကုဋိ(၄)မျိုးကို ပညတ်တော်မူခဲ့ပုံ ဖော်ပြနည်းမှန်ကန်စွာ ရေးသားဖြေဆိုပြပါ။**

အန္တောဝုဋ္ဌ၊ အပုံ၊ ပက္ကတ်မှ လွှဲပါခြင်းအကျိုးကို မျှော်ကိုး၍ ကပ္ပိယကုဋိ (၄)မျိုးကို ပညတ်တော်မူခဲ့ပါသည်။

(၁၃၆၈-ခု အကြီးတန်း)

ဒုတိယပဝါရဏာ သိက္ခာပဒ

❑ **မည်ကဲ့သို့ အပြစ်ကျူးလွန်သော ရဟန်းအား ဒုတိယပဝါရဏာ သိက္ခာပုဒ်အရ အာပတ်သင့်ရောက်ပါသနည်း။**

http://www.dhammadownload.com

ဆွမ်းစားစဉ် ပဝါရိတ်သင့်ပြီးသော ရဟန်းကို ပဝါရိတ်သင့်ပြီးသည်ဟုသိလျက် အပြစ်တင်လုံ့၍ အတိရိတ် ဝိနည်းကဲ့မပြုရသေးသော (သို့မဟုတ်) ဂိလာနအကြွင်းအကျန်မဟုတ်သော ခဲဖွယ်ဘောဇဉ်ကို ထိုရဟန်းအထံသို့ ဆောင်ယူပြီး "ရော့ ယူပါ၊ ခဲပါ၊ စားပါ"ဟု ဖိတ်လျက် ဖိတ်သည့်အတွက်လည်းကောင်း၊ အဖိတ်ခံရသောရဟန်းစားမျိုးတိုင်းလည်းကောင်း၊ ဖိတ်သောရဟန်းမှာ ဒုက္ကဋ်များစွာ သင့်သည်။ အဖိတ်ခံရသော ရဟန်း စားခြင်းကိစ္စပြီးလျှင် ဖိတ်သောရဟန်းမှာ ပါစိတ်အာပတ် သင့်သည်။ (၁၃၆၂-ခု အကြီးတန်း)

❑ **ဒုတိယပဝါရဏာသိက္ခာပုဒ် ဇာနံ အာသာဒနာပေက္ခော၌ အဘယ်သို့ သိသည်ကို ဇာနံဟု ဆိုပါသနည်း။**

ပဝါရိတ်သင့်ပြီးပြီးသူဟု သိခြင်းကို ဇာနံဟု ဆိုပါသည်။ (၁၃၆၈-ခု အကြီးတန်း)

❑ **ပဝါရိတ်နှင့်စပ်၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို အနက်ယောဇနာပြပါ။**

ဘောဇနဝဂ် ပထမပဝါရိတ သိက္ခာပုဒ်၊ ဒုတိယ ပဝါရိတသိက္ခာပုဒ်တို့ကို အနက်ရေးပါ။

(၁၃၆၄-ခု အငယ်တန်း၊ ၁၃၃၃-ခု အလတ်တန်း)

http://www.dhammadownload.com

❑ **ဘိက္ခုပါတိမောက် သုဒ္ဓပါစိတ်တွင် ဘောဇနေဝဂ်၏ အလယ်တည့်တည့် သိက္ခာပုဒ်(၂)ပုဒ်တို့ကို မှန်ကန်စွာ အနက်သမ္မန်ပါ။**

ပဌမပဝါရဏာ သိက္ခာပုဒ်နှင့် ဒုတိယပဝါရဏာ သိက္ခာပုဒ်တို့ကို အနက်ရေးပါ။ (၁၃၆၈-ခု အငယ်တန်း)

❑ **အပြစ်မတင်လို၍ ဂိလာနအကျန်မဟုတ်သော ခဲဖွယ် ဘောဇဉ်ကို ဆောင်ယူ၍ ခဲစမ်းပါ၊ စားစမ်းပါဟု ဖိတ်မန်သောရဟန်းအား သင့်ရောက်သည့်အပြစ်တို့ကို ဖြေဆိုပါ။**

ရှေ့ရှုဆောင်စဉ်သော်လည်းကောင်း၊ စားမျိုတိုင်း စားမျိုတိုင်းသော်လည်းကောင်း ဒုက္ကဋ်၊ စားပြီးသောအခါ ပါစိတ်၊

(၁၃၆၂-ခု အလတ်တန်း)

❑ **ပဝါရိတ်သင့်သော ရဟန်းကို အနတိရိတ္တခဲဖွယ် ဘောဇဉ်ကို စားစေရာ၌ စေခိုင်းသောရဟန်းအား အာပတ်သင့်ရောက်ပုံ အဆင့်ဆင့်ကို ရေတွက်ပြပါ။**

ရှေ့ရှုဆောင်လာခြင်းကြောင့် ဒုက္ကဋ်သင့်၏။

အကပ်ခံလျှင် ဆောင်လာသောရဟန်းမှာ နောက်ထပ် ဒုက္ကဋ်တစ်ဆက် သင့်၏။ အကယ်ခံသူစားလျှင် ဆောင်လာသော ရဟန်းမှာ ထိုရဟန်းစားမျိုးတိုင်း ဒုက္ကဋ်သင့်ပြန်၏။

http://www.dhammadownload.com

ထိုရဟန်းစားပြီးချိန်၌ ဆောင်လာသော ရဟန်းအား ပါစိတ်အာပတ်သင့်၏။ (၁၃၆၅-ခု အကြီးတန်း)

ဝိကာလဘောဇနသိက္ခာပဒ

❑ **ဝိကာလဘောဇနသိက္ခာပုဒ်လာ ကာလ, ဝိကာလ အခါသမယများကို ကျန်စစ္စာ တိုင်းတာပြပါ။**

အရုဏ်တက်ချိန်မှ မွန်းတည့်ချိန်အထိသည် ကာလ၊

မွန်းတည့်ချိန်မှ နောက်နေ့အရုဏ်တက်ချိန်အထိ သည် ဝိကာလ။

(၁၃၆၃-ခု၊ ၆၈-ခု အငယ်တန်း၊ ၁၃၆၁-ခု၊ ၆၃-ခု အကြီးတန်း)

❑ **ဝိကာလဘောဇနသိက္ခာပုဒ်အရ နေ့လယ်မွန်းတည့်(၁၂) နာရီတိတိအချိန်ကို ကာလ,ဝိကာလ(၂)မျိုးတို့တွင် အဘယ်၌ သွင်းယူရပါမည်နည်း၊ မြတ်စွာဘုရား အလိုတော်ကျ ရှင်းလင်းဆုံးဖြတ်ပါ။**

ကာလ၌ သွင်းယူရမည်။

ဌိတမဏ္ဍနိကောပိ ကာလသင်္ဃံ ဂစ္ဆတိ (မွန်းတည့်ချိန်သည်လည်း ကာလအရေအတွက်သို့ ရောက်၏။)

(၁၃၆၆-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **အောက်ပါတို့၏ အဓိပ္ပါယ်ကို ကျမ်းရင်းလာအတိုင်း ရေးပြပါ။(က) ဂဏဘောဇနေ၊(ခ) ပရမ္မဘောဇနေ (ဂ) ဝိကာလဘောဇနေ၊ (ဃ) ပဏီတဘောဇနေ၊ (င) သဘောဇနေ။**

(က) လူတို့က မအပ်သောနည်းဖြင့် ပင့်ဖိတ်၍ (၄)ပါး, (၄)ပါးထက်အလွန်ဖြစ်သော ရဟန်းတို့က မအပ်သောနည်းဖြင့် တောင်း၍ရသော ဆွမ်းသည် ဂဏဘောဇဉ် မည်၏။

(ခ) မအပ်သောနည်းဖြင့် ရှေးရှေးပင့်ဖိတ်အပ်သော ဘောဇဉ်မှတစ်ပါး နောက်နောက်ပင့်ဖိတ်အပ်သော ဘောဇဉ်သည် ပရမ္မရဘောဇဉ်မည်၏။

(ဂ) နေလွဲအခါ၌ဖြစ်သော ဘောဇဉ်သည် ဝိကာလဘောဇန မည်သည်။

(ဃ) ထောပတ်၊ ဆီဦး၊ ဆီ၊ ဟူးရည်၊ တင်လဲ၊ ငါး၊ အသားဟင်းလျာ၊ နို့ရည်၊ နို့ခမ်းဟူသော မွန်မြတ်သော ဘောဇဉ်တို့သည် ပဏီတဘောဇဉ်မည်ပါသည်။

(င) ဇနီး ခင်ပွန်း(၂)ယောက်ရှိသော အိမ်သည် သဘောဇနမည်ပါသည်။ (၁၃၆၃-ခု အင်္ဂလိပ်တန်း)

http://www.dhammadownload.com

သန္ဓိဓိကာရကသိက္ခာပဒ

❑ **သန္ဓိဓိကာရက သိက္ခာပုဒ်၌ ယူရမည့်ကာလိကတို့ကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြခဲ့ပါ။**

ယာဝကာလိက–အကပ်ခံသည့်နေ့၏ အရုဏ်တက်မှ နေမွန်းလွဲထိသာ ဘုန်းပေးခွင့်ရှိသော ဆွမ်းခဲဖွယ်ဘောဇဉ်များတည်း။

ယာမကာလိက– အကပ်ခံသည့်နေ့၏ အရုဏ်တက်မှစ၍ နောက်နေ့၏ အရုဏ်တက်ထိ တစ်ရက်ကုန်ဆုံးချိန်အထိသာ သုံးဆောင်ခွင့်ရှိသော ဖျော်ရည်များတည်း။

(၁၃၆၄-ခု အကြီးတန်း)

❑ **သန္ဓိဓိဖြစ်သောကာလနှင့် ကာလိကတို့ကို ဖော်ပြပါ။**

သန္ဓိဓိကာလ– အကပ်ခံပြီး တစ်ညဉ့်ကိုလွန်ခြင်း၊

ကာလိက–ယာဝ– ယာမ၊ ကာလိက၊နှစ်ဝသန္ဓိဓိ။

(၁၃၃၁-ခု အကြီးတန်း)

❑ **ရဟန်းတော်များမသုံးဆောင်ကောင်းသော သန္ဓိဓိပစ္စည်းများကို ဘိက္ခုနီမတို့သုံးဆောင်လျှင် အပ်၊မအပ်ဆုံးဖြတ်၍ သန္ဓိဓိပစ္စည်းအရကို တိကျစွာကောက်ပြပါ။**

(ဆောင်) သမဏ၏သန္ဓိဓိ၊ အပ်ဘို ဘိက္ခုနီ။

ဘိက္ခုနီ၏၊ သန္ဓိဓိ၊ အပ်ဘို ဘိက္ခုမည်။

http://www.dhammadownload.com

သန္ဓိပစ္စည်း– ကာလိကလေးမျိုးတွင် ယာဝကာလိက, ယာမကာလိက(၂)မျိုးသည်သာ သန္ဓိပစ္စည်းဖြစ်၏။

(ဆောင်) ယာဝ–ယာမ၊ ကာလိက၊ နှစ်ခု သန္ဓိ။

(၁၃၂၉–ခု အကြီးတန်း)

❑ **(က) သန္ဓိကာရက၊ (ခ) ခါဒနီယ၊ (ဂ) ဘောဇနီယပုဒ်တို့၏ အရကို မှန်ကန်စွာ ကောက်ပြပါ။**

(က) အကပ်ခံပြီး၍ တစ်ညဉ့်လွန်စေအပ်သော ဘောဇဉ်၊

(ခ) ဘောဇဉ် (၅) ပါးမှ ကြွင်းသော ယာဝကာလိက စားဖွယ်ဟူသမျှကို ခါနီယ၊

(ဂ) ဩဒန၊ သတ္တု၊ ကုမ္မာသ၊ မစ္ဆ၊ မံသ–ဟူသော (၅)ပါးကို ဘောဇနီယ။ (၁၃၆၃..ခု အကြီးတန်း)

❑ **ကာလိကပစ္စည်းတို့ကို သိုမှီးရာ၌ ကာလိက(၄)ပါးလုံး သန္ဓိဓိဖြစ်နိုင်ပါသလော၊ သန္ဓိဓိဖြစ်နိုင်သော ကာလိကတို့ကို ညွှန်ပြပါ။**

ကာလိက(၄)ပါးလုံး သန္ဓိဓိကာလမဖြစ်နိုင်၊ ယာဝကာလိကနှင့် ယာမကာလိက(၂)ပါးသာ သန္ဓိဓိ ဖြစ်နိုင်ပါသည်။ (၁၃၆၃–ခု အလတ်တန်း)

http://www.dhammadownload.com

❑ **ကာလအပိုင်းအခြားဖြင့် သန္နိဓိပြုနိုင်ခွင့်ရှိသော ပစ္စည်းစာရင်းတို့ကိုလည်း ကာလနှင့်တကွ ဖော်ထုတ်ပြပါ။**

၁။ အရဏ်တက်သည်မှစ၍ မွန်းတည့်သည်တိုင် အောင် စားသောက်ကောင်းသော ဘောဇဉ်(၅)ပါးနှင့် ခဲဖွယ်ဟူသမျှ၊

၂။ မွန်းတည့်ပြီးနောက် အရဏ်မတက်မီ မိုးသောက်ယံတိုင်အောင် သောက်ထိုက်သော အဖျော်ရည်တို့ ဖြစ်ပါသည်။ (၁၃၆၀-ခု အကြီးတန်း)

❑ **သုဒ္ဓပါစိတ် သန္နိဓိကာရ သိက္ခာပုဒ်အဖွင့်လာ (က) အကပ္ပိယကုဋီ၊ (ခ) အန္တောဝုဋ္ဌ၊ (ဂ) အန္တောပက္ကာ၊ (ဃ) သာမံပက္ကတို့၏သဘောများကို ဖြေဆို၍၊ (င) သပြေ, သရက်စသော ဖျော်ရည်တို့ကို ရဟန်းတော်များအပ်စပ်အောင် ဖျော်နည်းကိုလည်း ကခ်ါလာအတိုင်း ဖော်ပြပါ။**

(က) ရဟန်းတော်များနေထိုင်ရန် သက်သက် ဆောက်လုပ်အပ်သော သံဃိကကျောင်း, ပုဂ္ဂလိကကျောင်းတို့ သည် အကပ္ပိယကုဋီမည်၏။

(ခ) အကပ္ပိယကုဋီဝယ် သဟသေယျအာပတ်သင့် နိုင်လောက်သော အရပ်၌ မိုးအပ်သော သံဃိကပုဂ္ဂလိကဖြစ်သော ယာဝကာလိက၊ ယာမကာလိက ဥစ္စာသည် အန္တောဝုဋ္ဌ မည်၏။

http://www.dhammadownload.com

(ဂ) အကပ္ပိယကုဋိ၌ ချက်အပ်သော ယာဝကာလိက သည် အန္တေဝဿက မည်ပါသည်။

(ဃ) အမှတ်မထား တစ်ပါးပါးသောအရပ်၌ ကိုယ်တိုင် ချက်အပ်သော ယာဝကာလိကသည် သာမံပက္က မည်၏။

(င) သပြေ, သရက်စသော အဖျော်ရည်တို့ကို ရဟန်း တော်များအပ်စပ်အောင် လူ,သာမဏေတို့သည် ရေအေးဖြင့် ပျော်အောင်နယ်၍ ဖျော်အပ်သော် လည်းကောင်း၊ နေဖြင့်ချက်အပ်သော်လည်းကောင်း ပြုလုပ်ရပါသည်။(ဖျော်ရပါသည်။)

(၁၃၆၅-ခု အကြီးတန်း)

❑ **အကပ္ပိယမံသကို သိုမှီး၍ ဘုန်းပေးရာ၌ အာပတ်သင့်ပုံကို ဖော်ပြပါ။**

အကပ္ပိယမံသတို့တွင် လူသားကို သိုမှီး၍စားလျှင် ထုလ္လစ္စဲ၊ ပါစိတ်အာပတ်၊ ကြွင်း (၉)ပါးကိုစားလျှင် ဒုက္ကဋ်၊ ပါစိတ်အာပတ်သင့်ပါသည်။ (၁၃၆၆-ခု အကြီးတန်း)

❑ **စားသောက်ဖွယ်ရာ ခဲဖွယ်ဘောဇဉ်များကို သိုမှီးသိမ်းဆည်း စားသောက်သော ရဟန်းအား သင့်ရောက်သော အာပတ်**

ယော ပန ဘိက္ခု သန္ဓိကာရကံ ခါဒနီယံ ဝါ

http://www.dhammadownload.com

ဘောဇနီယံ ဝါ ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ ပါစိတ္တိယံ ပါဠိအရ ပါစိတ်သင့်ပါသည်။ (၁၃၆၄-ခု အငယ်တန်း)

❑ **ယမန်နေ့က သပိတ်၊ ပန်းကန်စသည်တို့ကို စင်ကြယ်စွာ မဆေးကြောဘဲ ယနေ့ ဆွမ်း ဘောဇဉ်စသည်တို့ကိုထည့်၍ ဘုန်းပေးသုံးဆောင်သောရဟန်းအား သင့်ရောက်နိုင်သော အာပတ်ကို သိက္ခာပုဒ်ထောက်ပြ ဖြေဆိုခဲ့ပါ။**

သန္နိဓိကာရ သိက္ခာပုဒ်ထောက်၍ ပါစိတ်အာပတ် သင့်ပါသည်။ (၁၃၆၅-ခု အကြီးတန်း)

ပဏီတဘောဇနသိက္ခာပဒ

❑ **ပဏီတဘောဇနာနိ-၌ ပဏီတ-အရ**

သပ္ပိ, နဝနီတ, တေလ, မဓု, ဖာဏိတ, မစ္ဆ, မံသ, ခီရ, ဒဓိဟူသော (၉)မျိုးရပါသည်။

(၁၃၆၃-ခု အငယ်တန်း၊ ၁၃၆၅-ခု အကြီးတန်း)

❑ **ပဏီတဘောဇဉ်၌ ရောနှောအပ်သော ဝတ္ထုတို့ကိုလည်း ရေတွက်ပြပါ။**

ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ တင်လဲ၊ ငါး၊ အသားနို့၊ နို့ဓမ်း။ (၁၃၆၂-ခု အလတ်တန်း)

http://www.dhammadownload.com

❑ **ပဏီတဘောဇနသိက္ခာပုဒ်လာ ပဏီတ သရုပ်ကို ဖော်ထုတ်ပြ၍ ယင်းပဏီတအမည်ရသော အာဟာရ-တို့ကို ကျန်းမာရေးကောင်းလျက် တောင်းစားရသော ရဟန်းအား သင့်ရောက်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ်နှင့် တွဲစပ်ဖြေဆိုပါ။**

ပဏီတသရုပ်- သပ္ပိနဝနီတ၊ တေလ၊ မဓု၊ ဖာဏိတ၊ မစ္ဆ၊ မံသ၊ ခီရ၊ ဒဓိ။

ကျန်းမာလျက် ပဏီတဘောဇဉ်ကို တောင်းစားသော ရဟန်းအား ထောပတ်စသည်ကို ဆေးအတွက်တောင်းမူ မဟာနာမ သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊ မစ္ဆ, မံသ, ခီရ, ဒဓိ (၄) မျိုးကိုတောင်းလျှင် သူပေါဒနဝိညတ္တိဖြင့် ဒုက္ကဋ်၊ ထောပတ်နှင့်ရောသော ပဏီတကိုတောင်းလျှင် ပဏီတဘောဇန သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ် ဤသို့အသီးသီးသင့်သည်။

(၁၃၆၃-ခု အကြီးတန်း)

❑ **ပဏီတဘောဇဉ်ဟူသည်**

ထောပတ်စသည်နှင့် ရောအပ်သော ထောပတ်ထမင်း၊ ဆီဦးထမင်း၊ နွားနို့ထမင်း စသည်များကို ပဏီတဘောဇဉ်ဟု ခေါ်သည်။ (၁၃၆၇-ခု အငယ်တန်း)

http://www.dhammadownload.com

❑ **ပဏီတဘောဇနေသိက္ခာပုဒ်လာ ပဏီတဝတ္ထုများ-**

၁။ သပ္ပိ-ထောပတ်

၂။ နဝနီတ-ဆီဦး၊

၃။ တေလ-ဆီ၊

၄။ မဓု-ပျား၊

၅။ ဖာဏိတ-တင်လဲ၊

၆။ မစ္ဆ-ငါး၊

၇။ မံသ-အမဲ၊

၈။ ခီရ-နို့ရည်၊

၉။ ဒဓိ-နို့ဓမ်း။

(၁၃၆၈-ခု အလတ်တန်း)

❑ **ဘိက္ခုပါတိမောက်လာ မွန်မြတ်သော ဘောဇဉ်များ-**

သပ္ပိ- ထောပတ်၊ နဝနီတ-ဆီဦး၊ တေလ- ဆီ၊ မဓု-ပျား၊ ဖာဏိတ- တင်လဲ၊ မစ္ဆ-ငါး၊ မံသ- အမဲ၊ ခီရ-နို့ရည်၊ ဒဓိ- နို့ဓမ်း။

(၁၃၆၄-ခု အငယ်တန်း၊ ၁၃၆၇-ခု အလတ်တန်း၊ ၁၃၆၄-ခု၊ ၆၆-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ပဏီတဘောဇဉ်ကို ဘုဉ်းပေးရာ၌ ပါစိတ်အာပတ်သင့်ရခြင်း အကြောင်း**

မနာမဖျားဘဲ မိမိအကျိုးအတွက် တောင်းစားသောကြောင့် ဖြစ်ပါသည်။ (၁၃၅၁-ခု အငယ်တန်း)

❑ **ဘေသဇ္ဇ၊ ပဏီတ(၂)မျိုးလုံးရသော ဝတ္ထုများကို ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြပါ။**

သပ္ပိ- ထောပတ်၊ နဝနီတ-ဆီဦး၊ တေလ-ဆီ၊ မဓု-ပျားရည်၊ ဖာဏိတ- တင်လဲ။ (၁၃၆၃-ခု အလတ်တန်း)

❑ **ဂဏဘောဇဉ်၊ ပဏီတဘောဇဉ် (၂)မည်ရသော သမယများကို ပါဠိ+မြန်မာနှစ်ဘာသာဖြင့် ဖြေဆိုပါ။**

ဂိလာနသမယ(၁)ပါးသာ ရှိပါသည်။

မှတ်ချက်။ မေးခွန်းအတိုင်း ဗဟုဝုစ်ဖြင့်တပ်ထားသည်။ ဂဏဘောဇဉ် ပရမ္မရဘောဇဉ်ကို မေးလိုခြင်းဖြစ်မူ ဂိလာနသမယ-မကျန်းမာရာအခါ၊ စီဝရဒါနသမယ- သင်္ကန်းလှူရာအခါ၊ စီဝရကာရသမယ-သင်္ကန်းချုပ်ဆိုးရာအခါတို့ဟု ဖြေရမည်။

(၁၃၆၄-ခု အကြီးတန်း)

❑ **ပဏီတဘောဇနေ သိက္ခာပုဒ်လာဘောဇဉ်(၉)မျိုးတို့တွင်**

(က) ဘေသဇ္ဇ၊ပဏီတအမည်(၂)မျိုးရသော ဘောဇဉ်၊

http://www.dhammadownload.com

(ခ) ပဏီတအမည်တစ်မျိုးသာရသော ဘောဇဉ်၊

(ဂ) သန့်ဓိမဖြစ်သော ဘောဇဉ်၊

(ဃ) သန့်ဓိဖြစ်သော ဘောဇဉ်တို့ကို အသီးသီးကောက်ပြခဲ့ပါ။

(က) ထောပတ်၊ဆီဦး၊ဆီပျားရည်၊တင်လဲ၊

(ခ) ငါး၊အသား၊နို့ရည်၊နို့ဓမ်း၊

(ဂ) ငဲ့ကွက်မှုမရှိဘဲ သာမဏေအား စွန့်ပြီးပြန်ရသော ဘောဇဉ်၊

(ဃ) အကပ်ခံပြီး (၁)ညဉ့်လွန်ပြီးသော ဘောဇဉ်။

(၁၃၆၂-မှ အကြီးတန်း)

❑ **ဂဏဘောဇဉ်ကို သုံးဆောင်နိုင်သော အနုပညတ္တိသမယများ**

၁။ ဂိလာနသမယ

၂။ စီဝရဒါနသမယ

၃။ စီဝရကာရသမယ

၄။ အဒ္ဓါနဂမနသမယ

၅။ နာဝါ ဘိရုဟနသမယ

၆။ မဟာသမယ

http://www.dhammadownload.com

၇။ သမဏဘတ္တသမယ တို့ဖြစ်ပါသည်။

(၁၃၆၀- ခု အကြီးတန်း)

❑ **ဘောဇနဝဂ်၌ အနုပညတ်ပါသော သိက္ခာပုဒ်တို့တွင် (၅)ခုမြောက် သိက္ခာပုဒ်ကို ပါဠိရေးပြပါ။**

ပဏိတဘောဇနသိက္ခာပုဒ်ကို ပါဠိရေးပါ။

(၁၃၆၇-ခု အလတ်တန်း)

❑ **မည်မျှကျန်းမာရေးချို့တဲ့သူကို ဂိလာနဟု ခေါ်ဆိုကြောင်းကို ဖော်ပြခဲ့ပါ။**

သြဝါဒသံဝါသသို့ မသွားနိုင်သူ၊(ဘိက္ခုနုပသမယ)

ခြေကွဲ၍ ဆွမ်းခံမသွားနိုင်သူ၊ (ဂဏဘောဇန)

ပဏီတဘောဇဉ်ကို စားရမှ ကျန်းမာသူ၊ (ပဏီတဘောဇန) (၁၃၆၂-ခု အကြီးတန်း)

❑ **(က) သပ္ပိ၊နဝနီတ၊ တေလ၊ မဓု၊ ဖာဏိတ (၅)မျိုးတို့ကို ကျန်းမာလျက် တောင်းခံသောရဟန်း။**

(ခ) မစ္ဆ၊မံသ၊ ခီရ၊ ဒဓိ (၄)မျိုးတို့ကို ကျန်းမာလျက် တောင်းခံသော ရဟန်းအား သင့်ရောက်နိုင်သော အာပတ်များကို ဖော်ပြပါ။

http://www.dhammadownload.com

(က) သုဒ္ဓပါစိတ်၊

(ခ) ဒုက္ကဋ်။ (၁၃၆၃-ခု အကြီးတန်း)

❑ **ထောပတ်ထမင်း ပေးပါ– ဟုတောင်းလျှင် ပဏီတဘောဇနသိက္ခာပုဒ်အရ အာပတ်သင့်၊ မသင့် ဖြစ်သင့်သောကြောင်း နှင့်တကွ ဆုံးဖြတ်ပါ။**

ထောပတ်ထမင်း ပေးပါ–ဟုတောင်းလျှင် ထောပတ် ဟူသောထမင်းမည်သည် မရှိသောကြောင့် ပဏီတဘောဇနသိက္ခာ အရ အာပတ်မသင့်ပါ။ (၁၃၆၃-ခု အကြီးတန်း)

❑ **ကျန်းမာရေးကောင်းပါလျက် ပျားရည်နှင့်ရောစပ်အပ်သော ဘောဇဉ်ကိုတောင်း၍ ဘုန်းပေးသော ရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။**

ပဏီတဘောဇနသိက္ခာပုဒ်ကို ပါဠိရေးပါ။

(၁၃၅၃-ခု၊ ၆၁-ခု၊ ၆၇-ခု အငယ်တန်း၊ ၁၃၆၃-ခု အလတ်တန်း)

ဒန္တပေါန သိက္ခာပဒ

❑ **ဒုတိယပါရာဇိကနှင့် ဒန္တပေါနသိက္ခာပုဒ်တို့၌ပါသော အဒိန္နသဒ္ဒါ(၂)ခုတို့၏အထူး**

ဒုတိယပါရာဇိက၌ အဒိန္နဟူသည် ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါး ပိုင်ပစ္စည်းဖြစ်ပါသည်။

http://www.dhammadownload.com

ဒန္တပေါန သိက္ခာပုဒ်၌ အဒိန္နဒါနကား မိမိပိုင်ဥစ္စာ ဖြစ်စေကာမူ အကပ်မခံရပဲသားသော အာဟာရဖြစ်ပါသည်။။ ဤသို့ ထူးပါသည်။ (၁၃၆၄-ခု အငယ်တန်း၊ ၁၃၆၅-ခု အကြီးတန်း)

❑ **ဒန္တပေါနသိက္ခာပုဒ်လာ အဒိန္နဆိုသော အဓိပ္ပါယ်ကို ကခ်ီဆရာအလိုကျ ရေးသားပြပါ။**

အဒိန္နဟူသည် ကာယ၊ကာယပဋိဗဒ္ဓ တစ်မျိုးမျိုးဖြင့် အကပ်ခံသောရဟန်း၏ ဟတ္ထပါသ်၌တည်၍ ကာယ၊ ကာယပဋိဗဒ္ဓ၊ နိဿဂ္ဂိယ (၃)မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် မပေးအပ်, မကပ်အပ်, အကပ်မခံအပ်သော အာဟာရသည် အဒိန္နမည်ပါသည်။

(၁၃၆၃-ခု အလတ်တန်း၊ ၁၃၆၅-ခု၊ ၆၅-ခု၊ ၆၈-ခု အကြီးတန်း)

❑ **အကပ်ခံမြောက်ကြောင်း အင်္ဂါများ-**

၁။ ကပ်မည့်သူက ရှေ့ရှုဆောင်ခြင်း၊

၂။ အကပ်ခံရမည့်ရဟန်း၏ (၂)တောင့်ထွာ ဟတ္ထပါသ် အတွင်းသို့ရောက်ခြင်း၊

၃။ မဇ္ဈိမပုရိသအားအလယ်အလတ်ရှိသူ မြောက်နိုင်သောဝတ္ထုဖြစ်ခြင်း၊

၄။ ကာယ, ကာယပဋိဗဒ္ဓ, နိဿဂ္ဂိယ(၃)မျိုးတို့တွင် (၁)မျိုးမျိုးဖြင့် ပေးခြင်း၊

http://www.dhammadownload.com

၅။ ကာယ,ကာယပဋိဗဒ္ဓ(၂)ပါး၀ွင် တစ်ပါးပါးဖြင့် အကပ်ခံခြင်း။

(ဆောင်) ရှေးရှုလည်းဆောင်၊ နှစ်တောင့်ထွာရောက်၊ မြောက်နိုင်၀ဏ္ဏု၊ သုံးခုပေးခြင်း၊ ခံခြင်းလေ့ာက်၊ ကပ်ခံမြောက်၊ မှတ်လောက်အင်္ဂါ (၅)ပါးတည်း။ (ဘာဋီ)

❑ အကပ်ခံပျက်အကြောင်း အင်္ဂါများ-

၁။ အကပ်ခံပြီးသောအစာကို မစားတော့အံ့ဟု အာလယပြတ်စွန့်လိုက်ခြင်း၊

၂။ သိက္ခာကျခြင်း၊

၃။ သူတစ်ပါးကို ပေးခြင်း၊

၄။ လူစသူတို့ အာဘင်းလုယူသွားခြင်း၊

၅။ သေခြင်း၊

၆။ လိင်ပြန်ခြင်းတို့ ဖြစ်ပါသည်။

(ဆောင်) စွန့်-ချ-ပေး-လု၊ မစ္စု-လိင်ပြန်၊ဤ(၆)တန်၊ ကပ်ခံပျက်ကြောင်းတည်း။(ဘာဋီ)

(၁၃၆၈-ခု အငယ်တန်း၊ ၁၃၆၂-ခု၊ ၆၃-ခု အကြီးတန်း)

❑ ဒန္တ ပေါဏ သိက္ခာပုဒ်လာ ကပ်နည်း၊ အကပ်ခံနည်းတို့ကို ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

ကပ်နည်း

၁။ ရှေးရှုဆောင်ခြင်း၊

၂။ အကပ်ခံသူ၏ နှစ်တောင့်ထွာအတွင်းသို့ဝင်ခြင်း၊

၃။ ထာမ မဇ္ဈိမပုရိသမြှောက်ချိန်သော ဝတ္ထုကို ကပ်ခြင်း၊

၄။ ကာယ, ကာယပဋိဗဒ္ဓ, နိဿဂ္ဂိယ (၃)ပါးတွင် (၁)ပါးပါးဖြင့် ကပ်ခြင်း။

အကပ်ခံနည်း

၁။ ရှေးရှုယူလာသော ပစ္စည်းဖြစ်ခြင်း၊

၂။ နှစ်တောင့်ထွာအတွင်းသို့ရောက်သော ပစ္စည်းဖြစ်ခြင်း၊

၃။ ထာမ မဇ္ဈိမပုရိသမြှောက်ချိန်သော ဝတ္ထုဖြစ်ခြင်း၊

၄။ ကာယ, ကာယပဋိဗဒ္ဓ (၂)ပါးတို့တွင် (၁)ပါးပါးဖြင့် အကပ်ခံခြင်း။ (၁၃၆၂-ခု အကြီးတန်း)

❑ **ဦးခေါင်းပေါ်ရွက်တင်ထားသော စားဖွယ်သောက်ဖွယ်များကိုလှူလို၍ ဦးခေါင်းကို အနည်းငယ် စောင်းညွတ်ပေးရုံမျှဖြင့် အကပ်ခံရာ အကပ်မြောက်၊မမြောက် ဆုံးဖြတ်ပြပါ။**

ရှေးရှုဆောင်ခြင်းစသော အကပ်ခံခြင်းအင်္ဂါနှင့် ပြည့်စုံသောကြောင့် အကပ်ခံမြောက်ပါသည်။

(၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ဒန္တပေါနသိက္ခာပုဒ်၌ မုခဒွါရ-အရ**

လည်ချောင်းပေါက်ဝကို မုခဒွါရ-အရ ယူရမည်။

အာဟာရ-အရ

အလုံးစုံသော ယာဝကာလိက, ယာမကာလိက, သတ္တာဟကာလိက၊ ယာဝဇီဝိကများ။ (၁၃၆၁-ခု အကြီးတန်း)

❑ **ဒန္တပေါနသိက္ခာပုဒ်လာ အာဟာရံ အာဟရေယျ-၌ အာဟာရသရုပ်**

ရေကြည်နှင့်မျိုချရန်မဟုတ်သည့် ဒန်ပူတို့မှတစ်ပါး ကာလိကလေးပါးလုံးတို့သည် လည်မျိုဖြင့်ဆောင်ယူအပ် မျိုချအပ် သောကြောင့် ဤသိက္ခာပုဒ်အရ အာဟာရတို့တည်း။

❑ **နှာခေါင်းမှနေ၍ ပိုက်ဖြင့်အစာသွင်းခြင်းကို မုခဒွါရဟု ခေါ်နိုင်၊မခေါ်နိုင် ကခ်ါအဋ္ဌကထာဆရာကြီး၏ အာဘော် နှင့်အညီ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။**

နှာခေါင်းမှပိုက်ဖြင့်သွင်းခြင်းသည်လည်း မုခဒွါရအရ လည်မျိုလည်ချောင်းကို ယူရမည်ဖြစ်သဖြင့် ခံတွင်းမှဖြစ်စေ၊ နှာခေါင်းမှဖြစ်စေ သွင်းသမျှသည် လည်မျိုလည်ရိုးကို ဖြတ်သန်း၍ ဝမ်းသို့ ဝင်သွားရသောကြောင့် နှာခေါင်းမှပိုက်ဖြင့်သွင်းခြင်းကိုလည်း မုခဒွါရဖြင့်သွင်းသည် မုခဒွါရသို့ မျိုသွင်းသည်ဟူ၍ပင် ခေါ်ဆိုရပါသည်။ (၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **အစာမစားနိုင်သော ဂိလာနရဟန်းအား နှာခေါင်းမှ ပိုက်ဖြင့် ယာဝကာလိကဘောဇဉ်ကို သွင်းပေးပါက ဒန္တပေါန သိက္ခာပုဒ်ဖြင့် အပြစ်ရှိ၊ မရှိကို ကခ်ိန့်အညီ စီစစ်ပြပါ။**

မုခဒွါရဟူသည် ပါးစပ်ပေါက် မဟုတ်၊ အောက်ပိုင်း အဝဖြစ်သော လည်ချောင်းပေါက်တည်း၊ အာဟာရကို ပါးစပ်က ဖြစ်စေ၊ နှာခေါင်းက ဖြစ်စေ သွင်းရာ၌ လည်ချောင်းပေါက် အတွင်းရောက်လျှင် မျိုရာရောက်တော့၏။ ထို့ကြောင့် ဒန္တပေါဏ သိက္ခာပုဒ်အရ အပြစ်ရှိပါသည်။

မှတ်ချက်။ ။အကပ်မခံသော ပစ္စည်းကို ဆိုလိုသည်။

နှာခေါင်းမှပိုက်ဖြင့် သွင်းခြင်းသည်လည်း အကပ် မြောက်အင်္ဂါတွင် ပါဝင်နိုင်လျှင်ကား အပြစ်မရှိပါ။

❑ **ဒန္တပေါဏသိက္ခာပုဒ်၏ အနုပညတ်**

အညတြ ဥဒကဒန္တပေါနာ။

(၁၃၃၃-ခု အကြီးတန်း)

❑ **ဒန္တပေါန သိက္ခာပုဒ်၌ အနုပညတ်ထည့်၍ ပညတ်ရခြင်း၏ အကျိုးကို ထိမိစွာ ရေးသားတင်ပြခဲ့ပါ။**

ရေနှင့်ဒန်ပူသည် အာဟာရမဟုတ်သော်လည်း ရေ၌ အာဟာရဟူသော အမှတ်သညာဖြင့် လည်းကောင်း၊ ဒန်ပူ၌ ဤဒန်ပူကို ခံတွင်းပေါက်သို့ ဆောင်အပ်၏– ဟူသော အမှတ်

http://www.dhammadownload.com

သညာဖြင့်လည်းကောင်း အာဟာရဟုမှတ်ထင်ပြီး ကုက္ကုစ္စဖြစ်ကုန်သော ရဟန်းတို့၏ ကုက္ကုစ္စ[illegible] ပယ်ဖျောက်ရခြင်း အကျိုးငှာ အနုပညတ်ထည့်၍ ပညတ်ပါသည်။

(၁၃၆၆-ခု ၊၆၈-ခု အကြီးတန်း)

❑ ဘောဇနဝဂ်၌ အနုပညတ်ပါသော သိက္ခာပုဒ်တို့တွင် (၅)ခုမြောက် သိက္ခာပုဒ်

ဒန္တပေါနသိက္ခာပုဒ်။ (၁၃၆၃-ခု အလတ်တန်း)

❑ အကပ်မခံဘဲ သုံးဆောင်ကောင်းသော ဝတ္ထုများကို ပါဠိသာဓကထောက်ကာ ဖော်ပြပါ။

ဒန္တပေါနသိက္ခာပုဒ် အညတြ ဥဒက ဒန္တပေါန-ပါဠိသာဓက-အရ ရေကြည်နှင့် မျိုချရန်မဟုတ်သော ဒန်ပူတို့ ဖြစ်သည်။

(၁၃၃၁-ခု၊ ၆၄-ခု၊ ၆၆-ခု၊ ၆၈-ခု အငယ်တန်း၊ ၁၃၆၁-ခု၊ ၆၃-ခု၊ ၆၄-ခု အလတ်တန်း၊ ၁၃၆၅-ခု အကြီးတန်း)

❑ အညတြ ဥဒကဒန္တပေါနာ၌ ဥဒက-အရ အုန်းသီးရေ ပါဝင်သင့် + မပါဝင်သင့်ကို ထောက်ချင့်ဖြေပြပါ။

ဥဒကအရ-ယုတ်စွအဆုံး ရထရေဏုမျှပင် ပမာဏရှိသော မြူမှုန်မပါသည့် သန့်ရှင်းသောရေကို ယူရမည်ဖြစ်သောကြောင့်လည်းကောင်း၊ အုန်းသီးရေ၌လည်း အုန်းသီးအနယ်

http://www.dhammadownload.com

အမှုန်များ ပါနေသောကြောင့် လည်းကောင်း အညတြ ဥဒက ဒန္တပေါနာ၌ ဥဒက-အရအုန်းသီးရေ မပါဝင်သင့်ပါ။

(၁၃၆၁-ခု အကြီးတန်း)

❑ **ဘိက္ခုပါတိမောက်လာ အဒိန္နပါသော သိက္ခာပုဒ်တို့၏ အမည်များ**

ဒုတိယပါရာဇိက ,ဒန္တပေါနတို့ ဖြစ်ပါသည်။

(၁၃၆၄-ခု အငယ်တန်း)

❑ **လာရောက်လှူဒါန်းသော ကိတ်မုန့်ကို အကပ်ခံသိမ်းဆည်းထားပြီး နောက်နေ့ညနေတွင် အကပ်မခံဘဲ ဘဉ်းပေးသော ရဟန်းအား ဖြစ်နိုင်သော အပြစ်တို့ကို သိက္ခာပုဒ်နှင့် ယှဉ်တွဲပြပါ။**

လာရောက်လှူဒါန်းသော ကိတ်မုန့်ကို အကပ်ခံပြီး သိမ်းဆည်းထားလျှင် သန္နိဓိကာရက သိက္ခာပုဒ်အရ ပါစိတ်။

နောက်နေ့ညနေတွင် အကပ်မခံခြင်းကြောင့် ဒန္တပေါနသိက္ခာပုဒ်အရ ပါစိတ်၊ ဘဉ်းပေးခြင်းကြောင့် ဝိကာလ ဘောဇန သိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်ပါသည်။

(၁၃၆၅-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **အမဲသားကို သိမ်းထားပြီး ညဉ့်အခါ၌ အကပ်မခံဘဲစား သော ရဟန်းအား သင့်ရောက်နိုင်သည့် အာပတ်တို့ကို သိက္ခာပုဒ်အမည်တပ်၍ ဖြေဆိုပါ။**

အမဲသားကိုသိမ်းထားလျှင် သန္ဓိဓိကာရက သိက္ခာပုဒ်ဖြင့် ပါစိတ်။

ညဉ့်အခါ၌ စားလျှင် ဝိကာလဘောဇန သိက္ခာပုဒ်ဖြင့် ပါစိတ်။

အကပ်မခံဘဲ စားလျှင် ဒန္တပေါနသိက္ခာပုဒ်ဖြင့် ပါစိတ်။ (၁၃၃၈-ခု၊ ၆၁-ခု အီလတ်တန်း)

❑ **အကပ်မခံရသေးသောဆွမ်းကို ဘုဉ်းပေးသော ရဟန်း၏ အပြစ်ပြ သိက္ခာပုဒ်**

ဒန္တပေါန သိက္ခာပုဒ်။

(၁၃၆၈-ခု ကယား၊ ၁၃၆၄-ခု၊ ၆၈-ခု အငယ်တန်း)

အစေလကသိက္ခာပဒ

❑ **သာသနာ့ဝန်ထမ်း ရဟန်းတော်တို့သည် အာယ်ပုဂ္ဂိုလ်တို့အား ခဲဖွယ်ဘောဇဉ်များကို ကိုယ်တိုင်မပေးသင့်ကြောင်း ရှင်တော်ဘုရားဟောတော်မူထားပါသနည်း? အစေလက သိက္ခာပဒ-အရ ဖြေဆိုပါ။**

http://www.dhammadownload.com

၁။ အစေလကာ–အဝတ်မဝတ်သော တက္ကဒွန်း၊

၂။ ပရိဗ္ဗာဇကာ– ပရိဗိုဒ်၊

၃။ ပရိဗ္ဗာဇိကာ– ပရိဗိုဒ်မ။

(၁၃၆၇–ခု၊ ၆၈–ခု အငယ်တန်း၊ ၁၃၆၅–ခု အကြီးတန်း)

❑ **မိမိကျောင်းသို့ ထမင်းတောင်းရန် ရောက်လာသော သူတောင်းစားမအား ခဲဖွယ်ဘောဇဉ်များပေးသော ရဟန်းအပြစ်ရှိ/မရှိ အကြောင်းညှိကာ ဖြေဆိုပြပါ။**

မိမိကျောင်းသို့ ထမင်းတောင်းရန်ရောက်လာသော သူတောင်းစားမအား ခဲဖွယ်ဘောဇဉ်များပေးသော ရဟန်း အပြစ်မရှိပါ။ အကြောင်းကား– ပရိဗ္ဗာဇိကာ–အရ သာသနာမှ အပ ဖြစ်သော တိတ္ထိအားလုံးကိုသာ ယူရမည်ဖြစ်၍ ထိုသူတောင်းစားမသည် ပရိဗ္ဗာဇိကာအရတွင် မပါဝင်သောကြောင့်တည်း။

(၁၃၆၀–ခု အကြီးတန်း)

❑ **အဝတ်မစီး ကိုယ်လုံးတီးနေသော တက္ကဒွန်းကြီးအား ခဲဖွယ်ဘောဇဉ်များကို မိမိလက်ဖြင့်ပေးသော ရဟန်း၏ ပြစ်ပြ သိက္ခာပုဒ်ကို ပါဠိရေးပါ။**

အစေလက သိက္ခာပုဒ်ကို ပါဠိရေး။

(၁၃၆၈–ခု အငယ်တန်း)

http://www.dhammadownload.com

ဥယျောဇနသိက္ခာပဒ

❑ **ဥယျောဇနသိက္ခာပုဒ်ဝယ် ရဟန်းတစ်ပါးသည် မည်သည့် ရည်ရွယ်ချက်ဖြင့် မည်သည့်စကားတို့ကို ပြောဆို၍ ကျောင်းသို့ပြန်လွှတ်သည်ကို ဖြေဆိုပါ။**

မာတုဂါမနှင့်အတူ ရယ်ရွှင်ခြင်း၊ ကစားခြင်း၊ ဆိတ်ကွယ်ရာ၌ ထိုင်ခြင်း စသည်ကိုပြုလိုခြင်း ဟူသောရည်ရွယ် ချက်ဖြင့် "ငါ့ရှင်...သွားပေတော့၊ ငါ့အား သင်နှင့်အတူ စကားပြောရခြင်းသည် လည်းကောင်း၊ နေထိုင်ရခြင်းသည် လည်းကောင်း မချမ်းသာ၊ တစ်ယောက်တည်းသော ငါ့အား စကားပြောရခြင်းသည် လည်းကောင်း၊ နေထိုင်ရခြင်းသည်လည်းကောင်း ချမ်းသာ၏" ဟူသော စကားတို့ကို ပြောဆို၍ ပြန်လွှတ်ပါသည်။

(၁၃၆၇-ခု အလတ်တန်း၊ ၁၃၆၀-ခု အကြီးတန်း)

❑ **ဥယျောဇယျပုဒ်၏ အဓိပ္ပါယ်**

မလျောက်ပတ်သော အကျင့်ကိုကျင့်လို၍ "သင် သွားလော့" ဟု အဖော်ကို ပြန်လွှတ်ခြင်းသည် ဥယျောဇယျ မည်သည်။ (၁၃၆၃-ခု အကြီးတန်း)

❑ **ဆွမ်းခံအတူခေါ်သွားသောရဟန်းကို မလွှတ်လပ်သော အကြောင်းတစ်ခုတည်းဖြင့် ပြန်လွှတ်သောရဟန်းအား အာပတ်သင့်ပုံပြ သိက္ခာပုဒ် ပါဠိကိုရေးပြပါ။**

http://www.dhammadownload.com

အစေလကဝဂ် ဥယျောဇနသိက္ခာပုဒ်ကို ပါဠိ ရေးလေ။

(၁၃၆၈-ခု အငယ်တန်း၊ ၁၃၆၄-ခု အလတ်တန်း၊ ၁၃၆၆-ခု အကြီးတန်း)

❑ **အဖော်ရဟန်းနှင့်အတူ ရွာတွင်းသို့ ဆွမ်းခံကြွသော ရဟန်းသည် အတူကြွလာသူရဟန်းကို ပြန်လွှတ်ရာ၌**

(က) ပြန်လွှတ်ခဲ့ခြင်းအကြောင်း၊

(ခ) ပြန်လွှတ်ပုံစကားရပ်တို့ကို ပေါ်လွင်အောင် ရေးသားဖြေဆိုပါ။

(က) မာတုဂါမနှင့်အတူ ရယ်ရွှင်မြူးတူးလိုခြင်း စသောအကြောင်း။

(ခ) ငါ့ရှင် ပြန်သွားပါ၊ သင်နှင့်အတူ ပြောဆိုခြင်း၊ ထိုင်နေခြင်းသည် ချမ်းသာမှုမဖြစ်ပါ။ ငါ တစ်ယောက်တည်း ပြောဆို, နေထိုင်ရခြင်း သည်သာ ချမ်းသာပါသည်။

(၁၃၄၈-ခု အကြီးတန်း)

သဘောဇန သိက္ခာပဒ

❑ **သဘောဇနသိက္ခာပုဒ်လာ သဘောဇန-အရ**

ဣတ္ထီ-သည် ရာဂပရိယုဋ္ဌိတပုရိသ၏ ဘောဂ (စည်းစိမ်)ဖြစ်သည်။

http://www.dhammadownload.com

ပုရိသ–သည် ကျွတ်ခြင်း၏ ဘေး၊ (စည်းစိမ်)ဖြစ်သည်။

(၁၃၆၆–ခု အကြီးတန်း)

❑ **ဇနီး၊ ခင်ပွန်း(၂)ယောက်ရှိသောအိမ်၌ အိမ်ရာအနီးကပ် ထိုင်သောကြောင့် အပြစ်သင့်ပုံပြ သိက္ခာပုဒ်**

သဘောဇနသိက္ခာပုဒ်ကို ပါဠိရေးပါ။

(၁၃၆၄–ခု အလတ်တန်း)

ရဟော နိသဇ္ဇသိက္ခာပဒ

❑ **ဩဝါဒဝဂ်၊ရဟောနိသဇ္ဇသိက္ခာပုဒ်နှင့်တူသော အပိုင်းအခြား ရှိသော သိက္ခာပုဒ်တို့ကို ဖော်ပြ၍ တူသောအပိုင်းအခြား ရှိပါလျက် ဤရဟောနိသဇ္ဇသိက္ခာပုဒ်ကို အဘယ်၏အစွမ်း ဖြင့် သီးခြားပညတ်ရပါသနည်း။ ဖြေဆိုပါ။**

၁။ ဒုတိယ အနိယတသိက္ခာပုဒ်၊

၂။ အစေလကဝဂ်လာ ဥပနန္ဒစတုတ္ထသိက္ခာပုဒ်တို့ ဖြစ်ပါသည်။

အကြောင်းဝတ္ထုဖြစ်ပေါ်လာခြင်း၏ အစွမ်းဖြင့် သီးခြားပညတ်ရပါသည်။ (၁၃၆၃–ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ဘိက္ခုအစေလကဝဂ် ရဟောနိသဇ္ဇသိက္ခာပုဒ်ကို ဘိက္ခုနီနှင့် လျော်ညီအောင် မြန်မာပြန်ဆိုပြခဲ့ပါ။**

အကြောင်းရပ်ခံနှင့်ပတ်သက်သော ယောကျ်ားနှင့်တကွ တစ်ယောက်ချင်းချင်း နား၏ ကွယ်ရာအရပ်၌ ထိုင်ခြင်းကို ပြုကြောင်းအဲ့၊ ပါစိတ်အာပတ်သင့်၏။ (၁၃၆၂-ခု အကြီးတန်း)

❑ **အစေလကဝဂ် ၇ စတုတ္ထနှင့် ပဉ္စမသိက္ခာပုဒ်တို့ကို အနက်ပေးပါ။**

ရဟောပဋိစ္ဆန္နေ, ရဟောနိသဇ္ဇေ သိက္ခာပုဒ်တို့ကို အနက်ရေးလေ။ (၁၃၆၀-ခု အကြီးတန်း)

❑ **မိမိကျောင်းအခန်းအတွင်း ဆိတ်ကွယ်ရာနေရာ၌ ညအိပ်ညနေ အမျိုးသမီးအား တစ်ယောက်ချင်းချင်းထိုင် လျက်ပုဒ်ပြိုင်စာပို့ချပြီး ဆက်လက်၍ တရားရည်စွာ ဟောကြားသော ရဟန်းအား သင့်ရောက်နိုင်သောအာပတ်တို့ကို သိက္ခာပုဒ်အမည် အသီးသီးတပ်၍ ဆုံးဖြတ်ပါ။**

၁။ ပထမပါရာဇိကသိက္ခာပုဒ်ဖြင့် ပါရာဇိကအာပတ်၊

၂။ ကာယသံသဂ္ဂသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ် အာပတ်၊

၃။ ရဟောပဋိစ္ဆန္နသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်၊

၄။ ပဒသောဓမ္မသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်၊

http://www.dhammadownload.com

၅။ ဒုတိယသဟသေယျ သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်၊

၆။ ဓမ္မဒေသနာ သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်၊

၇။ ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်၊

၈။ အတ္တကာမပါရိစရိယ သိက္ခာပုဒ်ဖြင့် သံဃာဒိသေသ် အာပတ်၊

၉။ ရဟောနိသဇ္ဇ သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

(၁၃၆၁-ခု အလတ်တန်း)

စာရိတ္တသိက္ခာပဒ

❑ **ဆွမ်းစားလက်ခံထားသော ရဟန်းတို့ စာရိတ္တသိက္ခာပုဒ် အရ လိုက်နာဖွယ်ရာများကို ပြည့်စုံအောင်ရေးသားပြပါ။**

စိဝရဒါနသမယ, စိဝရကာရသမယ မဟုတ်လျှင် ထင်ရှားရှိသောရဟန်းကို မပန်ပြောဘဲ ထိုနိမန္တနဘတ်ကို မစားမိရှေ့၌လည်းကောင်း၊ စားပြီးနောက်၌လည်းကောင်း အိမ်တို့၌ မလှည့်လည်ရ၊ စိဝရဒါနသမယဖြစ်လျှင် မည်သည့်အခါမဆို ထင်ရှားရှိသောရဟန်းကို မပန်ပြောဘဲ အိမ်တို့၌ လှည့်လည်နိုင်သည်။ (၁၃၆၂-ခု အကြီးတန်း)

❑ **စာရိတ္တသိက္ခာပုဒ်လာ နိမန္တိတော သဘတ္တော-ဟူသော စကားအရ ဖိတ်မန်ပုံကို ဖော်ပြပြီး ဤသိက္ခာပုဒ်ပါ**

http://www.dhammadownload.com

ပုရောဘတ္တနှင့် ပစ္ဆာဘတ္တအရ အချိန်ကာလတို့ကို တိတိကျကျ ပိုင်းခြားသတ်မှတ်ပြပါ။

ဖိတ်မန်ပုံ

ဘောဇဉ်(၅)မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ဖိတ်မန်ခြင်း၊

ပုရောဘတ္တ– ဖိတ်ထားသောဆွမ်းကို မစားမီကာလ။

ပစ္ဆာဘတ္တ– ဖိတ်ထားသောဆွမ်းကို စားပြီးကာလ။

(၁၃၆၁–ခု အကြီးတန်း)

❑ **ယခုကာလ ခြေလျှင်တပ်တစ်တပ်၏ စစ်ရေးပြအခမ်းအနားသို့ သွားရောက်ကြည့်ရှုသောရဟန်းအား ဥယျူတ္တသေနာ သိက္ခာပုဒ်အရ အာပတ်သင့်နိုင်၊ မသင့်နိုင်ကို အကြောင်းပြ ဖြေဆိုပါ။**

စစ်အင်္ဂါ(၄)ပါး မပြည့်စုံခြင်းကြောင့် ဥယျူတ္တသေနာ သိက္ခာပုဒ်အရ ပါစိတ်အာပတ် မသင့်ပါ။ ဒုက္ကဋ်အာပတ်သင့်ပါသည်။ (၁၃၆၆–ခု အကြီးတန်း)

❑ **စာဖြေအရှင်သည် ပါဠိအနက်ရထားသည့်အားလျော်စွာ စာရိတ္တသိက္ခာပုဒ်လာ ပုရောဘတ္တ၊ ပစ္ဆာဘတ္တ၊ ကုလ–အရတို့ကို ကောက်ပြပါ။**

ပုရောဘတ္တ–ဖိတ်ထားအပ်သော ဘောဇဉ်ကို မဘုဉ်းပေးရသေးမီ ထိုနေ့နံနက်ချိန် ဖြစ်သည်။

http://www.dhammadownload.com

ပစ္စာဘတ္တ- ဖိတ်ထားအပ်သောဘောဇဉ်ကို ဘုန်းပေးပြီးရာ မွန်းမလွဲမီထိ ထိုနေ့နံ ့ချိန် ဖြစ်သည်။

ကုလ-အရ ထိုဘောဇဉ်ဖိတ်ထားသည့်အိမ်မှဘပါး အခြားအိမ်များ ဖြစ်သည်။ (၁၃၆၄-ခု အလတ်တန်း)

❑ **အစေလကဝဂ်လာ စာရိတ္တသိက္ခာပုဒ်ကို မူလပညတ်ပါဠိ၊ အနုပညတ်ပါဠိအားဖြင့် ခွဲခြားသတ်မှတ်ရေးသားပြပါ။**

မူလပညတ်ပါဠိ- ယော ပန ဘိက္ခုနီ မန္တိ်တော သဘတ္တော သမာနော ကုလေသု စာရိတ္တံ (ပ) ပါစိတ္တိယံ။

အနုပညတ်ပါဠိ- သန္တံ ဘိက္ခုံ အနာပုစ္ဆာ ပုရေဘတ္တံ ဝါ ပစ္ဆာဘတ္တံ ဝါ အညတြ သမယာ၊ တတ္ထာယံ သမယော၊ စီဝရဒါနသမယော၊ စီဝရကာရသမယော၊ အယံ တတ္ထ သမယော။

(၁၃၆၈-ခု အကြီးတန်း)

❑ **ထင်ရှားရှိသောရဟန်းကို မပန်ကြားဘဲ ပင့်ဖိတ်သောအိမ်မှတစ်ပါးသော အိမ်သို့ သွားလာနိုင်သောအခါများ**

စီဝရဒါနသမယ- သင်္ကန်းလှူရာအခါ၊

စီဝရကာရသမယ- သင်္ကန်းချုပ်ဆိုးရာအခါ။

(၁၃၆၆-ခု အငယ်တန်း၊ ၁၃၆၃-ခု အလတ်တန်း၊ ၁၃၆၁-ခု၊ ၆၂-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ဆွမ်းစားရာမှအပြန် အိမ်ဝင်လည်သောရဟန်းအား အပြစ်ပြ သိက္ခာပုဒ်**

ဘိက္ခု သုဒ္ဓပါစိတ် အစေလကဝဂ် စာရိတ္တသိက္ခာပုဒ် ကို ရေးပါ။

(၁၃၆၃-ခု၊ ၆၆-ခု၊ ၆၇-ခု အငယ်တန်း၊ ၁၃၆၂-ခု အကြီးတန်း)

❑ **အလှူရှင်ဒါယကာ, ဒါယိကာမများ လှူဒါန်းထားသည့် သင်္ကန်းဖြင့် ကထိန်ခင်းခြင်းကြောင့် အကျိုးအာနိသင်များ ရရှိကြရာဝယ် ထိုကထိန်အာနိသင်ကြောင့် လွတ်ငြိမ်းချမ်း သာခွင့် ရရှိသည့် ဘိက္ခုစာရိတ္တ သိက္ခာပုဒ်ကို ပါဠိရေးပြပါ။**

စာရိတ္တသိက္ခာပုဒ် ပါဠိရေးပါ။

(၁၃၆၅-ခု အကြီးတန်း)

❑ **သင်္ကန်းလှူရာအခါ၌ ရဟန်းတော်များ ကင်းလွတ်ခွင့်ရှိသော သိက္ခာပုဒ်များကို သိက္ခာပုဒ်အမည်မျှသာ ဖော်ထုတ်ပြပါ။**

၁။ ဂဏဘောဇနသိက္ခာပုဒ်၊

၂။ ပရမ္ပရဘောဇနသိက္ခာပုဒ်၊

၃။ စာရိတ္တ သိက္ခာပုဒ်။ (၁၃၆၆-ခု အကြီးတန်း)

http://www.dhammadownload.com

မဟာနာမ သိက္ခာပဒ

❑ **မဟာနာမသိက္ခာပုဒ်လာ ပဉ်ဖိတ်ပုံ(၃)မျိုး**

၁။ စာတုမာသပ္ပစ္ဆယပဝါရဏာ–(၄)လပတ်လုံး ဆေးပစ္စည်းဖြင့် ဖိတ်ခြင်း၊

၂။ ပုန ပဝါရဏာ– တဖန်ဖိတ်ခြင်း၊

၃။ နိစ္စပဝါရဏာ– အမြဲဖိတ်ခြင်း။

(၁၃၆၇–ခု အငယ်တန်း)

❑ **ဒါယကာက ကျန်းမာသော ရဟန်းတစ်ပါးအား ဆေးပစ္စည်းဖြင့် ဖိတ်ကြားရာ၌ သာယာအပ်သောကာလ**

ခွင့်ပြုရခြင်း အတ္ထုပ္ပတ္တိအလျောက်သာ (၄)လဟု ဆိုရပါသည်။ (၄)လမက (၅)လပင်ဖြစ်စေ၊ (၁)လပဲဖြစ်စေ ဒါယကာဖိတ်သမျှကို သာယာကောင်းပါသည်။

(၁၃၆၅–ခု အကြီးတန်း)

❑ **မဟာနာမသိက္ခာပုဒ်လာ နောက်ထပ်ပညတ်ချက်တို့ကို စုံလင်စွာ ထုတ်ပြခဲ့ပါ။**

၁။ အညတြ ပုန ပဝါရဏာယ။

၂။ အညတြ နိစ္စပဝါရဏာယ။

(၁၃၆၂–ခု အကြီးတန်း)

http://www.dhammadownload.com

❑ **(က) ဒါယကာသတ်မှတ်ထားသောရက်၊ သတ်မှတ်အပ်သောဆေးထက်ပို၍ အလှူခံဘဉ်းပေးသော အဂိလာနရဟန်း**

(က) အစေလကဝဂ် မဟာနာမသိက္ခာပုဒ်ကို ပါဠိရေးလေ။

(၁၃၁၁-ခု၊ ၆၁-ခု၊ ၆၇-ခု အငယ်တန်း၊ ၁၃၆၂-ခု၊ ၆၄-ခု အလတ်တန်း၊ ၁၃၆၅-ခု အကြီးတန်း)

❑ **ဆွမ်းသင်္ကန်းကျောင်း ဆေးပစ္စည်းတို့တွင် ပတ္တဝဂ်၊ အစေလကဝဂ်တို့၌လာသော ဆေးနှင့်ပတ်သက်၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။**

ဘေသဇ္ဇ သိက္ခာပုဒ်၊ မဟာနာမသိက္ခာပုဒ်တို့ကို ပါဠိရေးပါ။ (၁၃၆၃-ခု အငယ်တန်း)

ဥယျူတ္တသေနာသိက္ခာပဒ

❑ **ဒဿနာယ ဂစ္ဆေယျ ပါစိတ္တိယ်-အရ ကြည့်ရှုစရာများ**

၁။ ဥယျူတ္တသေနာသိက္ခာပုဒ်အရ- မြို့,ရွာမှထွက်သော စစ်တပ်၊

၂။ ဥယျောဓိကသိက္ခာပုဒ်အရ- စစ်တိုက်ရာအရပ်, စစ်ရေးပြရာအရပ်တို့ ဖြစ်ပါသည်။ (၁၃၆၀-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **တပ်မတော်နေ၌ ချီတက်လာသည့် စစ်ကြောင်းကြီးများကို သွားရောက်၍ ကြည့်ကောင်း၊မကြည့်ကောင်း ကွဲပြားအောင် ခွဲခြား၍ ပါဠိအတိုင်းသာဓကဖြင့် ဖြေဆိုခဲ့ပါ။**

စစ်ကြောင်းကြီးများကိုသွားရောက် မကြည့် ကောင်း ပါ။

အကိုးသာဓက– ယော ပန ဘိက္ခု ဥယျုတ္တံ သေနံ ဒဿနာယ ဂစ္ဆေယျ၊ အညတြ တထာရူပပစ္စယာ၊ ပါစိတ္တိယံ။

(၁၃၆၁–ခု အလတ်တန်း)

❑ **အစေလကဝဂ်(၈)ခုမြောက် သိက္ခာပုဒ်**

ဥယျုတ္တသေနာသိက္ခာပုဒ် (၁၃၆၂–ခု အလတ်တန်း)

သေနာဝါသ သိက္ခာပဒ

❑ **အကြောင်းရှိက စစ်တပ်၌(၂)ရက် (၃)ရက်နေနိုင်သည်ဟု ပြဆိုသော သိက္ခာပုဒ်ကို အနက်မှန်ကန်စွာ ယောဇနာပါ။**

သေနာဝါသ သိက္ခာပုဒ်ကို အနက်ရေးလေ။

(၁၃၆၂–ခု အလတ်တန်း)

❑ **အကြောင်းကိစ္စရှိ၍ စစ်တပ်တွင်သွားရောက် ညဉ့်အိပ် တည်းခိုနေနိုင်သော ကာလနှင့် မသွားကောင်းသော နေရာများ**

http://www.dhammadownload.com

(၂)ညဉ့်(၃)ညဉ့်တည်းခိုစဉ် မသွားလာကောင်းသော နေရာ– စစ်ပွဲ၊ စစ်သည်တို့ကို ရေတွက်ရာနေရာ၊ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ လက်နက်တပ်တို့ နေရာဖြစ်သည်။

(၁၃၆၂–ခု၊ ၆၃–ခု အလတ်တန်း)

ဥယျောဓိကသိက္ခာပဒ

❑ **အကြောင်းကိစ္စရှိ၍ စစ်တပ်၌နေစဉ် မကြည့်ရှုကောင်းသော အရာများ**

၁။ ဥယျောဓိ– စစ်ပွဲ၊

၂။ ဗလဂ္ဂ– စစ်သည်အစုကို ရေတွက်ရာအရပ်၊

၃။ သေနာဗျူဟ–စစ်ဆင်ရာအရပ်၊

၄။ အနီကဒဿန–ဆင်တပ်စသည်ကို ကြည့်ရှုရာအရပ်။

(၁၃၆၅–ခု၊ ၆၇–ခု၊ ၆၈–ခု အငယ်တန်း၊ ၁၃၆၂–ခု၊ ၆၄–ခု၊ ၆၇–ခု၊ ၆၈–ခုအလတ်တန်း၊ ၁၃၆၅–ခု၊ ၆၆–ခု အကြီးတန်း)

❑ **ရဟန်းတော်များ စစ်တပ်နှင့်စပ်၍ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များ**

၁။ သွားထိုက်သောအကြောင်းကိုကြဉ်၍ မြို့၊ရွာမှ ထွက်သော စစ်တပ်ကိုကြည့်ရှုခြင်းငှာ မသွားရခြင်း။

http://www.dhammadownload.com

၂။ အကြောင်းကိစ္စရှိ၍ သွားခဲ့သော် (၂)ည၌၊ (၃) ည၌်ထက် ပိုမနေရခြင်း။

၃။ (၂)ည၌်၊ (၃)ည၌် စစ်တပ်၌်နေစဉ် စစ်သည်အစုကို ရေတွက်ရာ, စစ်ဆင်ရာ, ဆင်တပ်, မြင်းတပ်, စသည်ကို ကြည့်ရှုခြင်းငှာ မသွားရခြင်း။

(၁၃၆၈-ခု အငယ်တန်း၊ ၁၃၆၃-ခု အကြီးတန်း)

❑ **စစ်တပ်သို့ သွားကောင်းသောအချိန်**

ဆွေမျိုးဖြစ်သူ မကျန်းမာခြင်းစသော အကြောင်းရှိသောအခါ။ (၁၃၆၂-ခု အကြီးတန်း)

❑ **စစ်သည်စစ်တပ်နှင့် စပ်၍ ပညတ်အပ်သော သိက္ခာပုဒ်များ**

၁။ ဥယျုတ္တသေနာသိက္ခာပုဒ်၊

၂။ သေနာဝါသ သိက္ခာပုဒ်၊

၃။ ဥယျောဓိက သိက္ခာပုဒ်။

(၁၃၆၇-ခု အလတ်တန်း၊ ၁၃၃၁-ခု အကြီးတန်း)

❑ **ဆင်တပ်တစ်ခု၌ ရှိရမည့်ဆင်အရေအတွက်, ယောကျ်ားအရေအတွက် တို့ကိုလည်း ဖြေဆိုခဲ့ပါ။**

ဆင်တပ်-ဆင်(၃)စီး၊ ယောကျ်ား (၃၆)ယောက်

(၁၃၆၆-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ကိစ္စတစ်ခုကြောင့် စစ်တပ်သို့သွားသော ရဟန်း၏ စစ်တပ်၌နေထိုင်မှုနှင့်စပ်လျဉ်း၍ ပညတ်တော်မူအပ် သော သိက္ခာပုဒ်ကို အနက်မှန်ကန်စွာ ပေးပြပါ။**

ဥယျောဓိက သိက္ခာပုဒ်ကို အနက်ရေးလေ။

(၁၃၆၃-ခု ၊၆၅-ခု၊ ၆၆-ခု အငယ်တန်း၊ ၁၃၆၃-ခု အလတ်တန်း)

❑ **ရဟန်းတော်တစ်ပါးအနေဖြင့် မြန်မာနိုင်ငံအတွင်း ရှိ တပ်ရင်းများသို့ အကြောင်းမရှိဘဲ သွားကောင်း၊ မသွား ကောင်း အကြောင်းပြ၍ ဝိနိစ္ဆယချပါ။**

ဆင်,မြင်း,ရထား, ခြေလျှင်အားဖြင့် အင်္ဂါ(၄)ပါး မစုံသောကြောင့် တပ်ရင်းများသို့ သွားနိုင်ပါသည်။

(၁၃၆၂-ခု အကြီးတန်း)

သုရာပါနသိက္ခာပဒ

❑ **သုရာမေရယပါနေ ဟူသောစကားရပ်၌ သုရာနှင့် မေရယအထူး**

မုန့်မုံ့အစရှိသည်တို့ဖြင့် ပြုအပ်သော သေရည်သည် သုရာမည်၏။

ပန်းပွင့်အစရှိသည်တို့ဖြင့်ပြုအပ်သော အရက်သည် မေရယ မည်၏။ ဤသို့ ထူးပါသည်။

(၁၃၆၈-ခု အငယ်တန်း၊ ၁၃၆၂-ခု၊ ၆၄-ခု ၊၆၅-ခု၊ ၆၆-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **အောက်ပါတို့၏အရာကို ကောက်ပြပါ။**

(က) သုရာ (ခ) မေရယ (ဂ) သုရာမေရယပါန

(က) မုန့်မှုန့်အစရှိသည်တို့ဖြင့် ပြုအပ်သော သေရည်သည် သုရာ၊

(ခ) ပန်းပွင့်အစရှိသည်တို့ဖြင့် ပြုအပ်သော သေရည်သည် မေရယ၊

(ဂ) ထိုသေရည်၊ အရက်(၂)မျိုးလုံးကို မျိုးစေ့မှစ၍ သမန်းမြက်ဖျားဖြင့်သော်လည်း သောက်သုံးခြင်းသည် သုရာမေရယမည်သည်။

(၁၃၆၁-ခု အကြီးတန်း)

❑ **သုရာပါနသိက္ခာပုဒ်၏ နိဒါန်,ပုဂ္ဂလ,ဝတ္ထုများ**

နိဒါန် - ကောသမ္မီ၊

ပုဂ္ဂလ - ရှင်သာဂတ၊

ဝတ္ထု - သေရည်အရက်သောက်ခြင်း။ .

(၁၃၆၆-ခု အကြီးတန်း)

❑ **ဘီယာနှင့်ဖျော်ရည်ရော၍သောက်သော ရဟန်းအားသင့်ရောက်နိုင်သော အာပတ်ကိုလည်း အတိအကျ ဖော်ပြခဲ့ပါ။**

ပါစိတ်။ (၁၃၆၃-ခု အငယ်တန်း)

http://www.dhammadownload.com

❑ **ဝိကာလအခါ၌ မည်သူကိုမျှမပန်ကြားဘဲ ရွာထဲဝင်ကာ ကြက်ကြော်နှင့် အရက်တွဲဖက်သုံးဆောင်သော ရဟန်း၏ အပြစ်တို့ကို သိက္ခာပုဒ်ညွှန်း၍ အသီးသီးဖြေဆိုခဲ့ပါ။**

ဝိကာလ ဂါမပ္ပဝေသန သိက္ခာပုဒ်ဖြင့် ပါစိတ်။

ဝိကာလ ဘောဇန သိက္ခာပုဒ်ဖြင့် ပါစိတ်။

သုရာပါန သိက္ခာပုဒ်ဖြင့် ပါစိတ်။

(၁၃၆၅-ခု အကြီးတန်း)

❑ **ဗုဒ္ဓဘာသာအခမ်းအနားတို့၌ လူ ပုဂ္ဂိုလ်တို့အား ငါးပါး သီလဆောက်တည်စေပြီး စောင့်ထိန်းကြရန် ရဟန်းတော်များက တိုက်တွန်းကြကုန်၏၊ အကယ်၍ ရဟန်းတစ်ပါး သည် ငါးပါးသီလလုံခြုံပါလျှင် ရဟန်းကျင့်ဖွယ် "၂၂၇" သွယ်တို့တွင် မည်သည့်သိက္ခာပုဒ်များ လုံခြုံပြီးဖြစ်ပါသနည်း။ မကျဉ်းမကျယ် ရှင်းလင်း ဖြေဆိုပါ။**

ပါဏာတိပါတသီလသိက္ခာပုဒ်ကို လုံခြုံလျှင်-

တတိယပါရာဇိက သိက္ခာပုဒ်၊ ဘူတဂါမဝဏ် သပ္ပါယဏက သိက္ခာပုဒ်၊သပ္ပါဏကဝဏ် သဉ္စိစ္စ သိက္ခာပုဒ်၊ သပ္ပါဏကသိက္ခာပုဒ်တို့ လုံခြုံပြီးဖြစ်ပါသည်။

အဒိန္နာဒါနသီလသိက္ခာပုဒ်ကို လုံခြုံလျှင်

ဒုတိယပါရာဇိက သိက္ခာပုဒ်၊ စီဝရအစ္ဆိန္နန သိက္ခာပုဒ်တို့ လုံခြုံပြီးဖြစ်ပါသည်။

http://www.dhammadownload.com

ကာမေသုမိစ္ဆာစာရ သီလသိက္ခာပုဒ်ကို လုံခြုံလျှင်

ပထမပါရာဇိကသိက္ခာပုဒ်၊ ကာယသံသဂ္ဂသိက္ခာပုဒ်၊ ပထမအနိယတ သိက္ခာပုဒ်၊ ရဟောပဋိဉ္ဉာနသိက္ခာပုဒ်တို့ လုံခြုံပြီးဖြစ်ပါသည်။

မုသာဝါဒ သီလသိက္ခာပုဒ်ကို လုံခြုံလျှင်

စတုတ္ထပါရာဇိကသိက္ခာပုဒ်၊ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၊ အညဘာဂိယ သိက္ခာပုဒ်၊ မုသာဝါဒသိက္ခာပုဒ်၊ ပေသုညသိက္ခာပုဒ်၊ ဒုဋ္ဌုလ္လသိက္ခာပုဒ်၊ မောဟနသိက္ခာပုဒ်၊ အမူလကသိက္ခာပုဒ်တို့ကို လုံခြုံပြီးဖြစ်ပါသည်။

သုရာမေရယ သီလသိက္ခာပုဒ်ကို လုံခြုံလျှင်

သုရာပါနသိက္ခာပုဒ်ကို လုံခြုံပြီးဖြစ်ပါသည်။

(၁၃၅၁-ခု အကြီးတန်း)

အဂိုလိပတောဒကသိက္ခာပဒ

❑ **ချိုင်းထိုး၍ ကစားခြင်းကြောင့် အပြစ်သင့်ပုံပြ သိက္ခာပုဒ်**

အဂိုလိပတောဒက သိက္ခာပုဒ်။

(၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com

အနာဒရိယသိက္ခာပဒ

❑ **အနာဒရိယအဓိပ္ပါယ်**

ပုဂ္ဂိုလ်အားလည်းကောင်း၊ ဓမ္မအား လည်းကောင်း မရိမသေပြုခြင်း။ (၁၃၆၃-ခု အငယ်တန်း)

❑ **အနာဒရိယသရုပ်**

ပုဂ္ဂလအနာဒရိယ- ပုဂ္ဂိုလ်ကို မရိသေခြင်း၊ ဓမ္မအနာဒရိယ- တရားတော်ကို မရိသေခြင်း။ (၁၃၆၃-ခု အကြီးတန်း)

❑ **အနာဒရိယသိက္ခာပုဒ်၌ ပုဂ္ဂလဓမ္မ၌ မရိသေ (အရေးမစိုက်) ပုံကို သိသာရုံပြဆိုပါ။**

ပုဂ္ဂလာနာဒရိယ- သိက္ခာပုဒ်ဖြင့် ပြောဆိုလာသူ ရဟန်း၏စကားကို မလိုက်နာမူတည်း၊ ဓမ္မာနာဒရိယ- သိက္ခာပုဒ်ဖြင့် ပြောဆိုလာသူ ရဟန်း၏တရားကို မကျင့်သုံးခြင်း တည်း။

(၁၃၆၄-ခု အလတ်တန်း၊ ၁၃၆၁-ခု၊ ၆၁-ခု အကြီးတန်း)

❑ **ဝိနည်းဓိရ်ရဟန်းသည် စုဒိတကရဟန်းအား မေးမြန်း စိစစ်ရာ၌ (က) အမေးတခြား အဖြေတခြား ပြုလုပ်ရာ၊ (ခ) မဖြေဘဲ နေရာ၊ (ဂ)အဂတိလိုက်စားသော ဝိနည်းဓိရ် ဟုပြောရာ၊(ဃ) အရည်အချင်းမရှိသော ဝိနည်းဓိရ်-ဟု ပြောဆိုရာတို့၌ သင့်ရောက်နိုင်သော အပြစ်အာပတ်တို့ ကို ပါဠိသာဓကအသီးသီးပြ၍ ဖြေဆိုပါ။**

http://www.dhammadownload.com

ဝိနည်းခိုရ်၏ မေးမြန်းစစ်ဆေးမှုခံရသူ စုဒိတက ရဟန်းအား–

(က) အမေးတခြား အဖြေတခြား ရှောင်လွဲဖြေရာ၌ "အညဝါဒကေ ပါစိတ္တိယံ" အရ ပါစိတ်အာပတ် သင့်ပါသည်။

(ခ) မဖြေဘဲနေရာ၌ "ဝိဟေသကေ ပါစိတ္တိယံ"အရ ပါစိတ်အာပတ်သင့်ပါသည်။

(ဂ) အဂတိလိုက်စားသော ဝိနည်းခိုရ်ဟု ပြောရာ၌ "အနာဒရိယေ ပါစိတ္တိယံ" အရ ပါစိတ်အာပတ် သင့်ပါသည်။

(ဃ) အရည်အချင်းမရှိသော ဝိနည်းခိုရ်ဟုပြောရာ၌ ပုဂ္ဂိုလ်ကို မလေးစားမှုဖြင့်ပြောလျှင် "အနာဒရိယေ ပါစိတ္တိယံ" အရ ပါစိတ်အာပတ်ပင်သင့်၍ ဝိနည်း ခိုရ် ပြောသည့်အတိုင်း ဝိနည်းကိုမကျင့်လိုရှောင်လွဲမှုဆန္ဒဖြင့် ပြောလျှင် "အညံ ဘိက္ခုံ ဗျတ္တံ ဝိနယဓရံ ပရိပုစ္ဆာမိတိ ပါစိတ္တိယံ"အရ ပါစိတ်အာပတ်သင့်သည်။

(၁၃၆၄–ခု အကြီးတန်း)

❑ **ဘိက္ခုပါတိမောက် သုရာပါနဝဂ်၌ ပဌမဒုတိယ၊ တတိယ၊ စတုတ္ထသိက္ခာပုဒ်တို့အရ အပြစ်အာပတ်သင့်ရခြင်း အကြောင်းကို ကျမ်းရင်းနှင့်အညီ ရေးသားဖြေဆိုပြပါ။**

http://www.dhammadownload.com

၁။ ပထမသိက္ခာပုဒ်အရ အာပတ်သင့်ရခြင်းအကြောင်းကား သေရည်အရက်သောက်ခြင်းတည်း။

၂။ ဒုတိယသိက္ခာပုဒ်အရ အာပတ်သင့်ရခြင်းအကြောင်းကား လက်ချောင်းထိုးကစားခြင်းတည်း။

၃။ တတိယ သိက္ခာပုဒ်အရ အာပတ်သင့်ရခြင်းအကြောင်းကား ရယ်မြူးလိုမှုဖြင့် ရေကစားခြင်းတည်း။

၄။ စတုတ္ထသိက္ခာပုဒ်အရ အာပတ်သင့်ရခြင်းအကြောင်းကား ဆုံးမသူနှင့် ဆုံးမကြောင်းတရားကို မလေးစားခြင်းတည်း။ (၁၃၆၄-ခု အကြီးတန်း)

ဘိဿာသနသိက္ခာပဒ

❑ **ရဟန်းတစ်ပါးအား မည်ကဲသို့ခြောက်လှန့်ခြင်းမျိုးကို ဘိဿာပနဟု ခေါ်သည်ကို ရှင်းလင်းခဲ့ပါ။**

ကြောက်မက်ဖွယ်ရှုပါရုံစသည်ကို ကပ်ဆောင်ခြင်း၊ ကြောက်မက်ဖွယ်စကားကို ပြောဆိုခြင်း။

(၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com

ဧကတိသိက္ခာပဒ

❑ **ဖယောင်းတိုင်ထွန်း၍ ဘုရားမီးပူဇော်သောရဟန်းအား ဧကတိသိက္ခာပုဒ်ဖြင့် အာပတ်သင့်၊မသင့်ကို ခိုင်မာသော ပါဠိသာဓကဖြင့် တိကျစွာ ဆုံးဖြတ်ချက်ချပြပါ။**

ဝိသိဗ္ဗနာပေက္ခောကို လည်းကောင်း၊ အညတြ တထာရူပပစ္စယာကိုလည်းကောင်း ထောက်၍ ဘုရားမီး ပူဇော်သော ရဟန်းအား အာပတ်မသင့်ပါ။

(၁၃၆၄-ခု၊ ၆၆-ခု အကြီးတန်း)

❑ **သပိတ်ဖုတ်ရန်အလို့ငှာ လူ,သာမဏေတို့ကို မီးမွေးခိုင်းသော ရဟန်းအား ဧကတိသိက္ခာပုဒ်အရ အပြစ်ရှိ၊မရှိ ဆိုင်ရာပါဠိထောက်၍ ဆုံးဖြတ်ခဲ့ပါ။**

အပြစ်မရှိပါ။

ပါဠိထောက်-အညတြ တထာရူပပစ္စယာ။

(၁၃၆၃-ခု အလတ်တန်း)

❑ **မီးမွေးကောင်းသောအချိန်**

ဆီမီးထွန်းညှိခြင်း၊ သပိတ်ဖုတ်ခြင်းစသောကာလ။

(၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ဂိလာနလည်း မဟုတ်၊ ခွင့်ပြုအပ်သော အကြောင်းလည်း မရှိဘဲ သက်ဝင် ဂ်မီးလှုံလိုရှု မီးမွေးသောရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို အနက်ပေးပြပါ။**

ဇောတိသိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၁-ခု၊ ၆၇-ခု အငယ်တန်း)

❑ **ဘိက္ခုသုဒ္ဓပါစိတ်တွင် တထာရူပ ပစ္စယာ သဒ္ဒါပါသော သိက္ခာပုဒ်အမည်တို့ကို တိကျစွာ ဖော်ပြခဲ့ပါ။**

ဥယျုတ္တသေနာ သိက္ခာပုဒ်၊ ဇောတိသိက္ခာပုဒ် တို့တည်း။ (၁၃၆၄-ခု အကြီးတန်း)

နဟာနသိက္ခာပဒ

❑ **ပစ္စန္တ ရစ်သားမဟုတ်သည့် ရဟန်းတော်များ ရောရှိုးနှိုင်သော ကာလများ**

၁။ ဥဏှသမယ – ပူရာအခါ

၂။ ပရိဠာဟသမယ – အိုက်ရာအခါ

၃။ ဂိလာနသမယ – မကျန်းမာရာအခါ

၄။ ကမ္မသမယ – အမှုလုပ်ရာအခါ

၅။ အဒ္ဓါနသမယ – အဝေးရှည်သော ခရီးကို

http://www.dhammadownload.com

သွားရာအခါ။

၆။ ဝါတဝုဋ္ဌသမယ – လေမိုးကျရာအခါ။

(၁၃၃၇-ခု၊ ၆၁-ခု၊ ၆၃-ခု၊ ၆၄-ခု၊ ၆၅-ခု၊ ၆၈-ခု အယေ်တန်း၊
၁၃၆၂-ခု၊ ၆၄-ခု၊ ၆၆-ခု၊ ၆၇-ခု အကြီးတန်း)

❑ နဟာနသိက္ခာပုဒ်လာ 'အညတြ သမယာ' အရပျား

၁။ နယုန်လဆန်း (၁)ရက်မှ ဝါဆိုလပြည့်အထိ တစ်လခွဲသည် ပူသောအခါသည် ဥဏှသမယ ဖြစ်သည်။

၂။ ဝါဆိုလပြည့်ကျော် (၁)ရက်မှ ဝါခေါင်လပြည့် အထိ တစ်လသည် အိုက်သောအခါ ဟူသော ပရိဠာဟသ,ယ ဖြစ်သည်။

၃။ ရေချိုးမှ ရောဂါသက်သာမည့် အခါမျိုးသည် မကျန်းမာသောအခါ ဟူသော ဂိလာနသမယ ဖြစ်သည်။

၄။ တံမြက်လှဲခြင်း စသော အလုပ်လုပ်ရာအခါသည် ကမ္မသမယ ဖြစ်သည်။

၅။ အနည်းဆုံး ယူဇမာဝက်မျှ အဝွန့်ရှည်သော ခရီးသို့ သွားသောအခါသည် အဒ္ဓါနဂမနသမယ ဖြစ်သည်။

၆။ မြူနှင့်တကွ လေပြင်းထ၍ မိုးကျသောအခါ သည် ဝါတဝုဋ္ဌသမယ ဖြစ်သည်။ (၁၃၅၀-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **နဟာနသိက္ခာပုဒ်လာ အစသမယနှင့် အဆုံးသမယ**

နယုန်လဆန်း(၁)ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ တစ်လခွဲသည် ဥဏှသမယ၊

မြူနှင့်တကွ လေပြင်းထန်၍ ခန္ဓာကိုယ်ပေါ်၌ မိုးရေပေါက်နှစ်ပေါက်၊ သုံးပေါက်ကျသောအခါသည် ဝါတဝုဋ္ဌိသမယ။ (၁၃၆၆-ခု အကြီးတန်း)

❑ **ဗုဒ္ဓဂယာဘုရားဖူးသွားသောရဟန်းတော်များ ဗုဒ္ဓဂယာ၌ နေ့စဉ်ရေချိုးနိုင်ရာအခါတို့ကို အစဉ်တကျ ဖြေဆိုပါ။**

၁။ ဥဏှသမယ – ပူသောအခါ၊

၂။ ပရိဠာဟသမယ – အိုက်သောအခါ၊

၃။ ဂိလာနသမယ – နာဖျားသောအခါ၊

၄။ ကမ္မသမယ – တံမြက်လှည်းခြင်းစသော အမှုလုပ်သောအခါ၊

၅။ အဒ္ဓါနဂမနသမယ– ယူဇနာခွဲခရီးသို့ သွားလတ္တံ့၊ သွားဆဲ၊ သွားပြီးသောအခါ၊

၆။ ဝါတဝုဋ္ဌိသမယ – မြူနှင့်တကွ လေပြင်းထန်၍ မိုးကျသောအခါ။

(၁၃၆၅-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ဂဏဘောဇနသိက္ခာပုဒ်၌ ပါဝင်၍ နဟာနသိက္ခာပုဒ်၌ မပါဝင်သော သမယ၊နဟာနသိက္ခာပုဒ်၌သာပါဝင်၍ ဂဏဘောဇနသိက္ခာပုဒ်၌ မပါဝင်သော သမယတို့ကို အသီးသီးဖြေဆိုပါ။**

ဂဏဘောဇနသိက္ခာပုဒ်၌သာပါဝင်၍ နဟာန၌ မပါဝင်သော သမယတို့ကား– စီဝရဒါနသမယ၊စီဝရကာရသမယ၊ နာဝါဘိရုဟနသမယ၊ မဟာသမယ၊ သမဏဘတ္တသမယတို့ ဖြစ်သည်။

နဟာန၌သာ ပါဝင်၍ ဂဏဘောဇန၌ မပါဝင်သော သမယတို့ကား– ဥဏ္ဏသမယ၊ ပရိဠာဟသမယ၊ ကမ္မသမယ၊ ဝါတဒ္ဓိသမယတို့ဖြစ်သည်။ (၁၃၆၄-ခု အကြီးတန်း)

❑ **နဟာနသိက္ခာပုဒ်လာ ကမ္မသမယ၊ အဒ္ဓါနဂမနသမယ၊ ဝါတဝုဋ္ဌသမယတို့၏ သဘောအဓိပ္ပါယ်**

ကမ္မသမယ– ပရိပုဏ်းကို တံမြက်လှည်းခြင်းမျှမှစ၍ ဝေယျာဝစ္စလုပ်ငန်းမှန်သမျှတည်း။

အဒ္ဓါနဂမနသမယ–ယူဇနာ ဝက်ခရီးကိုသွားလိုချိန်မှစ၍ သွားဆဲ၊ သွားပြီးအထိ။

ဝါတဝုဋ္ဌသမယ– မြူ ,ဖုံရောသည့်လေ၊မိုးစက်များကိုယ်ပေါ် နှစ်ပေါက်၊သုံးပေါက်ထိမိသည့်အချိန်မျိုးတည်း။

(၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **တစ်နှစ်အတွင်း အပူချိန်အမြင့်မားဆုံး အပူလွန်ရာအခါ၊ အပူအိုက်ရာအခါတို့ကို တိကျစွာဖြေဆိုပါ။**

နယုန်လဆန်း(၁)ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့အထိ နွေဥတုအဆုံး(၁)လခွဲသည် အပူလွန်ရာအခါ။

ဝါဆိုလပြည့်ကျော်(၁)ရက်နေ့မှစ၍ ဝါခေါင်လပြည့်ထိ မိုးဥတု ပထမ(၁)-လသည် အပူအိုက်ရာအခါ။

(၁၃၆၈-ခု ရှမ်းတောင်)

❑ **ယခုအခါ တစ်ကမ္ဘာလုံး၌ ရေအရင်းအမြစ်ပြဿနာ တက်လျက်ရှိရာ ယင်းပြဿနာပြေလည်ရန် ကြိုတင်ပြင်ဆင်တော်မူခဲ့သော ဘုရားရှင်၏ ရေချွေတာရေးဥပဒေ (၂)ချက်ဖြစ်သည့် ဥဏှသမယ၊ ပရိဠာဟသမယ ဥပဒေတို့၏ ကာလအပိုင်းအခြားတို့ကို ပိုင်းခြားဖော်ပြပါ။**

ဥဏှသမယကာလအပိုင်းအခြား-

နယုန်လဆန်း(၁)ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ ဖြစ်ပါသည်။

ပရိဠာဟသမယကာလအပိုင်းအခြား-

ဝါဆိုလပြည့်ကျော်(၁)ရက်နေ့မှ ဝါခေါင်လပြည့်နေ့အထိ ဖြစ်ပါသည်။ (၁၃၆၀-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **မဇ္ဈိမဒေသနေ ရဟန်းတော်များလိုက်နာရမည့် သိက္ခာပုဒ်တော်လာ ဒိယမုမာသ၊ ဝဿာနသာ ပဌမမာသ-အရ တို့ကို တိကျစွာ ဖော်ပြပါ။**

ဒိယမုမာသ-အရ နယုန်လဆန်း(၁) ရက်မှ ဝါဆိုလပြည့်အထိ။

ဝဿာနသာ ပဌမမာသ-အရ ဝါဆိုလပြည့်ကျော် (၁) ရက်မှ ဝါခေါင်လပြည့် နေ့အထိ။ (၁၃၆၇-ခု အလတ်တန်း)

❑ **နဟာနသိက္ခာပုဒ်လာ အမုတေယျမာသာ-အရကို ကျမ်းရင်းလာအတိုင်း ကောက်ပြပါ။**

နယုန်လဆန်း(၁)ရက်နေ့မှ ဝါခေါင်လပြည့်အထိ (၂)လခွဲ။ (၁၃၆၆-ခု အကြီးတန်း)

❑ **မဇ္ဈိမဒေသ၌ နယုန်လဆန်းတစ်ရက်နေ့မှစ၍ ဝါဆိုလပြည့် နေ့အထိ (၁၅)ရက်အတွင်း နှစ်ကြိမ်ရေချိုးလျှင် အပြစ်ရှိ၊ မရှိကို ပါဠိထောက်၍ ဖြေဆိုပါ။**

(၁၅)ရက်အတွင်း ရေနှစ်ကြိမ်ချိုးလျှင် ပူသောအခါ ဖြစ်၍ အပြစ်မရှိပါ။ (နဟာနသိက္ခာပုဒ် ပါဠိကိုထောက်ပါ)

(၁၃၆၃-ခု အငယ်တန်း၊ ၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **နဟာနသိက္ခာပုဒ်၌ ပြဆိုအပ်သော အနုပညတ်များ**

ဥဏှသမယ၊ ပရိဠာဟသမယ၊ ဂိလာနသမယ၊ ကမ္မသမယ၊ အဒ္ဓါနဂမနသမယ၊ ဝါတဝုဋ္ဌိသမယ။

(၁၃၆၈-ခု အငယ်တန်း)

❑ **မြတ်ဗုဒ္ဓသည် သိက္ခာပုဒ်ပညတ်ရာဝယ် အနုပညတ်ကို ပြန်လည်ထည့်စွက် ပညတ်တော်မူလေ့ရှိရာ ဘိက္ခုပါတိမောက်လာ အနုပညတ်(၆)မျိုးပါဝင်သော သိက္ခာပုဒ်ကို အနက်မှန်မှန်ရေးသားခဲ့ပါ။**

နဟာနသိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၃-ခု၊ ၆၄-ခု၊ ၆၇-ခု အငယ်တန်း၊ ၁၃၆၃-ခု၊ ၆၄-ခု အလတ်တန်း၊ ၁၃၆၀-ခု အကြီးတန်း)

ဒုဗ္ဗဏ္ဏကရဏ သိက္ခာပဒ

❑ **(က)ကပ္ပဗိန္ဒုထိုးရမည့် သင်္ကန်းပမာဏ၊**

(ခ) ကပ္ပဗိန္ဒုထိုးရမည့်အချိန်၊

(ဂ) ကပ္ပဗိန္ဒုထိုးရမည့်နေရာတို့ကို ကခ်ိအဋ္ဌကထာနှင့်

(က) ဝတ်ရုံလောက်သောသင်္ကန်း၊

(ခ) သင်္ကန်းသစ်ရ၍ ဆိုးပြီးအချိန်၊

(ဂ) အမှတ်မထား တစ်ပါးပါးသောအရပ်။

(၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **အဘယ်အကျိုးငှာ ကပ္ပဗိန္ဒုထိုးရပါသနည်း။ ဖြေဆိုပြီးလျှင် ကပ္ပဗိန္ဒုထိုးရမည့်အရွယ်ပမာဏနှင့် ထိုးရာအရပ်ကို ဖော်ပြပါ။**

တိတ္ထိတို့အဝတ်နှင့်ခွဲခြားအကျိုးငှာ ကပ္ပဗိန္ဒုထိုးရသည်။

ကပ္ပဗိန္ဒု၏အရွယ်ပမာဏမှာ– ဥဒေါင်းမျက်လုံးလောက်ဖြစ်စေ၊ ကြမ်းပိုး၏ကျောက်ကုန်းလောက်ဖြစ်စေ ရှိစေရမည်။

ထိုးရာအရပ်– သင်္ကန်းအစွန် သိပ်မကျလောက်သောနေရာဖြစ်သည်။ သင်္ကန်း၏(၄)ထောင့်လုံး၌ဖြစ်စေ၊ (၃)ထောင့်၊ (၂)ထောင့်၊(၁)ထောင့်၌ဖြစ်စေ တစ်ဖြောက်သာ ထိုးရသည်။

(၁၃၆၁–ခု အကြီးတန်း)

❑ **ကပ္ပဗိန္ဒု၏ပမာဏကို ကခ်ဳံလာအတိုင်း ဥပမာဖြင့် အတိအကျ ညွှန်ပြပါ။**

ဥဒေါင်းမျက်စေ့ဝန်း၊ ကြမ်းပိုး ကျောကုန်းတို့တွင် တစ်ခုခုသော ပမာဏ။ (၁၃၅၀–ခု အကြီးတန်း)

❑ **ရဟန်းတော်များ ကပ္ပိန္ဒုထိုးရာ၌ (၃)ခုထိုးခဲ့သော် ဘုရားအလိုတော်ကျ၊ မကျ အာဂမသာဓကပြ ဖြေဆိုပါ။**

ဘုရားရှင်၏တိတ္ထံ ဒုဗ္ဗဏ္ဏကရဏာနံ အာဒါတဗ္ဗံ– ပညတ်ချက်အရ အရောင်(၃)မျိုးတွင် တစ်မျိုးမျိုးသာထိုးရမည်ကို ထောက်၍ (၂)ရောင်,(၃)ရောင်ထိုးက (၂)လုံး၊ (၃)လုံး ဖြစ်သွား

http://www.dhammadownload.com

ပြီး အဆန်းတကြယ်အလုထိုးမှု ဖြစ်သွားမည်စိုးရိမ်တော်မူ၍ တစ်မျိုးမျိုးသာ ထိုးခိုင်းတော်မူခြင်း ဖြစ်သည်ဟု နားလည်နိုင်ပါသည်။ ထို့ကြောင့် သုံးလုံးထိုးသော်လည်း ဘုရားရှင်၏ အာဘော် မကျဟု သိသာနိုင်သည်။ (၁၃၆၄-ခု အလတ်တန်း)

❑ **သင်္ကန်းအသစ်ရရှိပါက ပြုရမည့်အချက်ကို ပြည့်စုံစွာ ဖော်ပြပါ။**

နီလ,ကဒ္ဒမ, ကာဠသာမ (၃)မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် အဆင်းပျက်အောင် ပြုသောအားဖြင့် ကပ္ပဗိန္ဒု ထိုးရမည်။

(၁၃၅၀-ခု အငယ်တန်း၊ ၁၃၃၇-ခု၊ ၆၁-ခု၊၆၂-ခု အကြီးတန်း)

❑ **သင်္ကန်းသစ်ကို ဝတ်ရုံမည့် ရဟန်းတော်သည်**

(က)အဘယ်အကျိုးငှာ ကပ္ပဗိန္ဒု ထိုးရသနည်း။

(ခ) ထိုကပ္ပဗိန္ဒုတို့၏ အရောင်အမျိုးအစားကိုလည်း ပါဠိ၊ မြန်မာတွဲစပ်၍ ဖြေဆိုပါ။

(က) အဆင်းပျက်အောင်ပြုခြင်းငှာ ကပ္ပဗိန္ဒုထိုးရသည်။

(ခ) နီလ-စိမ်းညိုသောအရောင်၊ ကဒ္ဒမ-ညွန်အရောင်၊ ကာဠသာမ- မည်းသောအရောင်။

(၁၃၆၃-ခု၊ ၆၈-ခု အငယ်တန်း၊ ၁၃၆၁-ခု၊ ၆၅-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **သင်္ကန်းအသစ်ရသော ရဟန်း၏ ပြုလုပ်ရမည့် တာဝန်ဝတ္တရားများ–**

ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်အရ အညိုရောင်, ခွံ့ရောင်, အနက်ရောင်တို့တွင် ကြိုက်ရာအရောင်တစ်မျိုးမျိုးဖြင့် သင်္ကန်း၏ ထောင့်စွန်းတစ်ခုခုအတွင်း၌ ကြမ်းပိုး ကျောက်ကုန်း အရွယ်ရှိ အပြောက်ဗိန္ဒုလုံးတစ်လုံးကို လုံးလုံးဝန်းဝန်း တစ်ခဲနက် အတွင်းသားပြည့်ပြည့်ဖြင့် ထိုးနှံထားရပါမည်။–ပထမကထိနသိက္ခာပုဒ် အရ (၁၀)ရက်မလွန်ခင် အဓိဋ္ဌာန်တစ်ခုခု (သို့)ဝိကပ္ပနာမူပြုထားရပါမည်။ (၁၃၆၃-ခု၊ ၆၄-ခု အကြီးတန်း)

❑ **သင်္ကန်းအသစ်ရရှိရာ၌ လိုက်နာရမည့် ကျင့်ဝတ်၊ မလိုက်နာဘဲ ဝတ်ရုံသုံးဆောင်ခြင်းကြောင့် သင့်နိုင်သော အာပတ်များကို သိက္ခာပုဒ်အထောက်ပြလျက် ထင်ရှားအောင် ဖြေဆိုပါ။**

သင်္ကန်းအသစ်ရရှိရာ၌ နီလ, ကဒ္ဒမ, ကာဠသာမ အဆင်း(၃)မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် အဆင်းပျက်အောင် ပြုသောအားဖြင့် ကပ္ပဗိန္ဒုထိုးရမည်။ ယင်းသို့မထိုးလျှင် ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ (၁၀)ရက်လွန်အောင်ထားလျှင် ပထမကထိန သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊

ဝိကပ္ပနာပြုပြီး ပစ္စုဒ္ဓါရ်မပြုဘဲ သုံဆောင်လျှင် ဝိကပ္ပနာသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။ (၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ရဟန်းတော်များဝတ်ရုံရာ သင်္ကန်းသစ်များ၌ အရောင် (၃)မျိုးတို့တွင် တစ်မျိုးမျိုးသောအရောင်ကို အဘယ်ကြောင့် ထိုး၍ သုံးဆောင်ရသည်ကို ဖော်ပြခဲ့ပါ။**

သင်္ကန်းများ၌ အရောင်(၃)မျိုးတို့တွင် တစ်မျိုးမျိုးသော အရောင်ကို အဆင်ပျက်ခြင်းကို ပြုလိုခြင်းကြောင့် ထိုး၍ သုံးဆောင်ရပါသည်။ (၁၃၆၇-ခု အလတ်တန်း)

❑ **နဝံ စီဝရလာဘေန၌ အဘယ်သင်္ကန်းမျိုးကို သင်္ကန်းအသစ်ဟု ဆိုပါသနည်း၊ ရှင်းပြပါ။**

ကပွဗိန္နမထိုးရသေးလျှင် သာမဏေတို့ဝတ်ပြီးဖြစ်၍ ဟောင်းနွမ်းနေသော်လည်းကောင်း သင်္ကန်းအသစ်ဟု ခေါ်သည်။ (၁၃၆၈-ခု အကြီးတန်း)

❑ **သာမဏေ၏သင်္ကန်းကို ကပွဗိန္နထိုးရမည်ဟုဆိုလျှင် မှန်၊ မမှန် သာဓကထောက်၍ ဖြေပါ။**

"နဝံ ပန ဘိက္ခုနော စီဝရလာဘေန" ဟု ဟောတော်မူအပ်သည်ကို ထောက်၍ မမှန်ပါ။ (၁၃၆၂-ခု အကြီးတန်း)

❑ **ဘိက္ခုပါတိမောက်တွင် ရဟန်းတော်များအား သင်္ကန်းသစ်ရရှိလာသောအခါ လိုက်နာပြုကျင့်ရမည့်စည်းကမ်းချက်များကို ပြဆိုထားသော သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးပြပါ။**

http://www.dhammadownload.com

ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်ကို ပါဠိရေးပါ။

(၁၃၆၁-ခု၊ ၆၃-ခု၊ ၆၅-ခု၊ ၆၇-ခု အငယ်တန်း၊ ၁၃၃၂-ခု၊ ၆၂-ခု၊ ၆၃-ခု၊ ၆၄-ခု၊ ၆၇-ခု အလတ်တန်း၊ ၁၃၆၄-ခု၊ ၆၅-ခု အကြီးတန်း)

ဝိကပ္ပနသိက္ခာပဒ

❑ ဝိကပ္ပနာပြုကောင်းရာ ပုဂ္ဂိုလ်များ

ဝိကပ္ပနသိက္ခာပုဒ်ကို ထောက်၍ ရဟန်း၊ ရဟန်းမ၊ သာမဏေ၊ သာမဏေမ၊ သိက္ခမာန်။

(၁၃၆၄-ခု အငယ်တန်း၊ ၁၃၂၅-ခု၊ ၆၁-ခု၊ ၆၅-ခု အလတ်တန်း၊ ၁၃၆၀-ခု၊ ၆၃-ခု ၆၄-ခု၊ ၆၅-ခု အကြီးတန်း)

❑ သီတင်းသုံးဖော်(၅)ဦး

ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ သိက္ခမာန်၊ သာမဏေယောကျ်ား၊ သာမဏေမိန်းမ။

(၁၃၆၇-ခု အငယ်တန်း)

❑ ဝိကပ္ပနာသိက္ခာပုဒ်အရ သင်္ကန်းကို ဝိကပ္ပနာပြုပုံနှင့် ပစ္စုဒ္ဓိရ်ပြုပုံတို့.ကို အသီးသီး သိသာရုံမျှ ရေးပြပါ။

ဝိကပ္ပနာပြုပုံ- ကျမ် စီဝရံ တုယ့် ဝိကပ္ပေမိ (အနီး ရှိသူအား သမ္မုခါဝိကပ္ပနာပြုပုံ)

http://www.dhammadownload.com

ကျမ် စီဝရံ တိဿဿ ဘိက္ခုနော ဝိကပ္ပေမိ(အဝေး နေသူအား သမ္မုခါဝိကပ္ပနာပြုပုံ)

ပစ္စုဒ္ဓါရ်ပြုပုံ- မယ့် သန္တကံ ပရိဘုဥ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ။ (၁၃၃၄-ခု၊ ၆၈-ခု အကြီးတန်း)

❑ **ဝိကပ္ပနာသိက္ခာပုဒ်လာ ဝိကပ္ပနာ(၂)မျိုးကို ပြုပုံနှင့်တကွ ညွှန်ပြပါ။**

သမ္မုခါဝိကပ္ပနာ ၊ ပရမ္မုခါဝိကပ္ပနာအားဖြင့် (၂)ပါး သမ္မုခါဝိကပ္ပနာသည်-

အနီးဒ္ဒ တစ်ထည်ဖြစ်လျှင် "ကျံ စီဝရံ တုယ့် ဝိကပ္ပေမိ၊"

အနီးဒ္ဒ အများဖြစ်လျှင် "ကျမာနိ စီဝရာနိ တုယ့် ဝိကပ္ပေမိ"

အဝေးဒ္ဒ တစ်ထည်ဖြစ်လျှင် "ဧတံ စီဝရံ တုယ့် ဝိကပ္ပေမိ"

အဝေးဒ္ဒ အများဖြစ်လျှင် "ဧတာနိ စီဝရာနိ တုယ့် ဝိကပ္ပေမိ"

ပရမ္မုခါဝိကပ္ပနာသည်

အနီးဒ္ဒ အနည်းဖြစ်လျှင် "ကျမံ စီဝရံ တုံယ့် ဝိကပ္ပနတ္ထာယ ဒမ္မိ"၊

အနီးဒ္ဒ အများဖြစ်လျှင် "ကျမာနိ စီဝရာနိ တုယ့် ဝိကပ္ပနတ္ထာယ ဒမ္မိ"၊

အဝေးဒ္ဒ အနည်းဖြစ်လျှင် "ဧတံ စီဝရံ တုယ့် ဝိကပ္ပနတ္ထာယ ဒမ္မိ"၊

http://www.dhammadownload.com

အဝေးၵ္ဍ အများဖြစ်လျှင် "ဧတာနိ စီဝရာနိ တုယ္ဟံ ဝိကပ္ပနာဝတ္ထာယ ဒမ္မိ"။ (၁၃၆၅-ခု အကြီးတန်း)

❑ **ရဟန်းတော်များ မိမိသင်္ကန်းကို အခြားရဟန်းတစ်ပါးက 'ဝိကပ္ပနာ'ပြုရာဝယ် ယင်းအချိန်ၵ္ဍ ရနိုင်သောအကျိုး**

သိမှီးသိမ်းဆည်းထားနိုင်ခြင်း အကျိုးရှိသည်။

(၁၃၅၁-ခု အကြီးတန်း)

❑ **ဝိကပ္ပနာပြုပြီးဖြစ်၍ ပစ္စုဒ္ဓါရ်မပြုရသေးသော သင်္ကန်းကို သာမဏေအား သုံးဆောင်စေသောရဟန်း အပြစ်သင့်၊ မသင့် ပါဠိထောက်ပြ ဆုံးဖြတ်ပါ။**

ဝိကပ္ပနာပြုသည့်အနေဖြင့် သီတင်းသုံးဖော်(၅)ဦးတို့အား ပေးပြီး ပစ္စုဒ္ဓါရ်မပြုရသေးသောကာလအတွင်းၵ္ဍ မိမိသင်္ကန်းမဟုတ်တော့၍ ဝိကပ္ပနာပြုပြီး၍ ပစ္စုဒ္ဓါရ်မပြုရသေးသော သင်္ကန်းကို သာမဏေအား သုံးဆောင်စေသော ရဟန်းအား အပြစ်မသင့်ပါ။

အထောက်- ဝိကပ္ပနာသိက္ခာပုဒ်ကို ထောက်လေ။

(၁၃၆၂-ခု အလတ်တန်း)

❑ **ပစ္စုဒ္ဓါရ်ပြုပြီးမှ ရနိုင်သောအကျိုး**

သုံးဆောင်နိုင်ခြင်း၊ စွန့်နိုင်ခြင်း၊ အဓိဋ္ဌာန်တင်နိုင်ခြင်း အကျိုးတို့ကို ရနိုင်သည်။ (၁၃၅၁-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **တိစီဝရိတ်အဓိဋ္ဌာန်တင်သောသင်္ကန်းနှင့် ညဉ့်မကင်းရဟု ပညတ်သောသိက္ခာပုဒ်နှင့် သုဒ္ဓပါစိတ်လာ သီတင်းသုံးဖော်(၅)ဦးပါဝင်သော သိက္ခာပုဒ်တို့ကို အနက်မှန်ကန်စွာ ရေးသားခဲ့ပါ။**

ဥဒေါသိတသိက္ခာပုဒ်နှင့် ဝိကပ္ပနသိက္ခာပုဒ်တို့ကို အနက်ရေးပါ။ (၁၃၆၈-ခု အငယ်တန်း)

❑ **(၂၂၇)သွယ်သော ပါတိမောက်သိက္ခာပုဒ်တို့တွင် သီတင်းသုံးဖော်(၅)ဦးပါဝင်သော သိက္ခာပုဒ်ကို အနက်မှန်မှန် ရေးခဲ့ပါ။**

သုရာပါနဝဂ် ဝိကပ္ပနသိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၄၈-ခု အငယ်တန်း)

အပနိဓာနသိက္ခာပဒ

❑ **အပနိဓာနသိက္ခာပုဒ်၌ ခါးပန်းကြိုးအမျိုးအစား**

ယခုမျက်မြင် ခါးပန်းအပြားနှင့် ဝတ်အူကဲ့သို့ အထဲ၌ အခေါင်းပါအောင် ရက်ထားသော ခါးပန်းကြိုးတို့ ဖြစ်ပါသည်။ (၁၃၆၅-ခု အကြီးတန်း)

❑ **ရဟန်းတော်အချင်းချင်း ကျီစယ်နောက်ပြောင်လိုသဖြင့် ဝှက်မထားကောင်းသော ပစ္စည်းများ**

http://www.dhammadownload.com

၁။ အဓိဋ္ဌာန်လောက်သောသပိတ်၊

၂။ ဝိကပ္ပနာလောက်သောသင်္ကန်း၊

၃။ နိသီဒိုင်အခင်း၊

၄။ အပ်ဗူး၊

၅။ ခါးပန်းကြိုး။

(၁၃၆၃-ခု၊ ၆၆-ခု၊ ၆၇-ခု၊ ၆၈-ခု အငယ်တန်း၊ ၁၃၆၁-ခု၊ ၆၂-ခု၊ ၆၄-ခု အလတ်တန်း၊ ၁၃၆၁-ခု၊ ၆၂-ခု၊ ၆၃-ခု၊ ၆၄-ခု၊ ၆၆-ခု အကြီးတန်း)

❑ **ရယ်ရွှင်လိုသဖြင့် သပိတ်သင်္ကန်းစသည်ကို ဝှက်ထားသော ရဟန်းအား အာပတ်သင့်၊ မသင့် သိက္ခာပုဒ်ထောက်၍ ဆုံးဖြတ်ပါ။**

အပနိဓာန သိက္ခာပုဒ်ကိုထောက်၍ ပါစိတ်အာပတ် သင့်ပါသည်။ (၁၃၆၁-ခု အကြီးတန်း)

သဉ္စိစ္စသိက္ခာပဒ

❑ **ခွေးနှင့်နွားကို သတ်ရာ၌ ရရှိသော အပြစ်၏တူညီချက်၊ ခြားနားချက်တို့ကို အဋ္ဌကထာဆရာအလိုကျ ဖြေဆိုပါ။**

ခွေးနှင့်နွားနှစ်မျိုးလုံးသည် တိရစ္ဆာန်သတ္တဝါချင်း (ပါဏာချင်း) တူသောကြောင့် ၎င်းတို့ကိုသတ်ရာ၌ ဝိနည်းအလို သဉ္စိစ္စပါစိတ် အပြစ်ချင်း တူညီကြပါသည်။

http://www.dhammadownload.com

အဘိမ္မောအလိုမူ ခွေးသည် အကောင်ငယ်၊နွားသည် အကောင်ကြီးဖြစ်၍ နွားသတ်မှုသည် ခွေးသတ်မှု ထက်ပို၍ လုံ့လဗျာပါရကြီးကျယ်စွာဖြစ်ရ၍ အကုသိုလ်ဖြစ်ရမှုသည် နွားသတ်မှုက ခွေးသတ်မှုထက်ပို၍ ကြီးကျယ်သွားရသည်။ ထိုကြောင့် အဘိမ္မောအလို ၎င်းသတ်မှု(၂)မျိုးအချင်းချင်း မတူညီ ကြပါချေ။

(၁၃၆၄-ခု အကြီးတန်း)

❑ မနုဿဝိဂ္ဂဟသိက္ခာပုဒ်နှင့် သဠိစ္စ သိက္ခာပုဒ်လာ ပါဏာအရ

မနုဿဝိဂ္ဂဟသိက္ခာပုဒ်လာ ပါဏာ-အရကား လူ ဇာတ်ရှိသူတည်း။

သဠိစ္စပါဏာ သိက္ခာပုဒ်လာ ပါဏာ-အရကား တိရစ္ဆာန်ဇာတ်ရှိသူတည်း။ (၁၃၆၄-ခု အငယ်တန်း)

❑ သပ္ပါဏကဝဂ် ပထမ၊ဒုတိယ သိက္ခာပုဒ်လာ ပါဏာ (၂)ခု၏ ထူးခြားချက်ကို ဖော်ပြပါ။

ပထမသိက္ခာပုဒ်လာ ပါဏကား- တိရစ္ဆာန်ဟူသမျှ ကို ဆိုလိုပါသည်။

ဒုတိယသိက္ခာပုဒ်လာ ပါဏကား- ရေကိုသုံးစွဲလျှင် သေလောက်သော ပိုးကောင်ကို ဆိုလိုပါသည်။ ဤသို့ထူးပါသည်။

(၁၃၆၀-ခု၊ ၆၂-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ကြမ်းပိုးသတ်သောရဟန်း၏ အပြစ်ကို သိက္ခာပုဒ် ထောက်၍ ဖြေဆိုပါ။**

သင်္ဘစ္စသိက္ခာပုဒ်ထောက်၍ ပါစိတ်အာပတ်။

(၁၃၆၈-ခု အငယ်တန်း)

သပ္ပါဏကသိက္ခာပဒ

❑ **(က) သင်္ဘစ္စသိက္ခာပုဒ်လာ သင်္ဘစ္စ ပါဏ်၌ ပါဏ**

(ခ) သပ္ပါဏကသိက္ခာပုဒ်လာ ဇာန် သပ္ပါဏက်-၌ ပါဏ

(က) တိရစ္ဆာန်သတ္တဝါမှန်သမျှကို ပါဏ-အရ ယူရမည်။

(ခ) သုံးစွဲခြင်းကြောင့် သေကြေပျက်စီးနိုင်သော သတ္တဝါတို့ကို ပါဏအရယူ ရပါမည်။(၁၃၆၂-ခု အကြီးတန်း)

❑ **ဇာန် သပ္ပါဏက် ဥဒက်၌ ဇာန်-အရ၊ ဥဒက်-အရ တို့ကိုလည်း အသီးသီး ဖော်ပြပါ။**

ဇာန်-အရ ဤရေသည် ပိုးရှိ၏ဟု မြင်၍လည်းကောင်း၊ ကြား၍လည်းကောင်း တစ်စုံတစ်ခုသောအခြင်းအရာအားဖြင့် သိခြင်း၊ (ဘူတဂါမဝဂ်)

(တနည်း)သောက်သဖြင့် သေလတံ့ဟု သိခြင်း (သပ္ပါဏဝဂ်)

http://www.dhammadownload.com

ဥဒက်–အရ ပိုးရှိသောသောက်ကောင်း၊ မသောက်ကောင်းသောရေ (ဘူတဂါမဝဂ်)

(တနည်း) ပိုးရှိသော သောက်ရေ(သပ္ပါဏကဝဂ်)

(၁၃၆၈–ခု အကြီးတန်း)

❑ သုဒ္ဓပါစိတ်လာ သပ္ပါဏက် ဥဒက်ပါသော သိက္ခာပုဒ် (၂)ပါး၏ အထူး

ဘူတဂါမဝဂ်လာ သပ္ပါဏက သိက္ခာပုဒ်သည် သိလျက် ပိုးရှိသောရေကို မြက်ပေါ် ကိုယ်တိုင်သွန်းလောင်းခြင်း၊ သူတပါးကိုသွန်းလောင်းခိုင်းခြင်းတို့ကြောင့် ပါစိတ်အာပတ်သင့်ကြောင်းကို ပြသည်။

သပ္ပါဏကဝဂ်လာ သပ္ပါဏကသိက္ခာပုဒ်သည် သိလျက် ပိုးရှိသောရေကို သုံးဆောင်ခြင်းကြောင့် ပါစိတ်အာပတ်သင့်ကြောင်းကိုပြသည်။ ဤသို့ ထူးပါသည်။

(၁၃၆၁–ခု/အငယ်တန်း)

❑ သဉ္စိစ္စ ပါဏ၊ဧာနံ သပ္ပါဏက်–တို့၌ ပါဏသဒ္ဒါ(၂)ခုတို့၏ အရ

သဉ္စိစ္စပါဏ်–၌ ပါဏ–အရ တိရစ္ဆာန် သတ္တဝါမှန်သမျှကို ယူရမည်။

ဧာနံ သပ္ပါဏက်–၌ ပါဏ–အရ ရေသောက်ခြင်း

http://www.dhammadownload.com

စသည်ကို ပြုလိုက်လျှင် သေလောက်သော ပိုးကောင်ငယ်များကို ယူရမည်။ ဤသို့ ထူးသည်။ (၁၃၆၁-ခု အလတ်တန်း)

❑ **ပိုးရှိသောရေထဲသို့ ပိုးရှိမှန်းသိလျက် မြက်ထုံး(၅)ထုံးကို**

(က) တစ်ကြိမ်တည်း လောင်းထည့်သော ရဟန်း၊

(ခ) အထုံး(၅)ထုံးပြည့်အောင် တစ်ထုံးချင်းလောင်းထည့်သော

(ဂ) တစ်ကြိမ်သာစေခိုင်းပါလျက် ခံရသူက အကြိမ်(၅)ကြိမ်လောင်းထည့်ရာ၌ စေခိုင်းသည့် ရဟန်းတို့အား သင့်သောအာပတ်အရေအတွက်တို့ကို သိက္ခာပုဒ် အမည် ညွှန်ပြ၍ ဖြေပါ။

(က) ပါစိတ်အာပတ်(၁)ချက်၊

(ခ) ပါစိတ်အာပတ် (၅)ချက်၊

(ဂ) ပါစိတ်အာပတ်(၁)ချက်။

(၁၃၆၀-ခု အကြီးတန်း)

❑ **အောက်ပါ(က) (ခ) (ဂ)တို့၏ အထူး**

(က) အနုပခဇ္ဇသိက္ခာပုဒ်လာ ဧာန်၊

(ခ) သပ္ပါဏကသိက္ခာပုဒ်လာ ဧာန်။

(ဂ) အာရာမ ပဝိသနသိက္ခာပုဒ်လာ ဧာန်။

http://www.dhammadownload.com

(က) သီတင်းကြီး၊ သူနာ၊သံဃာပေးသောသူဟု သိခြင်း။

(ခ) ပိုးကောင်ရှိမှန်း သိခြင်း။

(ဂ) ရဟန်းရှိ၏ဟု သိခြင်း။

(၁၃၃၇-ခု အလတ်တန်း)

❑ **ခြင်သတ်သောရဟန်းနှင့် ဆင်သတ်သောရဟန်းတို့၏**

(က) ထူးခြားချက်

(ခ) မထူးခြား၊ချက်တို့ကို ကခ်ဲအာဘော်ကျ ရေးသား ပြပါ။

(က) လုံ့လများလျှင် အကုသိုလ်များ၍ လုံ့လ နည်းလျှင် အကုသိုလ်နည်းသည်။

(ခ) တိရစ္ဆာန်ချင်းတူ၍ ပါစိတ်အာပတ်ခြင်း တူသည်။ (၁၃၅၀-ခု အကြီးတန်း)

ဥက္ကောဋနသိက္ခာပဒ

❑ **တရားသဖြင့်ငြိမ်းစေပြီးသော အဓိကရဏ်းကို နောက်ထပ် တစ်ဖန်ကံပြုဖို့ရာ အားထုတ်သောရဟန်းအား သင့်ရောက် သော အာပတ်နှင့် သိက္ခာပုဒ်အမည်ကို ဖော်ပြပါ။**

ဥက္ကောဋနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်ပါသည်။ (၁၃၆၂-ခု အလတ်တန်း)

http://www.dhammadownload.com

❑ **တရားနှင့်အညီ ငြိမ်းပြီးသော ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းကို တစ်ဖန်ကံဖြစ်စေရန် လှုံ့ဆော်သောရဟန်းအား သင့်ရောက်သည့် အပြစ်သိက္ခာပုဒ်ကို အနက်ယောဇနာပါ။**

သုဒ္ဓပါစိတ် သပ္ပါဏကဝဂ် တတိယ(ဥက္ကောဋန)
သိက္ခာပုဒ်ကို အနက်ယောဇနာပါ။

(၁၃၄၆-ခု၊ ၅၀-ခု၊ ၅၁-ခု၊ ၆၁-ခု၊ ၆၄-ခု အငယ်တန်း၊ ၁၃၆၆-ခု အကြီးတန်း)

ဒုဋ္ဌလ္လသိက္ခာပဒ

❑ **ဒုဋ္ဌလ္လသိက္ခာဝယ် အာပတ်အဆက်ပြတ်ပုံကို ရှင်းလင်းဖြေဆိုပါ။**

ဖုံးထားတော့မည်ဟု ဝန်ချပြီး၍ ဖုံးမထားဘဲ ရဟန်းတစ်ပါးအား ပြောလိုက်ရာ ပြောခံရသောရဟန်းကလည်း နည်းတူ အခြားရဟန်းတစ်ပါးအား ပြော၏။ ထိုနောက်ဆုံးပြောခံရသောရဟန်းက အခြားတစ်ပါးကို မပြောတော့ဘဲ မိမိပြောသောရဟန်းအားသာ ပြန်ပြောသည်ရှိသော် အာပတ်အဆက်ပြတ်ပါသည်။ (၁၃၆၂-ခု အကြီးတန်း)

❑ **ရဟန်း၏ ဒုဋ္ဌလ္လအာပတ်ကို ပြောကြားခြင်းဖြင့်လည်းကောင်း၊ ဖုံးလွှမ်းထားခြင်းကြောင့်လည်းကောင်း သင့်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ်ထောက်၍ ညွှန်ပြပါ။**

http://www.dhammadownload.com

ယော ပန ဘိက္ခု ဘိက္ခုဿ ဒုဋ္ဌုလ္လံ အာပတ္တိံ အနုပသမ္မန္နဿ အာရောစေယျ၊ အညတြ ဘိက္ခုသမ္မုတိယာ၊ ပါစိတ္တိယံ ဟူသော ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်ကိုထောက်၍ – ပါစိတ်အာပတ်။

ယော ပန ဘိက္ခု ဘိက္ခုဿ ဇာနံ ဒုဋ္ဌုလ္လံ အာပတ္တိံ ပဋိဆ္ဆာဒေယျ၊ ပါစိတ္တိယံ ဟူသော ဒုဋ္ဌုလ္လပဋိဆ္ဆာဒန သိက္ခာပုဒ်ကိုထောက်၍ ပါစိတ်အာပတ်။(၁၃၃၇-ခု အကြီးတန်း)

❑ **သုဒ္ဓပါစိတ်လာ သံဃာဒိသေသ်အာပတ်ကိုပြောကြားခြင်း ဖုံးလွှမ်းခြင်းကြောင့် သင့်ရောက်သောအပြစ်ပြ သိက္ခာပုဒ် ပါဠိများကို ထုတ်နုတ်ရေးသားပြပါ။**

ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်နှင့် ဒုဋ္ဌုလ္လသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။ (၁၃၄၇-ခု၊ ၆၃-ခု အငယ်တန်း)

ဥိနဝီသတိဝဿ သိက္ခာပဒ

❑ **အသက်နှစ်ဆယ်မပြည့်သေးသောပုဂ္ဂိုလ်ကို သိလျက် ရဟန်းခံပေးရာ၌ သက်ဆိုင်ရာပုဂ္ဂိုလ်တို့ရရှိနိုင်သော အပြစ်များကို အသီးသီးဖြေဆိုပါ။**

ဥပဇ္ဈာယ်ဆရာသည် သုဒ္ဓပါစိတ်၊

http://www.dhammadownload.com

ကာရကသံဃာအားလုံး ဒုက္ကဋ်အာပတ်၊
ရဟန်းခံပုဂ္ဂိုလ်သည် ရဟန်း မဖြစ်ပါ။
(၁၃၃၇-ခု၊ ၆၁-ခု၊ ၆၇-ခု၊၆၈-ခု အငယ်တန်း၊ ၁၃၆၇-ခု အလတ်တန်း၊ ၁၃၆၅-ခု အကြီးတန်း)

❑ **ဥနဝိသတိဝဿပုဂ္ဂိုလ်ကို ရဟန်းခံပေးသော ဥပဇ္ဈာယ် ဆရာအား ကမ္မဝါစာအတွင်း သင့်ရောက်နိုင်သော အပြစ်များ**

ဥတ်နှင့် ကမ္မဝါစာ နှစ်ကြိမ်တို့၌ ဒုက္ကဋ်။
ကမ္မဝါစာအဆုံး၌ ပါစိတ်။ (၁၃၅၀-ခု အကြီးတန်း)

❑ **အသက်(၂၀)မပြည့်သေးသော ပုဂ္ဂိုလ်ကို ရဟန်းခံပေးရာ၌**
(က) ရဟန်းဖြစ်/မဖြစ်
(ခ) ရရှိနိုင်သောအခွင့်အရေး၊
(ဂ) အန္တရာယ်ဖြစ်/မဖြစ်
(ဃ) ဆက်လက်လုပ်ဆောင်ရမည့် ကျင့်ဝတ်များ
(က) ရဟန်း မဖြစ်၊
(ခ) ရဟန်းမဖြစ်ဟု မသိ၍ တရားကျင့်က တရားထူး ရနိုင်ပါသည်။

http://www.dhammadownload.com

(ဂ) ရဟန်းမဖြစ်ဟု သိက အန္တရာယ်ဖြစ်၏၊ မသိက မဖြစ်ပါ။

(ဃ) ရဟန်းပြန်ခံပါ။ (၁၃၆၂-ခု အကြီးတန်း)

❑ **ကျဒ် တသို့ ပါစိတ္တိယ်၌ ပါစိတ်အာပတ်သင့်သော ပုဂ္ဂိုလ်**

ဥပဇ္ဈာယ်ပုဂ္ဂိုလ် ဖြစ်ပါသည်။

(၁၃၆၀-ခု အကြီးတန်း)

❑ **အသက်(၂၀)မပြည့်သူကို ရဟန်းခံပေးရာ၌ မည်သည့် ရဟန်းအား မည်သည့်အခါ ပါစိတ်အာပတ်သင့်သည်ကို တိကျစွာ ညွှန်ပြခဲ့ပါ။**

ဥပဇ္ဈာယ်ဆရာအား ကမ္မဝါစာ (၃)ကြိမ်အဆုံး၌ ပါစိတ်အာပတ်သင့်ပါသည်။ (၁၃၆၅-ခု အကြီးတန်း)

❑ **သာမဏေမပြုဘဲ ယခုချက်ချင်း သင်္ကန်းဝတ်ပေးလိုက်သောသူကို ရဟန်းခံပေးသင့်၊ မပေးသင့် ယုတ္တိပြ ဖြေဆိုပါ။**

ဇာနံ ဦနဝိသတိဝဿံ ပုဂ္ဂလံ ဥပသမ္ပာဒေယျဒ္ဓ ပုဂ္ဂလံဟု သာမန်ဆိုခြင်းကြောင့် သာမဏေမပြုဘဲ ရဟန်းခံပေးသင့်ပါသည်။

(၁၃၆၁-ခု၊ ၆၅-ခု အယေါတန်း၊ ၁၃၆၁-ခု၊ ၆၂-ခု ၊၆၃-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **တေ စ ဘိက္ခူ ဂါရယျာဓ၊ ဆိလိုရင်း အဓိပ္ပါယ်**

အလွန်အောက်မေ့ထိုက်သော အပြစ်နှင့်တကွ ဖြစ်ကုန်၏။ ဒုက္ကဋ်အာပတ်သို့ ရောက်ကုန်၏။

(၁၃၆၁-ခု အလတ်တန်း)

❑ **သိလျက်နှင့် အသက်(၂၀)မပြည့်သေးသော ပုဂ္ဂိုလ်ကို ပဉ္စင်းခံပေးသောရဟန်း အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။**

ဥနဝီသတိဝဿ သိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၅၆-ခု၊ ၆၅-ခု၊ ၆၇-ခု အငယ်တန်း၊ ၁၃၆၃-ခု၊ ၆၄-ခု အလတ်တန်း)

ထေယျသတ္ထသိက္ခာပဒ

❑ **ထေယျသတ္ထသိက္ခာပုဒ်၌ အန္တ့မသော-အရ**

ရှာတစ်ပါးကို ယူရပါသည်။

(၁၃၆၇-ခု အလတ်တန်း)

❑ **နံပါတ်ဖိုး(ဘိန်းဖြူ)ခိုးသယ်သော ကုန်သည်မှန်းသိလျက် တိုင်ပင်၍ အတူသွားသော ရဟန်း၏အပြစ်ပြ သိက္ခာပုဒ် ပါဠိ**

ထေယျသတ္ထသိက္ခာပုဒ်ကို ပါဠိရေးပါ။

(၁၃၆၆-ခု၊ ၆၇-ခု အငယ်တန်း)

http://www.dhammadownload.com

❑ **ဘိက္ခုသုဒ္ဓပါစိတ် ဓာန်သဒ္ဒါ အစဉ်မပျက်သော သိက္ခာပုဒ်အမည်များ**

သပ္ပါဏက, ဥက္ကောဋန, ဒုဋ္ဌုလ္လ, ဥနဝီသတိဝဿ, ထေယျသတ္ထ သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

(၁၃၆၄-ခု၊ ၆၇-ခု အငယ်တန်း၊ ၁၃၆၇-ခု အလတ်တန်း၊ ၁၃၆၄-ခု အကြီးတန်း)

သံဝိဓာန သိက္ခာပဒ

❑ **ဘိက္ခုပါတိမောက်လာ သံဝိဓာနသိက္ခာပုဒ် (၂)ခုတို့၏ခြားနားချက်**

ဩဝါဒဝဂ်၌ ဘိက္ခုနီမနှင့် တိုင်ပင်၍ ခရီးအတူသွားခြင်းကြောင့် အာပတ်သင့်သည်။

သပ္ပါဏကဝဂ်၌မူ မာတုဂါမနှင့်တိုင်ပင်၍ ခရီးအတူသွားခြင်းကြောင့် အာပတ်သင့်သည်။

❑ **သံဝိဓာန သိက္ခာပုဒ်၌ အကပ္ပိယဘူမိ-အရ**

ဘိက္ခုနီကျောင်း၊ ရွာတွင်းကျောင်း၊ ရွာတွင်းဆွမ်းစားဇရပ်၊ တိတ္ထိကျောင်းကိုကြဉ်၍ ကျန်အရပ်သည် အကပ္ပိယဘူမိမည်ပါသည်။ (၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ကေတော ဥပသမ္မန္နေ ဘိက္ခုနိ, ဥဘတော ဥပသမ္မန္နေ ဘိက္ခုနိ (၂)ပါးတို့နှင့်တိုင်ပင်၍ ခရီးသွားသောရဟန်းအား အာပတ်သင့်ပုံခြင်း ထူးခြားမှုကို ဝဂ်အမည်, သိက္ခာပုဒ် အမည်များ ထောက်၍ ဖြေဆိုပါ။**

ဥဘတောဥပသမ္မန္နေနှင့်သွားလျှင် ဩဝါဒဝဂ်– သံဝိဓာန သိက္ခာပုဒ်ဖြင့် ပါစိတ်။

ကေတော ဥပသမ္မန္နေနှင့်သွားလျှင်မူ သပ္ပါဏကဝဂ် သံဝိဓာနသိက္ခာပုဒ်ဖြင့် ပါစိတ်။ (၁၃၆၆-ခု အကြီးတန်း)

❑ **ရဟန်းတော်များအနေဖြင့် အတူတကွ အချိန်းအချက်လုပ်၍ ခရီးမသွားကောင်းသည့် ပုဂ္ဂိုလ်များ**

ဩဝါဒဝဂ် သံဝိဓာနသိက္ခာပုဒ်အရ ဘိက္ခုနီ၊ သပ္ပါဏကဝဂ် ထေယျသတ္ထသိက္ခာပုဒ်အရ ခိုးသူကုန်သည်၊ သပ္ပါဏကဝဂ် သံဝိဓာနသိက္ခာပုဒ်အရ မာတုဂါမ။

(၁၃၆၁-ခု အလတ်တန်း၊ ၁၃၆၄-ခု၊ ၆၆-ခု အကြီးတန်း)

❑ **မာတုဂါမနှင့် တိုင်ပင်ညီညွတ်၍ ကျိုက်ထီးရိုးသို့ ဘုရားဖူးသွားသော ရဟန်းအား အပြစ်ရှိ၊ မရှိ သိက္ခာပုဒ်ပြ၍ ဆုံးဖြတ်ပြီးလျှင် ယင်းသိက္ခာပုဒ်ကို အနက်ယောဇနာခဲ့ပါ။**

. ယော ပန ဘိက္ခု မာတုဂါမေန သဒ္ဓိ သံဝိဓာယ ဧကဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇေယျ အန္တမသော ဂါမန္တရမ္ပိ၊ ပါစိတ္တိယံ – ဟူသော သိက္ခာပုဒ်အရ ပါစိတ်အာပတ် (အနက်ထင်ရှားပြီ)

(၁၃၆၅-ခု၊ ၆၈-ခု အငယ်တန်း၊ ၁၃၂၆-ခု၊ ၆၁-ခု အလတ်တန်း၊)

http://www.dhammadownload.com

❑ **သုဒ္ဓပါစိတ်၌ မာတုဂါမနှင့်စပ်၍ ပညတ်အပ်သော သိက္ခာပုဒ်အမည်များကို ဝဂ်နှင့် တွဲစပ်ဖော်ပြပါ။**

မုသာဝါဒဝဂ်–

ဒုတိယသဟသေယျသိက္ခာပုဒ်၊

ဓမ္မဒေသနာသိက္ခာပုဒ်။

အစေလကဝဂ်–

ရဟောပဋိစ္ဆန္န သိက္ခာပုဒ်၊

ရဟောနိသဇ္ဇ သိက္ခာပုဒ်၊

သပ္ပါဏကဝဂ်–

သံဝိဓာန သိက္ခာပုဒ်

(၁၃၅၁–ခု အငယ်တန်း၊ ၆၇–ခု အလတ်တန်း၊ ၁၃၂၉–ခု၊ ၃၁–ခု၊ ၆၄–ခု အကြီးတန်း)

❑ **သုဒ္ဓပါစိတ်၌ မာတုဂါမများနှင့် ပတ်သက်၍ တိုက်ရိုက်တားမြစ်ချက်တို့ကို ကုန်စင်အောင် ဖော်ပြခဲ့ပါ။**

၁။ မာတုဂါမနှင့်တမိုးတရံတည်းသောကျောင်း၌ အတူအိပ်လျှင် ပါစိတ်အာပတ်။ (ဒုတိယသဟသေယျ)

၂။ မာတုဂါမအား (၆)ခွန်း၊ (၅)ခွန်းထက်လွန်သော ပါဠိ၊ အဋ္ဌကထာဓမ္မကို ဟောပြောလျှင် ပါစိတ်အာပတ်၊ (ဓမ္မဒေသနာ)

http://www.dhammadownload.com

၃။ မာတုဂါမနှင့်ဖုံးကွယ်ရာအရပ်၌နေလျှင် ပါစိတ်။ (ရဟော ပဋိစ္ဆန္နေ)

၄။ မာတုဂါမနှင့်တစ်ယောက်ချင်းချင်း နားဏ် ဆိတ်ကွယ်ရာ၌ နေထိုင်လျှင် ပါစိတ်အာပတ်။ (ရဟော နိသဇ္ဇေ)

၅။ မာတုဂါမနှင့်တိုင်ပင်၍ တစ်ကြောင်းတည်းသော အခွန်ရှည်သော ခရီးသို့သွားလျှင် ပါစိတ်(သံဝိဓာန)

(၁၃၆၈-ခု အကြီးတန်း)

(ဆောင်) ကမ်-ကိလေသ၊ ဝိပါကနှင့်၊ ဥပ-အကာ၊ ဤခြောက်ပါ၊ မှတ်ပါ အန္တရာယ်

အရိုင္ သိကၡာပဒ

❑ အရိုင္သိကၡာပုဒ်လာ အန္တရာယ်(၅)မျိုးနှင့် အကျိုးသွား

၁။ ကမ္မန္တရာယ်- ပြုသည်၏ အခြားမဲ့၌ မြဲသောအကျိုး၊

၂။ ကိလေသန္တရာယ်- မဂ်,ဖိုလ်မရနိုင်ခြင်း၊ ရဟန်းမဖြစ်နိုင်ခြင်းအကျိုး၊

၃။ ဝိပါကအန္တရာယ်- မဂ်,ဖိုလ်, နိဗ္ဗာန်, စျာန်မရနိုင်ခြင်းအကျိုး၊

၄။ ဥပဝါဒန္တရာယ်- နတ်,ဗြာ,နိဗ္ဗာန်,မဂ်,ဖိုလ်,စျာန်မရနိုင်ခြင်းအကျိုး။

http://www.dhammadownload.com

၅။ ပညတ္တိဝိတိက္ကမန္တ ရာယ်- နတ်,ရွာ,နိဗ္ဗာန်, မင်္ဂ, ဖိုလ်,စျာန်မရနိုင်ခြင်းအကျိုး။(၁၃၆၆-ခု အကြီးတန်း)

❑ **"ဝိနည်းသည် သာသနာတော်၏အသက်" ဖြစ်လေရာ အရိုင္သိကၡာပုဒ်လာ အန္တ ရာယိကာ ဓမ္မာ ဝယ်ယူရမည့် အန္တ ရာယ်ကိုသာ ပါဠိသာဓကထောက်ပြ ဖြေဆိုပါ။**

ပညတ္တိဝိတိက္ကမန္တ ရာယ် ဖြစ်ပါသည်။

ပါဠိသာဓက- ယထာ ယေ မေ အန္တ ရာယိကာ ဓမ္မာ ဝုတ္တာ ဘဂဝတာ၊ တေ ပဋိသေဝတော နာလံ အန္တ ရာယာယာတိ။

(၁၃၆၈-ခု အငယ်တန်း၊ ၁၃၆၀-ခု အကြီးတန်း)

❑ **သာသနပစ္စတ္ထိက သာသနာ့ရန်စွယ် အန္တ ရာယ်ဖြစ်သည့် အရိုင္ရဟန်းကဲ့သို့ သောရဟန်းမျိုးပေါ်ပေါက်လာပါက သာသနာတော် သန့်ရှင်းရေးအတွက် မည်သို့ပြောဆို ဆောင်ရွက်ရမည်ကို သိကၡာပုဒ်လာအတိုင်း ဖော်ပြပါ။**

မြင်ကုန်၊ကြားကုန်သောရဟန်းတို့သည် "ငါ့ရှင် ဤသို့မပြောပါနှင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပါနှင့် ၊မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်းပါ၊ မြတ်စွာဘုရားက ငါ့ရှင်ပြောသည့်အတိုင်း မဟောပါ။ ပရိယာယ်အမျိုးမျိုးဖြင့် " အန္တ ရာယ်ပြုတတ်သော မေထုန်အကျင့်တို့ကို အန္တ ရာယ်ပြုတတ်ကုန်၏" ဟူ၍သာ ဟောတော်မူအပ်ပါပြီ၊ ထိုမေထုန်အကျင့်တို့ကို မှီဝဲသော ရဟန်း၏ ထိုမေထုန်အကျင့်တို့သည် စျာန် မင်္ဂ ဖိုလ်၏

http://www.dhammadownload.com

အန္တရာယ်ပြုခြင်းငှာ စွမ်းနိုင်ကုန်သည်သာ ဖြစ်၏"ဟု ပြောဆိုဆုံးမ ရမည်။ ထိုသို့ပြောဆိုဆုံးမပါလျက် ထိုအယူကို မစွန့်ငြားအံ့၊ (၃)ကြိမ်တိုင်တိုင် ဥတ်ကမ္မဝါစာဖြင့် ပြောဆိုဆုံးမရမည်–စသော အစီအစဉ်များ ဆောင်ရွက်ရမည်။ (၁၃၆၂–ခု အကြီးတန်း)

❑ **အဓမ္မဝါဒီရဟန်းက 'အန္တရာယိက အဓမ္မဝါဒ'ကို 'အနန္တရာယိက ဓမ္မဝါဒ'ဟု ပြောဆိုလာလျှင် ဓမ္မဝါဒီ ရဟန်းတော်များ၏ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း**

ထိုရဟန်းကို ရဟန်းကောင်းတို့က – 'ငါရှင်... ဤသို့မပြောဆိုပါလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပါနှင့်၊ မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်းပါ၊ မြတ်စွာဘုရားသည် သင်ပြောသလို ဟောကြားသည် မဟုတ်ပါ၊ မြတ်စွာဘုရားသည် အန္တရာယိကဓမ္မများ၏ အန္တရာယိကဖြစ်ပုံ အမျိုးမျိုးဖြင့် ဟောကြားထားပါသည်။ အန္တရာယိကဓမ္မများကို မှီဝဲလျှင် တကယ် အန္တရာယ်ပြုနိုင်ပါသည်။

ဤသို့ပြောဆိုရပါမည်။ ဤသို့ပြောဆိုလို့မှမရလျှင် သုံးကြိမ်တိုင်အောင် ပြောဆိုဆုံးမရမည်။ (၁၃၅၀–ခု အကြီးတန်း)

❑ **"မေထုန်မှီဝဲသော ရဟန်းအား နတ်ရွာ နိဗ္ဗာန် စျာန် မဂ်ဖိုလ်၏ အန္တရာယ် မဖြစ်"ဟု ပြောသော အရိုင္ရဟန်း အား မြင်ကုန်ကြားကုန်သော ရဟန်းတို့က ပြောဆိုဆုံးမ ပုံကို မြန်မာစကားပြေ သက်သက်ဖြင့် ပြည့်စုံအောင် ရေးခဲ့ပါ။**

http://www.dhammadownload.com

"အရှင်သည် ဤသို့ မဆိုပါလင့်၊ မြတ်စွာဘုရား ကို ဤသို့ မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်း(ပ) အန္တရာယ်ပြုနိုင်သည်။

❑ **အရိဋ္ဌရဟန်းပြောဆိုပုံကို မြန်မာဘာသာဖြင့် ဖော်ပြပါ။**

အကြင်သို့သောအပြားအားဖြင့် စျာန် မဂ် ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်သော အကြင်မေထုန ပဋိသေဝနတရား တို့ကို မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ထိုတရားကို မှီဝဲသောသူအား စျာန် မဂ် ဖိုလ်၏ အန္တရာယ်ကို ပြုခြင်းငှာ မစွမ်းနိုင်ဟု ပြောဆို၏။

(၁၃၆၅-ခု အငယ်တန်း၊ ၁၃၆၅-ခု အကြီးတန်း)

❑ **မြတ်စွာဘုရား၏ ဝေဿရဇ္ဇဉာဏ်ကို စွပ်စွဲခြင်း**

သာဓက - အနေကပရိယာယေနာ ဝုသော အန္တရာယိကာ ဓမ္မာ အန္တရာယိကာ ဝုတ္တာ ဘဂဝတော၊ အလဉ္စ ပန တေ ပဋိသေဝတော အန္တရာယာယ။

(၁၃၆၅-ခု အကြီးတန်း)

❑ **အရိဋ္ဌရဟန်းပြောဆိုပုံပြု စကားရပ်နှင့် အဓိကရဏ သိင်္ဂာ ပုဒ်ပါဠိတို့ကို အနက်ဖော်ဖေနခဲ့ပါ။**

တထာယံ(ပ) အန္တရာယာယပါဠိနှင့် စိတ္တာဂါရဝဂ်

http://www.dhammadownload.com

အဓိကရဏ သိက္ခာပုဒ်တို့ကို အနက်ရေးပါ။

(၁၃၆၂-ခု၊ ၆၆-ခု အကြီးတန်း)

❑ **ဘိက္ခုနီပါတိမောက်၌ အရိုင္ဟရဟန်းက ဗုဒ္ဓ၏ ဝိနည်းတရား တော်အပေါ်မှာ ဝေဖန်ပြောဆိုပုံနှင့် ရဟန်းကောင်းများက အရိုင္ဟရဟန်းကို "အသိမှန်၊ အမြင်မှန်ရလာအောင် ပြန်လည်စည်းရုံးရေး တရားဟောပုံပြ စကားရပ်" တို့ကို ပါဠိသက်သက် အသီးသီးရေးခဲ့ပါ။**

ပါဠိရေးပါ။ (၁၃၆၁-ခု အကြီးတန်း)

❑ **မြတ်ဗုဒ္ဓ၏ အန္တရာယိကဓမ္မ ဝေသာရဇ္ဇဉာဏ်ကို စွပ်စွဲသော ရဟန်းဆိုးအား ရဟန်းကောင်းတို့က ဆိုဆုံးမပုံပြ ပါဠိကိုရေးပါ။**

မာယသ္မာ ဇဝံ အဝစ(ပ) အန္တရာယာယာတိ။

(၁၃၆၅-ခု အကြီးတန်း)

❑ **ဘိက္ခုသုဒ္ဓပါစိတ်အာပတ်တို့တွင် ဥတ်ကမ္မဝါစာဖြင့် (၃) ကြိမ်တိုင်အောင် ဆုံးမခြင်းကို မနာယူမှ အာပတ်သင့်သော သိက္ခာပုဒ်ကို ပါဠိရေးပါ။**

အရိုင္ဟသိက္ခာပုဒ်ကို ပါဠိရေးလေ။

(၁၃၃၀-ခု၊ ၁၃၆၈-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **အောက်ဖော်ပြပါ သိက္ခာပုဒ်တို့.ကို ပါဠိသက်သက် ရေးခဲ့ပါ။**

(က) အခင်းသစ်ပြုလုပ်လိုသော ရဟန်းလိုက်နာရန် ကျင့်ဝတ်ပြ သိက္ခာပုဒ်၊

(ခ) အရိဋ္ဌရဟန်းတို့အား ရဟန်းကောင်းတို့ ပြောဆိုဆုံးမပုံ စကားရပ်ပြ ပါဠိ။

(က) ဒွေဘာဂသိက္ခာပုဒ်ကို ပါဠိရေးလေ။

(ခ) မာယသ္မာ ဧဝံ အဝစ၊ မာ ဘဂဝန္တံ အဗ္ဘာစိက္ခိ။ပ။ အန္တရာယာယ–ကို ရေးလေ။

(၁၃၆၃–ခု အကြီးတန်း)

ဥက္ခိတ္တသမ္ဘောဂ သိက္ခာပဒ

❑ **ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်လာ အနုဓမ္မ, အကတာနုဓမ္မ တို့၏ အဓိပ္ပါယ်ကို ကခ်ီလာသည့်အတိုင်း ဖြေဆိုပါ။**

အနုဓမ္မ

အာပတ်ကိုမရှုခြင်းကြောင့်သော်လည်းကောင်း၊ မကုစား ခြင်းကြောင့်သော်လည်းကောင်း၊ ယုတ်မာသောအယူကို မစွန့်စား ခြင်းကြောင့်သော်လည်းကောင်း ဟုတ်မှန်သောသဘော,

http://www.dhammadownload.com

စောဒနာ, သာရဏာ ဝိနည်းဖြင့် နှင်ထုတ်အပ်ပြီးသော ရဟန်းကို ဥက္ခိတ္တက ကံအားလျော်သော ကျင့်ဝတ်ကိုမြင်၍ ပြုအပ်သော သံဃာဘောင်သို့ သွင်းခြင်းသည် အနုဓမ္မ မည်ပါသည်။

အကတာနုဓမ္မ

သံဃာဘောင်သို့သွင်းခြင်းဟု ဆိုအပ်သော အနုဓမ္မကို မပြုအပ်သောရဟန်းသည် အကတာနုဓမ္မ မည်ပါသည်။

(၁၃၆၀-ခု၊ ၆၁-ခု၊ ၆၂-ခု၊ ၆၆-ခု အကြီးတန်း)

❑ **အကဋာနုဓမ္မေနဋ္ဌ အကဋာနုဓမ္မ-အရ**

မပြုရသေးသော သြသာရဏာကံကို ရပါသည်။

(၁၃၆၅-ခု အကြီးတန်း)

❑ **သြသာရဏာကံ မပြုရသေးသော ဥက္ခိတ္တကရဟန်းနှင့် အတူတကွ ပြုလွှဲမရသော အမှုများကို ပါတိမောက္ခ ကျမ်းလာအတိုင်း ဖြေဆိုပါ**

အာမိသသမ္ဘောဂ၊ ဓမ္မသမ္ဘောဂအမှု၊ ဥပုသ် စသော ကံကြီးကံငယ် တကွပြုမှု၊ တစ်မိုးတစ်ရံတည်းသော ကျောင်း၌ တကွအိပ်မှုတို့ ဖြစ်သည်။ (၁၃၆၂-ခု အလတ်တန်း)

http://www.dhammadownload.com

❑ **ရဟန်းကောင်း ရဟန်းမြတ်တို့နှင့် ဆွမ်းအတူ မဘုဉ်းပေး ကောင်းသော ရဟန်းမျိုးကို သုဒ္ဓပါစိတ် သပ္ပါဏကဝဂ် ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်အရ ဖြေဆိုပါ။**

မပြုအပ်သေးသော သြသာရဏကံရှိသော မိစ္ဆာအယူကို မစွန့်သေးသော ဥက္ခိတ္တ ရဟန်းမျိုး ဖြစ်သည်။

(၁၃၆၃-ခု အကြီးတန်း)

❑ **သုဒ္ဓပါစိတ် သပ္ပါဏကဝဂ် ဓာန်သဒ္ဒါပါသော သိက္ခာပုဒ် အမည်များ**

သပ္ပါဏက, ဥက္ကောဋန, ဒုဋ္ဌုလ္လ, ဥနဝီသတိဝဿ, ထေယျသတ္ထ, ဥက္ခိတ္တ သမ္ဘောဂသိက္ခာပုဒ်တို့ ဖြစ်သည်။

(၁၃၆၂-ခု အလတ်တန်း)

❑ **နှင်ထုတ်ထားသောရဟန်းနှင့် အတူယက္ခ ပေါင်းသင်း ဆက်ဆံမှုမပြုရမည့် ကိစ္စရပ်များကို ပါတိမောက်လာ အတိုင်း မြန်မာဘာသာပြင့် ရေးပြပါ။**

၁။ အာမိသ၊ ဓမ္မ သံမ္ဘောဂ မပြုရသောကိစ္စ၊

၂။ ဥပုသ်ပဝါရဏာစသော သံဝါသမပြုရသောကိစ္စ၊

၃။ အတူအိပ်မှုမပြုရသော ကိစ္စ။

(၁၃၆၈-ခု အငယ်တန်း၊ ၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com

❑ **ရဟန်းတော်များအဖို့ သိလျက်ပြုလျှင် အာပတ်ဟု ပညတ်ထားတော်မူသော သိက္ခာပုဒ်တော်များအနက် မာတိကာပါဠိတော်လာ နောက်ဆုံးပညတ်တော် (၄) ရပ်ကိုသာ ဖော်ပြပါ။**

၁။ ကုန်သည်နှင့်တိုင်ပင်၍ ခရီးမသွားရဟု- ပညတ်ခြင်း၊(ထေယျ သတ္ထသိက္ခာပုဒ်)

၂။ ဥက္ခိတ္တရဟန်းနှင့်အတူတကွ သံဝါသမပြုရဟု ပညတ်ခြင်း၊(ဥက္ခိတ္တသမ္ဘောဂ)

၃။ ဒဏ္ဍနာသနဖြင့် နာသိတသာမဏေရကို ဖျားယောင်းခြင်းစသည်ကို မပြုရဟု ပညတ်ခြင်း၊(ကဏ္ဋက သိက္ခာပုဒ်)

၄။ သံဃာသို့ညှတ်ပြီးသောလာဘ်ကို ပုဂ္ဂိုလ်သို့ မညီညွတ်စေရ-ဟု ပညတ်ခြင်း၊(ပရိဏာမနသိက္ခာပုဒ်)

မှတ်ချက်။ သိလျက်၊ ပြုလျက်ဟူသော ပုစ္ဆာအရ ဇာနံ သဒ္ဒါပါသော သိက္ခာပုဒ်တို့ကို ရည်ရွယ်၍ ဖြေသည်။

(၁၃၆၄-ခု အကြီးတန်း)

❑ **(က) ငြိမ်းအေးဖြိုးသော အဓိကရဏ်းကို ပြန်ဖြစ်အောင် လှုံ့ဆော်သောရဟန်း**

(ခ) ရဟန်းတစ်ပါး၏ သံဃာဒိသေသ် အာပတ်ကို ဖုံးထားသော ရဟန်း

http://www.dhammadownload.com

(ဂ) ဥက္ခိတ္တကရဟန်းနှင့် ဥပုသ်ပြုသောရဟန်းတို့အား သင့်သောအာပတ်တို့ကို သိက္ခာပုဒ်ထောက်၍ ဆုံးဖြတ်ပါ။

(က) ဥက္ကောဋန သိက္ခာပုဒ်ဖြင့်–သုဒ္ဓပါစိတ်အာပတ်၊

(ခ) ဒုဋ္ဌုလ္လသိက္ခာပုဒ်ဖြင့်–သုဒ္ဓပါစိတ်အာပတ်၊

(ဂ) ဥက္ခိတ္တ သမ္ဘောဂ သိက္ခာပုဒ်ဖြင့်–သုဒ္ဓပါစိတ်။

(၁၃၆၁–ခု အကြီးတန်း)

❑ **နှင်ထုတ်အပ်သောရဟန်းဟုသိလျက် ထိုရဟန်းနှင့် အာမိသသမ္ဘောဂ၊ ဓမ္မသမ္ဘောဂ–စသည်ပြုသော ရဟန်းအားသင့်ရောက်အပ်သော အပြစ်ပြသိက္ခာပုဒ်ကို ပါဠိရေးပြပါ။**

ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်ကို ပါဠိရေးလေ။

(၁၃၃၉–ခု၊ ၆၁–ခု၊ ၆၇–ခု အလတ်တန်း၊ ၁၃၆၂–ခု အကြီးတန်း)

❑ **ဘိက္ခုပါတိမောက်လာ ဩသာရဏာက် မပြုရသေးသော ဥက္ခိတ္တရဟန်းနှင့် အာမိသ၊ ဓမ္မသမ္ဘောဂ စသည့်မပြုလုပ်ရဟုပြဆိုသော သိက္ခာပုဒ်ကို အနက်မှန်မှန် ပေးပြပါ။**

ဘိက္ခု၊ ဥက္ခိတ္တက သမ္ဘောဂ သိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၃၇–ခု၊ ၅၂–ခု၊ ၆၇–ခု အငယ်တန်း၊ ၁၃၃၄–ခု ၊၁၃၆၄–ခု၊ ၆၁–ခု အကြီးတန်း)

http://www.dhammadownload.com

❑ **မိမိ၌သင့်ရောက်နေသော အာပတ်ကိုမကုစားခြင်းကြောင့် သံဃာကနှင်ထုတ်ထားသော ရဟန်းဟုသိလျက် အတူတကွ ဥပုသ်ပြုသော ရဟန်းအား အပြစ်သင့်ရောက်ပုံကို ပြဆိုသော သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။**

(သပ္ပါဏကဝဂ် ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်ကို အနက်ရေးပါ) (၁၃၆၈-ခု အငယ်တန်း)

❑ **အဓမ္မဝါဒီရဟန်းတို့နှင့် သမ္ဘောဂစသည်ပြုသော ရဟန်းတို့အား သင့်ရောက်သော အပြစ်ကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုပါ။**

ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်ကိုကောက်၍ ပါစိတ် အာပတ်သင့်သည်။ (၁၃၅၀-ခု အကြီးတန်း)

ကဏ္ဍက သိက္ခာပဒ

❑ **ရဟန်းဆိုး အရိဋ္ဌ၏ မိစ္ဆာဒဿနကို ထောက်ခံနှစ်ခြိုက်သော ရှင်သာမဏေမိုက်အား မည်ကဲ့သို့ အရေးယူရမည်ကို အစီအစဉ်ကျနစွာ တင်ပြပါ။**

ထိုသာမဏေကို ရဟန်းကောင်းတို့က-

ငါ့ရှင် သာမဏော...ဤသို့ မဆိုပါလင့်၊ မြတ်စွာ

http://www.dhammadownload.com

ဘုရားကို မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်းပါ၊ မြတ်စွာဘုရားသည် သင်ပြောသလို မဟောကြားပါ၊ ငါ့ရှင် သာမဏေ... များစွာသော ပရိယာယ်ဖြင့် အန္တရာယိက ဓမ္မတို့၏ အန္တရာယိကဓမ္မအဖြစ်ကို မြတ်စွာဘုရား ဟောထား ပါသည်။ ထိုအန္တရာယိကဓမ္မတို့ကို မှီဝဲလျှင် အန္တရာယ်ပြုနိုင် သည်သာ ဖြစ်ပါသည်ဟု ပြောဆိုဆုံးမရသည်။

ထိုသို့ပြောဆိုဆုံးမသည်ကို မလိုက်နာပါက ထိုသာမဏေကို ရဟန်းကောင်းများက–

ငါ့ရှင် သာမဏေ... ယနေ့မှစ၍ ထိုဘုရားရှင်ကို သင်က ဆရာဟူ၍ မညွှန်ပြနှင့်တော့၊ အခြားသာမဏေများမှာ ရဟန်းများနှင့်အတူ တစ်မိုးတစ်ရံတည်းသောကျောင်း၌ နှစ်ညဉ့် သုံးညဉ့်အိပ်ခွင့်ရကြသည်။ သင့်မှာ ထိုအိပ်ခွင့်မျိုး မရတော့ပြီ၊ သင်သည် ငါတို့မမြင်ကွယ်ရာအရပ်သို့သွား၍ ပျက်စီးလေတော့ဟု ဖျက်စီးရမည်၊ နှင်ထုတ်ရမည်။ (၁၃၆၁-ခု အကြီးတန်း)

❑ ရဟန်းတော်များက ကဏ္ဍကသာမဏေအား ပြောဆိုသင့်သည့် ပါဠိစုတို့ကို အနက်မှန်ကန်စွာ သမ္မာန်ပြပါ။

ဘိက္ခုပါတိမောက် သုဒ္ဓပါစိတ် ကဏ္ဍကသိက္ခာပုဒ်လာ မာဝုသော သမဏုဒ္ဒေသ(ပ) အန္တရာယာယ။

အဇ္ဇတဂ္ဂေ တေ အာဝုသော (ပ)စရ ပိရေ ဝိနဿ။

(၁၃၅၂-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **(က) အရိုင်းရဟန်း၊ (ခ) ကဏ္ဍကသာမဏေတို့ကဲ့သို့ မိစ္ဆာအယူရှိသော ရဟန်းသာမဏေမျိုး ဤသာသနာတော်၌ ပေါ်ပေါက်လာပါက သာသနာ့ဝန်ထမ်း ရဟန်းတော်များ မလွဲမသွေဆောင်ရွက်ရမည့် လိုက်နာဆောင်ရွက်ဖွယ်တို့ကို သိက္ခာပုဒ်လာအတိုင်း အသီးသီးဖြေဆိုပါ။**

(က) ၁။ ထိုရဟန်းကို ဤကဲ့သို့မပြောဆိုရန် မြတ်စွာဘုရားကို မစွပ်စွဲရန်နှင့် အန္တရာယ်ကင်း ဓမ္မအဖြစ် မြတ်စွာဘုရား ဟောထားသည့်အတိုင်း အန္တရာယ်ပြုနိုင်သည်ဟု ပြောဆိုဆုံးမရမည်။

၂။ ဤသို့ပြောဆိုဆုံးမလျက် ဆက်လက် မိစ္ဆာအယူကို မစွန့်လျှင် (၃)ကြိမ်တိုင်အောင် ပြောဆိုဆုံးမရမည်။

(ခ) ၁။ ထိုသာမဏေကို ဤသို့မပြောရန် မြတ်စွာဘုရားဟောထားသည့်အတိုင်း အန္တရာယ်ပြုနိုင်သည်ဟု ပြောဆိုဆုံးမရမည်။

၂။ ဤသို့ ပြောဆိုဆုံးမပါလျက် မိစ္ဆာအယူကို မစွန့်လျှင် "ငါ့ရှင် သာမဏော . . . ယနေ့မှစ၍ သင် သည် မြတ်စွာဘုရားကို ဆရာဟူ၍ မည္ဆန်ပြန့်တော့၊ အခြားသာမဏေတို့ကဲ့သို့ ရဟန်း တော်တို့နှင့် အတူတကွ (၂)ညဉ့်, (၃)ညဉ့် အိပ်ခွင့်ကိုလည်း သင်မရတော့၊

http://www.dhammadownload.com

❑ **ဘုရားရှင်အား စွပ်စွဲသောသာမဏေအား သိက္ခာပုဒ်အတိုင်း ဆုံးမ၍မရခဲ့သော် ဆက်လက်ပြောဆိုဆုံးမရမည့် စကားရပ် ပါဠိနှင့် ယင်းသာမဏေကို သွေးဆောင်ဖြားယောင်းခေါ်ယူ လက်ခံထားသောရဟန်းအား သင့်ရောက်မည့်အပြစ်ပြ စကားရပ်ပါဠိတို့ကို အနက်မှန်မှန် ယောဇနာပါ။**

အဇ္ဇတဂ္ဂေ တေ အာဝုသော(ပ) စရ ပိရေ ဝိနသ္သတိ။

ယော ပန ဘိက္ခု ဇာနံ တထာနာသိတံ (ပ) သေယျံ ကပ္ပေယျ ပါစိတ္တိယံ ကိုအနက်ရေးလေ။

(၁၃၆၄-ခု၊ ၆၅-ခု အငယ်တန်း၊ ၁၃၆၁-ခု အလတ်တန်း၊ ၁၃၆၄-ခု အကြီးတန်း)

❑ **ကဏ္ဍကသိက္ခာပုဒ်လာ ဒဏ္ဍကမ္မနာသနာပြ စကားရပ်ကို မြန်မာဘာသာဖြင့် ဖော်ပြပါ။**

ငါ့ရှင်သာမဏော... ယနေ့ကို အစပြု၍ သင်သည် ငါတို့မြတ်စွာဘုရားကို ဆရာဟူ၍ မည္ဆန်ပြထိုက်၊ သည်သာမက သေး၊ သင်မှတစ်ပါးကုန်သော သာမဏေတို့သည် ရဟန်းတို့နှင့် တကွ (၂)ညဉ့်, (၃)ညဉ့်ပတ်လုံး အကြင်အတူအိပ်ခွင့်ကိုလည်း ရကြကုန်၏၊ ထို့အတူ အိပ်ခွင့်သည်လည်း သင့်အတွက်မှာ မရှိတော့ပြီ၊ ပြင်ပလူစိမ်း ဟဲ လူပြိန်း...သွားလော့၊ တော်ရာ ချောင်ကြား ပျက်ပြားလေလော့ ဟုဆိုထိုက်၏။

(၁၃၆၈-ခု အငယ်တန်း)

http://www.dhammadownload.com

❑ **တထာနာသိတံ သမဏုဒ္ဒေသံ၌ နာသန (၃)ပါးကို အဓိပ္ပါယ်နှင့်တကွ ရှင်းပြခဲ့ပါ။**

၁။ သံဝါသနာသန– အာပတ်ကိုမရှုခြင်း၊ မကုစားခြင်း၊ မိစ္ဆာအယူကိုမစွန့်ခြင်းကြောင့် နှင်ထုတ်ခြင်း၊

၂။ လိင်္ဂနာသန–အသွင်ကိုဖျက် လူထွက်စေခြင်း၊

၃။ ဒဏ္ဍကမ္မနာသန–ယနေ့မှစ၍ မြတ်စွာဘုရားကို ဆရာဟု မညွှန်ပြလင့်ဟု ဒဏ်ပေးသဖြင့် ဖျက်စီးခြင်း။

(၁၃၆၅-ခု အကြီးတန်း)

❑ **တထာနာသိတံ၌ နာသနသရုပ်ကို ထုတ်ပြ၍ ဤဌ်လိုအပ်သော နာသနကို ကောက်ပြပါ။**

၁။ သံဝါသနာသနာ၊

၂။ လိင်္ဂနာသနာ၊

၃။ ဒဏ္ဍကမ္မနာသနာ။

လိုအပ်သောနာသန– ဒဏ္ဍကမ္မနာသနကို ဤဌ် လိုအပ်သည်။ (၁၃၅၀-ခု အကြီးတန်း)

❑ **ကဏ္ဍကသိက္ခာပုဒ်လာ ဒဏ္ဍကမ္မနာသနာကာရ ပြပါဦ**

(အဇ္ဇတဂ္ဂေ တေ (ပ) စရ ပိရေ ဝိနဿ" ပါဠိကို ရေး) (၁၃၆၈-ခု အလတ်တန်း၊ ၁၃၆၇-ခု အငယ်တန်း)

http://www.dhammadownload.com

မမြတ်နိုး အပ်သော သာမဏေ... သင်သည် ထွက်သွားပါလော့၊ တော်ရာရှောင်ရှား ထွက်သွားပါလော့" ဟု ပြောဆိုနှင် ထုတ်ရမည်။

(၁၃၆၆-ခု အကြီးတန်း)

❑ **ကဏ္ဍကသာမဏေ ပြောဆိုသော စကားရပ်တို့ကို အနက် ယောဇနာခဲ့ပါ။**

တထာဟံ ဘဂဝတာ(လ) အန္တေ ရာယာကို အနက် ရေးပါ။ (၁၃၆၇-ခု အလတ်တန်း)

❑ **သိက္ခာပုဒ်တော်တို့ကို ကျူးလွန်ပြစ်မှား ရဟန်းတော်များသည် စွာန်၊ မဂ်ရဖိုလ် အန္တေ ရာယ်ဖြစ်သည်ဟူသော အဆိုစကားရပ်ကို ဆန့်ကျင်လျက် ပြောဆိုအယူမှား သာမဏေလေးအား ရဟန်းကောင်းတို့က လမ်းညွှန်ပြ ဆိုဆုံးမသော စကားရပ်ကိုသာ အနက်ပေးခဲ့ပါ။**

မာဝုသော သမဏုဒ္ဒေသ။ပ။ အန္တေ ရာယာကို အနက် ရေးလေ။ (၁၃၆၇-ခု အလတ်တန်း)

❑ **ရဟန်းတို့က ကဏ္ဍကသာမဏေကို ပဌမပြောဆိုပုံကိုပြ သော ပါဠိကို အနက်ပေးခဲ့ပါ။**

မာဝုသော သမဏုဒ္ဒေသ(ပ) အန္တေ ရာယာယကို အနက်ရေးပါ။ (၁၃၆၃-ခု အငယ်တန်း)

http://www.dhammadownload.com

❑ **"မေထုန်အတွေ့နှင့် နူးညံ့သောဖဲ, မွေ့ယာ, ကမ္မလာအတွေ့တူညီသည်၊ ဆင်ခြင်၍ သုံးဆောင်က အပြစ်မရှိ" ဟု မှားယွင်းစွာ ယူဆနေသော သာမဏေအား ရဟန်းတို့က ပြောကြားရမည့် စကားရပ်များကိုသာ ပါဠိသက်သက် ရေးသားပြပါ။**

မာယသ္မာ ဇဝံ အဝစ (ပ) အန္တေ ရာယာယ။

❑ **နှင်ဒဏ်ပေးခံရသော သာမဏေနှင့်စပ်၍ ရဟန်းတော်များ မပြုလုပ်ကောင်းသော ကိစ္စများကို ဖော်ပြခဲ့ပါ။**

၁။ သင်္ကန်း၊ သပိတ် ပရိက္ခရာပေးအံ့၊ ပါဠို၊ အဋ္ဌကထာ သင်အံ့ဟု ဖြားယောင်းခြင်း၊

၂။ ဝတ်ကြီးဝတ်ငယ်ကို သာယာသဖြင့် လုပ်ကျွေးစေခြင်း၊

၃။ အတူတကွ သုံဆောင်ခြင်း၊

၄။ အတူတကွ တမိုးတရံတည်းသောကျောင်း၌ အိပ်ခြင်း။

(၁၃၆၈-ခု အငယ်တန်း၊၁၃၆၇-ခု အကြီးတန်း)

❑ **မိစ္ဆာအယူရှိသော သာမဏေကြောင့် ရဟန်းတော်များ အာပတ်သင့်ရခြင်းအကြောင်းတို့ကို ဖော်ပြပါ။**

ဒဏ္ဍကမ္မနာသနဖြင့် ဖျက်ဆီးအပ်သော သာမဏေ မှန်းသိလျက် သင်္ကန်းပရိက္ခရာပေးအံ့၊ ပါဠိအဋ္ဌကထာသင်အံ့ဟု ဖြားယောင်းခြင်း၊ ဝတ်ကြီးဝတ်ငယ်ကို သာယာသဖြင့် လုပ်ကျွေး

http://www.dhammadownload.com

စေခြင်း၊ အတူတကွသုံးဆောင်ခြင်း၊ အတူတကွ တမိုးတရံတည်း သော ကျောင်း၌ အိပ်ခြင်းတို့ ဖြစ်ပါသည်။

(၁၃၆၆-ခ အကြီးတန်း)

❑ **ရဟန်းတော်တို့နှင့် တစ်ညဉ့်သော်မျှ အထူးအိပ်ခွင့်မရသော သာမဏေ**

ကဏ္ဍကသာမဏေ ဖြစ်ပါသည်။

(၁၃၆၀-ခ အကြီးတန်း)

❑ **နှင်ဒဏ်ပေးထားသော သာမဏေနှင့် အမိုးတူကျောင်း၌ တစ်ညဉ့်မျှအိပ်လျှင် သင့်ရောက်သည့် အာပတ်ကို အထောက်ပြဖြေဆိုပါ။**

သုဒ္ဓပါစိတ်အာပတ် ဖြစ်ပါသည်။အထောက်- ယော ပန ဘိက္ခု ဧကံ တထာနာသိတံ သမဏုဒ္ဒေသံ ဥပလာပေယျ ဝါ ဥပဋ္ဌာပေယျ ဝါ သမ္မုဇ္ဇေယျ ဝါ သံဝသေယျ ဝါ သဟ ဝါ သေယျံ ကပ္ပေယျ ပါစိတ္တိယံ။ (၁၃၆၀-ခ အကြီးတန်း)

❑ **ကဏ္ဍက သိက္ခာပုဒ်၌ ဥပလာပေယျ-အရ ဖြားယောင်းသွေးဆောင်ပုံကို ကခ်ါနှင့်အညီ ဖြေဆိုပါ။**

သပိတ်, သင်္ကန်းကို ပေးအံ့၊ ပါဠိတော်ကို ဖြစ်စေ အဋ္ဌကထာကိုဖြစ်စေ, သင်ပေးအံ့ဟု သွေးဆောင်မှုကို ဆိုပါသည်။

(၁၃၆၂-ခ အကြီးတန်း)

http://www.dhammadownload.com

❑ **အောက်ပါပေယျာလတို့ကို ဖော်ထုတ်၍ အနက်ယောဇနာခဲ့ပါ။**

(က) ယော ပန ဘိက္ခု ဇာနံ တထာဝါဒိနာ (ပ) သဟ ဝါ သေယျံ ကပ္ပေယျ၊ ပါစိတ္တိယံ။

(ခ) ယော ပန ဘိက္ခု ဇာနံ တထာနာသိတံ(ပ) သဟ ဝါ သေယျံ ကပ္ပေယျ၊ ပါစိတ္တိယံ။

အနက်ထင်ရှားပြီ။ (၁၃၆၅-ခု အကြီးတန်း)

❑ **ယထာဟံ ဘဂဝတာ။လ။ မာဝုသော သမဏုဒ္ဒေသ ဧဝံ အဝစ၌ ပေယျာလကို ဖော်ထုတ်ပါ။**

(၁၃၃၃-ခု အကြီးတန်း)

❑ **သပ္ပါဏကဝဂ်လာ ဇာနံပုဒ်တို့၏ အထူးကို အသိုးသိုး ရေးခဲ့ပါ။**

သပ္ပါဏက သိက္ခာပုဒ်လာ ဇာနံသည် ပိုးရှိသောရေဟု သိခြင်း၊

ဥက္ကောဋနံ သိက္ခာပုဒ်လာ ဇာနံသည် ငြိမ်းစေအပ်သော အဓိကရဏ်းဟု သိခြင်း၊

ဒုဋ္ဌုလ္လ သိက္ခာပုဒ်လာ ဇာနံသည် ရုန့်ရင်းသော သံဃာဒိသေသ် အာပတ်ဟု သိခြင်း၊

ဥနဝီသတိဝဿ သိက္ခာပုဒ်လာ ဇာနံသည် ပဋိသန္ဓေ

http://www.dhammadownload.com

မှစ၍ အသက် (၂၀)မပြည့်သော ပုဂ္ဂိုလ်ဟု သိခြင်း၊

ထေယျသတ္ထ သိက္ခာပုဒ်လာ ဇာနံသည် ကင်းကို ရှောင်လွဲလိုသော သူခိုးကုန်သည်ဟု သိခြင်း၊

ဥက္ခိတ္တာသမ္ဘောဂ သိက္ခာပုဒ်လာ ဇာနံသည် ဥက္ခိတ္တ ရဟန်းဟု သိခြင်း။

ကဏ္ဍက သိက္ခာပုဒ်လာ ဇာနံသည် ဒဏ္ဍကမ္မနာ သနဖြင့် ဖျက်ဆီးအပ်သော သာမဏေဟုသိခြင်းတို့ ဖြစ်ပါသည်။

(၁၃၆၁-ခု အလတ်တန်း၊ ၁၃၆၅-ခု အကြီးတန်း)

❑ **ရဟန်းတော်များ သိလျက်နှင့် မပြုလုပ်ကောင်းသော အရာတို့ကို သပ္ပါဏကဝဂ်မှ ထုတ်နုတ်ပြပါ။**

၁။ ပိုးရှိသောရေကို မသောက်ရခြင်း၊

၂။ ငြိမ်းစေပြီးသော အဓိကရဏ်းကို တဖန်ကံဖြစ်စေခြင်းငှာ မလှုပ်ရှောက်ရှားရခြင်း၊

၃။ ရဟန်း၏ ဒုဋ္ဌုလ္လအာပတ်ကို မဖုံးလွှမ်းရခြင်း၊

၄။ အသက်(၂၀) မပြည့်သေးသော ပုဂ္ဂိုလ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံမပေးရခြင်း၊

၅။ ကင်းကိုရှောင်လွဲလိုသော ခိုးသူကုန်သည်တို့နှင့် တိုင်ပင်ညီညွတ်၍ ခရီးမသွားရခြင်း။

http://www.dhammadownload.com

၆။ **မိစ္ဆာအယူရှိသောရဟန်းနှင့် ကံကြိုးကံငယ်** မပြုရခြင်း၊ တမိုးတရံတည်းသောကျောင်း၌ **အတူတကွ** မအိပ်ရခြင်း၊

၇။ ဖျက်ဆီးထားပြီးသော သာမဏေကို **မဖြားယောင်**ရခြင်း၊ မလုပ်ကျွေးရခြင်း၊ အတူ မသုံးဆောင်ရခြင်း၊ အတူ မအိပ်ရခြင်း။

(၁၃၆၇-ခု အလတ်တန်း)

သဟဓမ္မိက သိက္ခာပဒ

❑ **သဟဓမ္မိကံ ဝုစ္စမာနော–၌ အဘယ်ကြောင့် အဘယ်ကို သဟဓမ္မိက ခေါ်ဆိုရသည်ကို ကခ်ီအဆိုအတိုင်း ဖော်ပြပါ။**

သီတင်းသုံးဖော်(၅)ဦးတို့ ကျင့်အပ်သောကြောင့်လည်းကောင်း၊ သီတင်းသုံးဖော်(၅)ဦးတို့၏ ဥစ္စာဖြစ်သောကြောင့်လည်းကောင်း မြတ်စွာဘုရားပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို သဟဓမ္မိကဟု ခေါ်ပါသည်။

(၁၃၆၁-ခု ၊ ၆၃-ခု အလတ်တန်း၊ ၁၃၆၁-ခု၊ ၆၄-ခု အကြီးတန်း)

❑ **သီတင်းသုံးဖော်ရဟန်းတော်များက ဝိနည်းသိက္ခာပုဒ်ဖြင့် ဆုံးမရာဝယ် ရဟန်းက သွယ်ဝိုက်၍ ပြန်လည်ငြင်းဆန်ပုံကို မြန်မာဘာသာဖြင့် ဖြေဆိုပါ။**

ငါ့ရှင်တို့... ကျွမ်းကျင်လိမ္မာသော အခြားဝိနည်းဓိရ်

http://www.dhammadownload.com

ရဟန်းကို မမေးရသေးသမျှ ကာလပတ်လုံး ငါသည် ဤသိက္ခာပုဒ်၌ ကျင့်လိမ့်မည်မဟုတ်ဟု ပြန်လည်ငြင်းဆန်သည်။

(၁၃၆၁-ခု **အလတ်တန်း**)

❑ **ပညာရေးစိမ်ကိန်းမူ (၄)ချက်မှ ကိုယ်ကျင့်သိက္ခာ မြင့်မားစေရေးကို ရှေ့တန်းတင်၍ ကျင့်သုံးလိုသော ရဟန်းတော်များ လိုက်နာရမည့် ကျင့်ဝတ်တို့ကို သဟဓမ္မိကဝဏ်၌ ဘုရားရှင် ညွှန်ကြားတော်မူသည့်အတိုင်း ပါဠို၊ မြန်မာနှစ်ဘာသာဖြင့် ထုတ်ပြန်ခဲ့ပါ။**

အညာတဗ္ဗံ- မသိ သိအောင် ပြုရမည်၊

ပရိပုစ္ဆိတဗ္ဗံ- ထပ်တလဲလဲ မေးရမည်၊

ပရိပဉ်တဗ္ဗံ- ထပ်တလဲလဲ စဉ်းစားနိုင်ချိန်ရမည်။

(၁၃၅၄-ခု အငယ်တန်း)

❑ **မြတ်ဗုဒ္ဓ၏ ဝိနည်းဥပဒေသ သိက္ခာပုဒ်ကို လိုလိုလားလား ကျင့်ကြံလိုသော ရဟန်းတော်မှန်သမျှ ပြုလုပ်ရမည့် ကျင့်ဝတ်များ**

၁။ သိအောင် ပြုရမည်၊

၂။ အဖန်တလဲလဲ မေးမြန်းရမည်၊

၃။ အဖန်တလဲလဲ စုံစမ်းဆင်ခြင်ရမည်။

http://www.dhammadownload.com

(၁၃၆၁-ခု၊ ၆၆-ခု၊ ၆၇-ခု၊ ၆၈-ခု အငယ်တန်း၊ ၁၃၃၄-ခု ၆၂-ခု၊ ၆၃-ခု၊ ၆၄-ခု ၊ ၆၇-ခု အလတ်တန်း၊ ၁၃၆၂-ခု ၊ ၆၃-ခု၊ ၆၆-ခု အကြီးတန်း)

❑ **ဘုရားရှင်၏ အဆုံးအမကို လိုက်နာကျင့်ကြံလိုသော ရဟန်းတော်များ လိုက်နာရမည့် ကျင့်ဝတ်များ**

၁။ သိအောင် ပြုရမည်။

၂။ အဖန်တလဲလဲ မေးမြန်းရမည်။

၃။ ကြံစည်နှိုင်းချိန်ရမည်။

❑ **ဘိက္ခုပါတိမောက် ပါစိတ္တိယကဏ္ဍလာ အယဲ့ တတ္ထ သမယော၊ အယဲ့ တတ္ထ သာမိစီသဒ္ဒါပါသော သိက္ခာပုဒ်အ ရေအတွက်သချိုင်္ကတို့ကို အသီးသီးဖော်ပြပါ။**

အယဲ့ တတ္ထ သမယော သဒ္ဒါပါသောသိက္ခာပုဒ် (၆) ပုဒ်၊

အယဲ့ တတ္ထ သာမိစီသဒ္ဒါပါသော သိက္ခာပုဒ်(၃)ပုဒ်။

(၁၃၆၈-ခု အကြီးတန်း)

❑ **ရဟန်းတို့က သိက္ခာပုဒ်ဖြင့် ဆိုဆုံးမသည့်အခါ "တပည့်တော် ဝိနည်းခိုရ် ရဟန်းကို မမေးရသေးဘဲ မကျင့်နိုင်သေးပါ" ဟု ပြောဆိုသော ရဟန်းအား အာပတ်သင့် ပုံပြ သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။**

http://www.dhammadownload.com

သဟဓမ္မိက သိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၃-ခု၊ ၆၇-ခု အငယ်တန်း၊ ၁၃၆၄-ခု အလတ်တန်း၊ ၁၃၆၃-ခု အကြီးတန်း)

❑ **သီတင်းသုံးဖော်ရဟန်းများက ဝိနည်းသိက္ခာပုဒ်ဖြင့် ပြောဆိုဆုံးမသောအခါ သိက္ခာပုဒ်ကိုသွယ်ဝိုက်၍ ငြင်းဆန်သောရဟန်းအား သင့်ရောက်သောအပြစ်ပြ သိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။**

သဟဓမ္မိက သိက္ခာပုဒ်ကို ပါဠိရေးပါ။

(၁၃၆၁-ခု အငယ်တန်း၊ ၁၃၆၂-ခု အလတ်တန်း၊ ၁၃၆၂-ခု၊ ၆၅-ခု အကြီးတန်း)

❑ **သီတင်းသုံးဖော်ရဟန်းတို့က ဓမ္မဝိနယနှင့်အညီ ပြောဆိုသည့်အခါ ပြန်လည်ပြောဆိုသော ရဟန်း၏စကားများကို အဓိပ္ပါယ်ပေါ်လွင်အောင် ရေးသားပါ။**

သင်တို့မှာ တစ်ပါးသော ထက်မြက်လိမ္မာသော ဝိနည်းဓိရ် ရဟန်းကို မမေးရသေးသမျှ ငါသည် ဤသိက္ခာပုဒ်၌ ကျင့်လိမ့်မည် မဟုတ်ပါ။ (၁၃၄၈-ခု အကြီးတန်း)

http://www.dhammadownload.com

ဝိလေခန သိက္ခာပဒ

❑ **ဝိနည်းပညတ် သိက္ခာပုဒ်တို့ကို ကဲ့ရဲ့ရွှတ်ချသော ရဟန်း၏ ရည်ရွယ်ချက်(၃)ပါးကို ပါဠိ+မြန်မာ (၂)မျိုး ယှဉ်တွဲ၍ ဖြေဆိုခဲ့ပါ။**

၁။ ကုက္ကုစ္စာယ – ကုက္ကုစ္စ အကျိုး၊

၂။ ဝိဟေသာယ – ပင်ပန်းခြင်းအကျိုး၊

၃။ ဝိလေခါယ – စိတ်ကိုရေးခြစ်သကဲ့သို့ဖြစ်သော ဝိစိကိစ္ဆာအကျိုး။

(၁၃၆၂-ခု အကြိုးတန်း)

❑ **ပါတိမောက်ပြဿည်ရှိသော် သိက္ခာပုဒ်ကို ကဲ့ရဲ့ သော ရဟန်း၏ ကဲ့ရဲ့ပြောဆိုသော စကားရပ်တို့ကို မြန်မာလို ဖြေဆိုပါ။**

ရွတ်ဆိုအပ်သော ငယ်ကုန်, သာ၍ငယ်ကုန်သော ဤသိက္ခာပုဒ်တို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အလွန်အကဲသာလျှင် ကုက္ကုစ္စအကျိုးငှာ၊ ပင်ပန်းခြင်းအကျိုးငှာ၊ စိတ်ကိုရေးခြစ်သကဲ့သို့ဖြစ်သော ဝိစိကိစ္ဆာအကျိုးငှာ ဖြစ်ကုန်၏။

(၁၃၆၃-ခု အငယ်တန်း)

http://www.dhammadownload.com

❑ **ပါတိမောက်ပြရာတွင် ခုဒ္ဒါနုခုဒ္ဒကအမည်ရသော သိက္ခာပုဒ်တော်တို့ကိုပြရာ၌ ဆဗ္ဗဂ္ဂိရဟန်းတော်များ အဘယ်သို့ ကဲ့ရဲ့ပြစ်တင် ပြောဆိုသည်ကို ဖော်ပြပါ။**

ငယ်ကုန်, အလွန်ငယ်ကုန်သော ရွတ်အံ့သရဇ္ဈာယ် အပ်ကုန်သော ဤသိက္ခာပုဒ်တို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း ၊ ရွတ်အံ့သရဇ္ဈာယ်ခြင်းဖြစ်သမျှ ကာလအပိုင်းအခြားတိုင်အောင် အပ်သလော, မအပ်သလောဟု အလိုလိုဖြစ်ခြင်းငှာ၊ ပင်ပန်းခြင်းငှာ၊ နှလုံးအရေးအကြောင်းဖြစ်ခြင်းငှာ အလွန်လျှင်ဖြစ်ကုန်၏။

(၁၃၆၇-ခု အလတ်တန်း)

❑ **ကဲ့ရဲ့အပြစ်ပြောသောရဟန်းအတွက် သင့်ရောက်သည့် အပြစ်ပြသိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။**

ဝိလေခန သိက္ခာပုဒ်ကို ပါဠိရေးပါ။

(၁၃၆၅-ခု အငယ်တန်း၊ ၁၃၃၈-ခု၊ ၁၃၆၁-ခု၊ ၁၃၆၃-ခု အလတ်တန်း၊ ၁၃၆၂-ခု အကြီးတန်း)

❑ **ပင်ပန်းစိတ်ရှုပ် သိက္ခာပုဒ်ဟု ကဲ့ရဲ့ရွတ်ချသော ရဟန်းအား သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်ကို အနက်ရေးပါ။**

သဟဓမ္မိကဝဂ် ဝိလေခန သိက္ခာပုဒ်ကို အနက်ရေး ပါ။

(၁၃၆၄-ခု၊ ၆၅-ခု၊ ၆၈-ခု အငယ်တန်း၊ ၁၃၆၂-ခု အလတ်တန်း၊ ၁၃၆၀-ခု ၆၁-ခု၊ ၆၂-ခု၊ ၆၃-ခု အကြီးတန်း)

http://www.dhammadownload.com

မောဟန သိက္ခာပဒ

❑ **မောဟနကံသို့မတင်မိ အခြားရဟန်းတော်ပြောရမည့် ပါဠိရပ်ကို ရေးပြပါ။**

တဿ တေ အာဝုသော အလာဘာ၊ တဿ တေ ဒုလ္လဒ္ဓံ၊ ယံ တွံ ပါတိမောက္ခေ ဥဒ္ဒိဿမာနေ န သာဓုကံ အဋ္ဌံ ကတ္တာ မနသိ ကရောတိ။ (၁၃၆၃-ခု အလတ်တန်း)

❑ **ငါရှင်တို့သည် ဝိနယရေ ပုဂ္ဂိုလ်များပီပီ ဘိက္ခုပါတိမောက္ခ မောဟနကံ တင်ပြပုံပြ ပါဠိတို့ကို မှန်ကန်စွာ ရေးပြပါ။**

တဿ တေ အာဝုသော အလာဘာ၊ တဿ တေ ဒုလ္လဒ္ဓံ၊ ယံ တွံ ပါတိမောက္ခေ ဥဒ္ဒိဿမာနေ န သာဓုကံ အဋ္ဌံ ကတ္တာ မနသိ ကရောသီတိ။ (၁၃၆၆-ခု အကြီးတန်း)

❑ **မောဟနသိက္ခာပုဒ်လာ မောဟာရောပနာကာရ ပြပါဦ**

"တဿ တေ (ပ) မနသိ ကရောတိ" ပါဠိကိုရေး။

(၁၃၆၈-ခု အထူးဆောင်)

❑ **အာပတ်ကို မသိဟန်ဆောင်သော ရဟန်းအား မောဟနကံ တင်ပုံကို နည်းယူဖွယ် တင်ပြခဲ့ပါ။**

"အရှင်ဘုရားဆိုတဲ့သူအဖို့ကတော့ ရဟန်းဖြစ်ရကျိုး မနပ်ပါ၊ အရှင်ဘုရားရလိုက်တဲ့ ရဟန်းအဖြစ်ဟာ မတော်မတရား

http://www.dhammadownload.com

ရမူပဲ ဖြစ်တယ်၊ ဘာကြောင့်လဲဆိုတော့ အရှင်ဘုရားက သံဃာတော်ပါတိမောက် ရွတ်ပြနေတာကို ကိုယ်အကျိုးရှိအောင် ကောင်းကောင်းမွန်မွန် နှလုံးမသွင်းခဲ့လို့ပဲ” ဟုဖြစ်သည်။ (နည်းယူဖွယ်ဟုမေးထားသဖြင့် အများနားလည်အောင် မြန်မာစကားပြေဖြင့် ဖြေလိုက်သည်။)

(၁၃၆၄-ခု အကြီးတန်း)

❑ မောဟာရော ပနက်သို့တင်ထိုက်သော ရဟန်းဟူသည်

လဝက်လျှင် တစ်ကြိမ်ကျ ဆောင်ရွက်နေမြဲ ဥပုသ်ပြုပါတိမောက်ရွတ်ပြမှုကို နာကြားနေစဉ်ဝယ် ရှေးတွင်ကလည်း ဤကဲ့သို့ဥပုသ်ပြုမှုကို (၂)ကြိမ်၊ (၃)ကြိမ်ထက် ပါဝင်ဖူးပါလျက် ယခုမှ မသိဘူးသယောင် ဟန်ဆောင်သော ရဟန်းမျိုးဖြစ်ပါသည်။

(၁၃၆၄-ခု အလတ်တန်း)

❑ ပါတိမောက်ပြရာ၌ မောဟနရဟန်းပြောဆိုပုံကို မြန်မာစကားပြေဖြင့် ဖြေဆိုပါ။

ဣဒါနေဝ ခေါ အဟံ။ပ။ ဥဒ္ဒေသံ အာဂစ္ဆတိ– ကို မြန်မာပြန်ဆိုပါ။

(၁၃၆၆-ခု အကြီးတန်း)

❑ မောဟနသိက္ခာပုဒ်အရ အာပတ်သင့်ရာကာလ

မောဟနကံသို့တင်ပြီးသောအခါ နောက်ထပ်တဖန် “ဣဒါနေဝ ခေါ အဟံ ဇာနာမိ”စသော စကားမျိုးကိုပြောလျက် မသိဟန်ဆောင်သောအခါ၌ ပါစိတ်အာပတ်သင့်ပါသည်။

(၁၃၃၄-ခု အလတ်တန်း)

http://www.dhammadownload.com

❑ **လပြည့်လကွယ်၌ သံဃဥပုသ်ပြုစဉ် (၃)ကြိမ်တိုင်အောင် ပါတိမောက်ကို နာဖူးပါလျက် မိုက်ယောင်မူသောရဟန်းအား ပြုလုပ်ဆောင်ရွက်ရမည့် အချက်အလက်နှင့် အာပတ်သင့်ပုံအချိန်ကာလတို့ကို ရေးပါ။**

အခြားရဟန်းများက မိုက်ယောင်မူသောရဟန်းကို ရွတ်ဖတ်ပါတိမောက်ပြရာအခါ၌ (၂)ကြိမ်၊ (၃)ကြိမ်ပါဝင်ဖူးသည်ဟု သိစေရန်–

၁။ ထိုကျူးလွန်သော အပြစ်ကို ကုစားခြင်း၊

၂။ ထိုထက်အလွန် တသေ တော အာဝုသော အလာဘာစသော စကားတို့ဖြင့် ကဲ့ရဲ့ရှုတ်ချခြင်း၊

၃။ ကဲ့ရဲ့ပြီး၍ မောဟနကံသို့ တင်ရမည်။

အာပတ်သင့်ပုံအချိန်ကာလ

မောဟနကံသို့မတင်မီ မသိဟန်ဆောင်ခြင်းကြောင့် ဒုက္ကဋ် အာပတ်သင့်သည်။

မောဟနကံတင်ပြီးနောက် ထပ်၍ မသိဟန်ဆောင်လျှင် ပါစိတ်အာပတ်သင့်သည်။ (၁၃၆၆-ခု အကြီးတန်း)

❑ **မောဟနသိက္ခာပုဒ်လာ မသိယောင်ဆောင် ပုံပြစကားရပ်တို့ကို ပါဠိရေးခဲ့ပါ။**

ဣဒါနေဝ ခေါ အဟံ ဇာနာမိ။ပ။ ဥဒ္ဒေသံ အာဂစ္ဆ တိတိ။ (၁၃၆၅-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ရဟန်းတော်တို့သည် ဘုရားရှင်စည်းကမ်း ဥပဒေများကို ကိုယ်နှုတ်နှလုံး မည်သို့မည်ပုံထားရှိလျက် ကျင့်ကြံပွားများရမည်ကို တိကျမှန်ကန်စွာ ဖြေဆိုပါ။**

(၂၂၀)သော သိက္ခာပုဒ်တို့သည် မြတ်စွာဘုရား၏ ပါတိမောက်၌ အကျုံးဝင်၏၊ လခွဲတိုင်း ရွတ်ဆိုထိုက်၏၊ ထို (၂၂၀)သော သိက္ခာပုဒ်တို့ကို ထေရ၊ နဝ၊ မဇ္ဈိမရဟန်းတော်အားလုံးတို့သည် ကိုယ်ဖြင့် ညီညွတ်ကြလျက်လည်းကောင်း၊ စိတ်ဖြင့် ဝမ်းမြောက်ကြလျက်လည်းကောင်း နှုတ်ဖြင့်မငြင်းခုံကြဘဲလည်းကောင်း ဤသို့နှလုံးထား၍ ကျင့်ကြံပွားများရပါမည်။

(၁၃၆၃-ခု အကြီးတန်း)

❑ **ပါတိမောက်ပြစဉ် သိက္ခာပုဒ်ကို မသိနားမလည်ချင်ယောင်ဟန်ဆောင်ကာမျှဖြင့် အာပတ်သင့်ပါသလားဆုံးဖြတ်ချက် ချမှတ်ပြပါ။**

ပါတိမောက်ပြစဉ် သိက္ခာပုဒ်ကို မသိနားမလည်ချင်ယောင်ဆောင်ကာမျှဖြင့် အာပတ်မသင့်ပါ၊ မောဟနကံပြုပြီးသည်၏ အဆုံးကျမှ အာပတ်သင့်ပါသည်။

(၁၃၅၃-ခု အငယ်တန်း)

❑ **ရှင်ငယ်ရဟန်းငယ်တို့အဖို့ အသက်သိက္ခာငယ်ရွယ်မှုကြောင့် သိက္ခာပုဒ်ပညတ်ချက်များမှ လွတ်မြောက်ခွင့်ရှိ၊ မရှိ ပါတိမောက်ပါဠိတော် သာဓကဖော်ပြလျက် ဆုံးဖြတ်ခဲ့ပါ။**

http://www.dhammadownload.com

နှစ် တသဿ ဘိက္ခုနော အညာဏကေန မုတ္တိ အတ္ထိ– ပါဠိကိုထောက်၍ ပညတ်ချက်မှ လွတ်မြောက်ခွင့် မရှိပါ။ (၁၃၆၈–ခု အင်္ဂါတန်း)

❑ **အမှန်တကယ်အကျယ်မသိ၍ ကျူးလွန်သော ရဟန်း အာပတ်မှလွတ်၊ မလွတ် အထောက်သာဓကပြ ဖြေဆိုပါ။**

မလွတ်ပါ။

သာဓက– နှစ် တသဿ ဘိက္ခုနော အညာဏကေန မုတ္တိ အတ္တိ။ (၁၃၆၇–ခု အလတ်တန်း)

❑ **ဝိလေခနသိက္ခာပုဒ်နှင့် မောဟနသိက္ခာပုဒ်တို့၌ ပါသော ဥဒ္ဒိဿမာနတို့အထူး–**

ဝိလေခန ဥဒ္ဒိဿမာန–ဆရာက တပည့်ကို ပို့ချခြင်းကို လည်းကောင်း၊ သရဇ္ဈာယ်ခြင်း၏အစွမ်းဖြင့် စာပြန်ခြင်းကို လည်းကောင်း ယူရမည်။

မောဟနဥဒ္ဒိဿမာန –ဥပုသ်ပြုသည်၏အစွမ်းဖြင့် ရွတ်ဆိုခြင်းကို ယူရပါသည်။ (၁၃၆၃–ခု အကြီးတန်း)

❑ **ပါတိမောက်(၂)ကြိမ်၊ (၃)ကြိမ်ပြသည်ကို ကြားဖူးပါလျက် မသိဟန်ဆောင်လျှင် မောဟနကံသို့ တင်ရသောအစဉ် အလာရှိရာ ထိုမောဟနကံသို့မတင်မှီ ရဟန်းမိန်းမများက ပြောဆိုပုံပြုပုဒ်ကို အနက်ယောဇနာပါ။**

http://www.dhammadownload.com

ဘိက္ခုနီ သုဒ္ဓပါစိတ် မောဟနသိက္ခာပုဒ်လာအတိုင်း အနက်ရေးပါ။

(၁၃၆၄-ခု အလတ်တန်း၊ ၁၃၆၂-ခု အကြီးတန်း)

❑ **ဘိက္ခုသုဒ္ဓပါစိတ်တွင် ရဟန်းတော်တို့နှင့် မသင့်တော် မလျောက်ပတ်သော နှလုံးသွင်းခြင်းတည်းဟူသော အ ကြောင်းကြောင့် စည်းကမ်းချမှတ်ခဲ့သော သိက္ခာပုဒ်တို့၏ အမည်ကို ဝဂ်နှင့်တကွ ထုတ်ပြပါ။**

သုဒ္ဓပါစိတ်တွင် မလျောက်ပတ်သည့် နှလုံးသွင်းမှု ကြောင့် ပညတ်သည့် သိက္ခာပုဒ်များ

၁။ ဘူတဂါမဝဂ် အနုပခဇ္ဇသိက္ခာပုဒ်

၂။ ဘောဇနဝဂ် ဒုတိယပဝါရဏာ သိက္ခာပုဒ်

၃။ အစေလကဝဂ် ဥယျောဇန သိက္ခာပုဒ်

၄။ ထို့ပြင် မောဟနသိက္ခာပုဒ်နှင့် အချို့ဓာနံသိက္ခာပုဒ် များ၊ အခြားသော လောကဝဇ္ဇသိက္ခာပုဒ်များ လည်း မလျောက်ပတ်သည့် နှလုံးသွင်းမှုများပင် ဖြစ်ပါသည်။ (၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com

ပဟာရ သိက္ခာပဒ

❑ **တရားနှင့်အညီဖြေရှင်းပြီးသော ပြဿနာကို တဖန်ဖြေရှင်းပေးရန်လှုံ့ဆော်သောရဟန်း, မလိမ္မာသော မိမိတပည့် ရဟန်းကို ရိုက်၍ဆုံးမသောရဟန်းတို့အတွက် အပြစ်ပြ သိက္ခာပုဒ်တို့ကို အနက်ရေးပါ။**

သပ္ပါဏကဝဂ် ဥက္ကောဋနသိက္ခာပုဒ်နှင့် သဟဓမ္မိကဝဂ် ပဟာရ သိက္ခာပုဒ်တို့ကို အနက်ရေးပါ။

(၁၃၆၆-ခု အကြီးတန်း)

တလသတ္တိက သိက္ခာပဒ

❑ **ဘိက္ခုပါတိမောက်လာ သုဒ္ဓပါစိတ္တိယ သိက္ခာပုဒ်တို့တွင် ကုဋိတသဒ္ဒါပါသော သိက္ခာပုဒ်တို့ကိုသာ ပါဠိရေးပါ။**

နိက္ကမုနသိက္ခာပဒ၊ ပဟာရသိက္ခာပဒ၊ တလသတ္တိက သိက္ခာပဒ။ (၁၃၆၅-ခု အကြီးတန်း)

အမူလက သိက္ခာပဒ

❑ **ရဟန်းတစ်ပါးကို ကျောင်းလိုချင်မှုသက်သက်ဖြင့် မြင်ခြင်း၊ ကြားခြင်း၊ယုံမှားခြင်း မရှိဘဲ (က)ပါရာဇိက (ခ) သံဃာဒိသေသ် အာပတ်များဖြင့် စွပ်စွဲသောရဟန်းအား သင့်နိုင်သော အပြစ်များကို သိက္ခာပုဒ်နှင့်တကွ ဖြေဆိုပါ။**

http://www.dhammadownload.com

(က) ဒုဋ္ဌဒေါသ သိက္ခာပုဒ်အရ သံဃာဒိသေသ်။

(ခ) အမူလက သိက္ခာပုဒ်အရ အမူလကပါစိတ်။

မှတ်ချက်။ အငယ်တန်း ပုစ္ဆာပမာဏကို ရည်၍ဖြေခြင်းဖြစ်သည်။ အမှန်မှာ စာဝနာဓိပ္ပါယ မပါလျှင် သံဃာဒိသေသ် မသင့်နိုင်ပါ။ (၁၃၅၁-ခု အငယ်တန်း)

❑ **ပါတိမောက်တိုက်ရိုက်လာ ကိုယ်နှုတ် တစ်ပါးပါးဖြင့် လိမ်လည်လှည့်စားပြောဆိုသောကြောင့် သင့်ရောက်သော အပြစ်များကို သိက္ခာပုဒ်နှင့် တွဲစပ်ပြဆိုပါ။**

(က) ဥတ္တရိမနုဿဓမ္မ သိက္ခာပုဒ်ဖြင့်- ပါရာဇိက

(ခ) ဒုဋ္ဌဒေါသ သိက္ခာပုဒ်ဖြင့်- သံဃာဒိသေသ်

(ဂ) အညဘာဂိယ သိက္ခာပုဒ်ဖြင့်- သံဃာဒိသေသ်

(ဃ) မုသာဝါဒ သိက္ခာပုဒ်ဖြင့် - သုဒ္ဓပါစိတ်

(င) အမူလက သိက္ခာပုဒ်ဖြင့်-သုဒ္ဓပါစိတ်တို့ ဖြစ်သည်။ (၁၃၆၃-ခု အလတ်တန်း)

http://www.dhammadownload.com

သဋ္ဌိစ္ဆ သိက္ခာပဒ

❑ **ရဟန်းတစ်ပါးက ရဟန်းတစ်ပါးကို မချမ်းသာ စေလိုလျှင် "သင် အသက်(၂၀)မပြည့်ဘဲ ရဟန်းဖြစ်သည် ထင်၏" ဟု ပြောဆိုသောကြောင့် အပြစ်ပြသိက္ခာပုဒ်**

သဟမိုဒိကဝဂ် သဋ္ဌိစ္ဆသိက္ခာပုဒ်

(၁၃၆၃-ခု အလတ်တန်း၊ ၁၃၆၄-ခု ၊၁၃၆၆-ခု အကြီးတန်း)

❑ **တတိယပါရာဇိကသိက္ခာပုဒ်၊ ကုက္ကုစ္စ ဥပ္ပါဒန သိက္ခာပုဒ် တို့၌ ပါသော သဋ္ဌိစ္ဆ သဒ္ဒါ(၂)ခုတို့အထူး**

တတိယပါရာဇိကသိက္ခာပုဒ်၌ သဋ္ဌိစ္ဆ-အရ သတ္တဝါ မှန်းသိလျက် သေစေလိုသော စေတနာဖြင့် စေ့ဆော်ခြင်းကို ယူရသည်။ ကုက္ကုစ္စ ဥပ္ပါဒနသိက္ခာပုဒ်၌ သဋ္ဌိစ္ဆ-အရ သူတစ်ပါးကို မချမ်းမသာ ကုက္ကုစ္စဖြစ်စေလိုသော စေတနာဖြင့် စေ့ဆော်ခြင်းကို ယူရပါသည်။ ဤသို့ ထူးပါသည်။ (၁၃၆၃-ခု အလတ်တန်း)

❑ **စိတ်မချမ်းသာစေရန် ရည်သန်လျက် သို့လော သို့လော ကုက္ကုစ္စဖြစ်စေရန် "သင် ရဟန်းကော ဖြစ်လေရဲ့လား" ဟူသော စကားကို မပြောဆို၊ ပြောဆိုမိက အပြစ်ရပုံပြ သိက္ခာပုဒ်ကို အနက်ပေးပြပါ။**

သဋ္ဌိစ္ဆ သိက္ခာပုဒ်ကို အနက်ပေးပြပါ။

(၁၃၆၁-ခု အငယ်တန်း၊ ၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com

ဥပသာဒကိသိက္ခာပဒ

❑ **တစ်ဖက်နှင့်တစ်ဖက် ခိုက်ရန်ဖြစ်နေရာဝယ် တခြားဖက်သား ရဟန်းတော်များ၏ တိုင်ပင်သံကို သက်သက်ကြားလိုသဖြင့် ချောင်းမြောင်းနားထောင်မှုနှင့်စပ်လျဉ်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးခဲ့ပါ။**

ဥပသာဒကိသိက္ခာပုဒ်ကို, ပါဠိရေးပါ။

(၁၃၅၁-ခု၊ ၆၃-ခု၊ ၆၅-ခု၊ ၆၈-ခု အငယ်တန်း၊ ၁၃၄၀-ခု အလတ်တန်း၊ ၁၃၆၀-ခု အကြီးတန်း)

❑ **ခိုက်ရန်,ငြင်းခုံဖြစ်ကြသော ရဟန်းတို့၏ အနီးသို့သွားရောက်၍ ထိုရဟန်းတို့ပြောကြားသော စကားကို ချောင်းမြောင်းနားထောင်သော ရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။**

သဟဓမ္မိကဝဂ် ဥပသာဒကိသိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၃၂-ခု၊ ၆၁-ခု၊ ၆၄-ခု၊ ၆၆-ခု အငယ်တန်း၊ ၁၃၂၈-ခု၊ ၆၂-ခု အလတ်တန်း၊ ၁၃၆၂-ခု၊ ၆၅-ခု အကြီးတန်း)

http://www.dhammadownload.com

ကမ္မပ္ပဋိဇာဟန သိက္ခာပဒ

❑ **ကမ္မပဋိဇာဟန သိက္ခာပုဒ်လာ ဓမ္မိကာနံ ကမ္မာနံ ဆန္ဒံ ဒတ္တွာ–၌ ဓမ္မိကအဓိပ္ပါယ်**

ဟုတ်မှန်သည့်အကြောင်းဝတ္ထု(ဓမ္မ)ရှိလျက် ၎င်းကို သေချာစစ်ဆေးမှု(ဝိနယ)ရှိလျက်ဖြင့် ဘုရားရှင်၏ အဆုံးမတိုင်း ဖြစ်သည့် အပလောကနမှု၊ ဥတ်မှု၊ ကမ္မဝါမှုဟူသော သတ္ထုသာသန တို့ဖြင့် ဆောင်ရွက်ထားအပ်သည့် သံဃကံတို့သည် ဓမ္မိကမည်၏။

ကမ္မာနံ–အရ အပလောကနကံ၊ ဉတ္တိကံ၊ ဉတ္တိဒုတိယကံ၊ ဉတ္တိစတုတ္ထကံ ဤ(၄)မျိုးတို့တည်း။

(၁၃၆၄–ခု အလတ်တန်း)

❑ **ကမ္မပ္ပဋိဇာဟန သိက္ခာပုဒ်လာ ဓမ္မိကာနံ ကမ္မာနံ ဆန္ဒံ ဒတ္တွာ၌ အဘယ်ကဲ့သို့ပြုခြင်းကို ဓမ္မိကမည်ကြောင်း ဖော်ပြပါ။**

ဟုတ်မှန်သောဝတ္ထု၊ စောဒနာ သာရဏာ ဝိနည်းဖြင့် မြတ်ဘုရား အဆုံးအမဖြစ်သော ဥတ် ကမ္မဝါစာ ပြည့်စုံစွာပြုခြင်းသည် ဓမ္မိကမည်၏။

❑ **ကမ္မပ္ပဋိဇာဟန သိက္ခာပုဒ်၌ ဓမ္မိကကံ၏ အပြားကို ရေးပြီးလျှင် အပလောကနကံ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။**

http://www.dhammadownload.com

ဓမ္မိကကံအပြား–အပလောကနကံ၊ ဥတ္တိကံ၊ ဥတ္တိ ဒုတိယကံ၊ ဥတ္တိစတုတ္ထကံ။

အပလောကနကံ–ညီညွတ်သော သံဃာတော်၏ ခွင့်ပြုချက်ဖြင့် ထိုဝတ္ထုကို ပြောကြားပြီး "သံဃာတော်များ နှစ်သက်ပါသလား"ဟု (၃)ကြိမ်ကြားသိစေ၍ ပြုအပ်သောကံ။

(၁၃၆၃-ခု အကြီးတန်း)

❑ ဓမ္မိကာနံ ကမ္မာနံဌ် ကမ္မသရုပ်တို့ကို အဓိပ္ပါယ်နှင့်တကွ

၁။ အပလောကနကံ–သံဃာအား ပန်ကြား၍ ဆောင်ရွက်အပ်သည့် သြသာရဏကံ စသည် ကံ(၅)မျိုးတည်း၊

၂။ ဥတ္တိကံ–ဥတ်သာထား၍ ဆောင်ရွက်အပ်သည့် သြသာရဏကံစသည် ကံ(၉)မျိုးတည်း၊

၃။ ဥတ္တိဒုတိယကံ– ကမ္မဝါစာအပါ ဥတ်လျှင် နှစ်ကြိမ်မြောက်ဖြင့် ဆောင်ရွက်အပ်သည့် သြသာရဏကံစသည့် ကံ (၇)မျိုးတည်း၊

၄။ ဥတ္တိစတုတ္ထကံ– ကမ္မဝါစာ(၃)ကြိမ်အပါ ဥတ်လျှင် (၄)ကြိမ်မြောက်ဖြင့် ဆောင်ရွက်အပ်သည့် သြသာရဏကံ စသည့် ကံ (၇)မျိုးတည်း။ (၁၃၆၄-ခု အကြီးတန်း)

❑ ကမ္မပွဲဦးဟနသိက္ခာပုဒ်လာ'ဓမ္မိကာနံ ကမ္မာနံ'၌ ပါဝင်သော ကံတို့၏အဓိပ္ပါယ်

http://www.dhammadownload.com

၁။ အပလောကနက်–သမဂ္ဂသံဃာ၏ အလိုအတိုင်း၊ ထိုထိုဝတ္ထုကို ပြောကြားပြီး သံဃာတော်အား နှစ်သက်ပါ၏လောဟု (၃)ကြိမ်ပြောကြား၍ ပြုအပ်သောက်။

၂။ ဉတ္တိက်–သမဂ္ဂသံဃာ၏ အလိုအားဖြင့် ဉာတ် တစ်ကြိမ်တည်းဖြင့်သာ ပြုအပ်သော ဥပုသ်က် ပဝါရဏာကံစသည်။

၃။ ဉတ္တိဒုတိယက်–ဉာတ်တစ်ကြိမ်, ကမ္မဝါစာ တစ်ကြိမ်ဖြင့် ပြုအပ်သော ကထိန်စီဝရဒါန စသောက်။

၄။ ဉတ္တိစတုတ္ထက်–ဉာတ်တစ်ကြိမ်, ကမ္မဝါစာ သုံးကြိမ်ဖြင့် ပြုအပ်သော ဥပသမ္ပဒကံစသည်။

(၁၃၄၈-ခု အကြီးတန်း)

❑ အပလောကနက်၊ ဉတ္တိက်တို့၏ သဘောအဓိပ္ပါယ်

ရုစ္စတိ သံဃသ– သံဃာတော်များ နှစ်သက်ပါ၏လား? စသည်အားဖြင့်(၃)ကြိမ် ပန်ကြား၍ ပြုအပ်သောက်ကို အပလောကနက်ဟု ခေါ်သည်။

ဉာတ်တစ်ကြိမ်ဖြင့် ပြုအပ်သော (ဥပုသ်, ပဝါရဏာစသည်)က်မျိုးကို ဉတ္တိက်– ဟုခေါ်ပါသည်။

(၁၃၆၅-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ရဟန်းတော်များ ဆောင်ရွက်လုပ်ကိုင်နေကြသည့် အောက်ပါတို့သည် အပလောကနစသော ကံ (၄) မျိုးတို့တွင် မည်သည့်ကံဖြစ်သည်ဟု အကြောင်းပြ ဖြေဆိုပါ။**

(က) ပဉ္စင်းသိက္ခာတင်ခြင်း= ဥပသမ္ပဒကံ၊

(ခ) ဥပုသ်ပြုခြင်း, ပဝါရဏာပြုခြင်း= ဥပုသ်, ပဝါရဏာကံ၊

(ဂ) ကထိန်သင်္ကန်းပေးခြင်း= ကထိနစီဝရ ဒါနကံ။

(က) ဉာတ်တစ်ကြိမ်, ကမ္မဝါစာ သုံးကြိမ်တို့ဖြင့် ပြုအပ်သောကြောင့် ဥတ္တိစတုတ္ထကံ၊

(ခ) ညီညွတ်သော သံဃာတော်၏ ခွင့်ပြုချက်ဖြင့် ဉတ်တစ်ကြိမ်တည်းဖြင့် ပြုအပ်သောကြောင့် ဉတ္တိကံ၊

(ဂ) ညီညွတ်သော သံဃာတော်၏ ခွင့်ပြုချက်ဖြင့် ထိုဝတ္ထုကို ပြောကြားပြီး သံဃာတော်များ နှစ်သက်ပါသလော–ဟု (၃)ကြိမ် မေးမြန်းသိစေပြီး ပြုအပ်သောကြောင့် အပလောကနကံ။

(၁၃၆၅–ခု အကြီးတန်း)

❑ **ကံကြီး (၅) ကံ**

ဥပသမ္ပဒကံ၊ ပဝါရဏာကံ၊ အဗ္ဘာနကံ၊ ဥတ္တိဒုတိယကံ၊ ဥတ္တိစတုတ္ထကံ။ (၁၃၆၅–ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ကမ္မပွဲငိုဗာဟနသိက္ခာပုဒ်လာ'ဓမ္မိကာနံ ကမ္မာနံ'၌ ပါဝင်သော ကဲတို့၏အဓိပ္ပါယ်**

၁။ အပလောကနကံ–သမဂ္ဂသံဃာ၏ အလိုအတိုင်း၊ ထိုထိုဝတ္ထုကို ပြောကြားပြီး သံဃာတော်အား နှစ်သက်ပါ၏လောဟု (၃)ကြိမ်ပြောကြား၍ ပြုအပ်သောကံ။

၂။ ဉတ္တိကံ–သမဂ္ဂသံဃာ၏ အလိုအားဖြင့် ဉာတ်တစ်ကြိမ်တည်းဖြင့်သာ ပြုအပ်သော ဥပသိကံ ပဝါရဏာကံစသည်။

၃။ ဉတ္တိဒုတိယကံ–ဉာတ်တစ်ကြိမ်, ကမ္မဝါစာတစ်ကြိမ်ဖြင့် ပြုအပ်သော ကထိနဓိပရဒါန စသောကံ။

၄။ ဉတ္တိစတုတ္ထကံ–ဉာတ်တစ်ကြိမ်, ကမ္မဝါစာသုံးကြိမ်ဖြင့် ပြုအပ်သော ဥပသမ္ပဒကံစသည်။

(၁၃၄၈–ခု အကြီးတန်း)

❑ **ကံကြီး(၅)ကံတွင် နောက်ဆုံးကံ၏ရောက်ရာ ဌာနများ**

၁။ သြသာရဏာ

၂။ နိဿာရဏာ၊

၃။ သမ္မုတိ၊

http://www.dhammadownload.com

၄။ ဒါန၊

၅။ နိဂ္ဂဟ

၆။ သမနုဘာသန၊

၇။ ကမ္မလက္ခဏာ။ (၁၃၆၅-ခု၊ ၆၆-ခု အကြီးတန်း)

(ဆောင်) သြ-နိသ်-သမ်-ဒါ၊ နိဂ္ဂဟာ-သမုနု၊
မှတ်ရှုလက္ခဏာ၊ ခွန်ဒ္ဒာန၊ မှတ်ပါဉာဏ်စထုတ်။

❑ ဝိနည်းဒေသနာဌ် ထင်ရှားသောဝဂ်ကြီး (၅)ဝဂ်

စတုဝဂ္ဂ၊ ပဉ္စဝဂ္ဂ၊ ဒသဝဂ္ဂ၊ ဝိသတိဝဂ္ဂ၊ အတိရေက ဝိသတိဝဂ္ဂ-အားဖြင့် (၅)ပါး။ (၁၃၆၆-ခု အကြီးတန်း)

ဆန္ဒံ အဒတ္တာ ဂမန သိက္ခာပဒ

❑ ဝိနိစ္ဆယကထာယ ဝတ္ထုမာနာယဌ် "ဝတ္တမာနာ-ဖြစ်ဆဲ" အဓိပ္ပါယ်ကို ရေးသားပါ။

အာပတ်တပ်၍ မဆုံးဖြတ်ရသေးသမျှ (သို့မဟုတ်) ကမ္မဝါစာရွတ်၍ မပြီးသေးသမျှ ဝတ္တမာနာဖြစ်ဆဲ မည်သည်။

(၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ဆန္ဒမပေးဘဲ နေရာမှထွက်ခွာသွားသော ရဟန်းအား အာပတ်သင့်ပုံ**

အာပုတ်တပ်၍ မဆုံးဖြတ်ရသေးမီ ဥတ်ထားပြီး ကမ္မဝါစာမပြီးသေးမီ အတွင်း၌ ကံကို ပျက်ပြားစေလိုသောကြောင့် ပရိသတ်၏ ဟတ္ထပါသ်ကို စွန့်လျှင် ဒုက္ကဋ်၊ စွန့်ပြီးသော် ပါစိတ်။ (၁၃၆၁-ခု အကြီးတန်း)

❑ **ဥပသမ္ပဒကံဆောင်နေစဉ် ဆန္ဒမပေးဘဲ ထ၍သွားသင့် မသွားသင့်ကို သိက္ခာပုဒ်ထောက်ပြ၍ ဖြေဆိုပါ။**

ဆန္ဒံ အဒတ္တာ ဂမန သိက္ခာပုဒ်အရ ဥပသမ္ပဒကံ ဆောင်နေစဉ် ဆန္ဒမပေးဘဲ ထ၍မသွားသင့်ပါ။

❑ **ဝိနိစ္ဆယမှုခင်းတစ်ရပ် ဆုံးဖြတ်ရန်စည်းဝေးပြောဆိုနေစဉ် ဆန္ဒမပေးဘဲ နေရာမှ ထသွားသောရဟန်းအား အပြစ်သင့် ကြောက်ပုံပြ သိက္ခာပုဒ်ကို အနက်မှန်မှန်ရေးသားခဲ့ပါ။**

သဟဓမ္မိကဝဂ် ဆန္ဒံ အဒတ္တာ ဂမန သိက္ခာပုဒ်ကို ရေးပါ။ (၁၃၆၄-ခု အငယ်တန်း)

http://www.dhammadownload.com

ဒုဗ္ဗလသိက္ခာပဒ

❑ **ရဟန်းတစ်ပါးအား သဟဓမ္မိကဝဂ်လာ ဒုဗ္ဗလ သိက္ခာပုဒ် ဖြင့် သုဒ္ဓပါစိတ်အာပတ် သင့်ရောက်ရပုံကို ကျမ်းရင်းလာ အတိုင်းသာ ဖြေဆိုပြပါ။**

သမဂ္ဂသံဃာနှင့် အတူတကွ သင်္ကန်းပေးပြီးနောက် ရဟန်းများသည် မိမိချစ်ကျွမ်းဝင်သူသို့သာ သံဃိကလာဘ်ကို ညွှတ်စေကုန်၏ဟု ကဲ့ရဲ့သောရဟန်းအား ပါစိတ်အာပတ်သင့်ပါသည်။ (၁၃၆၆-ခု အကြီးတန်း)

❑ **ဘိက္ခုပါတိမောက်လာ ညီညွတ်သောသံဃာနှင့်တကွ သင်္ကန်းကိုပေးပြီးနောက် ကဲ့ရဲ့ခြင်းကြောင့် ပညတ်သော သိက္ခာပုဒ်**

သဟဓမ္မိကဝဂ်၊ ဒုဗ္ဗလသိက္ခာပုဒ်။

(၁၃၆၈-ခု အငယ်တန်း၊ ၁၃၆၃-ခု အလတ်တန်း)

ပရိဏာမနသိက္ခာပဒ

❑ **သံဃာသို့ ညွှတ်ပြီးသော လာဘ်ကို မိမိသို့ညွှတ်စေသော ရဟန်းနှင့် ပုဂ္ဂိုလ်တစ်ပါးသို့ ညွှတ်စေသောရဟန်းတို့အား မည်သည့်အာပတ်များ သင့်ကြပါသနည်း။**

မိမိသို့ညွှတ်စေသောရဟန်းအား နိဿဂ္ဂိယပါစိတ်၊

http://www.dhammadownload.com

ပုဂ္ဂိုလ်တစ်ဦးသို့ ညွှတ်စေသောရဟန်းအား သုဒ္ဓ ပါစိတ်။ (၁၃၃၆-ခု အလတ်တန်း)

❑ **ပရိဏာမနသိက္ခာပုဒ်(၂)ခုတို့၏ ထူးခြားချက်**

နိဿဂ္ဂိလာ ပရိဏာမနကား- မိမိသို့ ညွှတ်စေသဖြင့် နိဿဂ္ဂိပါစိတ်သင့်ပါသည်။

သုဒ္ဓပါစိတ် ပရိဏာမနကား- ပုဂ္ဂိုလ်သို့ညွှတ်စေသဖြင့် ပါစိတ်အာပတ်သင့်ပါသည်။ ဤသို့ထူးပါသည်။

(၁၃၆၄-ခု၊ ၆၈-ခု အငယ်တန်း၊ ၁၃၆၀-ခု၊ ၆၆-ခု အကြီးတန်း)

❑ **သံဃိကလာဘ်လာဘမှန်းသိလျက် မိမိသို့ညွှတ်စေရာ(လှူစေရာ)နှင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သို့ ညွှတ်စေရာ(လှူစေရာ)တို့၌ ဖြစ်ပေါ်လာနိုင်သော အပြစ်ပြသိက္ခာပုဒ်တို့ကို အနက်ယောဇနာပြပါ။**

ပရိဏာတသိက္ခာပုဒ်နှင့် ပရိဏာမန သိက္ခာပုဒ်တို့ကို အနက်ရေးပါ။ (၁၃၆၃-ခု၊ ၆၅-ခု အငယ်တန်း)

❑ **နိဿဂ္ဂိ+သုဒ္ဓပါစိတ် သိက္ခာပုဒ်တို့၌လာ သံဃာပိုင်ပစ္စည်း ဥစ္စာများကို သံဃာမှ တခြားတစ်ပါးသို့ ညွှတ်စေခြင်းကြောင့် အာပတ်သင့်ရာ၌ ပြည့်စုံရမည့်အင်္ဂါများကို သိက္ခာပုဒ် အလိုက် ခွဲခြားဖော်ပြပါ။**

ပြည့်စုံရမည့်အင်္ဂါများ-

http://www.dhammadownload.com

ပရိဏာတ သိက္ခာပုဒ်၌-

၁။ သံဃာ၌ ညှတ်အပ်ပြီးဖြစ်ခြင်း၊

၂။ သံဃာ၌ ညှတ်အပ်ပြီးမှန်းသိလျက် မိမိသို့ညှတ်စေခြင်း။

၃။ ရခြင်း။

မှတ်ချက်။ ။ အာပတ်သင့်ရာ၌ ပြည့်စုံရမည့်အင်္ဂါဟု မေးထားခြင်းကြောင့် သိက္ခာပုဒ် အင်္ဂါများကို ဖြေထားသည်။

(၁၃၆၁-ခု အကြီးတန်း)

(ဆောင်) မုတ္တာ မဏိ ဝေဠုရိယံ၊ သခေါ်-သိလာစ ပဝါဠံ။
ရဇတံ ဇာတရူပဉ္စ၊ လောဟိတင်္ကံ-မသာရဂဿံ။

❑ **အောက်ပါပေယျာလတို့ကို ဖော်ရေးပြခဲ့ပါ။**

(က) ယော ပန ဘိက္ခု။ပ။ပရိဏာမေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ၊

(ခ) ယော ပန ဘိက္ခု။ပ။ ပရိဏာမေယျ၊ ပါစိတ္တိယံ။

(ထင်ရှားပြီ)(၁၃၆၄-ခု အကြီးတန်း)

❑ **ဘိက္ခုပါတိမောက်လာ ဇာနံ သဒ္ဒါပါသော သိက္ခာပုဒ်၏ အမည်များကို ကုန်စင်အောင် ဖော်ထုတ်ရေးသားခဲ့ပါ။**

ပရိဏာတ, အနုပခဇ္ဇ၊ ဘူတဂါမဝဂ် သပ္ပါဏက၊ သပ္ပါဏကဝဂ် သပ္ပါဏက, ဥက္ကောဋန, ဒုဋ္ဌုလ္လ, ဥိနဝိသတိဝဿ,

http://www.dhammadownload.com

ထေယျသတ္ထ, ဥက္ခိတ္တသမ္ဘောဂ, ကဏ္ဌက, ပရိဏာမန သိက္ခာပဒ။

(၁၃၆၁-ခု အလတ်တန်း)

အန္တေ ပုရသိက္ခာပဒ

❑ **အန္တေ ပုရသိက္ခာပုဒ်လာ အနိဂ္ဂတရတနကေ-၌ ရတန-အရ**

မိဖုရား ရတနာကို ယူ။ (၁၃၆၅-ခု အကြီးတန်း)

❑ **အန္တေ ပုရသိက္ခာပုဒ်, ရတနာသိက္ခာပုဒ်တို့၌လာသော ရတနာ (၂)မျိုးအထူး**

အန္တေ ပုရသိက္ခာပုဒ်၌ မိဖုရားရတနာ

ရတနာသိက္ခာပုဒ်၌ ပုလဲအစရှိသော ရတနာ (၁၀) ပါး။

(၁၃၆၅-ခု အကြီးတန်း)

❑ **အန္တေ ပုရ သိက္ခာပုဒ်လာ ကုန္နဒီလ် အတိက္ကမေယျ-ပုဒ် အရ အာပတ်ဆုံးဖြတ်ပုံ အခြင်းအရာကို ဝိနိစ္ဆယ ချပြပါ။**

တံခါးခုံကို ပထမခြေလှမ်းကျော်မိက ဒုက္ကဋ်၊ ဒုတိယခြေလှမ်းကျော်လျှင် ပါစိတ်အာပတ်သင့်ပါသည်။

(၁၃၆၅-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **(က) ကာဏမာတုသိက္ခာပုဒ်၊ (ခ) ရတနာသိက္ခာပုဒ် တို့၌ ပြဆိုထားသည့် လောကုတ္တရာအားလျော်သော ကျင့်ဝတ်များကို ရေးသားဖြေဆိုခဲ့ပါ။**

(က) နှစ်သပိတ်၊ သုံးသပိတ်အပြည့်ခံယူပြီးလျှင် ထိုအရပ်မှဆောင်ယူ၍ အခြားရဟန်းတို့နှင့် အတူတကွ ခွဲခြမ်း ဝေဖန်ရမည်။

(ခ) ရဟန်းသည် ရတနာကိုသော်လည်းကောင်း၊ ရတနာဟုသမုတ်အပ်သော ဝတ္ထုကိုသော်လည်းကောင်း အရံအတွင်းနှင့် တည်းခိုရာဌာနအတွင်း၌ မိမိကိုယ်တိုင်ကောက်ယူ၍သော်လည်းကောင်း၊ သူတစ်ပါးကို ကောက်ယူစေ၍သော်လည်းကောင်း ဥစ္စာရှင်သည် ဆောင်ယူလတ်ဟု နှလုံးသွင်း၍ သိမ်းထားရမည်။ (၁၃၆၁-ခု အကြီးတန်း)

❑ **ရတနဝဂ်လာ ညီတော်အရှင်အာနန္ဒာကို အကြောင်းပြု၍ ပညတ်ထားသော သိက္ခာပုဒ်ပါဠိတို့ကို ရေးသားခဲ့ပါ။**

အန္တေ ပုရ သိက္ခာပုဒ်ကို ပါဠိရေးလေ။

(၁၃၆၈-ခု အလတ်တန်း၊ ၁၃၃၄-ခု၊ ၁၃၆၃-ခု အငယ်တန်း)

http://www.dhammadownload.com

ရတနသိက္ခာပဒ

❑ **ရတနံ ဝါ ရတနသမ္မတံ ဝါဠဲ့ ပါသော ရတနာအမျိုးအစား**

ပုလဲ၊ ပတ္တမြား၊ ကြောင်မျက်ရွဲ၊ ခရုသင်း၊ ကျောက်သလင်း၊ သန္ဘာ၊ ငွေ၊ရွှေ၊ ပတ္တမြားနီ၊ ပတ္တမြား ပြောက်အားဖြင့် (၁၀)ပါး။

ရတနာသမ္မတ–အရ လူတို့၏ အတွင်းအပြင် အသုံးအဆောင်အားလုံးကို ယူရမည်။ (၁၃၆၃–ခု အကြီးတန်း)

❑ **ရတန, ရတနသမ္မတအရ ယူရမည့်ပစ္စည်းများကိုလည်း ခွဲခြားဖော်ပြပါ။**

ရတန–အရ ရွှေ, ငွေ စသော ရတနာ (၁၀) ပါး။

ရတနာအတုများနှင့် ဝတ်စားတန်ဆာ စသော လူတို့၏အတွင်း အသုံးအဆောင် ထက်ဝန်းကျင် အသုံး အဆောင် အားလုံး။ (၁၃၆၈–ခု တနင်္သာရီ)

❑ **လောကဌအဖိုးထိုက်တန်သော ရတနာများစွာရှိနေရာ ရတနဝဂ် ပထမ, ဒုတိယ သိက္ခာပုဒ်တို့လာ ရတနာ(၃)မျိုးတို့၏ ကွဲပြားခြားနားပုံကို ဖြေဆိုပါ။**

၁။ ပထမသိက္ခာပုဒ်လာ ရတနာကား သက်ရှိရတနာ တစ်ပါးဖြစ်သည့် မဟေသီ မိဖုရား၊

http://www.dhammadownload.com

၂။ ဒုတိယသိက္ခာပုဒ်လာ ရတနာကား ပုလဲစသည့် သက်မဲ့ရတနာ(၁၀)ပါးနှင့်၊

၃။ လူတို့၏အခြားသော သုံးဆောင်ခံစားစရာ ပစ္စည်းဝတ္ထု အသုံးအဆောင် အမွန်အမြတ်တို့တည်း။

(၁၃၆၄-ခု အကြီးတန်း)

❑ **ရတနာများကို မကိုင်ကောင်းသောအရပ်၊ အကြောင်းအားလျော်စွာကိုင်ကောင်းသောအရပ်တို့ကို ပြဆိုခဲ့ပါ။**

၁။ အဇ္ဈာရာမ၊

၂။ အဇ္ဈာဝသထအရပ်တို့၌ ဒါယကာ,ဒါယိကာမတို့ မေ့ကျန်နေသော ရတနာများကို ပိုင်ရှင်လာယူသော အခါ ရနိုင်ရန် ရည်ရွယ်ချက်ဖြင့် သိမ်းဆည်းထားသောအနေဖြင့် ကိုင်ကောင်းသည်။

မကိုင်ကောင်းသောအရပ်- အဇ္ဈာရာမ, အဇ္ဈာဝသထမှ တစ်ပါးသောအရပ်၌ ရတနာများကို မကိုင်ကောင်းပါ။

(၁၃၂၅-ခု အလတ်တန်း)

❑ **လူတို့ကျကျန်ရစ်သော လတ်ဝတ်ရတနာများတို့ကို ရဟန်းတော်များ ကောက်ယူရခြင်း၏ ရည်ရွယ်ချက်တို့ကို ဖော်ပြ၍ မယူသင့်ရာအရပ်၌ ယူခဲ့သော်မည်သည့် သိက္ခာပုဒ်ဖြင့် မည်သည့်အပြစ်သင့်သည်ကိုလည်း ညွှန်ပြခဲ့ပါ။**

http://www.dhammadownload.com

ကောက်ယူနိုင်ရာအရပ်

အာရာမ်အတွင်းနှင် မိမိနေရာဌာနအတွင်းတို့ ဖြစ်ပါသည်။

ကောက်ယူရခြင်း၏ ရည်ရွယ်ချက်

အကြင်သူ၏ ဥစ္စာဖြစ်လတ္တံ့၊ ထိုဥစ္စာရှင်သည် ဆောင်ယူလာလိမ့်မည်ဟူသော ရည်ရွယ်ချက်

မယူသင့်ရာအရပ်ယူသော်

မိမိနေရာဌာနမှ တစ်ပါးအခြားအရပ်၌ လူတို့မေ့နေရစ်၊ ကျနေရစ်ခဲ့သော် ကောက်ယူ၍ သိမ်းမထားရ၊ ကောက်ယူ၍ သိမ်းထားလျှင် ရတနသိက္ခာပုဒ်ဖြင့် ပါဒိတ်အာပတ်သင့်ပါသည်။

(၁၃၆၅--ခု အကြီးတန်း)

❑ **မြို့ ရွာအတွင်း၌ လူ့အသုံးအဆောင် ရတနာပစ္စည်းများ တွေ့မြင်ခဲ့သော် ရဟန်းတော်များ ကောက်ယူသင့်၊ မကောက်ယူသင့် သာဓကပြ ဆုံးဖြတ်ပြပါ။**

အညတြ အဇ္ဈာရာမာ ဝါ အဇ္ဈာဝသထာ ဝါ– ကို ထောက်၍ သံဃာ့အာရာမ်နှင့် မိမိနေရာအတွင်း၌ ပစ္စည်းရှင် သံသယကင်းစေရန် သိမ်းပေးခြင်းမှ တစ်ပါးအခြားနေရာတို့၌ လူတို့၏ ရတနာပစ္စည်းများကို မိမိပစ္စည်းဖြစ်ပါစေ သိမ်းဆည်းမပေးထိုက်ပါ။ (၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com

❑ ရတနာသိက္ခာပုဒ်၏ ရတနာနှင့်စပ်၍ ဆောင်ရွက်ရမည့် ကျင့်ဝတ်များ

ရတနာကိုလည်းကောင်း၊ ရတနာ ဟုသမုတ်အပ်သော ပစ္စည်းကိုလည်းကောင်း အာရာမ်အတွင်း မိမိနေရာ၌တွေ့ရှိခဲ့သော် တစ်ယောက်သောသူ၏ ဥစ္စာဖြစ်အံ့၊ ဥစ္စာရှင်ဖြစ်သူယူဆောင်လိမ့်မည်ဟု နှလုံးသွင်း၍ ကိုယ်တိုင်ကောက်ယူစေ၍သော်လည်းကောင်း၊ သူတစ်ပါးကို ကောက်ယူစေ၍သော်လည်းကောင်း သိမ်းထားရပါမည်။

(၁၃၆၁-ခု၊ ၆၄-ခု၊ ၆၈-ခု အငယ်တန်း၊ ၁၃၆၁-ခု အလတ်တန်း၊ ၁၃၆၁-ခု၊ ၆၃-ခု အကြီးတန်း)

❑ ရဟန်းတစ်ပါးသည် မိမိနေရာကျောင်းဆောင်အတွင်း ၌ ဒါယကာတို့မေ့ကျန်ခဲ့သော အဝတ်အထည်များကိုတွေ့လျှင် ဆောင်ရွက်ရမည့် ဝတ္တရားများ

၁။ အမှတ်အသားပြု၍ သိမ်းဆည်းထားရမည်၊

၂။ ပစ္စည်းမေ့ကျန်ခဲ့သူ လာယူဟု ကြေငြာရမည်၊

၃။ ပစ္စည်းရှင်လာယူလျှင် ပျောက်သော်ပစ္စည်း၏ ပုံသဏ္ဌာန်ကို မေးရမည်၊

၄။ အမှတ်အသားမှန်အောင် ပြောနိုင်လျှင် ပေးရမည်၊

၅။ အမှတ်အသားမှန်အောင် မပြောနိုင်လျှင် ရှာပါဦးဟု ပြောရမည်။

http://www.dhammadownload.com

၆။ သိမ်းထားသောရဟန်းသည် ထိုကျောင်းတိုက်ထဲမှ ဖဲသွားလိုလျှင် လျော်ကန်ပတ်သော ရဟန်းတို့၏ လက်၌ အပ်နှံသွားရမည်၊

၇။ လျောက်ပတ်သော ရဟန်းမရှိလျှင် လျောက်ပတ်သော ဒါယကာတို့လက်၌ ထား၍ သွားရမည်။

၈။ ပိုင်ရှင်မတွေ့လျှင် ထာဝရဖြစ်သောကျောင်း၊ စေတီရောက်ပြုလုပ်ရမည်။

၉။ အချိန်ကြာမှ ပိုင်ရှင်လာလျှင် ထိုထာဝရ အဆောက်အဦးကိုပြ၍ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါဟုပြောရမည်။

၁၀။ လက်မခံဘဲ ပစ္စည်းပြန်တောင်းလျှင် ပြည့်စုံ စေ၍ အစားပေးရမည်။

(၁၃၆၄-ခု အလတ်တန်း၊ ၁၃၆၈-ခု အကြီးတန်း)

❑ ရတနာပစ္စည်းကို တွေ့ရှိက ကောက်ယူနိုင်သည့်ဌာန, ပုဂ္ဂလ, မနသိကာရများ

ကောက်ယူနိုင်သည့်ဌာန- အာရာမ်အတွင်း တည်းခိုရာအိမ်ဧရပ်အတွင်း၊

ပုဂ္ဂလ- ကိုယ်တိုင်, စေခိုင်းအပ်သော သူတစ်ပါး၊

မနသိကာရ- "ဥစ္စာရှင်သည် လာယူလတ့ံ" ဟူသော မနသိကာရ။ (၁၃၆၆-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **လူတို့အသုံးအဆောင် ရွှေ၊ ငွေ၊ ပုလဲစသည်တို့ကို အာရာမ်အတွင်း ၊မိမိနေရာအတွင်းတို့၌ တွေ့မြင်တိုင်း ကောက်ယူသိမ်းဆည်းကောင်းပါသလော၊ အဘယ်သို့ဖြစ်ပါမှ ကောက်ယူသိမ်းဆည်းထားကောင်းပါသနည်း၊ ဖြေဆိုပါ။**

လူတို့၏အသုံးအဆောင် ရွှေ၊ ငွေ၊ ပုလဲစသည်ကို အာရာမ်အတွင်း ၊မိမိနေရာတွင်းတို့၌ တွေ့မြင်လတ်သော် တွေ့မြင်တိုင်း ကောက်ယူသိမ်းဆည်း မပေးသင့်ပါ။ အခြားသူ ကောက်ယူသွားလျှင် ရဟန်းသံဃာနှင့် မိမိအပေါ်တွင် ပိုင်ရှင်သံသယမကင်းဖြစ်နိုင်ဖွယ်ရှိမှ ကောက်ယူသိမ်းဆည်းပေး ထားသင့်ပါသည်။

(၁၃၆၄-ခု အကြီးတန်း)

❑ **ရတနာပစ္စည်းကို ကောက်တွေ့ရှာ၌ သိမ်းဆည်းသင့်သော နေရာနှင့် ရည်ရွယ်ချက်တို့ကိုလည်း ခွဲခြားဖြေဆိုပါ။**

သိမ်းဆည်းသင့်သောနေရာ- အာရာမ်အတွင်း၊ မိမိနေရာဌာနအတွင်း။

ရည်ရွယ်ချက်- ဥစ္စာရှင် လာယူလိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြစ်သည်။ (၁၃၆၈-ခု ကယား)

❑ **ဘိက္ခုပါတိမောက် သုဒ္ဓပါစိတ်၌ ပြဆိုထားသည့် လောကုတ္တရာအားလျော်သော ကျင့်ဝတ်များကို သိက္ခာပုဒ် အမည်နှင့် ယှဉ်တွဲရေးသားခဲ့ပါ။**

http://www.dhammadownload.com

၁။ ကာဏမာတု သိက္ခာပုဒ်အရ- (၂)သပိတ် ၊ (၃) သပိတ်အပြည့် ခံယူသောရဟန်းသည် အခြား ရဟန်းတို့နှင့်အတူ ဝေဖန်၍ သုံးဆောင်ရပါမည်။

၂။ ရတနသိက္ခာပုဒ်အရ- ရတနာ၊ ရတနာဟု သမုတ် အပ်သော ပစ္စည်းတို့ကို အာရာမ်တွင်း မိမိနေရာတို့၌ တွေ့မြင်ပါက ကိုယ်တိုင်ဆောင်ယူသည်ဖြစ်စေ၊ သူတစ်ပါးကို ခိုင်းသည်ဖြစ်စေ ပိုင်ရှင်ဖြစ်သူ လာယူလိမ့်မည်ဟု နှလုံးသွင်း၍ သိမ်းထားရပါမည်။

(၁၃၆၂-ခု၊ ၆၆-ခု အကြီးတန်း)

❑ ဘိက္ခုပါတိမောက်၌ အယဲ တတ္ထသာမီစီ ပါဝင်သော သိက္ခာပုဒ်တို့တွင် နောက်ဆုံးပုဒ်

ရတနသိက္ခာပုဒ် (၁၃၆၈-ခု အငယ်တန်း)

❑ ကျောင်းတိုက်အတွင်း လူတို့မေ့ကျန်နေခဲ့သော ရွှေ၊ ငွေစသော ရတနာပစ္စည်းများကို ကောက်ယူသိမ်းထားခြင်းနှင့်ပတ်သတ်၍ ရဟန်းတော်များ လိုက်နာကျင့်သုံးရမည့် သိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။

ရတနသိက္ခာပုဒ်(ပါဠိ)

(၁၃၆၁-ခု၊ ၆၅-ခု၊ ၆၈-ခု အငယ်တန်း၊ ၁၃၆၃-ခု ၆၇-ခု အလတ်တန်း၊ ၁၃၆၁-ခု၊ ၆၂-ခု၊ ၆၆-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **နိုးယူလိုသောစိတ်မပါဘဲ အရဏ်အတွင်း၌ ပိုင်ရှင်မဲ့ပစ္စည်း ဥစ္စာကို ကောက်ယူမိသောရဟန်းများ လိုက်နာကျင့်သုံးရ မည့်ကျင့်ဝတ်ပြသိက္ခာပုဒ် စကားရပ်ကိုသာ အနက်ရေးသား ပြပါ။**

ရတနသိက္ခာပုဒ် အနက်ရေးပါ။

(၁၃၅၀-ခု အငယ်တန်း၊ ၁၃၂၃-ခု၊ ၆၇-ခု အလတ်တန်း)

ဝိကာလဂါမပွ ဓေသနသိက္ခာပဒ

❑ **ဝိကာလဘောဇန သိက္ခာပုဒ်နှင့် ဝိကာလဂါမပွဓေသန သိက္ခာပုဒ်တို့ အထူး**

ဝိကာလဘောဇန သိက္ခာပုဒ်သည် မွန်းတည့်သည်မှ အရုဏ်တက်သည် တိုင်အောင်သော ဝိကာလအတွင်းဝယ် ဘောဇဉ်ကို စားခြင်းဖြစ်သည်။

ဝိကာလဂါမပွပေသန သိက္ခာပုဒ်သည် မွန်းတည့် လွန်သောအခါမှ အရုဏ်အတွင်းဝယ် ရွာတွင်းသို့ မပန်မကြားဘဲ သွားခြင်းဖြစ်သည်။ (၁၃၆၆-ခု အကြီးတန်း)

❑ **ထင်ရှားရှိသောရဟန်းအား မပန်ကြားဘဲ နေမွန်းလွဲ ရွာတွင်းသွားနိုင်သည့် အကြောင်းကို သိသာရုံမျှ သာဓက ဖြင့် ဖော်ပြပါ။**

http://www.dhammadownload.com

အညတြ တထာရူပါ အစ္စာယိကာ ကရဏီယာ-အရ အဆောတလျင်ဖြစ်ပေါ်လာသော ခိုးသူဘေး၊ မီးဘေးစသော အန္တရာယ်ရှိလျှင် မပန်ကြားဘဲ သွားကောင်းပါသည်။

(၁၃၆၅-ခု အငယ်တန်း)

❑ **ဝိကာလဂါမပွဧသန သိက္ခာပုဒ်လာ အနုပညတ် ပါဠိများ**

၁။ သန္တံ ဘိက္ခုံ

၂။ အနာပုစ္ဆာ

၃။ တထာရူပါ အစ္စာယိကာ တို့ဖြစ်ပါသည်။

(၁၃၆၀-ခု အကြီးတန်း)

❑ **ညနေခင်းအချိန် ရွာတွင်းသို့သွားသောရဟန်းများ လိုက်နာကျင့်သုံးရမည့်စည်းကမ်းကို တိကျစွာရေးပြပါ။**

ရွာအတွင်းသို့သွားသော ရဟန်းများသည် ထင်ရှားရှိသော ရဟန်းထံ၌ "ဝိကာလေ ဂါမပွဝေသနံ အာပုစ္ဆာမိ" ဟုလည်းကောင်း "ဂါမံ ပဝိသိဿာမိ"ဟုလည်းကောင်း ပန်ပြောရမည်။ (၁၃၆၅-ခု အကြီးတန်း)

❑ **နေလွဲသောအခါ ရွာတွင်းသို့ဝင်ရာ၌ ထင်ရှားရှိသောရဟန်းကို မည်ကဲ့သို့ ပန်ကြားရမည်ကိုလည်း ဖြေဆိုပါ။**

မွန်းလွဲအခါ၌ ရွာဝင်ခွင့်ကို ပန်ကြားပါ၏ ဟူ၍လည်း

http://www.dhammadownload.com

ကောင်း၊ မွန်းလွဲအခါ ရွာသို့ ဝင်ပါအုံဟူ၍လည်းကောင်း ကြိုက်ရာတစ်မျိုးမျိုးဖြင့် ပန်ကြားရပါမည်။ (၁၃၆၄-ခု အငယ်တန်း)

❑ **ဘိက္ခု စာရိတ္တ၊ ဝိကာလဂါမပွဝေသန သိက္ခာပုဒ်တို့၌ လာသော ပုရေဘတ္တ, ပစ္ဆာဘတ္တ, ဝိကာလတို့အထူး**

၁။ ပုရေဘတ္တ- နိမန္တနဘတ်ကို မစားမီအချိန်၊

၂။ ပစ္ဆာဘတ္တ-နိမန္တနဘတ်ကို စားပြီးအချိန်၊

၃။ ဝိကာလ- မွန်းလွဲရာမှစ၍ နောက်နေ့အရုဏ်အတွင်း၊

(၁၃၆၂-ခု အကြီးတန်း)

❑ **ထင်ရှားရှိသောရဟန်းကို မပန်ကြားဘဲ ဆွမ်းဘုန်းပေးကြွနိုင်သောအခါများ**

စီဝရဒါနအခါ, စီဝရကာရအခါ။

(၁၃၆၄-ခု အငယ်တန်း၊ ၁၃၆၄-ခု အလတ်တန်း)

❑ **ဝိကာလအချိန် ကျောင်းထိုင်ဆရာတော်အား ခွင့်မတောင်းဘဲ မြို့တွင်း သွားနိုင်၊ မသွားနိုင်ကို ပါဠိထောက်၍ ရှင်းပြပါ။**

မပန်ကြားဘဲ မသွားနိုင်ပါ။

သာဓက- ဝိကာလဂါမပွဝေသန သိက္ခာပုဒ်ကိုထောက်ပါ။

(၁၃၆၅-ခု၊ ၆၈-ခု အငယ်တန်း၊ ၁၃၆၂-ခု အလတ်တန်း၊ ၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ရတနဝဂ် ဝိကာလဂါမပွဲဝေသန သိက္ခာပုဒ်ကို အနက်မှန် ကန်စွာ ပေးပြပါ။**

ထင်ရှားပြီ။ (၁၃၆၃-ခု အယ်တန်း)

သုစိဿရ သိက္ခာပဒ

❑ **ရတနဝဂ်လာ အပ်ကျည်ဖူး မပြုလုပ်ကောင်းသော အရာ ဝတ္ထုများ-**

၁။ အရိုး၊

၂။ ဆင်စွယ်၊

၃။ သာချိုတို့ ဖြစ်ပါသည်။

(၁၃၆၃-ခု အယ်တန်း၊ ၁၃၆၁-ခု၊ ၆၇-ခု အလတ်တန်း)

❑ **ရဟန်းတို့မသုံးစွဲသင့်သည့် အပ်ကျည်ဖူးများ**

အင်္ဂါမယ- အရိုးဖြင့်ပြုအပ်သော အပ်ဖူး၊

ဒန္တမယ- ဆင်စွယ်ဖြင့်ပြုအပ်သော အပ်ဖူး၊

ဝိသာဏမယ- ဦးချိုဖြင့်ပြုအပ်သော အပ်ဖူး၊

(၁၃၆၆-ခု အယ်တန်း၊ ၁၃၆၄-ခု အလတ်တန်း၊ ၁၃၆၁-ခု၊ ၆၂-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **မုသာဝါဒသိက္ခာပုဒ်၌ သင့်သောပါစိတ်အာပတ်နှင့် သူစိဃရ သိက္ခာပုဒ်၌ သင့်သောပါစိတ်အာပတ်တို့ကား အဘယ်သို့ ထူးသနည်း၊ ဖြေဆိုပါ။**

မုသာဝါဒသိက္ခာပုဒ်၌ သင့်သောပါစိတ်အာပတ်သည် ဒေသနာပြောကြားရုံဖြင့် ကုစားရပါသည်။ သူစိဃရသိက္ခာပုဒ်၌ သင့်သောပါစိတ်အာပတ်သည် အပ်ဖူးကိုခွဲပြီးမှ ဒေသနာပြောကြား၍ ကုစားရပါသည်။ ဤသို့ထူးသည်။

(၁၃၆၃-ခု အကြီးတန်း)

❑ **နွားရိုး၊ ကျွဲရိုးတစ်မျိုးမျိုးဖြင့် အပ်ဖူးကို (က) ကိုယ်တိုင်ပြုခြင်း၊ (ခ) သူတစ်ပါးအား ပြုစေခြင်း၊ (ဂ) ခိုင်းပြီးရရှိရာ အခါတို့၌ သင့်ရောက်သည့်အပြစ်တို့ကို ရေးသားပါ။**

(က) ဒုက္ကဋ်၊

(ခ) ဒုက္ကဋ်၊

(ဂ) ဘေဒနကပါစိတ်။ (၁၃၆၁-ခု အကြီးတန်း)

❑ **ဘေဒနကပါစိတ်အာပတ်သင့်သော သိက္ခာပုဒ်ကို အနက်မစွက် ပါဠိသက်သက်မျှ ရေးခဲ့ပါ။**

ထင်ရှားပြီ။ (၁၃၄၁-ခု အလတ်တန်း)

http://www.dhammadownload.com

❑ **အောက်ပါသိက္ခာပုဒ်တို့ကို အနက်သမ္မန်ပါ။**

(က) သူစိမ်းရဟန်း သိက္ခာပုဒ်

(ခ) သာမိသ သိက္ခာပုဒ်။ (၁၃၃၆-ခု အင်္ဂလိပ်တန်း)

မဉ္စပိဋ္ဌသိက္ခာပဒ

❑ **သုံးဆောင်ခွင့်ရှိသော ညောင်စောင်း၏ အမြင့်ပမာဏ**

မြတ်စွာဘုရား လက်သစ်တော်အားဖြင့် လက်(၈) သစ် အခြေရှိသော ညောင်စောင်းဖြစ်ပါသည်။

(၁၃၃၇-ခု အင်္ဂလိပ်တန်း)

❑ **ကုတင်သစ်ပြုလုပ်လိုရာ၌ ဘုရားရှင်ခွင့်ပြုသော အခြေပမာဏ**

အပေါင်အောက်အစွန်းကိုကြည့်၍ မြတ်စွာဘုရား လက်သစ်တော်ဖြင့် လက်(၈)သစ် (ပကတိ လူတို့၏တစ်တောင့်ထွာ) ဖြစ်ပါသည်။

(၁၃၆၃-ခု၊ ၆၄-ခု အလတ်တန်း၊ ၁၃၆၀-ခု အကြီးတန်း)

❑ **ညောင်စောင်းအင်းပျဉ်အသစ်ကို ပြုလုပ်စေလိုသော ရဟန်းများအတွက် ဘုရားရှင်မည်ကဲ့သို့ ညွှန်ကြားခဲ့ပါသနည်း၊ ဖြေဆိုပါ။**

http://www.dhammadownload.com

အောက်ဖြစ်သောပေါင်ကို ကြည့်၍ ဘုရားရှင်၏ လက်သစ်တော်ဖြင့် လက်(၈)သစ်အခြေရှိအောင် ပြုရမည်၊ ထိုထက်မကျော်လွန်ရဟု ညွှန်ကြားခဲ့ပါသည်။

(၁၃၄၇-ခု အငယ်တန်း)

❑ **ညောင်စောင်း၊ အင်းပျဉ်တို့ကို ဘုရားရှင်သတ်မှတ်ထား သည့် ပမာဏထက်လွန်၍ ပြုစေသောရဟန်းအား အပြစ် ရပုံပြ သိက္ခာပုဒ်**

(မဏ္ဍပိဋ္ဌ သိက္ခာပုဒ်ကိုရေးပါ)

(၁၃၆၈-ခု အငယ်တန်း၊ ၁၃၆၄-ခု အလတ်တန်း၊ ၁၃၆၁-ခု အကြီးတန်း)

❑ **သုဒ္ဓပါစိတ် ပဏ္ဏာတ္တိဝဇ္ဇသိက္ခာပုဒ်များတွင် အာပတ်ဒေသနာ ကြားရုံဖြင့် အပြစ်ကင်းစင်သွားခြင်း မရှိသော သိက္ခာပုဒ် များရှိရာ ၎င်းတို့အနက်မှ (၂)ခုမျှ ထုတ်၍ရှင်းပြပါ။**

သူစိဃရသိက္ခာပုဒ်အရ အာပတ်သင့်လျှင် အပ်ကျည် ကိုခွဲပြီးမှ အာပတ်ကိုဒေသနာကြားရမည်။ မဏ္ဍပိဋ္ဌ သိက္ခာပုဒ်အရ အာပတ်သင့်လျှင် ပိုလွန်သောအခြေကို ဖြတ်ပြီးမှ အာပတ်ကို ဒေသနာကြားရမည်။ (၁၃၃၄-ခု အကြီးတန်း)

http://www.dhammadownload.com

တူလောနဒ္ဓ သိက္ခာပဒ

❑ **ညောင်စောင်းအင်းပျဉ်ကိုလဲ ဝါဂွမ်းသွပ်၍ သုံးစွဲသော ရဟန်းအား သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်ကို မှန်ကန်စွာ အနက်ရေးပါ။**

ထင်ရှားပြီ။ (၁၃၆၁-ခု အငယ်တန်း)

❑ **ရတနဝဂ်၌ ညောင်စောင်းအင်းပျဉ် ပြုလုပ်ပုံနှင့် ပတ်သက်၍ ရဟန်းတော်များလိုက်နာရမည့်သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးပြပါ။**

(ရတနဝဂ် မဋ္ဌပိဋ္ဌ သိက္ခာပုဒ်နှင့် တူလောနဒ္ဓ သိက္ခာပုဒ်တို့ကို ပါဠိရေးပါ)

(၁၃၆၈-ခု အငယ်တန်း၊ ၁၃၆၃-ခု အကြီးတန်း)

❑ **ရတနဝဂ်လာ ညောင်စောင်း (ခုတင်)၊ အင်ပျဉ် (ကုလားထိုင်) ပြုလုပ်ပုံနှင့် ပတ်သက်၍ ရဟန်းတော်များ လိုက်နာရမည့် သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးပါ။**

(မဋ္ဌ ပိဋ္ဌ သိက္ခာပုဒ်နှင့် တူလောနဒ္ဓ သိက္ခာပုဒ်တို့ကို ပါဠိရေးပါ) (၁၃၅၀-ခု အကြီးတန်း)

http://www.dhammadownload.com

❑ အောက်ပါသိက္ခာပုဒ်များကို သချိုင်္ကမျှပြဆိုခဲ့ပါ။

(က) ဘေဒနကပါစိတ်၊ (ခ) ဆေဒနကပါစိတ်၊ (ဂ) ဥဒ္ဒါလနက ပါစိတ်။

(က) ၂၊ (ခ) ၉၊ (ဂ) ၁ ။

(၁၃၆၇-ခု အလတ်တန်း)

❑ ဘိက္ခုသုဒ္ဓပါစိတ်လာ ဒေသနာကြားရုံမျှဖြင့် အပြစ်မှ မလွတ်သေးသော သိက္ခာပုဒ်တို့တွင် အစဆုံးသိက္ခာပုဒ် (၃)ပုဒ်ကို အနက်မှန်မှန် သမ္မန်ပြပါ။

၁။ သူစိဃရ၊

၂။ မဉ္စပီဌ၊

၃။ တူလောနဒွ သိက္ခာပုဒ်တို့ကို အနက်ရေးပါ။

(၁၃၆၂-ခု အကြီးတန်း)

❑ ဘိက္ခုပါတိမောက်လာ ပါစိတ်(၅)မျိုး

နိဿဂ္ဂိပါစိတ်၊ သုဒ္ဓပါစိတ်၊ ဆေဒနကပါစိတ်၊ ဘေဒနကပါစိတ်၊ ဥဒ္ဒါလနကပါစိတ်။

(၁၃၆၈-ခု အငယ်တန်း၊ ၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com

နိဿီဒနသိက္ခာပဒ

❑ နိဿဂ္ဂိ နိသီဒနသန္ထတသိက္ခာပုဒ်လာ နိသီဒိုင်နှင် ရတနဝဂ်လာ နိသီဒိုင်တို့၏ အထူး

နိသီဒနသန္ထတ သိက္ခာပုဒ်လာ နိသီဒိုင်သည် အခင်း ဖြစ်သည်၊ သင်္ကန်း (၉)ထည်တွင် မပါဝင်ဘဲ အတိုင်းအရှည် ပမာဏ မရှိ၊ မရက်ဘဲ ခင်း၍ ပြုလုပ်ရ၏၊ အဓိဋ္ဌာန်မတင်ဘဲ ဝိကပ္ပနာမပြုဘဲ သုံးစွဲနိုင်သည်။

ရတနဝဂ်လာ နိသီဒိုင်ကား– သင်္ကန်း(၉)ထည်တွင် ပါဝင်ပြီး အတိုင်းအရှည် ပမာဏလည်းရှိ၏။ ရက်ကန်း၌ ရက်အပ် သော အဝတ်ဖြစ်သည်။ အဓိဋ္ဌာန်တင် ဝိကပ္ပနာပြုပြီးမှ သုံးစွဲနိုင် သည်။ ဤသို့ ထူးပါသည်။ (၁၃၆၇-ခု အင်္ဃတန်း)

❑ ရတနဝဂ်လာ နိသီဒိုင် အခင်းပြုလုပ်ပုံကို ယခုခေတ်လူများ နည်းယူလောက်အောင် ရေးသားဖြေဆိုပါ။

အခင်းကဲ့သို့ဖြန့်ခင်း၍ အမြိတ်အဆာအတွက် တစ်ဖက်အစွန်း၌ မြတ်စွာဘုရားတစ်ထွာ ပမာဏမျှ နှစ်နေရာ၌ ခွဲစိတ်ထားရမည်၊ ထိုကဲ့သို့ခွဲစိတ်ထားသောအခါ အမြိတ်အဆာ သည် တစ်ခုနှင့်တစ်ခုမစပ်ဘဲ သုံးမြွာကွဲလျက် ရှိလိမ့်မည်။

(၁၃၄၈-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **နိသီဒိုင်၏ပမာဏနှင့် ဘုရားရှင်၏ သင်္ကန်းတော်ပမာဏ တို့ကို ပါဠိတော်လာသည့်အတိုင်း ဖော်ပြပါ။**

ဘုရားရှင်၏အထွာတော်အား ဖြင့် အလျား(၂)ထွာ၊ အနံ (၁)ထွာခွဲ၊ အမြိတ်(၁)ထွာတည်း၊

(၁၃၆၁-ခု၊ ၆၃-ခု၊ ၆၈-ခု အလတ်တန်း)

❑ **နိသီဒိုင်၏ ပမာဏကို မရွိမပုရိသအထွာဖြင့် အလျား၊ အနံ ၊ အမြိတ် တိကျစွာ ခွဲခြားပြပါ။**

အလျား (၆)ထွာ၊ အနံ(၄)ထွာခွဲ၊ အမြိတ်အဆာ (၃)ထွာ။ (၁၃၆၆-ခု အကြီးတန်း)

❑ **နိသီဒိုင်ကို ပမာဏထက် ပိုလွန်မိလျှင် အပြစ်ကင်းအောင် ပြုလုပ်နည်း ကို ညွှန်ပြခဲ့ပါ။**

ပမာဏထက် လွန်မိလျှင် အပြစ်ကင်းအောင် ဖြတ်ပစ်ရပါမည်။ (၁၃၆၅-ခု အကြီးတန်း)

❑ **ထိုနိသီဒိုင်၏ အလျား,အနံ, အမြိတ်အဆာတို့.ကိုလည်း**

(က) ဘုရားရှင်

(ခ) မရွိမပုရိသ

(ဂ) ယခုခေတ်လူတို့.၏ အတိုင်းအတာ ပမာဏဖြင့် အသီးသီးဖော်ပြပါ။

http://www.dhammadownload.com

	အလျား	အနံ	အမြင့်အဆာ
(က)	(၂)ထွာ	၁ထွာခွဲ	၁ထွာ
(ခ)	၆ထွာ	၄ထွာခွဲ	၃ထွာ
(ဂ)	၉ထွာ	၆ထွာ	၉လက်မ ၄ထွာခွဲ

(၁၃၄၈-ခု အကြီးတန်း)

❑ **နိသီဒိုင်ဒန သန္တ တ သိက္ခာပုဒ်နှင့် နိသီဒနသိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးပြပါ။**

(၁၃၃၀-ခု ၊၃၆-ခု၊ ၆၅-ခု၊ ၆၆-ခု အငယ်တန်း၊ ၁၃၆၄-ခု အလတ်တန်း)

ကဏ္ဍုပ္ပဋိစ္ဆာဒိ သိက္ခာပဒ

❑ **ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ်၌ ကဏ္ဍု-အရ ယူရမည့် အနာမျိုးများ**

ယားနာ, သွေးစုနာ, အရည်ယိုသောအနာ, အိုင်းအမာနာများ။ (၁၃၆၀-ခု အကြီးတန်း)

❑ **အမာလွမ်းသင်္ကန်း၏ အလျား၊ အနံ ပမာဏကို မြတ်စွာဘုရားအထွာဖြင့် သတ်မှတ်ပြခဲ့ပါ။**

ဘုရားရှင်၏ အထွာတော်အားဖြင့် အလျား (၄) ထွာ၊ အနံ (၂)ထွာ ဖြစ်သည်။

http://www.dhammadownload.com

(၁၃၆၄-ခု၊ ၆၅-ခု၊ ၆၇-ခု၊ ၆၈-ခု အငယ်တန်း၊ ၁၃၂၄-ခု၊ ၆၄-ခု အလတ်တန်း၊ ၁၃၆၃-ခု၊ ၆၆-ခု အကြီးတန်း)

❑ **အမာလွမ်းသင်္ကန်း၏ ပမာဏကို မန္ဒိမပုရိသ၏ အတိုင်း အတာဖြင့် ဖော်ပြပါ။**

မန္ဒိမပုရိသ အထွာဖြင့် အလျား (၁၂)ထွာ၊ အနံ (၆)ထွာ။ (၁၃၆၃-ခု အငယ်တန်း)

❑ **အမာလွမ်းသင်္ကန်း၏ ပမာဏကို ပကတိပုရိသ၏ အတိုင်း အထွာဖြင့် ဖော်ပြခဲ့ပါ။**

ပကတိပုရိသအားဖြင့် အလျား(၉)တောင်၊ အနံ (၄)တောင့်ထွာ ပမာဏရှိပါသည်။ (၁၃၆၇-ခု အလတ်တန်း)

❑ **ရတနဝဂ် အဋ္ဌမသိက္ခာပုဒ်လာ ခွင့်ပြုသောသင်္ကန်းနှင့် ခွင့်ပြုရကျိုး**

ခွင့်ပြုသောသင်္ကန်းကား

အမာလွမ်းသင်္ကန်း၊

ခွင့်ပြုရကျိုးကား

ချက်အောက်, ပုဆစ်ဒူးဝန် နှစ်ဖက် အထက်၌ ယားနာ, သွေးစုနာ, အရည်ယိုသောအနာ, အိုင်းအနာတို့ကို ဖုံးလွှမ်းခြင်း အကျိုး။ (၁၃၆၆-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ရဟန်းတော်တို့အား အမာလွမ်းသင်္ကန်းပြုလုပ်ပုံ အစီအရင်ပြ သိက္ခာပုဒ်နှင့် သေမိန့်ချထားသော ခိုးသူမကို ရဟန်းပြုပေးသော ရဟန်းမအား ပညတ်သော သိက္ခာပုဒ်တို့ကို ပါဠိရေးသားပါ။**

ဘိက္ခု ရတနဝဂ် ကဏ္ဍုပ္ပဋိစ္ဆာဒိ သိက္ခာပုဒ်နှင့် ဘိက္ခုနီ သံဃာဒိသေသ် စောရီဝုဋ္ဌာပိကာသိက္ခာပုဒ်တို့ကို ပါဠိရေးပါ။ (၁၃၆၆-ခု အကြီးတန်း)

❑ **ကဏ္ဍုပ္ပဋိစ္ဆာဒိ သိက္ခာပုဒ်ပါဠိတော်ကို ရေးသားဖြေဆိုပါ။**

ရတနဝဂ်၊ အဋ္ဌမ၊ ကဏ္ဍုပ္ပဋိစ္ဆာဒိ သိက္ခာပုဒ်ကို ပါဠိရေးပါ။ (၁၃၆၈-ခု အငယ်တန်း)

ဝဿိကာသာဋိကာသိက္ခာပဒ

❑ **မိုးရေခံသင်္ကန်း၏ ပမာဏကို မြတ်စွာဘုရား၏ လက်သန်းအထွာတော်ဖြင့် ဖော်ပြပါ။**

နိသီဒိုင်-အလျား(၂)ထွာ၊ အနံ(၁)ထွာခွဲ ။

အမာလွမ်းသင်္ကန်း- အလျား(၄)ထွာ၊ အနံ (၂)ထွာ။

မိုးရေခံသင်္ကန်း- အလျား (၆)ထွာ၊ အနံ (၂)ထွာခွဲ။

(၁၃၂၆-ခု၊ ၆၂-ခု၊ ၆၄-ခု အလတ်တန်း)

http://www.dhammadownload.com

❑ **ဝဿိကသာဋိက သိက္ခာပုဒ်(၂)ခုတို့အထူး**

ပတ္တဝဂ်လာ ဝဿိကသာဋိက သိက္ခာပုဒ်သည် မိုးရေခံသင်္ကန်းကို ရှာ၊ ချုပ်ဆိုး၊ ဝတ်ခြင်း၊ ခွင့်ပြုသောကာလနှင့် ပတ်သတ်၍ မလိုက်နာလျှင် နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏ဟု ပညတ်တော်မူသည်။

ရတနဝဂ်လာ ဝဿိကသာဋိက သိက္ခာပုဒ်သည် မိုးရေခံသင်္ကန်းပြုရန် ပမာဏကိုပြဆို၍ မလိုက်နာလျှင် သုဒ္ဓ ပါစိတ်အာပတ်သင့်၏ဟု ပညတ်တော်မူသည်။

(၁၃၆၃-ခု အင်္ဂတန်း)

❑ **ရဟန်းတော်များအား မိုးရေခံသင်္ကန်းနှင့်စပ်၍ ဘုရားရှင် ပညတ်တော်မူအပ်သော သိက္ခာပုဒ်များကို ပါဠိသက်သက် ရေးပြပါ။**

ဘိက္ခုပတ္တဝဂ် ဝဿိကသာဋိက သိက္ခာပုဒ်နှင့် ရတနဝဂ် ဝဿိကသာဋိက သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။

(၁၃၆၄-ခု အင်္ဂတန်း၊ ၁၃၁၆-ခု အလတ်တန်း၊ ၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com

နိဒ္ဒေသိကဘာဝ

❑ **မြတ်စွာဘုရား၏ သင်္ကန်းတော်ပမာဏကို ဗုဒ္ဓ၊ မဇ္ဈိမ၊ ပကတိပုရိသ ပုဂ္ဂိုလ်အလိုက် ခွဲခြားပြပါ။**

ဗုဒ္ဓ–အလျား(၉)ထွာ၊ အနံ (၆) ထွာ။

မဇ္ဈိမ– အလျား(၂၇)ထွာ၊ အနံ (၁၈)ထွာ။

ပကတိ– အလျား(၄၀)ထွာခွဲ၊ အနံ (၂၇)ထွာ။

(၁၃၆၄–ခု၊ ၆၈–ခု အငယ်တန်း၊ ၁၃၆၂–ခု ၊၆၃–ခု အလတ်တန်း၊ ၁၃၆၁–ခု၊ ၆၃–ခု၊ ၆၄–ခု၊ ၆၆–ခု အကြီးတန်း)

❑ **ရတနဝဂ်လာ ပမာဏနှင့်ယှဉ်၍ ဟောကြားအပ်သော ပစ္စည်းဝတ္ထုတို့၏ ပမာဏများကို မဇ္ဈိမပုရိသ အတိုင်း အတာဖြင့် အသီးသီးဖြေဆိုပါ။**

မဉ္စပီဌပမာဏ–မဇ္ဈိမပုရိသ လက် (၂၄)လက်သစ်၊

နိသီဒနပမာဏ–မဇ္ဈိမပုရိသအလျား (၆)ထွာ၊ အနံ (၄)ထွာခွဲ၊ အမြိတ်အဆာ (၃)ထွာ၊

ကဏ္ဏပ္ပဋိစ္ဆာဒိပမာဏ–မဇ္ဈိမပုရိသအလျား (၁၂) ထွာ၊ အနံ (၆)ထွာ၊

ဝဿိကသာဋိကပမာဏ–မဇ္ဈိမပုရိသအလျား (၁၈) ထွာ၊ အနံ (၇)ထွာခွဲ၊

http://www.dhammadownload.com

သုဂတစီဝရုပမာဏ–မဆို့မပိုရိသအလျား (၂၇)ထွာ၊ အနံ (၁၈)ထွာ။ (၁၃၆၂–ခု၊ ၆၅–ခု အကြီးတန်း)

❑ **အောက်ပါတို့၏ အလျား၊ အနံပမာဏတို့ကို ပါတိမောက်လာအတိုင်း မှန်ကန်စွာ ဖြေဆိုခဲ့ပါ။**

(က) ညောင်စောင်းကုဋေသစ်၊

(ခ) နီသီဒိုင်အခင်း၊

(ဂ) အမာလွှမ်းသင်္ကန်း၊

(ဃ) မိုးရေခံသင်္ကန်း၊

(င) ဘုရားရှင်၏ သင်္ကန်းတော်၊

(က) ဘုရားအထွာတော်အားဖြင့် အခြေလက် (၈)သစ်၊

(ခ) ဘုရားအထွာတော်အားဖြင့် အလျား(၂)ထွာ၊ အနံ (၁)ထွာခွဲ၊ အမြိတ်အဆာ (၁)ထွာ၊

(ဂ) ဘုရားအထွာတော်အားဖြင့် အလျား (၄)ထွာ၊ အနံ (၂)ထွာ၊

(ဃ) ဘုရားအထွာတော်အားဖြင့် အလျား(၆)ထွာ၊ အနံ (၂)ထွာ၊

(င) ဘုရားအထွာတော်အားဖြင့် အလျား(၉)ထွာ၊ အနံ (၆)ထွာ။ (၁၃၆၅–ခု အငယ်တန်း၊ ၁၃၆၆–ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ဘုရားရှင်၏ သင်္ကန်းတော်ပမာဏပြပါဦးကို ရေးသားပါ။**

ထင်ရှားပြီ။

(၁၃၆၁-ခု အငယ်တန်း၊ ၁၃၃၀-ခု၊ ၃၁-ခု၊ ၃၇-ခု၊ ၆၁-ခု အလတ်တန်း)

❑ **ဘိက္ခုပါတိမောက် သုဒ္ဓပါစိတ်လာ သိက္ခာပုဒ်တို့ကို အေသနာပြောကြားမှုအပြင် အခြားကိစ္စတစ်ခုခုကိုပါ ပြုလုပ်မှု အာပတ်မှကင်းဝေးစေနိုင်သော သိက္ခာပုဒ်တို့၌ နောက်ဆုံးသိက္ခာပုဒ်တို့ကိုသာ တိကျစွာအနက်ပေးပြပါ။**

ရတနဝဂ် နန္ဒသိက္ခာပုဒ်ကို အနက်ရေးလေ။

(၁၃၆၆-ခု၊ ၆၈-ခု အငယ်တန်း၊ ၁၃၆၆-ခု အကြီးတန်း)

❑ **ရတနဝဂ်လာ ဆေဒနကပါစိတ်ပြ သိက္ခာပုဒ်အမည်များ**

မဋ္ဌပိဋ္ဌ၊ နိသီဒန၊ ကဏ္ဍကပ္ပဋိစ္ဆာဒိ၊ ဝဿိကသာဋိက၊ နန္ဒ သိက္ခာပုဒ်များဖြစ်သည်။

(၁၃၆၈-ခု အငယ်တန်း၊ ၁၃၆၆-ခု အကြီးတန်း)

❑ **ဘိက္ခုသုဒ္ဓပါစိတ်လာ ဆေဒနကဝတ္ထုများ**

၁။ ညောင်စောင်း၊

၂။ အင်းပျဉ်၊

၃။ နိသီဒိုင်၊

၄။ အမာလွှမ်းသင်္ကန်း၊

http://www.dhammadownload.com

၅။ မိုးရေခံသက်နှံး၊

၆။ မြတ်စွာဘုရား၏ သက်နှံးတော် ပမာဏလောက်ရှိသော သက်နှံး(၀၁)ပမာဏထက်လွန်သောသက်နှံး။

❑ **ပြုဖွယ်ကိစ္စပြုလုပ်ပြီးမှ ဒေသနာပြောကြားရသည့် သုဒ္ဓ ပါစိတ်အာပတ်အမည်ပြ သိက္ခာပုဒ်တို့ကို အစဉ်ကျကျ ရေတွက်ပြပါ။**

သူစိဃရ၊ မဏ္ဍပိဋ္ဌ၊ တူလောနဒ္ဓ၊ နိသီဒန၊ ကဏ္ဍုပ္ပဋိစ္ဆာဒိ၊ ဝဿိကသာဋိက၊ နန္ဒ။ (၁၃၆၆-ခု အကြီးတန်း)

❑ **သုဒ္ဓပါစိတ်အတုဖြစ်သော သိက္ခာပုဒ်များ**

ရတနဝဂ်မှ သူစိဃရ၊ မဏ္ဍပိဋ္ဌ၊ တူလောနဒ္ဓ၊ နိသီဒန၊ ကဏ္ဍုပ္ပဋိစ္ဆာဒိ၊ ဝဿိကသာဋိက၊ နန္ဒ ဤ သိက္ခာပုဒ်တို့သည် ၎င်းတို့ကြောင့် သင့်ရောက်သည့် ပါစိတ် သက်သက်မျှကိုသာ ကုစား၍မရနိုင်ဘဲ ဘေဒန၊ ဆေဒန စသည်ကိုပါ ဦးစွာ ဆောင်ရွက်ပြီး ကုစားမှသာ ထိုပါစိတ်အာပတ်များ ပြေပျောက်နိုင်သောကြောင့် ဤ(၇)ပုဒ်တို့သည် သုဒ္ဓပါစိတ်အတုများသာ ဖြစ်ကြသည်။ (၁၃၆၄-ခု အကြီးတန်း)

ပါစိတ်မေးကွက် ပြီးပါပြီ။

* * *

http://www.dhammadownload.com

ပါဠိဒေသနီယ မေးကွက်

ပထမပါဠိဒေသနီယ သိက္ခာပဒ

❑ **ပါဠိဒေသနီအာပတ် မည်ပုံကိုရေး၍ ယင်းအာပတ်ဒေသနာကြားပုံကိုလည်း (က) တစ်ပါးကြား၊ (ခ) အများကြားအားဖြင့် ခွဲခြားဖြေဆိုပါ။**

ပါဠိဒေသနီမည်ပုံ

အသီးအခြားဒေသနာကြားအပ်သောကြောင့် ပါဠိဒေသနီမည်ပါသည်။

ဒေသနာကြားပုံ

(က) တစ်ပါးကြား– "ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဠိဒေသနီယံ တံ ပဋိဒေသေမိ" (ခ) အာပဇ္ဇိမှာ အသပ္ပါယံ ပါဠိဒေသနီယံ တံ ပဋိဒေသေမ"၊

(၁၃၆၀–ခု အကြိုးတန်း)

http://www.dhammadownload.com

❑ **ပါဠိဒေသနာအာပတ် ဒေသနာကြားပုံကြားနည်းကို မြန်မာဘာသာဖြင့်သာ ရေးသားဖော်ပြပါ။**

ငါ့ရှင်... တပည့်တော်သည် ကဲ့ရဲ့ထိုက်သော နတ်ပြည် နိဗ္ဗာန်အား မလျော်ကပ်တော် ပါဠိဒေသနာယမည်သော အာပတ်သို့ ရောက်ပါပြီ၊ ထိုအာပတ်ကို သီးခြားပြောပါ၏။

(၁၃၆၃-ခု အလတ်တန်း)

❑ **လဟုကအာပတ်ဖြစ်ပါလျက် သီးခြားဒေသနာကြားရသော အာပတ်ကို ရဟန်းတော်များနှင့် သက်ဆိုင်သော ဒေသနာကြားနည်းနှင့်တကွ ညွှန်ပြပါ။**

ပါဠိဒေသနီအာပတ်

ဂါရယှ် အာဝုသော ဓမ္မံ အာပဇ္ဇိ (အာမဇ္ဇိမှာ) အသပ္ပါယံ ပါဠိဒေသနီယံ တံ ပဋိဒေသေမိ။ (ပဋိဒေသေမ) ။

(၁၃၆၄-ခု အလတ်တန်း၊ ၁၃၆၆-ခု အကြီးတန်း)

❑ **အာရာမ်တွင်းဝယ် ဆွေမျိုးမတော်သောရဟန်းမ၏ လက်မှဆွမ်းကိုခံယူသောရဟန်းအား ပါဠိဒေသနီ အာပတ်သင့်၊ မသင့် သာဓကပြဆုံးဖြတ်ပါ။**

အာရာမ်အတွင်းဝယ် ဆွေမျိုးမတော်သောရဟန်းမ လက်မှဆွမ်းကို ခံယူသောရဟန်းအား ပါဠိဒေသနီ အာပတ် မသင့်ပါ။

http://www.dhammadownload.com

သာဓကကား- အန္တရယရံ ပဝိဋ္ဌာယ ဖြစ်ပါသည်။

(၁၃၆၀-ခု အကြီးတန်း)

❑ **အမျိုးမတော်သောရဟန်းမိန်းမလက်မှ မုန့်တစ်ခုယူစား မိသည့်အတွက် ပြောပြရမည့်စကားရပ်များကို ဘိက္ခုပါတိ မောက်ပါဠိဒေသနာယကဏ္ဍ ပဌမသိက္ခာပုဒ်နှင့်အညီ မြန်မာ စကားပြေဖြင့်သာ ရေးသားဖြေဆိုပါ။**

"ငါ့ရှင်... ငါသည် သီးခြားဖွင့်ပြောဝန်ခံရသည့် ပါဠိဒေသနာယခေါ် မတော်မ လျော် ကဲ့ရဲ့ဖွယ်အာပတ်တစ်မျိုးသို့ လွန်ကျူးရောက်ခဲ့မိပါပြီ၊ ၎င်းအာပတ်ကို ငါ့ရှင်ထံ သီးခြားပြောပြ (ဝန်ခံ)လိုက်ပါ၏-ဟူ၍ ဖြစ်သည်။ (၁၃၆၄-ခု အကြီးတန်း)

❑ **ရွာတွင်းရှိ အညာတိကရဟန်းမ၏လက်မှ ဘောဇဉ်ခဲဖွယ် အလှူခံဘုဉ်းပေးသော ရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပါဠိ။**

ဘိက္ခုပထမ ပါဠိဒေသနာယသိက္ခာပုဒ်။

(၁၃၆၂-ခု အလတ်တန်း)

http://www.dhammadownload.com

ဒုတိယပါဠိဒေသနာယသိက္ခာပဒ

❑ **ဒုတိယပါဠိဒေသနာယ သိက္ခာပုဒ်လာ ဝေါသနာကာရ (စီရင်ပုံ)ပြ ပါဠိနှင့် အပသာဒေတဗ္ဗာကာရ (တားမြစ်မောင်းမဲပုံ)ပြပါဠိတို့ကို ထုတ်နုတ်ရေးသားခဲ့ပါ။**

စီရင်ပုံ ပါဠိ- ဣဓ သူပံ ဒေထ, ဣဓ ဩဒနံ ဒေထ။

မောင်းမဲပုံပါဠိ- အပသာဒ္ဓာ တာဝ ဘဂိနိ၊ ယာဝ ဘိက္ခူ၊ ဘုဉ္ဇန္တိ။ (၁၃၆၆-ခု အကြီးတန်း)

❑ **ရဟန်းများ ဆွမ်းဘုဉ်းပေးရာ၌ ညွှန်ကြားရေးမှူးလာ၍ လုပ်နေသောရဟန်းမအား နှင်ထုတ်ပြောဆိုရမည့် စကားများကို မြန်မာဘာသာဖြင့် ဖော်ထုတ်ပါ။**

နှမ... သင်သည် ရဟန်းတော်များ ဆွမ်းဘုဉ်းပေးနေကြစဉ် အခြားနေရာဆီသို့ ခဏခွာရောင် ပေးလိုက်စမ်းပါဦး။

(၁၃၆၄-ခု အလတ်တန်း)

❑ **ဆွမ်းပင့်ကျွေးသော ဒါယကာအိမ်၌ ရဟန်းများဆွမ်းစားစဉ် စိမ်ခန့်ခွဲနေသော ဘိက္ခုနီမအား မတားမြစ်သော ရဟန်းများအား သင့်ရောက်သောအပြစ်ကို ပြဆိုသည့် သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးပါ။**

ဒုတိယပါဠိဒေသနာ သိက္ခာပုဒ်ကို ပါဠိရေးလေ။

(၁၃၆၈-ခု အငယ်တန်း၊ ၁၃၆၅-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **သိက္ခာပုဒ်ကိုကဲ့ရဲ့ခြင်းကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်နှင့် ဗဟုဝုစ်ဖြင့် ထူးထူးခြားခြား ပညတ်တော်မူအပ်သော ပါဠိဒေသနာယသိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးပြပါ။**

သဟဓမ္မိကဝဂ် ဝိလေခနသိက္ခာပုဒ်နှင့် ဘိက္ခုဒုတိယ ပါဠိဒေသနာသိက္ခာပုဒ်တို့ကို ပါဠိရေးပါ။ (၁၃၆၄-ခု အကြီးတန်း)

❑ **ရဟန်းတော်များ ဆွမ်းဘုဉ်းပေးရာအိမ်၌ စီစဉ်ညွှန်ကြား နေသော ရဟန်းမကို မတားမြစ်သဖြင့် အပြစ်ရပုံပြ သိက္ခာပုဒ်ကို မြန်မာစကားပြေဖြင့် ရေးသားပါ။**

(ဒုတိယပါဠိဒေသနာယ သိက္ခာပုဒ်ကို မြန်မာပြန်ပါ)

(၁၃၂၀-ခု အကြီးတန်း)

တတိယပါဠိဒေသနာယ သိက္ခာပဒ

❑ **တတိယပါဠိဒေသနာယ သိက္ခာပုဒ်၌ သေက္ခသမ္မုတိကို မည်သည့်ပုဂ္ဂိုလ်များအား ပေးသင့်သည်ကိုလည်းကောင်း၊ အဂိလာနအရဟူရမည့် ပုဂ္ဂိုလ်ကိုလည်းကောင်း ဖြေဆိုပါ။**

သေက္ခသမ္မုတိပေးရမည့်ပုဂ္ဂိုလ်- သဒ္ဓါတရားအား ကောင်းထက်သန်၍ ပစ္စည်းဥစ္စာ ရှားပါးနည်းပါးသော ပုဂ္ဂိုလ်မျိုး ဖြစ်ပါသည်။

http://www.dhammadownload.com

အဂိလာန-အရကား ဆွမ်းခံကြွနိုင်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။ (၁၃၆၈-ခု အငယ်တန်း၊ ၁၃၆၂-ခု၊ ၆၄-ခု အကြီးတန်း)

❑ **သဒ္ဓါပွား၍ ဥစ္စာပါးသော ပုဂ္ဂိုလ်တို့၏အိမ်၌ ဆွမ်းစားခြင်းစပ်လျဉ်း၍(က)သင့်ရောက်သောအာပတ်အမည် (ခ) ထိုအာပတ်ကုစားပုံကို မြန်မာလို ဖော်ပြခဲ့ပါ။**

(က) တတိယပါဠိဒေသနီ အာပတ်။

(ခ) ထိုရဟန်းသည် "ငါ့ရှင်တို့... ကဲ့ရဲ့အပ်သော မလျောက်ပတ်သော ပါဠိဒေသနီ အမည်ရှိသော အာပတ်သို့ ငါရောက်ပြီ၊ ထိုအာပတ်ကို ပြောကြား ပါ၏။ ဤသို့ ကြားအပ်၏။

❑ **ဘိက္ခုတတိယပါဠိဒေနီယ သိက္ခာပုဒ်၌ အဂိလာနော-အရ**

ဆွမ်းခံကြွနိုင်စွမ်းရှိသည့် ရဟန်းတည်း။

(၁၃၆၄-ခု အကြီးတန်း

❑ **ဥစ္စာနွမ်းပါး သဒ္ဓါတရားပေါများသော ဒါယကာ ဒါယိကာမများအထံ ကျန်းမာရေးကောင်းသော ရဟန်းတော်များ ခဲဖွယ်ဘောဇဉ် အလှူခံမှုနှင့် ပတ်သက်၍ ဘုရားရှင်ပညတ်ထားသော သိက္ခာပုဒ်ကို အနက်ပေးပြပါ။**

ဘိက္ခု၊ တတိယပါဠိဒေသနီယ သိက္ခာပုဒ်ကို အနက်ရေးလေ။ (၁၃၂၄-ခု၊ ၆၄-ခု အလတ်တန်း)

http://www.dhammadownload.com

❑ **သဒ္ဓါပွား၍ ဥစ္စာရှားသောအမျိုးအိမ်၌ ဆွမ်းခံသဖြင့် သင့်ရောက်သောအပြစ်ပြ သိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။**

တတိယပါဠိဒေသနီယ သိက္ခာပုဒ်ကို ပါဠိရေးလေ။
(၁၃၆၈-ခု အငယ်တန်း၊ ၁၃၆၀-ခု၊ ၆၄-ခု အလတ်တန်း၊ ၁၃၆၃-ခု အကြီးတန်း)

❑ **ဥစ္စာနွမ်းပါး သဒ္ဓါများသူတို့အထံ အလှူခံထိုက်ရာအခါများကို ဖော်ပြခဲ့ပါ။**

အမျိုးကို သေက္ခဟု သမုတ်အပ်ပြီးသောအခါ၊ ခဲဖွယ်ဘောဇဉ်ကို အလှူခံရန် ပင့်ဖိတ်ထားသောအခါ၊ ရဟန်း၏ မကျန်းမာရာအခါတို့၌ ဥစ္စာနည်းပါး သဒ္ဓါတရားများသူတို့ထံ အလှူခံထိုက်ပါသည်။ (၁၃၆၂-ခု အလတ်တန်း)

❑ **သေက္ခပုဂ္ဂိုလ်ဟု ခေါ်ဆိုနိုင်ရန် မည်သို့သဘောရှိသော ပုဂ္ဂိုလ်မျိုးကို မည်သည့်ကဲ့ဖြင့် သမုတ်အပ်သည်ကို ဖော်ပြပါ။**

ဥစ္စာရှားပါးလျက် သဒ္ဓါတရားလွန်ကဲ ထက်သန်သောအမျိုးကို ဥတ္တိဒုတိယကမ္မဝါစာဖြင့် သေက္ခပုဂ္ဂိုလ်မျိုးဟု သမုတ်အပ်သည်။ (၁၃၃၇-ခု အလတ်တန်း၊ ၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com

စတုတ္ထပါဠိဒေသနာယသိက္ခာပဒ

❑ **စတုတ္ထပါဠိဒေသနာယ သိက္ခာပုဒ်လာ ပုဗ္ဗေ အပ္ပဋိသံဝိဒိတံ၌ ပဋိသံဝိဒိတ ဖြစ်လာပုံကိုသာ ကခ်ီအဋ္ဌကထာအဖွင့် အညီ အပြည့်အစုံ ရှင်းပြပါ။**

ယောက်ျားကြီးစေ၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ အာရာမ်တွင်း၊ အာရာမ်ဥပစာအတွင်းသို့ လာရောက်ပြီး "အရှင်ဘုရား... ဤမည်သောအမျိုးသည် ဤမည်သောဒကာမသည် ဤမည်သောသူသည် အရှင်ဘုရားအား ခဲဖွယ်ဘောဇဉ်ကို လာလှူလိမ့်မည်"ဟု ရှေးဦးစွာလျှောက်ထားအပ်သော ဘောဇဉ်ကို ပဋိသံဝိဒိတဟု ခေါ်ပါသည်။

ဤမျှသာ မဟုတ်သေး၊ လျှောက်ထားပြီးနောက် ရှေးဦးစွာကြိုတင်၍ လျှောက်ထားတိုင်းသော ခဲဖွယ်ဘောဇဉ်ကို ယူလာသည်ဖြစ်စေ၊ အခြံအရံဖြစ်သော အခြားခဲဖွယ်ဘောဇဉ်ကို လည်းကောင်း လျှောက်ထား၍ ဆောင်ယူလာသော ခဲဖွယ်ဘောဇဉ်နှင့်အတူ ဆောင်ယူလာသော များစွာသော ခဲဖွယ်ဘောဇဉ်ကို လည်းကောင်း ဆောင်ယူလာသည်ဖြစ်စေ "ဤမည်သောဒကာသည် လျှောက်ထားကာ ခဲဖွယ်ဘောဇဉ်ကို ယူ၍သွား၏"ဟု ကြားသော် တပါးသောဒကာတို့သည်လည်း ထိုသူနှင့်အတူတူ ခဲဖွယ်ဘောဇဉ်ကို ဆောင်ယူလာခဲ့သည်ဖြစ်စေ ထိုဆောင်ယူလာသော ခဲဖွယ်ဘောဇဉ်(၃)မျိုးကိုလည်း ပဋိသံဝိဒိတ ဟုပင်ဆိုရမည်။

(၁၃၆၂- ခု အကြိုးတန်း)

http://www.dhammadownload.com

❑ **သူနိုးသူဝှက် လုယက်မှုထူပြောသော တောရကျောင်း၌ နေထိုင်သော ရဟန်းတော်များအတွက် ဒါယကာ ဒါယိကာမများ ကြိုတင်မလျှောက်ထားဘဲ ကျောင်းတိုက်အတွင်းသို့ လာရောက်လှူဒါန်းသော ခဲဖွယ်ဘောဇဉ်များကို ကိုယ်တိုင်အကပ်ခံ၍ ဘုဉ်းပေးသုံးဆောင်သော ရဟန်းတော်များအား သင့်ရောက်သည့် အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိရေးပါ။**

စတုတ္ထပါဠိဒေသနာယ သိက္ခာပုဒ်ကို ပါဠိရေးပါ။
(၁၃၆၄-ခု အငယ်တန်း၊ ၁၃၆၃-ခု အလတ်တန်း၊ ၁၃၆၀-ခု ၆၄-ခု အကြီးတန်း)

❑ **ဆွမ်းဘုဉ်းပေးနေသော ရဟန်းတော်တို့၏ အနီး၌ စီမံနေသော ဘိက္ခုနီမအား မည်သို့မည်ပုံ တားမြစ်ရမည်ကို မြန်မာစကားပြေဖြင့် ဖြေဆိုပါ။**

နမ...ရဟန်းတို့သည် ဆွမ်းဘုဉ်းပေးနေကြသေး၏၊ ထိုကြောင့် တော်ရာသို့ သွားလေဦးလော့ဟု တားမြစ်ရပါမည်။

(၁၃၆၂-ခု အကြီးတန်း)

ပါဠိဒေသနာယ်မေးကွက် ပြီးပါပြီ

* * *

http://www.dhammadownload.com

သေခိယမေးကွက်

❑ **သေခိယသိက္ခာပုဒ်များကို "ယော ပန ဘိက္ခု သြလမ္မေန္တော နိဝါသေယျ၊ ဒုက္ကဋံ"ဟု အာပတ်အမည်တပ်၍ မဟောကြား ခြင်းအကြောင်း**

စာရိတ္တဝိနည်းဖြစ်ကြောင်းကို ပြလိုသောကြောင့် အာပတ်နာမည်တပ်၍ မဟောပါ။

(၁၃၂၈-ခု၊ ၆၃-ခု၊ ၆၈-ခု အကြီးတန်း)

❑ **ပါရာဇိက၊ သံဃာဒိသေသ် စသည်တို့၌ စတ္တာရီ၊ တေရသ စသည်ဖြင့် သချၢ်သဒ္ဒါပြဆိုသကဲ့သို့ သေခိယ သိက္ခာပုဒ် တို့၌ ပဉ္စသတ္တတိဟု သချၢ်သဒ္ဒါမပြဆိုရကြောင်းကိုလည်း ဖော်ပြပါ။**

သေခိယသည် ဤ(၇၅)ပါးသာမဟုတ်၊ ခန္ဓကာ၌ ဟောတော်မူအပ်သော ဝတ်တရားတို့သည်လည်း ကျင့်အပ်သော ကြောင့် သေခိယတို့မည်သည့်သာလျှင် ဖြစ်သည်။ ထိုကြောင့် သေခိယ သိက္ခာပုဒ်တို့၌ ပဉ္စသတ္တတိဟု သချၢ်တပ်၍ ဟောတော် မမူပါ။ (၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com

(ဆောင်) ဝတ္ထုကွန်ရက်၊ ပါဠိပြဿနာ၊ ဝတ္ထုများဘီ, အားလုံး၏လည်း၊ သေခိယပင်၊ ဖြစ်ကြအင်းငြောင့်၊ ဤတွင်ခန်းရပ်၊ ဂုဏန်းဖြတ်၊ ကန့်သတ်တော်မူ။

❑ **သေခိယသိက္ခာပုဒ်အားလုံးတို့နှင့် ဆက်ဆံသော အင်္ဂါ**

၁။ အနာဒရိယ–ရိုသေလေးစားမှု မရှိခြင်း၊

၂။ အနာပတ္တိကာရဏာဘာဝ–အာပတ်မသင့်ဖို့ရာ အကြောင်းမရှိခြင်း။

(၁၃၂၈–ခု၊ ၆၁–ခု၊ ၆၃–ခု၊ ၆၈–ခု အကြီးတန်း)

ပရိမဏ္ဍလ သိက္ခာပဒ

❑ **ပရိမဏ္ဍလဖြစ်အောင် သင်းပိုင်ဝတ်ပုံ**

ချက်ဝန်းကို ဖုံးလွှမ်းပြီး ဒူးဝန်း၏အောက်၌ ပုဆစ်ဒူးဝန်းရိုးမှစ၍ လက်ရှစ်သစ်မျှ သင်းပိုင်ကိုချ၍ အဝန်းညီအောင် ဝတ်ခြင်း။ (၁၃၆၃–ခု အကြီးတန်း)

❑ **သေခိယ(၇၅)ပုဒ်ကို သာရုပ္ပသိက္ခာပုဒ် မည်မျှစသည်ဖြင့် သချိုင်္ကတပ်၍ ခွဲခြားဝေဖန်ပြပါ။**

သာရုပ္ပသိက္ခာပုဒ် (၂၆) ပုဒ်၊ ဘောဇနပဋိသံယုတ္တသိက္ခာပုဒ် (၃၀)ပုဒ်၊ ဓမ္မဒေသနာသိက္ခာ ပုဒ် (၂၉)ပုဒ်၊ ပေါင်း(၇၅)။ (၁၃၆၃–ခု၊ ၆၄–ခု အကြီးတန်း)

http://www.dhammadownload.com

❑ **သေခိယသိက္ခာပုဒ်ကို့တွင် မြို့ရွာတွင်း သွားလာနေထိုင်မှုနှင့်ပတ်သက်၍ ပုဂ္ဂိုလ်နာကျင့်သုံးရမည့် ကျင့်ဝတ်တို့ကို ဖော်ပြသော သိက္ခာပုဒ်တို့၏ အရေအတွက်ကို သချ်ာမျှဖော်ပြပါ။**

မြို့တွင်း ရွာတွင်း လိုက်နာပြုကျင့်ရမည့် သိက္ခာပုဒ်ပေါင်း (၂၆)ပုဒ် ရှိပါသည်။ (၁၃၆၅-ခု အငယ်တန်း)

❑ **သာမဏေ သာရုပ္ပဖြစ်စေရန် အဝန်းညီစွာ သင်းပိုင်းကေသီသင်္ကန်းဝတ်ပုံတို့ကို စံနမူနာ ယူရလောက်အောင် ရေးသားပြပါ။**

ပရိမဏ္ဍလနိဝါသန

ချက်ဝန်းကို ဖုံးလွှမ်းလျက် ဒူးဝန်း၏အောက်လက်ရှစ်သစ်မျှချ၍ အဝန်းညီစွာဝတ်ခြင်းကို ပရိမဏ္ဍလနိဝါသနဟု ဆိုပါသည်။

ပရိမဏ္ဍလပါရုပန

လူတို့၏ဝတ်ရုံနည်းဖြင့် မဝတ်ရုံဘဲ အနားစွန်းနှစ်ဘက်ကို အညီပြု၍ ဝတ်ရုံခြင်းကို ပရိမဏ္ဍလပါရုပနဟု ဆိုပါသည်။ (၁၃၆၂-ခု အကြီးတန်း)

❑ **သေခိယလာ သာရုပ္ပသိက္ခာပုဒ်တို့ကို သချ်ာသရုပ် ထုတ်ပြပါ။**

http://www.dhammadownload.com

ပရိမဏ္ဍလဝဂ် (၁၀)ပုဒ်၊ ဥဇ္ဈာဋ္ဌိကဝဂ် (၁၀)ပုဒ်၊ ခဲမ္ဘကတဝဂ် (၆)ပုဒ်၊ ပေါင်း (၂၆)ပုဒ်။

(၁၃၃၆-ခု အကြီးတန်း)

သုပ္ပဒိဋ္ဌန္ဒ သိက္ခာပဒ

❑ **သုပ္ပဒိဋ္ဌန္ဒဖြစ်အောင် မည်ကဲ့သို့ ဖုံးလွှမ်း၍ သွားရမည်နည်း ဖြေဆိုပါ။**

အနားပတ်သီးကိုတပ်၍ အလျားအနား ပတ်စွန်းဖြင့် လည်ပင်းကို ဖုံးလွှမ်းပြီး အနား(၂)ဘက်တို့ကို အညီအမျှပြုလိပ်ကာ လက်ကောက်ဝတ်တိုင်အောင် ဖုံးလွှမ်းခြင်းမျိုးကို သုပ္ပဒိဋ္ဌန္ဒ ဖြစ်အောင် ဖုံးလွှမ်းသည်ဟု ခေါ်ပါသည်။ (၁၃၆၈-ခု ကရင်)

❑ **ရွာတွင်းဌိတိုင်နေသော ရဟန်း၏ သုပ္ပဒိဋ္ဌန္ဒဖြစ်အောင် နေထိုင်နည်း။**

လည်မျိုမှအထက် ဦးခေါင်းကို လည်းကောင်း၊ လက်ကောက်ဝတ်မှ အဖျားဘက်လက်တို့ကိုလည်းကောင်း၊ သလုံးသားမှအောက်ခြေတို့ကိုလည်းကောင်း ဖွင့်ဖော်ပြီးလျှင် ကြွင်းသော ကိုယ်အင်္ဂါများကို ဖုံး၍နေထိုင်ခြင်းသည် သုပ္ပဒိဋ္ဌန္ဒ ဖြစ်အောင် နေထိုင်နည်းမည်သည်။ (၁၃၅၁-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **ကြည်ညိုဖွယ်ရာ အသွင်အပြင်အမူအရာနှင့် ပြည့်စုံစေရန် သင်္ကန်းဝတ်ဆင်ပုံကို ပေါ်လွင်အောင်ရေးသားဖြေဆိုပါ။**

၁။ ပရိမဏ္ဍလနိဝါသနသိက္ခာပုဒ်အရ- သင်းပိုင်ကို ဝတ်ရာ၌ အထက်ပိုင်းဝယ် ချက်၏ထက်ဝန်းကျင် ဝန်းဝိုင်းစွာ ဖုံးအုပ်စေ၍ အောက်ပိုင်း၌ ဒူးဆစ်မှ ခြေသလုံးရိုး အဆစ်မှစ၍ လက် (၈)သစ်မျှ ချုပြီး လျှင် ပတ်ဝန်းကျင် ဝန်းဝိုင်းစွာ ဝတ်ရမည်။

၂။ ပရိမဏ္ဍလ ပါရုပနသိက္ခာပုဒ်အရ- ဇကသီကို ဝတ်ရာ၌ သင်္ကန်းအနားစွန်း (၂)ခုလုံးကို ညီစွာပြု၍ အောက်၌ ဒူးဆစ်အောက် လက်(၄)သစ်လောက် ချုပြီး အဝန်းညီစွာ ဝတ်ရုံရမည်။

၃။ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်အရ- မြို့တွင်း ရွာတွင်းသို့ သွားလာနေထိုင်လိုသောအခါ အနားပတ်သီးကို တပ်ပြီးလျှင် လည်ပင်း၊ လက်ကောက်ဝတ်များကို ဖုံးမိအောင် သင်္ကန်းရုံ၍ သွားရမည်။

(၁၃၆၈-ခု အကြိုးတန်း)

❑ **ပရိမဏ္ဍလဝတ်လာ သုပ္ပဋိစ္ဆန္န အဓိပ္ပါယ်**

အနားပတ်သီးကို အနားပတ်ကွင်း၌ တပ်၍ အလျား အနားပတ်စွန်းဖြင့် လည်ပင်းကို ဖုံးအုပ်၍ အနားနှစ်ဘက်တို့ကို အညီအမျှပြု၍ လိပ်ပြီးလျှင် လက်ကောက်ဝတ်တိုင်အောင် ဖုံးအုပ်ခြင်းသည် သုပ္ပဋိစ္ဆာမည်ပါသည်။ (ကခ်ါ) (၁၃၄၀-ခု အလတ်တန်း)

http://www.dhammadownload.com

❑ **မြို့ရွာထဲသို့ ကြည်ညိုဖွယ်ဖြစ်အောင် သင်္ကန်းရုံသွားရမည်ဟု ညွှန်ပြပါလျက် သင်္ကန်းရုံ၌ မသွားလျှင် ဒုက္ကဋ်အာပတ်သင့်သည်ဟု အဘယ်ကြောင့် ဆိုရပါသနည်း။**

သင်္ကန်းရုံသွားရမည်ဟု ညွှန်ပြပါလျက် သင်္ကန်းရုံ၌ မသွားလျှင် မရိုမသေပြုရာရောက်သောကြောင့် (ပဒဘာဇနိဋ္ဌ ဒုက္ကဋ်အာပတ်သင့်၏ ဟုဆိုသောကြောင့်) ဒုက္ကဋ်အာပတ်သင့်ပါသည်။ (၁၃၆၅-ခု အကြီးတန်း)

❑ **ထိုင်း(ယိုးဒယား)ရဟန်းတော်များကဲ့သို့ လည်ပိုး(ကော်လာ) မရှိဘဲ မြို့ရွာတွင်း၌ သွားလာနေထိုင်ရန်သင့်၊ မသင့် သိက္ခာပုဒ် အထောက်အထား သာဓကပြ၍ ဆုံးဖြတ်ပါ။**

သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်ကိုထောက်၍ မသင့်ပါ။

(၁၃၆၀-ခု အခြေပြု)

❑ **သင်္ကန်းမရုံဘဲ မြို့ရွာတွင်း၌ ခေတ္တတည်းခိုနေထိုင်သော ရဟန်း**

အာပတ်မသင့်ပါ။ (သာဓက) သုပ္ပဋိစ္ဆန္နော အန္တရဃရေ နိသိဒိဿာမိတိ သိက္ခာ ကရဏီယာ။

(၁၃၆၈-ခု အငယ်တန်း)

http://www.dhammadownload.com

❑ **ဖုံးလွှမ်း၍သွားရမည့် ခန္ဓာကိုယ်၏ နေရာတို့ကို ညွှန်းခဲ့ပါ။**

လည်မျိုမှအထက် ဦးခေါင်း၊ ခြေသလုံးသားမှ အောက်ခြေဖျား အရပ်များကို ချန်ထား၍ ကျန်အရပ်များကို ဖုံလွှမ်း၍ သွားရပါမည်။ (၁၃၆၀-ခု အခြေပြုတန်း)

❑ **မဝတ်ကောင်းသော သင်္ကန်းဝတ်နည်းတို့တွင် ဟတ္ထိသောဏ္ဍက ဝတ်နည်းနှင့် သတဝလိက ဝတ်နည်းတို့ကို ဖော်ပြပါ။**

ဟတ္ထိသောဏ္ဍကဝတ်နည်း- စောဠတိုင်းသူ မိန်းမတို့၏ ဝတ်ခြင်းကဲ့သို့ ချက်အရင်းမှစ၍ ဆင်နှာမောင်းသဏ္ဌာန်ရှိအောင် တွဲလောင်းချ၍ဝတ်နည်းသည် ဟတ္ထိသောဏ္ဍက ဝတ်နည်းတည်း။

သတဝလိကဝတ်နည်း-ရှည်သောအဝတ်ကို အကြိမ်များစွာ အတွန့်များစွာခွေ၍ တွန့်၍ အတွန့်အလုပ်ရှိသည်ကို ပြုကာ ဝတ်နည်းတည်း။ (တစ်နည်း) လက်ဝဲ-လက်ျာနံပါးတို့၌ အကြား မရှိအောင် အတွန့်အလိပ်ပြု၍ ဝတ်နည်းတည်း။

(၁၃၆၄-ခု အကြီးတန်း)

❑ **ပါဠိကာရုံနည်း**

လက်ဝဲပခုံးကိုရုံ၍ လက်ဝဲလက်မောင်းကို ဖွင့်ဖော်ပြီး သင်္ကန်းကို ပခုံးစွန်း၌ တင်သကဲ့သို့ရုံခြင်းသည် ပါဠိကာရရုံနည်း ဖြစ်သည်။ (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **အာပတ်သင့်ရောက်စေနိုင်သော ဆင်နှာမောင်းကဲ့သို့ ဝတ်ဆင်ပုံ၊ ငါးကြင်းမြီးကဲ့သို့ ဝတ်ဆင်ပုံတို့ကိုလည်း ကခ်ါအဖွင့်နှင့်အညီ ရေးသားဖြေဆိုပါ။**

ဆင်နှာမောင်းကဲ့သို့ဝတ်ဆင်ပုံ-

စောဠတိုင်းသူ မိန်းမတို့ဝတ်ဆင်ခြင်းကဲ့သို့ ချက်အရင်းမှ စ၍ ရှေ့တည့်တည့်ကပ်ထားသော သင်္ကန်းလိပ်ဝယ် အရင်းတုတ်၍ အဖျားသေးအောင် ဆင်နှာမောင်းသဏ္ဌာန်ကဲ့သို့ တွဲလျားချအပ်သည်ကို ပြု၍ ဝတ်ခြင်း။

❑ **ငါးကြင်းမြီးကဲ့သို့ဝတ်ဆင်ပုံ**

တစ်ဖက်၌ အမြိတ်အဆာစွန်း ကိုလည်းကောင်း၊ တစ်ဖက်၌ အကွင်းစွန်းကိုလည်းကောင်း တွဲလျားချ၍ ဝတ်ခြင်း။

(၁၃၆၈-ခု အကြီးတန်း)

ဥစ္စာသဒ္ဒ သိက္ခာပဒ

❑ **သေခိယလာ ဆောင်ရန် သိက္ခာပုဒ်တို့တွင် အလယ်ဖြစ်သော သိက္ခာပုဒ်ပါဦ**

အပ္ပသဒ္ဒေါ အန္တ ရယရေ နိသီဒိဿာမိတိ သိက္ခာကရဏီယာ ဖြစ်ပါသည်။ (၁၃၆၀-ခု အခြေပြု)

http://www.dhammadownload.com

❑ **သေခိယသိက္ခာပုဒ်လာ အပ္ပသဒ္ဒ၊ မဟာသဒ္ဒ ခွဲခြားပုံကို ကခ်ီလာအတိုင်း ဖြေဆိုပါ။**

(၁၂)တောင်အိမ်၌ အစဝယ် သံဃာထေရ်၊ အလယ်ဝယ် ဒုတိယထေရ်၊ အဆုံးဝယ် တတိယထေရ် (၃)ပါးတို့ ထိုင်နေကြရာ သံဃာထေရ်နှင့် ဒုတိယထေရ်တို့ တိုင်ပင်သံကို ဒုတိယထေရ်သည် အသံကိုကြားရ၍ စကားကိုလည်း ခွဲခြားနိုင်သည်။ တတိယ ထေရ်သည်ကား အသံကိုကြားရပြီး စကားကို မခွဲခြားနိုင်၊ ဤသို့သောအသံကို "အပ္ပသဒ္ဒ၊ တတိယထေရ်သည် အသံကိုလည်းကြား စကားကိုလည်း ခွဲခြားနိုင်လောက်သော အသံကို မဟာသဒ္ဒဟုခေါ်သည်။

အချုပ်ကား-

(၁၂)တောင်အရပ်က ကြားရုံသာကြား၍ နားမလည်သော အသံသည် အပ္ပသဒ္ဒ၊ နားလည်သောအသံသည် မဟာသဒ္ဒ။

(၁၃၆၂-ခု၊ ၆၅-ခု အကြီးတန်း)

ဥက္ကုဋိက သိက္ခာပဒ

❑ **ဥက္ကုဋိက အဓိပ္ပါယ်**

ဖနောင့်ကိုမြှောက်၍ ခြေဖျားတို့ဖြင့်သာ လည်းကောင်း၊ ခြေဖျားကို မြှောက်၍ ဖနောင့်တို့ဖြင့်သာ လည်းကောင်း မြေ၌ထိလျက်သွားခြင်းကို ဥက္ကုဋိကာဟု ခေါ်သည်။

(၁၃၆၈-ခု အအကြီးတန်း)

F17A

http://www.dhammadownload.com

❑ **ဘိက္ခုပါတိမောက်လာ သိက္ခာပုဒ်တို့တွင် တည်းခိုနေထိုင်ခြင်းဟု မြို့တွင်း ရွာတွင်းသို့ ရောက်နေသောရဟန်းအား အပြစ်လွတ်ခွင့်ရသော သိက္ခာပုဒ်တို့တွင် နောက်ဆုံး(၃) ပုဒ်ကိုသာ အနက်ပေးပြပါ။**

ခမ္မကတသိက္ခာပဒ၊သြဂုဏိတသိက္ခာပဒ၊ ပလ္လတ္ထိကာယသိက္ခာပုဒ် ပါဠိတို့ကို အနက်ရေးလေ။ (၁၃၆၀-ခု အကြီးတန်း)

သက္ကစ္စပဋိဂ္ဂဟဏသိက္ခာပဒ

❑ **သေခိယ သိက္ခာပုဒ်တို့တွင် ဘောဇနပဋိသံယုတ္တ သိက္ခာပုဒ်တို့ကို သရုပ်ဖွဲ့ပြခဲ့ပါ။**

သိက္ခာပုဒ်(၃၀)ပုဒ် ဖြစ်ပါသည်။

(၁၃၆၈-ခု အလတ်တန်း)

ပတ္တသညီပဋိဂ္ဂဟဏ သိက္ခာပဒ

❑ **အဘယ်ကဲ့သို့သော ဆွမ်းခံခြင်းမျိုးကို ပတ္တသညီပဋိဂ္ဂဟဏဟု ခေါ်ဆိုပါသနည်း၊ ရှင်းပြပါ။**

ဆွမ်းခံနေခိုက်ဝယ် တောင်ကြည့်၊ မြောက်ကြည့်မကြည့်ဘဲ မိမိသညာကို သပိတ်၌သာထား၍ ဆွမ်းခံခြင်းကို ပတ္တသညီပဋိဂ္ဂဟဏဟု ခေါ်ပါသည်။ (၁၃၆၈-ခု အကြီးတန်း)

http://www.dhammadownload.com

သမတိတ္တိက သိက္ခာပဒ

❑ **သေခိယသိက္ခာပုဒ်များတွင် ဆွမ်းခံရာ၌ လိုက်နာရန် ပညတ်အပ်သော သိက္ခာပုဒ်ပါဠိတို့ကို စုံလင်စွာ အနက် ပေးခဲ့ပါ။**

ခမ္ဘကတဝဂ်လာ–သက္ကစ္စပဋိဂ္ဂဟဏသိက္ခာပဒ၊ ပတ္တ သညီပဋိဂ္ဂဟဏ သိက္ခာပဒ၊ သမသူပကပဋိဂ္ဂဟဏသိက္ခာပဒ၊ သမတိတ္တိက ပဋိဂ္ဂဟဏသိက္ခာပဒတို့ကို အနက်ရေးလေ။

(၁၃၆၀–ခု အခြေပြု၊ ၁၃၃၀–ခု အငယ်တန်း၊ ၁၃၆၇–ခု အလတ်တန်း၊ ၁၃၆၆–ခု အကြီးတန်း)

❑ **သေခိယလာ ဆွမ်းခံယူရာ၌ ရဟန်းသာမဏေများ လိုက်နာ ကျင့်ရမည့် ကျင့်ဝတ်များ**

၁။ ဆွမ်းကို ရိုသေစွာ ခံယူအံ့၊

၂။ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍ ဆွမ်းကို ခံယူအံ့။

၃။ ဆွမ်းကို ဆွမ်းဟင်းနှင့်ညီမျှရုံသာ ခံယူအံ့၊

၄။ ဆွမ်းကို သပိတ်အတွင်း အနားရေးနှင့် ညီမျှရုံသာ ခံယူအံ့၊ ဤသို့သင်ခြင်း၊ ကျင့်ခြင်း၊ အားထုတ်ခြင်း ကို ပြုရမည်။

(၁၃၆၁–ခု၊ ၆၆–ခု အငယ်တန်း၊ ၁၃၆၂–ခု အကြီးတန်း)

http://www.dhammadownload.com

သမသူပက သိက္ခာပဒ

❑ **သမသူပက သဒ္ဒါပါသော သေခိယသိက္ခာပုဒ်တို့၏ အမည်များ**

ခမ္မကတဝဂ်- သမသူပကပဋိဂ္ဂဟဏ သိက္ခာပုဒ်၊
သက္ကစ္စဝဂ်- သမသူပကသိက္ခာပုဒ်။ (၁၃၆၈-ခု အငယ်တန်း)

သူပေါဒနဝိညတ္တိ သိက္ခာပဒ

❑ **ပထမဆုံးအနုပညတ်ရထိုက်သော သေခိယသိက္ခာပုဒ်ကို အမည်မျှရေးပြပါ။**

သူပေါဒန ဝိညတ္တိ သိက္ခာပုဒ် ဖြစ်ပါသည်။

(၁၃၆၈-ခု အကြီးတန်း)

❑ **အောက်ပါရဟန်းတို့အား သူပေါဒန ဝိညတ္တိ သိက္ခာပုဒ်အရ အာပတ်သင့်၊မသင့် အကြောင်းပြ ဆုံးဖြတ်ပါ။**

(က) မကျန်းမာ၍ မိမိအတွက် ဆွမ်းတောင်းစားသော ရဟန်း၊

(ခ) သူတစ်ပါးအတွက် ဆွမ်းတောင်းပေးသောရဟန်း၊

(က) အာပတ်မသင့်

(ခ) အာပတ်မသင့်။ (၁၃၆၀-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **သေခ်ယသိက္ခာပုဒ္တို့တြင္ သက္ကစ္စဝဂ်၏ အလယ္တည့္ တည့္(၂)ပုဒ္မွျပဆိုေသာ ကၽြင့္ဝတ္တရားမ်ားကို မြန္မာ စကားေပြဖြင့္ အဓိပၸါယ္ေရးသားပါ။**

ဦးထိပ္မွနွိပ္၍ ဆြမ္းကို ငါ မစားဟု သင္ခြင္း၊ ကၽြင့္ခြင္း၊ အားထုတ္ခြင္းကို ျပဳရမည္။

မ်ားမ်ားလိုၿငိမ္ကို အေၾကာင္းျပဳၿပီး ဟင္းနွင့္ စားမဲ့ဟင္းလ်ာကို ဆြမ္းဖြင့္ မဖုံးလွမ္းဟု သင္ခြင္း၊ ကၽြင့္ခြင္း၊ အားထုတ္ခြင္းကို ျပဳရမည္။ (၁၃၅၀-ခု၊ ၆၆-ခု အငယ်တန်း)

❑ **မကၽြန္းမာ၍ မိမိအတြက္အမဲေက်ာ္ကို အလူခံစားမိေသာ ရဟန္းအား အျပစ္ရွိ၊ မရွိကို အေၾကာင္းသာဓကျပ၍ ဆုံးျဖတ္ျပပါ။**

အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုန္ရွေယျ (ဘုဥ္ဇိသာမိ)ဟု ပဏီတဘောဇနသိက္ခာပုဒ်၊ သူပေါဒန ဝိညတ္တိသိက္ခာပုဒ္တို့၌ မကၽြန္းမာေသာရဟန္းအား ခြင့္ျပဳထားေသာ ေၾကာင့္ အျပစ္မရွိပါ။ (၁၃၆၃-ခု အကြီးတန်း)

❑ **(က) မဟာနာမ္မင္းၾကီး ဆေးလူခြင္းကို အေၾကာင္းျပ၍ ပညတ္ေတာ္မူေသာသိက္ခာပုဒ်၊ (ခ) သက္ကစ္စဝဂ် ခုနစ်ခု ေျမာက္သိက္ခာပုဒ်ပါဠိေတာ္တို့ကို ေရးသားျပပါ။**

(က) ဘိက္ခုအစေလဝဂ် သတ္တမေျမာက်သိက္ခာပုဒ်၊

http://www.dhammadownload.com

(ခ) သေခိယသက္ကစ္စဝဂ် သူပေါဒန ဝိညတ္တိသိက္ခာပုဒ်တို့ကို ပါဠိကုန်စင်အောင် ရေးပါ။

(၁၃၆၄-ခု အကြိုးတန်း)

❑ **(က) သပ္ပိ၊နဝနီတ၊ တေလ၊ မဓု၊ ဖာဏိတ(၅)မျိုးတို့ကို ကျန်းမာလျက် ဆေးအတွက်တောင်းခံသောရဟန်း၊ (ခ) မစ္ဆ၊ မံသ၊ ခီရ၊ ဒဓိ(၄)မျိုးကို ကျန်းမာလျက် တောင်းခံသောရဟန်းတို့အား အဘယ်အာပတ်များ သင့်သည်ကို ဖော်ပြပါ။**

(က) အစေလကဝဂ် မဟာနာမသိက္ခာပုဒ်အရ ပါစိတ်။

(ခ) သေခိယ သက္ကစ္စဝဂ် သူပေါဒန ဝိညတ္တိသိက္ခာပုဒ်အရ ဒုက္ကဋ်။ (၁၃၃၃-ခု အကြိုးတန်း)

ဥဇ္ဈာနသညီ သိက္ခာပဒ

❑ **ဥဇ္ဈာနသညီ သိက္ခာပုဒ်၌ အာပတ်မသင့်သောရဟန်းများ**

ပေးအံ့ဟူ၍လည်းကောင်း၊ ပေးစေအံ့ဟူ၍သော်လည်းကောင်း ကြဲ၍ ကြည့်သောရဟန်း၊ ကဲ့ရဲ့လိုစိတ်မပါဘဲ ကြည့်သော ရဟန်း။ (၁၃၆၁-ခု အကြိုးတန်း)

❑ **ဆွမ်းခံပြန်လာသောရဟန်း၏ သပိတ်ကို မည်သို့သောစိတ်ထားဖြင့် ကြည့်သင့်သည်ကို ဖြေဆိုခဲ့ပါ။**

http://www.dhammadownload.com

ဆွမ်းခံပြန်လာသောအခြားရဟန်း၏ သပိတ်ကို "သူလိုအပ်နေလျှင် ငါ ပေးလှူမည်၊ သူများကို သူအား ပေးလှူစေမည်" သို့မဟုတ် ပိုနေပါက ငါ့အား/ အခြားသူအား ပေးလှူစေမည်ဟု နှလုံးသွင်းဖြင့်သာ ကြည့်ရှုသင့်ပါသည်။ (၁၃၆၃-ခု အကြီးတန်း)

❑ **သေခိယသိက္ခာပုဒ်(၇၅)ပါးတွင် အလယ်တည့်တည့် သိက္ခာပုဒ်ကိုသာ ပါဠိမှ ရေးသားပါ။**

ဥဇ္ဈာနသညီ သိက္ခာပဒ(ပါဠိ)

(၁၃၆၇-ခု အလတ်တန်း၊ ၁၃၆၅-ခု အကြီးတန်း)

❑ **ဘိက္ခုပါတိမောက် သေခိယလာ ဂိလာနသော်မှ အာပတ်လွတ်ငြိမ်း ချမ်းသာခွင့်လုံးဝမရသော သိက္ခာပုဒ်များ**

၁။ သမတိတ္တိက သိက္ခာပ

၂။ သူပဗ္ဗဇ္ဇန ပဋိစ္ဆာဒန သိက္ခာပဒ

၃။ ဥဇ္ဈာနသညီ သိက္ခာပဒတို့ ဖြစ်ပါသည်။

(၁၃၆၈-ခု အငယ်တန်း၊ ၆၀-ခု အကြီးတန်း)

http://www.dhammadownload.com

အာလောပ သိက္ခာပဒ

❑ **သာသနာ့ဝန်ထမ်း ရှင်ရဟန်းတော်များ လက်ဖြင့် ဆွမ်းဘဉ်း ပေးသုံးဆောင်ကြရာ၌ (က) မပြုသင့်သောဆွမ်းလုပ်ပမာဏ၊(ခ) ပြုသင့်သောဆွမ်းလုပ်သဏ္ဌာန်**

(က) အလွန်ကြီးလွန်း ၊သေးလွန်းသောဆွမ်းလုပ်။

(ခ) မကြီးလွန်း၊မငယ်လွန်း ထက်ဝန်းကျင် ဝန်းဝိုင်းသော ဆွမ်းလုပ်။ (၁၃၆၁-ခု အငယ်တန်း)

❑ **သေခိယ အာလောပသိက္ခာပုဒ်အရ- အဝန်းအဝိုင်းညီစွာ ဆွမ်းလုပ်ကိုပြု၍ ဘုဉ်းပေးသုံးဆောင်ရမည်ဟု ပညတ်ရာ၌ ဆိုလိုရင်းအဓိပ္ပါယ်ကို ထင်ရှားအောင် ဖြေဆိုပါ။**

ရှည်လျားလျားမဖြစ်စေဘဲ အထိုက်အလျောက်ဝိုင်း အောင် သတိထား၍ ပြုပြင်စားရမည်။ (၁၃၆၁-ခု အကြီးတန်း)

❑ **သေခိယသိက္ခာပုဒ်တို့တွင် ကဗဠသဒ္ဒါပါသော သိက္ခာပုဒ် များ၏အမည်များ**

အတိမဟန္တ၊ အနာဟဋ၊ သကဗဠ၊ ကဗဠာဝစ္ဆေ ဒက သိက္ခာပုဒ်။ (၁၃၆၄-ခု အငယ်တန်း)

❑ **ဆွမ်းခံရာ ဆွမ်းဘုဉ်းပေးရာအခါတို့၌ ရဟန်းသာမဏေ အားလုံးလိုက်နာကျင့်သုံးရမည့် ဘာဇနပဋိသံယုတ္တ သိက္ခာ**

http://www.dhammadownload.com

ပုဒ်တို့တွင် နှ ပဋိသေဓမပါသော သိက္ခာပုဒ်တို့ကိုသာ ပါဠိရေးခဲ့ပါ။

သက္ကစ္စ ပဋိဂ္ဂဟဏသိက္ခာပုဒ်၊ ပတ္တသညီပဋိဂ္ဂဟဏသိက္ခာပုဒ်၊ သမသူပက ပဋိဂ္ဂဟဏ သိက္ခာပုဒ်၊ သမတိတ္တိက သိက္ခာပုဒ်၊ သက္ကစ္စဘုဥ္ဇနသိက္ခာပုဒ်၊ ပတ္တသညီဘုဥ္ဇနသိက္ခာပုဒ်၊ သပဒါနသိက္ခာပုဒ်၊ သမသူပကသိက္ခာပုဒ်၊ အာလောပသိက္ခာပုဒ် တို့ကို ပါဠိရေးလေ။ (၁၃၆၈-ခ အကြီးတန်း)

သုရသုရကာရက သိက္ခာပဒ

❑ **ဘိက္ခုပါတိမောက်သေခိယ သုရသုရဝဂ်လာ ဆွမ်းဘုဉ်းပေးမှုနှင့် စပ်လျဉ်း၍ ရှင်တော်ဘုရား ပညတ်တော်မူထားသည့် သိက္ခာပုဒ် ပါဠိတော်တို့ကို ရှေ့နောက်အစဉ် မှန်ကန်စွာဖြင့် ပါဠိသက်သက်မျှသာ ရေးသားပြပါ။**

သုရသုရဝဂ် အစ(၄)ပုဒ်ကို ပါဠိရေးပါ။

(၁၃၆၆-ခ အငယ်တန်း)

သသိတ္ထက သိက္ခာပဒ

❑ **သေခိယလာ ဆွမ်းစားခြင်းနှင့်စပ်လျဉ်း၍ ကျင့်အပ်သော သိက္ခာပုဒ်များ**

ခမ္မကတဝဂ်အဆုံး (၄)ပုဒ်၊ သက္ကစ္စဝဂ်(၁၀)ပုဒ်၊ ကဗဠဝဂ်(၁၀)ပုဒ်၊ သုရသုရဝဂ်အစ (၆)ပုဒ်၊ပေါင်း (၃၀)။

(၁၃၇၂-ခ အငယ်တန်း)

http://www.dhammadownload.com

သာမိသ သိက္ခာပဒ

❑ **မိမိပိုင်ဆိုင်သော သောက်ရေခွက်ကို ဆွမ်းစသော အညစ်အကြေးလိမ်းကျံသောလက်ဖြင့် ကိုင်သော ရဟန်းအား အာပတ်သင့်၊ မသင့် ပါဠိအထောက်ပြ ဖြေဆိုပါ။**

အာပတ်သင့်ပါသည်။ အထောက်ပါဠိ– နု သာမိ သေန ဟတ္ထေန ပါနိယထာလကံ ဂဟေဿာမိတိ သိက္ခာ ကရဏီယာ။ (၁၃၆၈–ခု အလတ်တန်း)

❑ **စပုစပုကာရက သိက္ခာပုဒ်ကို ပညတ်ပြီးဖြစ်ပါလျက် သုရုသုရုကာရက သိက္ခာပုဒ်ကိုထပ်၍ ပညတ်ရခြင်း အကြောင်းကို ဖြေဆိုပါ။**

ဌာန(ဖြစ်ပုံဝတ္ထု)ထူးသောကြောင့် စပုစပုကာရက သိက္ခာပုဒ်ကို ပညတ်ပြီး ဖြစ်ပါလျက် သုရုသုရုကာရက သိက္ခာပုဒ် ကိုထပ်၍ ပညတ်ရပါသည်။ (၁၃၆၅–ခု အကြီးတန်း)

ဆဇ္ဇာပါဏိ သိက္ခာပဒ

❑ **သေခိယသိက္ခာပုဒ်လာ တရားဒေသနာတော်နှင့် သက်ဆိုင်သော ဘိက္ခုသိက္ခာပုဒ်တို့တွင် နောက်ဆုံး သိက္ခာပုဒ် (၃)ပုဒ်တို့၏ အမည်မျှကိုသာ အစဉ်အတိုင်း ဖြေဆိုပါ။**

ဌိတော သိက္ခာပုဒ်၊ ပစ္ဆတော ဂစ္ဆန္တ သိက္ခာပုဒ်၊ ဥပဂေန ဂစ္ဆန္တ သိက္ခာပုဒ်တို့တည်း။ (၁၃၆၄–ခု အလတ်တန်း)

http://www.dhammadownload.com

❑ **အောက်ပါ(က-ခ-ဂ)အမှတ်ပြု သေခိယသိက္ခာပုဒ်တို့ကို သချိုင်္ဂါမျှ ထုတ်ပြ။ (က) သာရပ္ပသိက္ခာပုဒ်၊(ခ) ဓမ္မဒေသနာ ပဋိသံယုတ္တသိက္ခာပုဒ်၊ (ဂ) ဘောဇနပွဋိ သံယုတ္တ သိက္ခာပုဒ်။**

(က) ၂၆-ပုဒ်

(ခ) ၁၉-ပုဒ်

(ဂ) ၃၀-ပုဒ်။

(၁၃၆၈-ခု အငယ်တန်း၊ ၁၃၂၈-ခု၊ ၆၃-ခု၊ ၆၆-ခု အကြီးတန်း)

❑ **တရားဟောမှုနှင့်ပတ်သက်၍ ပညတ်အပ်သော သေခိယသိက္ခာပုဒ်တို့တွင် နောက်ဆုံး(၃)ပုဒ်ကို ပါဠိသက်သက် ရေးပြပါ။**

(ပါဒုကဝဂ် ဒသမ, ဧကာဒသမ, ဒွါဒဒသမ သိက္ခာပုဒ်တို့ကို ပါဠိရေးပါ)

မှတ်ချက်။ ပါဒုကဝဂ် ဆုံးသည်တိုင်အောင် ဓမ္မဒေသနာ ပဋိသံယုတ္တ သိက္ခာပုဒ်ဟုယူလျှင် ပါဒုကဝဂ်အဆုံး သိက္ခာပုဒ်များကို ရေးပါ။ (၁၃၅၀-ခု အကြီးတန်း)

❑ **သေခိယသိက္ခာပုဒ်များမှ ကဗဠဝဂ်လာ ကြည်ညိုဖွယ်ရာ ဖြစ်အောင် ဆွမ်းစားနည်းစည်းကမ်းများ**

http://www.dhammadownload.com

၁။ ဆွမ်းလုပ်မရောက်မီ ခံတွင်းကို မဖွင့်ထားရပါ။

၂။ ဆွမ်းစားသော် လက်အားလုံးကို ခံတွင်း၌ မထည့်ရပါ။

၃။ ဆွမ်းလုပ်နှင့်တကွသော ခံတွင်းဖြင့် စကားမပြောရပါ။

၄။ ဆွမ်းလုပ်ကို မြှောက်၍ မြှောက်၍ မစားရပါ။

၅။ ဆွမ်းလုပ်ကို ကိုက်ဖြတ်၍ မစားရပါ။

၆။ မျောက်ကဲ့သို့ ပါးစောင့်၌ထား၍ မစားရပါ။

၇။ လက်ကိုခါ၍ မစားရပါ။

၈။ ဆွမ်းလုံးကို ကြဲ၍ မစားရပါ။

၉။ လျှာကို ထုတ်၍ မစားရပါ။

၁၀။ ပြတ်ပြတ်အသံပြု၍ မစားရပါ။

(၁၃၆၃-ခု အယ်တန်း)

❑ **သေခိယသိက္ခာပုဒ်တို့တွင် သပိတ်(ပတ္တ)နှင့် ဆက်စပ်၍ လိုက်နာဖွယ်ရာသိက္ခာပုဒ်တို့ကို အနက်ပေးခဲ့ပါ။**

ပတ္တသညီ ပဋိဂ္ဂဟဏသိက္ခာပုဒ်၊ ပတ္တသညီ ဘုဥ္ဇန သိက္ခာပုဒ်၊ ပတ္တနိလ္လေဟက သိက္ခာပုဒ်တို့ကို အနက်ရေးပါ။

(၁၃၆၃-ခု အယ်တန်း)

http://www.dhammadownload.com

❑ **သေခိယဥ်္ဇလာသော တရားဟောခြင်းနှင့်စပ်သည့် ဓမ္မဒေသနာ ပဋိသံယုတ္တ သိက္ခာပုဒ်အမည်များ**

ဆတ္တပါဏိသိက္ခာပုဒ်၊ ဒဏ္ဍပါဏိသိက္ခာပုဒ်၊ သတ္ထပါဏိသိက္ခာပုဒ်၊ အာဝုဓပါဏိသိက္ခာပုဒ်၊ ပါဒုကသိက္ခာပုဒ်၊ ဥပါဟနသိက္ခာပုဒ်၊ ယာနသိက္ခာပုဒ်၊ သယနသိက္ခာပုဒ်၊ ပလ္လင်္ကသိက္ခာပုဒ်၊ ဝေဠိတသိသ သိက္ခာပုဒ်၊ နီစာသနသိက္ခာပုဒ်၊ ဠိတသိက္ခာပုဒ်၊ ပစ္ဆတောဂမနသိက္ခာပုဒ်၊ ဥပ္ပဌေန သိက္ခာပုဒ်တို့ ဖြစ်သည်။ (၁၃၆၂-ခု အလတ်တန်း)

❑ **သေခိယသိက္ခာပုဒ်များတွင် ဓမ္မံ ဒေသေဿာမိ ပါသော သိက္ခာပုဒ်မည်မျှရှိသည်ကို ဖော်ပြပါ။**

"ဓမ္မံ ဒေသေဿာမိ"ပါသော သိက္ခာပုဒ် အပေါင်းမှာ (၁၆)ပုဒ် ဖြစ်ပါသည်။ (၁၃၆၀-ခု အခြေပြု)

အာဝုဓ သိက္ခာပဒ

❑ **သေခိယဥ် ဘောဇနပဋိသံယုတ္တ သိက္ခာပုဒ်ပေါင်း မည်မျှရှိသည်ကိုလည်း ဝဂ်အလိုက် သချေမျှ အသီးသီးဖော်ပြခဲ့ပါ။**

ဘောဇနပဋိသံယုတ္တ သိက္ခာပုဒ်များ-

ခမ္မကတဝဂ်၌ (၄)ပုဒ်

သက္ကစ္စဝဂ်၌ (၁၀)ပုဒ်

http://www.dhammadownload.com

ကဗ္ဗဝဂ်၌ (၁၀)ပုဒ်

သုရာသုရာဝဂ်၌ (၁၀)ပုဒ်၊ ပေါင်း (၃၀)။

(၁၃၆၈-ခု အငယ်တန်း)

ဆမာသိက္ခာပဒ

❑ **ပါဒုကဝဂ်အလယ်တည့်တည့် သိက္ခာပုဒ်၏ အဓိပ္ပါယ်ကို မြန်မာစကားပြေဖြင့် ရေးသားခဲ့ပါ။**

မြေ၌နေ၍ မြင့်သောနေရာ၌နေသော မနာမဖျား သောသူအား တရားကို ငါ မဟောအံ့၊ ဤသို့ သင်ခြင်း၊ ကျင့်ခြင်း၊ အားထုတ်ခြင်းကို ပြုအပ်၏။ (၁၃၆၆-ခု အငယ်တန်း)

ဥဒေတာ ဥစ္စာရ သိက္ခာပဒ

❑ **(က) ဝန်းဝိုင်းအောင် ပြုရမည့်အရာဝတ္ထုများ၊**

(ခ) ရပ်လျက် မပြုရမည့် ကိစ္စများကို ဖော်ပြပါ။

(က) သင်္ကန်း၊ ဆွမ်းလုပ်

(ခ) တရားဟောခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်း။

(၁၃၆၄-ခု အငယ်တန်း)

http://www.dhammadownload.com

ဟရိဘေဥ္ဇန်ာရ သိက္ခာပဒ

❑ **မဟာလွကဝိဟာရ သိက္ခာပုဒ်လာ ဟရိတနှင် ဟရိတော ဥစ္စာရသိက္ခာပုဒ်လာ ဟရိကတို့၏ အထူးကို ဖြေပါ၊**

မဟာလွကဝိဟာရ သိက္ခာပုဒ်လာ ဟရိတ–အရ စပါးမျိုး(၇)ပါးပြားသော ကောက်ခင်း၊ ပဲကြီး၊ ပဲနောက်၊ ကုလားပဲ၊ ဗူး၊ ဖရုံစသည်များပြားသော ပဲကို ယူရမည်။ ဟရိတော ဥစ္စာရ သိက္ခာပုဒ်၌ ဟရိတ–အရ မြေပြင်၌ ထင်ရှားပေါ်လွင်လျက်သွားသော သစ်ပင်၏အမြစ်နှင့် မြေ၌ကပ်ငြိသော သစ်ကိုင်းသစ်ခက်တို့ကို ယူရမည်။ ဤသို့ထူးသည်။

(၁၃၆၃–ခု အကြီးတန်း)

❑ **ဟရိတော ဥစ္စာရသိက္ခာပုဒ်၌ ဟရိတ–အရ**

မြေပေါ်၌ ထင်ရှားပေါ်လွင်လျက်သွားသော အသက်ရှင်ဆဲ သစ်ပင်၏အမြစ်ကိုလည်းကောင်း၊ မြေ၌ကပ်ငြိသော သစ်ကိုင်း သစ်ခက်ကိုလည်းကောင်း ဟရိတ–အရ ယူရမည်။

(၁၃၆၆–ခု အကြီးတန်း)

❑ **မြတ်ဗုဒ္ဓအဆုံးမတော်များမှ ကျင်ကြီးကျင်ငယ်စွန့်ခြင်းနှင့် သက်ဆိုင်သော ဥပဒေများကို ရေးသားတင်ပြပါ။**

မနာမဖျားဘဲ ရပ်လျက် ကျင်ကြီးကျင်ငယ်ကို မစွန့်ရပါ။

http://www.dhammadownload.com

မနာမဖျားဘဲ စိမ်းသောမြက်သစ်ပင်ရှိရာ အရပ်၌ လည်းကောင်း၊ ကြည်လင်သောရေ၌ လည်းကောင်း ကျင်ကြီး ကျင်ငယ်စွန့်ခြင်း များကို မပြုလုပ်ရပါ။(၁၃၆၅-ခု အကြီးတန်း)

ဥဒကေ ဥစ္စာရ သိက္ခာပဒ

❑ **ရဟန်းသာမဏေများ ကျင်ကြီး,ကျင်ငယ် စွန့်ကောင်းသည့် ရေနှင့် မစွန့်ကောင်းသည့်ရေတို့ကို ခွဲခြားဖော်ပြပါ။**

သောက်ကောင်း၊ သုံးဆောင်ကောင်းသော ရေ၌ ကျင်ကြီး၊ ကျင်ငယ် မစွန့်ကောင်းပါ။

သောက်ကောင်း၊ သုံးဆောင်ကောင်းသော ရေ မဟုတ်လျှင် ကျင်ကြီး၊ ကျင်ငယ် စွန့်ကောင်းသည်။

ရေလွတ်ရာအရပ်ကိုရှာမရလျှင် သောက်ကောင်း သုံးဆောင် ကောင်းသောရေ၌လည်း စွန့်ကောင်းသည်။

(၁၃၆၆-ခု အကြီးတန်း)

❑ **မကျန်းမမာ ဖျားနာနေသူမဟုတ်ပါက ကျင်ကြီး ကျင်ငယ် စွန့်မှုနှင့် ပတ်သက်၍ လိုက်နာရမည့် ကျင့်ဝတ်တို့ကို ဖော်ပြပါ။**

ဖျားနာသူမဟုတ်ပါက ရပ်လျက်သော်လည်းကောင်း စိမ်းစိုသောမြက်သစ်ပင်ရှိရာအရပ်၌လည်းကောင်း၊ သောက်ကောင်း

http://www.dhammadownload.com

ချိုးကောင်းသောရေ၌ သော်လည်းကောင်း ကျင်ကြီးကျင်ငယ် မစွန့်ဘဲ လိုက်နာကျင့်သုံးရပါမည်။ (၁၃၆၅-ခု အငယ်တန်း)

❑ **မနာမဖျားဘဲ မြစ်ရေထဲ၌ မစွန့်သင့်သောအညစ်အကြေးများ**

ကျင်ကြီး,ကျင်ငယ်, တံတွေး။ (၁၃၆၁-ခု အငယ်တန်း)

❑ **ရဟန်းများ တံတွေးမထွေးကောင်းသော နေရာများကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုပါ။**

စိမ်းစိုသောမြက်သစ်ပင်ရှိရာအရပ်၊ သောက်ကောင်း သုံးကောင်းသောရေ၌ရှိရာအရပ် (အထောက်- ဟရိတေ ဥစ္စာရ သိက္ခာပုဒ်နှင့် ဥဒကေ ဥစ္စာရ သိက္ခာပုဒ်တို့ကို ပါဠိထောက်လေ။)

(၁၃၆၁-ခု အကြီးတန်း)

❑ **ကျန်းမာလျက် တံတွေးမထွေးကောင်းသောအရပ်**

၁။ စိမ်းသောမြက်သစ်ပင်ရှိသောအရပ်၊

၂။ သုံးဆောင်ကောင်းသော ရေတို့ဖြစ်ပါသည်။

(၁၃၆၀-ခု အခြေပြု)

http://www.dhammadownload.com

❑ **အောက်ပါအပြုအမူများကို ရဟန်းသာမဏေများ ပြုသင့်မပြုသင့် ဖြေဆိုပါ။**

(က) မြို့တွင်း ရွာတွင်း၌ ဦးခေါင်းခြုံလျက် သွားလာနေထိုင်ခြင်း၊

(ခ) ဆွမ်းလုပ်ကို ကိုက်ဖြတ်၍ စားခြင်း၊

(ဂ) သုံးဆောင်ကောင်းသောရေ၌ ကျင်ငယ်စွန့်ခြင်း။

(က) မပြုသင့်ပါ။

(ခ) မပြုသင့်ပါ။

(ဂ) မပြုသင့်ပါ။ (၁၃၆၀-ခု အခြေပြု)

❑ **သေခိယ၌ အဂိလာနသဒ္ဓါပါသော သိက္ခာပုဒ်များကို သိသာရုံရေတွက်ပြပါ။**

သက္ကစ္စဝဂ် သူပေါဒန ဝိညတ္တိ သိက္ခာပုဒ်၊

သုရာသုရဝဂ် အဆုံး (၄)ပုဒ်၊

ပါဒုကဝဂ်အောလုံး(၁၅)ပုဒ်။

(၁၃၃၃-ခု အငယ်တန်း)

❑ **သေခိယသိက္ခာပုဒ်တို့၏ ပညတ်ရာဌာနဟို့ကို သိက္ခာပုဒ်များနှင့် ယှဉ်တွဲဖော်ပြပါ။**

http://www.dhammadownload.com

သုရသုရကာရ သိက္ခာပုဒ်ကို ကောသမ္မီ ပြည်၌ လည်းကောင်း၊ ပါနီယတ္ထာလက သိက္ခာပုဒ်၊ ပတ္တဓောဝန သိက္ခာပုဒ်တို့ကို ဘဂ္ဂတိုင်း၌လည်းကောင်း၊ ကျန်သိက္ခာ ပုဒ်(၇၂) ပါးကို သာဝတ္ထိပြည်၌လည်းကောင်း ပညတ်တော်မူသည်။

(၁၃၆၄-ခု၊ ၆၅-ခု အကြီးတန်း)

သေခိယမေးကွက် ပြီးပါပြီ

* * *

http://www.dhammadownload.com

အဓိကရဏသမထမေးကွက်

❑ **သတ္တ အဓိကရဏ သမထာ ဓမ္မာဒ္ဒိ အဓိကရဏ– အပြား ကို အဓိပ္ပါယ်နှင့်တကွ ရေးပြခဲ့ပါ။**

ဝိဝါဒါဓိကရဏ – ဓမ္မ, အဓမ္မစသောဝတ္ထု (၁၈)ပါး တို့ဖြင့် ငြင်းခုံသော ရဟန်းတို့၏ ငြင်းခုံခြင်း၊

အနုဝါဒါဓိကရဏ – သီလဝိပတ္တိ၊ အာစာရဝိပတ္တိ၊ ဒိဋ္ဌိ ဝိပတ္တိ၊ အာဇီဝဝိပတ္တိတို့ဖြင့် စွပ်စွဲ ကုန်သောရဟန်းတို့၏ စွပ်စွဲ ခံရေး အပြစ်တင်ခြင်း၊

အာပတ္တာဓိကရဏ – အာပတ်(၇)ပုံ၊

ကိစ္စာဓိကရဏ – သံဃာတော်အပေါင်း၏ အပ လောကနစသော ကံ(၄)ပါးကို ပြုခြင်း။

(၁၃၆၈–ခု အငယ်တန်း၊ ၁၃၆၆–ခု အကြီးတန်း)

http://www.dhammadownload.com

❑ **အာပတ္တာဓိကရဏ်းနှင့် အနုဝါဒဓိကရဏ်းတို့ ထူးခြားပုံ ကိုရေးပါ။**

အာပတ်သင့်နေခြင်းသည် အာပတ္တာဓိကရဏ်း၊ အာပတ်သင့်သည်ဖြစ်စေ၊ မသင့်သည်ဖြစ်စေ ထိုအာပတ်ဖြင့် သူတစ်ပါးက စွပ်စွဲခြင်းသည် အနုဝါဒါဓိကရဏ်း။ ဤသို့ထူးသည်။

(၁၃၃၄-ခု အကြီးတန်း)

❑ **အဓိကရဏနှင့် သမထများကို ကျနစွာ တွဲစပ်ပြပါ။**

၁။ ဝိဝါဒါဓိကရဏ – သမ္မုခါဝိနယသမထ, ယေဘုယျသိကာ သမထ၊

၂။ အနုဝါဒါဓိကရဏ – သမ္မုခါဝိနယ, သတိဝိနယ, အမူဠ္ဍဝိနယ, တဿပါဝိယသိကာသမထ။

၃။ အာပတ္တာဓိကရဏ – သမ္မုခါဝိနယ, ပဋိညာတကရဏ, တိဏဝတ္ထာရက သမထ၊

၄။ ကိစ္စာဓိကရဏ – သမ္မုခါဝိနယသမထ။

(၁၃၃၇-ခု အလတ်တန်း၊ ၁၃၆၁-ခု၊ ၆၂-ခု၊ ၆၃-ခု၊ ၆၅-ခု အကြီးတန်း)

(ဆောင်) သမ္မုခါ ယေဘုယျသိကာ၊ ဝိဝါဒေါ ဒွိဟီ သမ္မတိ၊
သမ္မုခါ-သတိ-အမူဠ္ဍ၊ ပါဝိကာယ-နုဝါဒကော၊
သမ္မုခါ-ပဋိညာ-တိဏာ၊ အာပတ္တိ ကိစ္စမေကကော။

http://www.dhammadownload.com

❑ **အာပတ္တာဓိကရဏ်းကို ပဋိညာတကကရဏဖြင့် ငြိမ်းပုံကို ကခ်ီလာအတိုင်းရေးပါ။**

မိမိ၏လဟုကအာပတ်ကို ကုစားလျက် ဒေသနာပြောကြားသူရဟန်း၏ " အဟံ ဘန္တေ ဣတ္ထန္နာမံ အာပတ္တိံ အာပန္နော" ဟူ၍လည်းကောင်း၊ ပဿသိ– ရှုပါဟုမေးလျှောက်သည်ကို အာမ ပဿာမိဟုလည်းကောင်း၊ ဤနှစ်ခွန်းသောစကားသည် ၎င်းရဟန်း၏အာပတ်ဝန်ခံမှုများပင်တည်း၊ ထိုဝန်ခံမှုနှစ်ချက်ပေးနိုင်ခဲ့၍ နောင် ရှောင်ကြဉ်လိုက်ပါလေဟု ဆက်၍တုန့်ပြန်ပေးခြင်းဖြင့် ၎င်း၏သင့်ရောက်သော အာပတ်ကို ငြိမ်းပေးလိုက်ခြင်းသည် ဝန်ခံမှုနှစ်ချက်ရှိ၍ ထိုဝန်ခံမှုနှစ်ချက်ဖြင့် ငြိမ်းပေးခြင်းဖြစ်သောကြောင့် ဤကဲ့သို့ ငြိမ်းစေခြင်းသည် ပဋိညာတကရဏဖြင့် အာပတ်ကို ငြိမ်းစေခြင်းပင်တည်း။

(၁၃၆၄-ခု အကြီးတန်း)

❑ **သမ္မုခ(၄)မျိုး**

၁။ အဓိကရဏ်းငြိမ်းစေမှုကိစ္စ၌ ကာရကသံဃာ၏ ညီညွတ်စွာ မျက်မှောက်ပြုခြင်းသည် သံဃသမ္မုခတာ မည်၏။

၂။ ငြိမ်းစေအပ်သောအကြောင်း ဝတ္ထုအမှုအခင်း၏ ဟုတ်မှန်ခြင်းသည် ဓမ္မသမ္မုခတာ မည်၏။

၃။ ငြိမ်းစေသင့်သည့် နည်းလမ်းအတိုင်း (ဝိနည်းတော်

http://www.dhammadownload.com

အတိုင်း) ငြိမ်းစေခြင်းသည် ဝိနယသမ္မုခတာ မည်၏။

၄။ အတ္ထပစ္စတ္ထိကမည်သော ငြင်းခုံသည့် နှစ်သက် ပုဂ္ဂိုလ်တို့၏ မျက်မှောက်ဖြစ်ခြင်းသည် ပုဂ္ဂလ သမ္မုခတာ မည်၏။

(၁၃၈ ခု အလတ်တန်း၊ ၁၃၃၇-ခု အကြီးတန်း)

❑ **ယခုကာလ ဒေသနာကြားခြင်းသည် မည်သည့်အဓိကရဏ်း ကို မည်သည့်သမထဖြင့် ငြိမ်းစေနိုင်သည်ကို ဆုံးဖြတ် ချက်ချခဲ့ပါ။**

ယခုကာလဒေသနာပြောကြားခြင်းသည် အာပတ္တာဓိ ကရဏ်းကို ပဋိညာတကရဏသမထဖြင့် ငြိမ်းစေပါသည်။

❑ **အဓိကရဏ်းကို ငြိမ်းစေသော သမထ(၇)ပါး တို့တွင် ယေဘုယျသိကာသမထ မည်ပုံ**

ဓမ္မဝါဒီများရာလိုက်၍ အဓိကရဏ်းကို ငြိမ်းစေရ သောကြောင့် ထိုအများအလိုအတိုင်းပြုခြင်းကို ယေဘုယျသိကာ သမထ ပြုခြင်းဟု ခေါ်သည်။ (၁၃၆၁-ခု အကြီးတန်း)

❑ **သာသနာတော်ဝယ် အဓိကရဏ်းများ ပေါ်ပေါက်ခဲ့သော် ငြိမ်းအေးစေရမည့် နည်းလမ်းများ**

http://www.dhammadownload.com

၁။ သံဃာ၊ ဓမ္မ၊ ဝိနယ၊ ပုဂ္ဂလစုံညီ၍ ဖြေရှင်းငြိမ်းစေသည့် သမ္မုခါဝိနယနည်း။

၂။ မတရားစွပ်စွဲခံရသည့် ရဟန္တာအား သတိပြန်ပြော သူအဖြစ် သမုတ်၍ စွပ်စွဲမှုကို ငြိမ်းစေသည့် သတိဝိနယနည်း။

၃။ အာပတ်စွပ်စွဲခံရသူ ရူးသွပ်သောရဟန်းအား ရူးသွပ် သူအဖြစ်သမုတ်၍ စွပ်စွဲမှုကို ငြိမ်းစေသည့် အမူဠှ ဝိနယနည်း။

၄။ အာပတ်ကိုဝန်ခံမှု ပဋိညာဉ်ပေးခြင်းတို့ဖြင့် "နောင် ကြဉ်ပါ" ဟုဆိုကာ အာပတ်ကိုငြိမ်းစေသည့် ပဋိညာ တကရဏနည်း။

၅။ ဓမ္မ၊ အဓမ္မစသည် ငြင်းခုံရာတွင် ဓမ္မပုဂ္ဂိုလ်တို့၏ များရာမဲဖြင့် ငြင်းခုံမှုကိုငြိမ်းစေသည့် ယေဘုယျ သိကာနည်း။

၆။ ရှောင်ဖယ် အပျော်ကိုင်ဆွဲလျက် ဆုံးမ မရသော ရဟန်းယုတ်အား ရဟန်းယုတ်ဟု သမုတ်၍ ရှောင်ဖယ်အပြော ငြိမ်းစေသည့် တဿပါပိယသိကာ နည်း။

၇။ သံဃာချင်း အာပတ်ဖြင့် ပြန်လှည့်စွပ်စွဲကြရာဝယ် မစင်ကို မြက်အုပ်သည့်ပမာ ထိုအာပတ်မပြောကြ စတမ်း ကဲဖြင့် ပြန်လှည် စွပ်စွဲမှုကိုငြိမ်းစေသည့် တိဏဝတ္ထာရကနည်း။ (၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com

❑ သာသနာတော်၌ ဖြစ်ပေါ်လာသည့် မူခင်းအဓိကရဏ်း မှန်သမျှ ငြိမ်းစေကြောင်း နည်းလမ်းကောင်း (၇)ပါးတို့ကို အနက်မှန်ကန်စွာရေးပါ။

ထင်ရှားပြီ။ (၁၃၆၀-ခု၊ ၆၂-ခု၊ ၆၅-ခု အကြီးတန်း)

* * *

http://www.dhammadownload.com

ဘိက္ခုနိဒ္ဒေသ

❑ **ပထမငယ်တန်း ရှင်ရဟန်းတို့ လေ့လာသင်ကြားထားသည့် ဘိက္ခုပါတိမောက်၌ သိက္ခာပေါင်းမည်မျှ ရှိပါသနည်း၊ အကျဉ်းချုပ် ရေတွက်ပြခဲ့ပါ။**

သိက္ခာပုဒ်ပေါင်း (၂၂၇)ပုဒ် ရှိပါသည်။

ၛင်းတို့မှာ ပါရာဇိက(၄)ပုဒ်၊ သံဃာဒိသေသ် (၁၃)ပုဒ်၊ အနိယတ(၂)ပုဒ်၊ နိဿဂ္ဂိယပါစိတ် (၃၀)ပုဒ်၊ သုဒ္ဓပါစိတ် (၉၂) ပုဒ်၊ ပါဋိဒေသနီ (၄)ပုဒ်၊ သေခိယ (၇၅)ပုဒ်၊ အဓိကရဏ သမထ (၇)ပုဒ်တို့ ဖြစ်ပါသည်။ (၁၃၆၅-ခု အငယ်တန်း)

❑ **ဇွတ်က တဿ ဘဂဝတော သုတ္တာဂတံ၌ ဇွတ်က အရကို ဘိက္ခု၊ ဘိက္ခုနီအားလျော်စွာ ခွဲခြားပြ၍ သင်္ချာမျှ ဖော်ပြပါ။**

ဇွတ်ကံအရ-

ဘိက္ခု- (၂၂၇)သွယ်၊

ဘိက္ခုနီ (၃၁၁)သွယ်။ (၁၃၆၆-ခု အကြီးတန်း)

http://www.dhammadownload.com

❑ **(၂၂၇) သွယ်သော သိက္ခာပုဒ်တို့သည် ဘုရားဟောပါဋ္ဌိ ဟုတ် + မဟုတ် သာဓကပြ ဖြေဆိုပါ။**

(၂၂၇)သွယ်သော သိက္ခာပုဒ်တို့သည် ဘုရားဟော ပါဋ္ဌိ ဟုတ်ပါသည်။

သာဓက– ဇေတ္တက် တသ ဘဂဝတော သုတ္တာဂတံ သုတ္တာပရိယာပန္နံ အန္ဓဒွမာသံ ဥဒ္ဒေသံ အာဂစ္ဆတိ။

(၁၃၆၁-ခု အကြီးတန်း)

❑ **ဘိက္ခုပါတိမောက်၌လာသော သိက္ခာပုဒ်များကို အကျဉ်း အားဖြင့် ရေတွက်ပြပါ။**

ပါရာဇိက (၄)ပုဒ်၊

သံဃာဒိသေသ် (၁၃)ပုဒ်၊

အနိယတ (၂)ပုဒ်၊

နိဿဂ္ဂိယပါစိတ် (၃၀)ပုဒ်၊

သုဒ္ဓပါစိတ် (၉၂)ပုဒ်၊

ပါဋိဒေသနီ (၄)ပုဒ်၊

သေခိယ (၇၅)ပုဒ်၊

အဓိကရဏသမထ (၇)ပုဒ်

ပေါင်း (၂၂၇)ပုဒ်။ (၁၃၃၀-ခု၊ ၃၁-ခု အငယ်တန်း)

http://www.dhammadownload.com

❑ **ယခုခေတ်၌ ဘိက္ခုနိမ္မားမရှိတော့သဖြင့် ပါတိမောက်ပြဂ္ဂာ၌ ဩဝါဒဝဂ်ကို ရွတ်ဆိုသင့်၊ မသင့် သာဓကပြ ဖြေဆိုပါ။**

ယခုခေတ်၌ ဘိက္ခုနိမ္မား မရှိတော့သော်လည်း ပါတိမောက်ပြဂ္ဂာ၌ ဩဝါဒဝဂ်ကို ရွတ်ဆိုသင့်ပါသည်။

သာဓက–

ဧတ္တကံ တဿ ဘဂဝတော သုတ္တာဂတံ သုတ္တပရိယာပန္နံ အန္တဒ္ဓမာသံ ဥဒ္ဒေသံ အာဂစ္ဆတိ။ (၁၃၆၇–ခု အလတ်တန်း)

❑ **(၂၂၇)သွယ်သော ဝိနည်းဒေသနာ သိက္ခာပုဒ်များကို ရဟန်းတိုင်း ဝမ်းမြောက်ဝမ်းသာကျင့်သုံးရမည် ဖြစ်ကြောင်း တိုက်တွန်းပုံ မဟာနိဂမ စကားရပ်တို့ကိုသာ မှန်ကန်စွာ အနက်ဖော်ဧနာပါ။**

ဘိက္ခုပါတိမောက်အဆုံး– ဧတ္တကံ (ပ) သိက္ခိတ္တာ ဗ္ဗန္တိ ကို အနက်ရေးပါ။

(၁၃၄၁–ခု၊ ၆၃–ခု အလတ်တန်း၊ ၁၃၆၆–ခု အကြီးတန်း)

* * *

http://www.dhammadownload.com

ဘိက္ခုအာပတ်အဆုံးအဖြတ်မေးကွက်

❑ ဖော်ပြပါ ရဟန်းတို့အား သင့်ရောက်နိုင်သော အာပတ်များ

(က) ပါတိမောက်ပြရာ၌ အာပတ်ကိုဒေသနာလည်း မကြား၊ ထင်ရှားစွာလည်း မပြုဘဲ တိတ်တိတ်မြို့နေသော ရဟန်း၊

(ခ) မိန်းမနှင့် မေထုန်ကျူးလွန်သော ရဟန်း၊

(ဂ) ဖောက်ပြန်သောစိတ်ဖြင့် မိန်းကလေးလက်ကို ဆွဲကိုင်သောရဟန်း၊

(ဃ) အောင်သွယ်သော ရဟန်း၊

(င) စိတ်ဆိုး၍ အခြားရဟန်းကို ပါရာဇိကအာပတ်ဖြင့် စွပ်စွဲသောရဟန်း။

(က) သမွဇာနမုသာဝါဒ ဒုက္ကဋ်အာပတ်၊

(ခ) ပါရာဇိကအာပတ်၊

(ဂ) (ကာယသံသဂ္ဂ) သံဃာဒိသေသ်အာပတ်၊

(ဃ) (သဉ္စရိတ္တ) သံဃာဒိသေသ်အာပတ်၊

(င) ဒုဋ္ဌဒေါသ သံဃာဒိသေသ်အာပတ်။

(၁၃၄၅-ခု အခြေပြုတန်း)

http://www.dhammadownload.com

❑ ဖော်ပြပါရဟန်း၊ သာမဏေတို့အား သင့်ရောက်နိုင်သော အပြစ်၊ ပျက်ကွက်သောဝတ်များကို ဖြေဆိုပါ။

(က) ရဟန်းအချင်းချင်း ကွဲပြားအောင် ကုန်းတိုက်သော သာမဏေ၊

(ခ) ရွာတွင်း၌ လက်ကိုင်မြှောက်၍ ဟစ်အော်နေသော သာမဏေ၊

(ဂ) မပန်ကြားဘဲ ခရီးထွက်သော သာမဏေ၊

(ဃ) ရာဂစိတ်ဖြင့် အမျိုးသမီး၏ ဆံပင်များကို ကိုင်သော ရဟန်း၊

(င) ကုန္ဒြေမရှိ ဟိုဟိုဒီဒီကြည့်လျက် ရွာတွင်းဆွမ်းခံသွားသော သာမဏေ၊

(က) ဒဏ်

(ခ) ဒဏ်

(ဂ) ဂမိကဝတ်

(ဃ) သံဃာဒိသေသ်

(င) ဒဏ် (၁၃၅၀-ခု အခြေပြုတန်း)

❑ ဖော်ပြပါရဟန်း, သာမဏေတို့အား သင့်ရောက်နိုင်သော အပြစ်များ

http://www.dhammadownload.com

(က) ရဟန်းကို ကြိမ်းမောင်းသောရဟန်း၊

(ခ) ရွာတွင်း၌ ဟားတိုက်ရယ်သော သာမဏေ၊

(ဂ) ရွာတွင်း၌ ခေါင်းမြီးခြုံသွားသော သာမဏေ၊

(ဃ) အခြေအမြစ်မရှိဘဲ ပါရာဇိကအာပတ်ဖြင့် ရဟန်း တစ်ပါးကို စွပ်စွဲသောရဟန်း၊

(င) ကမ္မဝါစာဖြင့် (၃)ကြိမ်တိုင်တိုင် ဆုံးမ၍ မရသော ရဟန်း။

(က) ဒဏ်

(ခ) ဒဏ်

(ဂ) ဒဏ်

(ဃ) သံဃာဒိသေသ်

(င) သံဃာဒိသေသ် (၁၃၅၀--ခု အခြေပြုတန်း)

❑ အောက်ဖော်ပြပါ ရဟန်း၊ သာမဏေတို့အား သင့်ရောက်သော အပြစ်များကို ဖော်ပြပါ။

(က) သူတစ်ပါး၏ သင်္ကန်းကို ခိုးယူသော သာမဏေ၊

(ခ) တီးဝိုင်းသို့သွား၍ သီချင်းလိုက်ဆိုသော သာမဏေ၊

(ဂ) သံဃာ့ဥပုသ်ပြုရာ၌ မိမိအပြစ်ကို ထင်စွာလည်း မပြု၊ ပြောလည်း မပြောကြားသော ရဟန်း၊

http://www.dhammadownload.com

(ဃ) ကာယသံသဂ္ဂရာဂဖြင့် မိန်းကလေးကို ပွေ့ရှိသော ရဟန်း၊

(င) သံဃာ(၂၀)မပြည့်ဘဲ အဇ္ဈာသွင်းပေးသောရဟန်း

(က) လိင်အပြစ်၊

(ခ) ဒဏ်အပြစ်၊

(ဂ) သမ္မောန မုသာဝါဒ ဒုက္ကဋ်အပြစ်၊

(ဃ) သံဃာဒိသေသ်အာပတ်အပြစ်၊

(င) ဒုက္ကဋ်အာပတ်အပြစ်။

(၁၃၅၄-ခု အခြေပြုတန်း)

❑ အောက်ပါရဟန်း၊ သာမဏေတို့အား သင့်ရောက်နိုင်သော အပြစ်တို့ကို အသီးသီး ဖော်ပြခဲ့ပါ။

(က) မိမိ၌ စျာန်မဂ်ဖိုလ်တရားများ အမှန်တကယ်မရှိဘဲ လျက် ရှိ၏ဟု ဝါကြွားပြောကြားသောရဟန်း၊

(ခ) မိန်းမယောကျ်ား နှစ်ဦးသားတို့ကို အောင်သွယ်ပြုလုပ်ပေးသောရဟန်း၊

(ဂ) ရဟန်းတစ်ပါးအား စိတ်ဆိုးပြီး အမှုလက ပါရာဇိကဖြင့် စွပ်စွဲသောရဟန်း၊

(ဃ) မှားယွင်းသည့် အဖျက်လုပ်ငန်းကို ယုံကြည်သော သာမဏေ၊

http://www.dhammadownload.com

(င) ရဟန်းတော်အချင်းချင်း မညီညွတ်အောင် ပြုလုပ်သော သာမဏေ။

(က) ပါရာဇိကအာပတ်၊

(ခ) သံဃာဒိသေသ်အာပတ်၊

(ဂ) သံဃာဒိသေသ်အာပတ်၊

(ဃ) လိင်အပြစ်၊

(င) ဒဏ်အပြစ်။ (၁၃၆၀-ခု အခြေပြုတန်း)

❑ အောက်ပါ သာမဏေတို့အား (က-ခ-ဂ) တို့၌ သင့်ရောက်သောအပြစ်များနှင့် (ဃ)၌ ပြုကျင့်ရမည့် ဝတ္တရားများကို အသီးသီး ဖော်ပြပါ။

(က) တရားတော်ကို ကဲ့ရဲ့သော သာမဏေ၊

(ခ) ရဟန်းတော်များ လာဘ်မရအောင် အားထုတ်သော သာမဏေ၊

(ဂ) ရဟန်းအချင်းချင်း သင့် + မသင့် ကွဲပြားအောင် ဂုံးတိုက်သော သာမဏေ၊

(က) လိင်

(ခ) ဒဏ်

(ဂ) ဒဏ် (၁၃၆၀-ခု အခြေပြုတန်း)

http://www.dhammadownload.com

❑ အောက်ပါရဟန်း၊ သာမဏေတို့အား သင့်ရောက်သော အပြစ်တို့ကို သိက္ခာပုဒ် အမည်ညွှန်း၍ ဆုံးဖြတ်ပါ။

(က) ဆွမ်းလုံးနှင့်တကွသော လက်ဖြင့် သောက်ရေခွက်ကို ကိုင်သော သာမဏော၊

(ခ) ပျပ်ပျပ်အသံပြု၍ ဆွမ်းစားသော သာမဏော၊

(ဂ) ရှုတ်ရှုတ်အသံပြု၍ ဟင်းရည်သောက်သော သာမဏော၊

(ဃ) တစ်မတ်၊ တစ်မတ်ထက်လွန်သောငွေကို ခိုးယူသော ရဟန်း၊

(င) ကွဲကွာနေသောမိဘ(၂)ပါးကို ပြန်လည်စေ့စပ်သော ရဟန်း၊

(က) သာမိသသိက္ခာပုဒ်–ဒဏ်အပြစ်၊

(ခ) စပုစပုကာရကသိက္ခာပုဒ်–ဒဏ်အပြစ်၊

(ဂ) သုရုသုရုကာရကသိက္ခာပုဒ်–ဒဏ်အပြစ်၊

(ဃ) အဒိန္နာဒါနသိက္ခာပုဒ်–ပါရာဇိကအပြစ်၊

(င) သဉ္စရိတ္တသိက္ခာပုဒ်–သံဃာဒိသေသ်အပြစ်။

(၁၃၆၀–ခု အခြေပြုတန်း)

http://www.dhammadownload.com

❑ **အောက်ပါရဟန်း၊ သာမဏေတို့အား သင့်ရောက်သော အပြစ်တို့ကို အထောက်ပြ၍ ဖြေဆိုပါ။**

(က) မထုန်နှင့်စပ်သော စကားတို့ဖြင့် မိန်းမပျိုလေးအား လူပျိုစကားပြောသော ရဟန်း၊

(ခ) ရွှေတိဂုံစေတီတော်ကြီးကို "အုတ်ပုံကြီးပဲ" ဟုပြောသော သာမဏေ၊

(ဂ) သင်းပိုင်ကို ခါးတောင်းကျိုက်သော သာမဏေ၊

(ဃ) တောင်ကြည့်၊ မြောက်ကြည့် ဆွမ်းဘဉ်းပေးသော သာမဏေ၊

(င) ဆွမ်းလုပ်ကို မပြုပြင်ဘဲ ဘဉ်းပေးသော သာမဏေ၊

(က) ယုဝါ ယုဝတီ မထုနုပသံဟိတာဟိ ကိုထောက်၍ သံဃာဒိသေသ်၊

(ခ) ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိကို ထောက်၍ လိင်၊

(ဂ) ပရိမဏ္ဍလ် နိဝါသေဿာမိ ကို ထောက်၍ ဒဏ်၊

(ဃ) ပတ္တသညီ ပိဏ္ဍပါတံ ဘုဉ်ဿာမိကို ထောက်၍ ဒဏ်၊

(င) ပရိမဏ္ဍလ် အာလောပံ ကရိဿာမိ ကို ထောက်၍ ဒဏ်၊ (၁၃၆၀-ခု အခြေပြု)

http://www.dhammadownload.com

❑ **အောက်ဖော်ပြပါ သာမဏေများ သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ဖော်ပြပါ။**

(က) လက်ကို လွှဲ၍ မြို့တွင်း ရွာတွင်းသို့ သွားလာသော သာမဏေ၊

(ခ) လျှာထုတ်၍ ဆွမ်းစားသော သာမဏေ၊

(ဂ) အလွန်ကြီးသော ဆွမ်းလုပ်ကို စားသော သာမဏေ၊

(ဃ)ထီးဆောင်းသောသူအား တရားဟောသော သာမဏေ၊

(င) မထိုင်ဘဲ ရပ်လျက် ကျင်ငယ်စွန့်သော သာမဏေ။

(က) ဗာဟုပွစာလကသိက္ခာပုဒ်-ဒဏ်၊

(ခ) ဇိဝှာ နိစ္ဆာရကသိက္ခာပုဒ်-ဒဏ်၊

(ဂ) ကဗဠသိက္ခာပုဒ်-ဒဏ်၊

(ဃ) ဆတ္တပါဏိ သိက္ခာပုဒ်-ဒဏ်၊

(င) ဌိတော ဥစ္စာရသိက္ခာပုဒ်-ဒဏ်။ (၁၃၆၀-ခု အခြေပြု)

❑ **ညဉ့်အခါ ဦးခေါင်းခြုံ၍ ဖိနပ်စီးပြီးလျှင် မြို့ရွာအတွင်း လှည့်ပတ်လျက် အလှူခံရသောဌေးကို ကိုင်ကာ ကိုယ်တိုင် လက်မှတ်ဝယ်ယူပြီး ဇာတ်လဘင်ကြည့်ရှုသော ရဟန်းအား သင့်ရောက်သော အာပတ်များကို အသီးသီး ခွဲဝေပြပါ။**

၁။ ညဉ့်အခါ(မပန်ကြားဘဲ) မြို့တွင်း၊ ရွာတွင်း လှည့်

http://www.dhammadownload.com

လည်လျှင် ဝိကာလ ဂါမပ္ပဝိသန သိက္ခာပုဒ်ဖြင့် ပါစိတ်အာ ပတ်။

၂။ ဦးခေါင်းခြုံ၍ မြို့တွင်း ရွာတွင်းလှည့်ပတ်လျှင် သြဂုဏ္ဌိတ သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊

၃။ ဖိနပ်စီးပြီး မြို့တွင်း ရွာတွင်းလှည့်ပတ်လျှင် ဒုက္ကဋ် အာပတ်။

၄။ အလှူခံရသောငွေကို ကိုင်လျှင် ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်အာပတ်။

၅။ ငွေကိုကိုင်ကာ ကိုယ်တိုင်လက်မှတ်ဝယ်လျှင် ရူပိယ သံဝေါဟာရ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ် အာပတ်။

၆။ ဇာတ်သဘင်ကြည့်ရှုသော ရဟန်းအား ဒုက္ကဋ် အာပတ်။ (၁၃၂၉-ခု အငယ်တန်း)

❑ **အောက်ပါရဟန်းတော်တို့အား မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့် အာပတ်များသင့်ကြသည်ကို ဖော်ပြပါ။**

(က) မာတုဂါမနှင့်အတူတကွ ဆိတ်ကွယ်ရာ၌နေသော ရဟန်း၊

(ခ) မာတုဂါမနှင့်အတူတကွ တစ်ယောက်ချင်းချင်း ဆိတ်ကွယ်ရာအရပ်၌ နေသောရဟန်း။

http://www.dhammadownload.com

(ဂ) မာတုဂါမနှင့် အတူတကွတိုင်ပင်၍ အရပ်တစ်ပါးသို့ ခရီးသွားသောရဟန်း။

(က) ရဟော ပဋိစ္ဆန္နသိက္ခာပုဒ်ဖြင့် ပါစိတ်။

(ခ) ရဟော နိသဇ္ဇသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ဂ) သပ္ပါဏကဝဂ် သံဝိဓာနသိက္ခာပုဒ်ဖြင့် ပါစိတ်။

(၁၃၃၃-ခု အငယ်တန်း)

❑ **အောက်ပါတို့ကို ပါတိမောက်လာသည့်အတိုင်း ဖြေဆိုပါ။**

(က) ကိုယ်တိုင်မီးမွေး မီးလှုံခြင်းကြောင့် အာပတ်မသင့်ခြင်း အကြောင်း၊

(ခ) နေလွဲသောအခါ မပန်ကြားဘဲ ရွာတွင်းသို့ ဝင်ခြင်းကြောင့် အာပတ်မသင့်ခြင်းအကြောင်း

(ဂ) အခြားရဟန်းအား ကုက္ကုစ္စဖြစ်အောင် ပြောစေကာမူ ပြောသောရဟန်းအား အာပတ်မသင့်ခြင်း အကြောင်း၊

(က) သပိတ်ဖုတ်ခြင်းစသော အကြောင်း၊

(ခ) အဆောတလျင် ရှောင်တခင် ပြုထိုက်သော အကြောင်း၊

(ဂ) ကုက္ကုစ္စဖြစ်စေလိုမှုမရှိခြင်း၊ အကျိုးစီးပွားကို လိုလားခြင်းတို့ဖြင့် ပြောဆိုခြင်း။ (၁၃၃၄-ခု အငယ်တန်း)

http://www.dhammadownload.com

❑ အောက်ပါ ရဟန်းတို့အား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ် အာပတ်သင့်သည်ကို ဖော်ပြပါ။

(က) မိမိအတွက် ငွေအလှူခံသော ရဟန်း၊

(ခ) သံဃာသို့ညွှတ်ပြီးသော မယ်တော်၏သင်္ကန်းကို မိမိအား လှူစေသောရဟန်း၊

(ဂ) သင်္ကန်းအစ ကပ္ပဗိန္ဒုမထိုးဘဲ ဝတ်ရုံသော ရဟန်း၊

(ဃ) သံဃာသို့ညွှတ်ပြီးသော သင်္ကန်းကို ပုဂ္ဂိုလ်တစ်ဦး အား လှူစေသောရဟန်း၊

(င) ထိုင်နေသော အဂိလာနအား မိမိက ရပ်လျက် တရားဟောသော ရဟန်း။

(က) ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊

(ခ) ပရိဏာမသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊

(ဂ) ဒုဗ္ဘဏ္ဍကရဏသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

(ဃ) ပရိဏာမနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

(င) ဌိတော နိသိန္နသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

(၁၃၃၄-ခု အင်္ဂလိပ်တန်း)

http://www.dhammadownload.com

❑ **အောက်ပါတို့အတွက် သင့်သော အာပတ်တို့ကို သိက္ခာပုဒ် အမည်နှင့် ယှဉ်တွဲ၍ ပြဆိုပါ။**

(က) မျက်စိ နားကွယ်ရာ၌ မိန်းမနှင့် တစ်ယောက်ချင်း ချင်း ထိုင်နေသောရဟန်း၊

(ခ) လက်ချောင်းဖြင့် ကလိထိုးသောရဟန်း၊

(ဂ) မိန်းမနှင့်တိုင်ပင်၍ တစ်ကြောင်းတည်းသောခရီးကို သွားသောရဟန်း၊

(က) ရဟော ပဋိစ္စန္န၊ ရဟော နိသဇ္ဇသိက္ခာပုဒ်တို့ဖြင့် ပါစိတ်၊

(ခ) အဂုံလိပတောဒက သိက္ခာပုဒ်ဖြင့်ပါစိတ်၊

(ဂ) သပွါဏကဝဂ် သံဓာနသိက္ခာပုဒ်ဖြင့် ပါစိတ်။

(၁၃၃၇-ခု အငယ်တန်း)

❑ **အောက်ပါရဟန်းတော်တို့အား မည်သည့်အာပတ်များ သင့်သည်ကို သိက္ခာပုဒ်ညွှန်းပြ၍ ဖြေဆိုပါ။**

(က) မောင်ခိုကုန်သည်ဖြစ်ကြောင်း သိလျက် တိုင်ပင်၍ သွားသောရဟန်း၊

(ခ) စစ်ချီတက်လာသည်ကိုသွားရောက်ကြည့်ရှုရာ၌ စိတ်ဆိုး၍ ခွေးကိုခြေဖြင့် ကန်ကျောက်သောရဟန်း၊

http://www.dhammadownload.com

(ဂ) နောင်တမရှိန် မဆုံးမနိုင်စေရန် ခြိမ်းချောက်သော ရဟန်း၊

(က) ထေယျသတ္ထသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ခ) ဥယျောဓိကသိက္ခာပုဒ်ဖြင့် ပါစိတ်၊ ပဟာရသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊

(ဂ) အနာဒရိယသိက္ခာပုဒ်၊ ဘိံသာပနသိက္ခာပုဒ်တို့ဖြင့် ပါစိတ်။ (၁၃၃၇-ခု အငယ်တန်း)

❑ အောက်ပါတို့ကိုအမှား၊ အမှန် စိစစ်ပြပါ။

(က) ပုဗ္ဗကိစ္စ (၄)ပါး/ (၅)ပါးရှိသည်။

(ခ) အာပတ်ရှိလျှင် ပါတိမောက် ကြားနာကောင်းသည်/ မကြားနာကောင်းပါ။

(ဂ) ရဟန်းသည် ကိုယ်တိုင် ဈေးဝယ်ကောင်းသည်/ မဝယ်ကောင်းပါ။

(ဃ) မြစ်ထဲတွင် ရေကစားသောရဟန်းအား ပါစိတ်/ ဒုက္ကဋ်အာပတ်သင့်သည်။

(င) ရဟန်းသည် မှောင်ခိုကုန်သည်နှင့်အတူ ခရီးသွားကောင်းသည်/ မသွားကောင်းပါ။

(က) (၅)ပါးရှိသည်။

(ခ) မကြားနာကောင်းပါ။

http://www.dhammadownload.com

(ဂ) ဈေးမဝယ်ကောင်းပါ။

(ဃ) ပါစိတ်အာပတ်သင့်သည်။

(င) မသွားကောင်းပါ။ (၁၃၄၆-ခု အငယ်တန်း)

❑ အောက်ပါတို့ကို အမှား၊ အမှန်ရွေးချယ်ပါ။

(က) အလင်းရောင်ရသော နေ့အချိန် ဥပုသ်ပြုရာ၌ မီးထွန်းဖို့ လိုသည်၊ မလိုပါ။

(ခ) မထေရ်ကြီးကို မရိုမသေပြုသောရဟန်းအား ပါစိတ်၊ ဒုက္ကဋ်အာပတ်သင့်သည်။

(ဂ) မထေရ်ကြီးကို တိုးတော့ထိုင်သော ရဟန်းအား ထုလ္လစ္စဉ်း ၊ ပါစိတ်အာပတ်သင့်သည်။

(ဃ) တစ်မိုးတစ်ရံတည်းသောကျောင်း၌ လူ၊ သာမဏေနှင့်အတူ (၂)ညဉ့်အိပ်သော ရဟန်းအား ပါစိတ် အာပတ် သင့်သည်၊ မသင့်ပါ။

(င) အကပ်မခံဘဲ ရေကိုသောက်သော ရဟန်းအား ပါစိတ် အာပတ်သင့်သည်၊ မသင့်ပါ။

(က) ဆီမီးထွန်းဖို့ မလိုပါ။

(ခ) ပါစိတ်အာပတ်သင့်သည်။

(ဂ) ပါစိတ်အာပတ်သင့်သည်။

http://www.dhammadownload.com

(ဃ) မသင့်ပါ။

(င) မသင့်ပါ။ (၁၃၄၇-ခု အငယ်တန်း)

❑ ဖော်ပြပါတို့၏ အမှား၊ အမှန် စီစစ်ဖော်ပြပါ။

(က) ဘိက္ခုပါတိမောက်၌ ဥဒ္ဒေသ (၅)မျိုးရှိသည်၊ (၄)မျိုး ရှိသည်။

(ခ) ဒသဝဂ္ဂသံဃာသည် ကံအားလုံးကို ပြုနိုင်သည်၊ မပြုနိုင်ပါ။

(ဂ) ပထမပါရာဇိက သိက္ခာပုဒ်ကို ရာဇဂြိုဟ်၊ ဝေသာလီ မှာ ပညတ်သည်။

(ဃ) အကြောင်းမရိုင်လုံဘဲ ဂရုကအာပတ်ဖြင့် ရဟန်း တော်အား စွပ်စွဲကောင်းသည်၊ မစွပ်စွဲကောင်း။

(င) ဆွမ်းဘုဉ်းပေးနေစဉ် စကားပြောကောင်းသည်၊ မပြောကောင်း။

(က) (၅)မျိုးရှိသည်။

(ခ) မပြုနိုင်ပါ။

(ဂ) ဝေသာလီပြည်မှာ ပညတ်သည်။

(ဃ) မစွပ်စွဲကောင်း။

(င) မပြောကောင်း။ (၁၃၄၈-ခု အငယ်တန်း)

http://www.dhammadownload.com

❑ ဖော်ပြပါရဟန်းတို့အား ဖြစ်သင့်သောအာပတ်များကို ဖြေဆိုပါ။

(က) တန်ဆောင်မုန်းလပြည့်ကျော်ပြီးမှ မိုးရေခံသင်္ကန်းကို ဝတ်ရုံသောရဟန်း၊

(ခ) ကိုယ်တိုင်ချည်ကိုရှာ၍ သင်္ကန်းယက်ခိုင်းသော ရဟန်း၊

(ဂ) ပန်းပင်စိုက်ရန် မြေတူးသောရဟန်း၊

(ဃ) ကျန်းမာလျက် မီးလှုံသောရဟန်း၊

(င) မွန်းလွဲချိန်၌ မပန်ကြားဘဲ ရွာထဲသို့သွားလည်သော ရဟန်း။

(က) နိဿဂ္ဂိယပါစိတ် (ဝဿိကသာဋိကသိက္ခာပုဒ်)

(ခ) နိဿဂ္ဂိယပါစိတ် (သုတ္တဝိညတ္တိသိက္ခာပုဒ်)

(ဂ) သုဒ္ဓပါစိတ် (ပထဝီခဏနသိက္ခာပုဒ်)

(ဃ) သုဒ္ဓပါစိတ် (ဓောတိသိက္ခာပုဒ်)

(င) သုဒ္ဓပါစိတ် (ဝိကာလဂါမပ္ပဝိသနသိက္ခာပုဒ်)

(၁၃၄၈-ခု အလက်တန်း)

❑ ဖော်ပြပါတို့၏အမှား၊ အမှန်ကို ရွေးချယ်ပါ။

(က) ပတ္တကလ္လအင်္ဂါ (၅)ပါးရှိသည်၊ (၄)ပါးရှိသည်။

http://www.dhammadownload.com

(ခ) ဥစ္စာစောင့်ပစ္စည်းကို ခိုးသောရဟန်း ပါရာဇိကကျသည်၊ မကျပါ။

(ဂ) ဆင်စွယ်အပ်ဗူးကို သုံးကောင်းသည်၊ မသုံးကောင်းပါ။

(ဃ) မွန်းလွဲချိန်၌ စားဖွယ်သစ်သီးကို အကပ်ခံကောင်းသည်၊ မခံကောင်းပါ။

(င) ကိုယ်တိုင် ကျောင်းဆောက်ကောင်းသည်၊ မဆောက်ကောင်းပါ။

(က) ပတ္တကလ္လအင်္ကျီ (၄)ပါးရှိသည်။

(ခ) မကျပါ။

(ဂ) မသုံးကောင်းပါ။

(ဃ) မခံကောင်းပါ။

(င) ဆောက်ကောင်းသည်။

(၁၃၅၀-ခု အငယ်တန်း)

❑ ဖော်ပြပါရဟန်းတို့အား သင့်နိုင်သောအာပတ်များကို ဖြေဆိုပါ။

(က) မထေရ်ကြီးအား ပြန်လည်ပြောဆိုသောရဟန်း၊

(ခ) ဝိုးကောင်ရှိသောရေကို စည်းကမ်းမဲ့ သွန်သောရဟန်း၊

http://www.dhammadownload.com

(ဂ) လက်ကိုခါလျက် ဆွမ်းဘုဉ်းပေးသောရဟန်း၊

(က) ပါစိတ်၊

(ခ) ပါစိတ်၊

(ဂ) ဒုက္ကဋ်။ (၁၃၅၀-ခု အငယ်တန်း)

❑ အောက်ပါတို့ကို အမှား၊ အမှန် စိစစ် ရွေးချယ်ပြပါ။

(က) တစ်နှစ်တွင် ပန္နရသီ (၁၆)၊ (၁၈) ဥပုသ်ရှိသည်။

(ခ) မပျက်သေးသော သူသေကောင်၌ မေထုန်မှီဝဲသော ရဟန်း ပါရာဇိက ကျသည်၊ မကျပါ။

(ဂ) ဒါယကာ၊ ဒါယိကာမတို့အား လူပေါင်းပေါင်း၍ ဝမ်းကြောင်းလာဘ်ရှာ သဒ္ဒါဖျက်ဆီးရဟန်းကြီးအား သံဃာဒိသေသ်သင့်သည်၊ ဒုက္ကဋ်သင့်သည်။

(ဃ) ပိုးချည်နှင့်ရောသောအခင်းကို မိမိအတွက် လုပ်စေလျှင် အပြစ်သင့်သည်၊ မသင့်ပါ။

(င) အကပ်ခံသောခဲဖွယ်ကို သိမှီးသိမ်းဆည်း၍ နောက်နေ့၌ စားသောရဟန်းအား ပါစိတ်အာပတ်သင့်သည်၊ ဒုက္ကဋ်အာပတ်သင့်သည်။

(က) တစ်နှစ်တွင် ပန္နရသီ (၁၈)ဥပုသ်ရှိသည်။

(ခ) မပျက်သေးသော သူသေကောင်၌ မေထုန်မှီဝဲသောရဟန်း ပါရာဇိက ကျသည်။

http://www.dhammadownload.com

(ဂ) ဒုက္ကဋ်အာပတ်သင့်သည်။ (ဥတ်ကမ္မဝါစာဖြင့် ဆုံးမလျက် အယူမစွန့်လျှင် သံဃာဒိသေသ်)

(ဃ) ပိုးချည်နှင့်ရောစပ်သောအခင်းကို မိမိအတွက် လုပ်စေလျှင် အပြစ်သင့်သည်။

(င) ပါစိတ်အာပတ်သင့်သည်။

(၁၃၅၁-ခု အငယ်တန်း)

❑ **အောက်ပါရဟန်းတော်တို့အား သင့်ရောက်သောအာပတ်တို့ကို သိက္ခာပုဒ်နှင့် ယှဉ်တွဲ ဖော်ပြပါ။**

(က) သံဃိကကျောင်း၌ အိပ်ရာနေရာကို မသိမ်းဆည်း မပန်ကြားဘဲ သွားသောရဟန်း၊

(ခ) သိလျက် ပိုးကောင်ရှိသောရေကို မြေ၌ သွန်ပစ်သော ရဟန်း၊

(ဂ) ဓနိမောင်နှံ (၂)ဦးသာရှိသော အိမ်တွင်းသို့ ဝင်ထိုင်သောရဟန်း၊

(ဃ) မှောင်ခိုကုန်သည်နှင့် တိုင်ပင်၍ ခရီးသွားသော ရဟန်း၊

(င) ကုလားထိုင်ကို လဲဝါဂွမ်းသွတ်စေသောရဟန်း။

(က) ဒုတိယသေနာသန သိက္ခာပုဒ်အရ သုဒ္ဓပါစိတ် အာပတ်၊

http://www.dhammadownload.com

(ခ) သပ္ပါဏကသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်အာပတ်၊

(ဂ) သဘောဇနသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်အာပတ်၊

(ဃ) ထေယျသတ္ထသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်အာ ပတ်၊

(င) တူလောနဒ္ဓသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်အာပတ်။

(၁၃၅၂-ခု အငယ်တန်း)

❑ **ဖော်ပြပါရဟန်းတော်တို့အား သင့်ရောက်သည့် အပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲဖော်ပြပါ။**

(က) မိန်းကလေးလက်ကို ကိုင်သောရဟန်း၊

(ခ) ရရှိထားသောသင်္ကန်းကို အဓိဋ္ဌာန်မတင်ဘဲ (၁၀) ရက် ကျော်အောင် ထားသောရဟန်း၊

(ဂ) သပိတ်သင်္ကန်းစသည်ကို ရောင်းသောရဟန်း၊

(ဃ) ရဟန်းတော်၏ သံဃာဒိသေသ်အာပတ်ကို လူသာမဏေအား ပြောကြားသောရဟန်း၊

(င) ရဟန်းတော်၏ ဒုဋ္ဌုလ္လအာပတ်ကို သိလျက် ဖုံးကွယ်ထားသောရဟန်း။

(က) ကာယသံသဂ္ဂသိက္ခာပုဒ်အရ သံဃာဒိသေသ်

(ခ) ပထမကထိနသိက္ခာပုဒ်အရ နိဿဂ္ဂိယပါစိတ်၊

(ဂ) ကယဝိက္ကယ သိက္ခာပုဒ်အရ နိဿဂ္ဂိယပါစိတ်၊ ငွေနှင့်

http://www.dhammadownload.com

ရောင်းလျှင် ရှုပိယသံဃေါဟာရ သိက္ခာပုဒ်အရ နိဿဂ္ဂိ ပါစိတ်၊

(ဃ) ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်။

(င) ဒုဋ္ဌုလ္လသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်။

(၁၃၅၃-ခု အင်္ဂပတန်း)

❑ **အောက်ဖော်ပြပါ ရဟန်းတော်တို့အား မည်သည့်အာပတ်များ သင့်ရောက်သည်ကို သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲပြဆိုပါ။**

(က) မေထုန်အလှူခံသောရဟန်း။

(ခ) ကိုယ်တိုင်သင်္ကန်းပေးပြီး စိတ်ဆိုးသဖြင့် ပြန်လုယူသောရဟန်း၊

(ဂ) ညနေချမ်းအခါ ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ ရွာတွင်းသို့ အလည်သွားသောရဟန်း။

(ဃ) ခေါင်းမြီးခြုံလျက် မြို့တွင်းသို့သွားသောရဟန်း။

(င) ကျန်းမာလျက် မိမိအကျိုးငှာ ဆွမ်း၊ ဆွမ်းဟင်းကို တောင်းစားသောရဟန်း။

(က) အတ္တကာမပါရိစရိယ သိက္ခာပုဒ်အရ သံဃာဒိသေသ်၊

(ခ) စီဝရ အစ္ဆိန္ဒနသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်။

http://www.dhammadownload.com

(ဂ) ဝိကာလ ဂါမပ္ပဝေသနသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်။

(ဃ) သြဂုဏ္ဍိတ သိက္ခာပုဒ်အရ ဒုက္ကဋ်။

(င) သူပေါဒန ဝိညတ္တိသိက္ခာပုဒ်အရ ဒုက္ကဋ်။

(၁၃၅၄-ခု အင်္ဂလိပ်တန်း)

❑ **အောက်ပါရဟန်းတော်များအား သင့်ရောက်သည့် အပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ယှဉ်တွဲဖော်ပြပါ။**

(က) ဘုရားဖူးသွားရန် ခရီးစရိတ်ငွေ အလှူခံသောရဟန်း၊

(ခ) ရဟန်းမတို့ကို နေဝင်သည်တိုင်အောင် အဆုံးအမ သြဝါဒပေးနေသော သမ္မုတိရ ရဟန်း၊

(ဂ) အရက်သေစာ သောက်စားသောရဟန်း၊

(ဃ) ဆွမ်းကို လေးလေးစားစား မဘုဉ်းပေးသောရဟန်း၊

(က) ရူပိယသိက္ခာပုဒ် – နိဿဂ္ဂိယပါစိတ်

(ခ) အတ္ထင်္ဂတသိက္ခာပုဒ် – ပါစိတ်

(ဂ) သုရာပါနသိက္ခာပုဒ် – ပါစိတ်

(ဃ) သက္ကစ္စဘုဥ္ဇနသိက္ခာပုဒ် – ဒုက္ကဋ်။

(၁၃၅၆-ခု အင်္ဂလိပ်တန်း)

http://www.dhammadownload.com

❑ **အောက်ပါရဟန်းတော်တို့အား သင့်ရောက်သည့်အပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲ ဖြေဆိုပါ။**

(က) သံဃာသို့ညှတ်ပြီးသောလာဘ်ကို မိမိသို့ ညှတ်စေသော ရဟန်း၊

(ခ) မာတုဂါမနှင့်အတူ တစ်မိုးတစ်ရံတည်းသော ကျောင်း၌ အိပ်သောရဟန်း၊

(ဂ) ဝိနိစ္ဆယကထာဖြစ်တုန်းဖြစ်ဆဲ ဆန္ဒမပေးဘဲ ထသွားသောရဟန်း၊

(ဃ) ဟိုဟိုဒီဒီကြည့်၍ ဆွမ်းစားသောရဟန်း၊

(င) နှုတ်ခမ်းကိုလျက်၍ စားသောရဟန်း၊

(က) ပရိဏာမသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊

(ခ) ဒုတိယသဟသေယျသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ဂ) ဆန္ဒ အဒတ္တာ ဂမနသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ဃ) ပတ္တသညီဘုဥ္ဇနသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊

(င) သြဋ္ဌနိလ္လေဟကသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

(၁၃၅၅-ခု အငယ်တန်း)

❑ **အောက်ပါရဟန်းတော်များ သင့်ရောက်သည့်အပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ယှဉ်တွဲဖော်ပြပါ။**

http://www.dhammadownload.com

(က) အခါမဟုတ်ဘဲ ဆွေမျိုးမကော်သော ဒါယကာ ဒါယိကာမထံ သင်္ကန်းတောင်းသောရဟန်း၊

(ခ) ရဟန်းတစ်ပါးကို ရွှတ်ချသောရဟန်း၊

(ဂ) သံဃိကလှူမည်ဟု လျှောက်ထားလာသော ဒါယကာကို ပုဂ္ဂလိက အလှူခိုင်းသောရဟန်း၊

